မိတ်ဆွေစာပေ

# ထီးရိပ် နန်းရိပ်အောက်က မဟေသီများ

နဂါးဗိုလ်မောင်မောင်သက်



## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၉ ဇွန်လ
အုပ်ရေ -
တန်ဖိုး -
မျက်နှာဖုံးဒီဇိုင်း - [illegible]
ကွန်ပျူတာ - လောကသစ္စာ
အတွင်းဖလင် - ADORN၊
ထုတ်ဝေသူ - ဦးတင်ဝေအောင်(၀၁၃၃၇)
သုံးလောကစာပေ၊ အမှတ်(၂၁)အေ၊
မြင့်မိုရ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊
အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၀၄၉၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

နဂါးမိုလ်မောင်မောင်သက် ၃၉၈.၂
ထီးရိပ်နန်းရိပ်အောက်က မဟေသီများ/ နဂါးမိုလ်မောင်မောင်သက်။
ရန်ကုန်၊
သုံးလောကစာပေ၊ ပထမအကြိမ်၊ ၂၀၁၉။
၃၀၀-စာ၊ ၁၂ x ၁၈ စင်တီ


# ထီးရိပ် နန်းရိပ်

# အောက်က

# မဟေသီများ

❖ နဂါးမိုလ်မောင်မောင်သက် ❖

ပိတ်ဆွေစာပေ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **အင်းဝခေတ်** | |
| | စောဥမ္မာ | ၁၅၉ |
| | ရှင်ဘို့မယ် | ၁၈၅ |
| ၂။ | **ဟံသာဝတီခေတ်** | |
| | ရှင်စောပု | ၁၉၆ |
| ၃။ | **တောင်ငူခေတ်** | |
| | ရာဇဓာတုကလျာ | ၂၁၂ |
| ၄။ | **ကုန်းဘောင်ခေတ်** | |
| | မမြလေး | ၂၁၉ |
| | လှိုင်ထိပ်ခေါင်တင် | ၂၃၀ |
| | အဂ်မော်မင်းသမီး | ၂၄၅ |
| | ခင်သဲ | ၂၅၈ |
| | ခင်ဆုံ | ၂၈၁ |
| | မယ်ယွန်းစံ | ၂၉၁ |




## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | **ပျူခေတ်** | |
| | ဘေဒါရီ | ၇ |
| ၆။ | **သရေခေတ္တရာခေတ်** | |
| | ပန်ထွာဘုရင်မ | ၂၂ |
| | စောမြဝတီ | ၃၂ |
| ၇။ | **ပုဂံခေတ်** | |
| | ပဥ္စကလျာဏီ | ၃၉ |
| | မဏိစန္ဒာ | ၅၇ |
| | ဖွားစော | ၆၃ |
| | ရွှေအိမ်သည် | ၇၈ |
| | စောလုံ | ၉၂ |
| | သမ္ဗူလ | ၁၀၅ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဝေဠုဝတီ | ၁၁၆ |
| | သံဗျင်မင်းသမီး | ၁၂၀ |
| | စောမွန်လှ | ၁၂၅ |
| | အမြရကန် (ဥယျာဉ်သည်သမီး) | ၁၄၄ |
| | အပယ်ရတနာ | ၁၅၂ |




# ဘေဒါရီ

ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးသည့်နောက် သာသနာတော်သက္ကရာဇ် (၄၀)စုနှစ်ရောက်သောအခါ ပဉ္စာလကောင်းပြည်ကြီး၌ သာကီဝင်မင်းမျိုး (၁၇) ဆက်မြောက်ဖြစ်သော "သတိုးမဟာရာဇာမင်းကြီး" လက်ထပ်၊ အရပ် (၁၂)တောင်ရှိသော တောဝက်ကြီးတစ်ကောင်ရောက်လာပြီး မြို့ရွာနိဂုံးများတွင် နေထိုင်ကြသူတို့ မသွားမလာနိုင်အောင် အန္တရာယ်ပြုကာနေ၍ လူအများမှ တောဝက်ဆိုးကြီးဒုက္ခပေး၍ စိတ်ဆင်းရဲစွာဖြင့် ကြောက်ရွံ့နေထိုင်ကြရသည်။ တောင်ယာပဲခင်းတွေကိုလည်း ဖျက်ဆီးနေလေသည်။

ထိုသို့ တောဝက်ဆိုးကြီးဖျက်ဆီးကြောင်းကို တကောင်းမင်းကြီးကြားတော်မူသော် အိပ်ရေးစံမင်းကိုခေါ်တော်မူ၍ ဤသို့မိန့်တော်မူ၏။

"ဝက်ကြီးတစ်ကောင်သည် ငါတို့နိုင်ငံမြို့ခွန်မြို့များမှာ နေထိုင်ကြတဲ့သူတွေမလှုပ်နိုင်အောင်နှောင့်ယှက်ဖျက်ဆီးနေသည် ဟု ကြားသိတော်မူသည်၊ အမောင်အိမ်ရှေ့မင်းကိုယ်တိုင် နိုင်အောင်ဖျက်ဆီးလေ" ဟူ၍မိန့်တော်မူသည်။

အိမ်ရှေ့စံမင်းသည် တကောင်းမင်းကြီးအား "ဇမ္ဗူဒိပ်မြေအပြင်ဝယ် ရန်သူရှိက အကျွန်ုပ်တွင်ဘယ်အရာမဆိုနိုင်ပါသည်။ ဒီဝက်ကြီးမသေမချင်း နေပြည်တော်ကိုပြန်မလာပါ" ဟုလျှောက်ထားလေသည်။

ထိုသို့လျှောက်တင်ပြီးအိမ်ရှေ့စံသည် လက်နက်ငါးပါးကို ယူ၍ ဝက်ဆိုးကြီးရှိရာသို့သွားလေ၏။

ဝက်ကြီးလည်း သူ့အားနှိမ်နင်းရန် လိုက်လာသူမှာ ဘုန်းကြီးသောသူဖြစ်၍ ရန်တုံ့မမူပဲ တောတောင်ထူသော မော်ရှမ်းပြည်သို့ထွက်ပြေးသည်။ အိမ်ရှေ့စံသည် ဝက်ကြီးကိုခြေရာခံ၍ လိုက်လေသည်။ ဝက်ကြီးသည် သေမည့်ဘေးကိုကြောက်၍ တောင်တွင်းတောင်ကြားကို ဝင်ပြေးလေ၏။

*(ထိုဝက်ဝင်ပြေးသောနေရာကို "ဝက်ဝင်" ဟူ၍ယခုတိုင်တွင်သည်)

ဝက်ကြီးသည် ထိုအရပ်မှ အနောက်တောင်အရပ်ရှိ ရော





ဝတီမြစ်ဆီသို့ထွက်ပြေးသွားပြီး ရောဝတီမြစ်တစ်ဘက်ကမ်းသို့ကူးလေ၏။ ဝက်ခန္ဓာကိုယ်သည် အလွန်ကြီးမားလွန်းသည်ဖြစ်၍ မြစ်ထဲသို့ဆင်းရာဝမ်းဗိုက်တွင် ရေမစွတ်၍ဖြစ်နေသည်။

* (ထိုနေရာအရပ်ကို "ဝက်မစွတ်" ဟူ၍ခေါ်တွင်လေသည်)

ဝက်ကြီးသည် ရောဝတီမြစ်အရှေ့ဘက်ကမ်းသို့ ရောက်သော် အစဉ်အတိုင်းပြေးရာ သရေခေတ္တရာပြည်အနီး၊ ကျွန်းတစ်ကျွန်းသို့ရောက်လေ၏။ အိမ်ရှေ့စံမင်းလည်း ဝက်ကြီးကို နှိမ်နင်းသတ်လိုက်၏။

* (ထိုကျွန်းကို "ဝက်ထိုးကျွန်း" ဟူ၍ အမည်တွင်၏)

အိမ်ရှေ့စံမင်းသည် ဝက်ကြီးကို နှိမ်နင်းအောင်မြင်ပြီးသည့်အခါ ဤသို့ကြံစည်၏။

"ငါသည် ဤဝက်ကို သတ်မည်ဟူ၍လိုက်သည်။ ယခုလာခဲ့သော လမ်းခရီးကို ထောက်သော် အလွန်ဝေးလှသည်။ တကောင်းပြည်သို့ပြန်၍ ဝက်ကြီးသေပြီဟူ၍ မင်းကြီးကိုတင်လျှောက်သော် မင်းကြီးမယုံကြည်ရာ၏။ ယုံကြည်အောင်လည်း ဝက်သေကို သယ်ဆောင်ယူ၍ မင်းကြီးအားပြသော် ယုံကြည်သော်လည်း ပစ္စုပ္ပန်စီးပွားများသာဖြစ်သည်။ ငါသည်လည်း အသက်အရွယ်ကြီးပြီး တကောင်းပြည်သို့ပြန်၍ အိမ်ရှေ့မင်း

စည်းစိမ်ကို ခံစားရသည်ထက် ရသေ့ရဟန်းပြု၍နေတော့မည်”

တု စိတ်အကြံအတိုင်း ဤအရပ်၌နေလေ၏။ များမကြာမီမှာ အိမ်ရှေ့စံမင်းရသေ့သည် တရားအားထုတ်ရာ ဈာန်အဘိညာဉ်ကိုရတော်မူ၏။ (အိမ်ရှေ့စံ ရသေ့နေသော အရပ်သည် ပြည်မြို့ရွှေဆံတော်ဘုရားတောင်ဘက်အနီးရှိတောင်ကုန်းတွင် “လိုဏ်ဂူသုံးဂူ”ရှိသည်။ ရှင်ရသေ့သည် အလယ်လိုဏ်ဂူတွင်နေပြီး တောင်ဘက်လိုဏ်ဂူမှာ ဘုရားစင်ထားရှိကိုးကွယ်သည်။ လိုဏ်ဂူသုံးဂူသည် အရှေ့ဘက်မျက်နှာမူလျက်ရှိသည်)

* (ယခု အိမ်ရှေ့စံ ရှင်ရသေ့သီတင်းသုံးသည့် တောင်ကို “မင်းကြီး တောင်” ဟုခေါ်သည်။ ဒွတ္တဘောင်မင်းကြီး မွေးဖွားသောတောင်ဖြစ်သည်)

အိမ်ရှေ့မင်း၏အမည်မှာ “ခေပဒူပ” ဟုခေါ်သည်။ ရှင်ရသေ့ဘဝတွင် “ခေပဒူပ ရသေ့အမည်တွင်သည်။ ရှင်ရသေ့သည် ကျင်ငယ်စွန့်ရာ ကျောက်ခွက်ကို အမြဲပင်သန့်စင်တော်မူ၏။

တနေ့သောအခါ “ခေပဒူပ” ရှင်ရသေ့သည် ကျောက်ခွက်တွင်ကျင်ငယ်စွန့်လေသည်။ ထိုစဉ် သမင်မတစ်ကောင်သည် ရှင်ရသေ့၏ ကျင်ငယ်ရေကိုသောက်လေသည်။ တစ်ကြိမ်တစ်ခါမဟုတ် နေ့စဉ်နေ့တိုင်း သမင်မလာ၍သောက်လေ့ရှိ၏။ ထိုသို့





သောက်ရာ ရက်လကြာသော် သမင်မငယ် ဝမ်းဗိုက်၌သန္ဓေတည်သည်။ နေ့လစေ့သော် လူမိန်းမငယ်ဖွား၏။ သမင်မသည်လည်း တိရစ္ဆာန်ဖြစ်၍ လူမိန်းမငယ် ငိုသံကြားသော် လန့်၍ ထွက်ပြေးသွားတော့သည်။

ရှင်ရသေ့လည်း လူသူမနီးသော တောအရပ်တွင် ကလေးငိုသံကြားရာ အကြောင်းရှိမည်ဟုစိတ်မှာထင်ကာ ကလေးငိုသံကြားရသည့်နေရာသို့သွား၍ကြည့်သည့်အခါ အဆင်းအင်္ဂါ သကွဏာနှင့်ပြည့်စုံသော မိန်းမငယ်ကို တွေ့မြင်သည့်အခါ၌ ရှင်ရသေ့သည် ဤသို့ကြံ၏။

“ဒါကွန့်သော ကျင်ငယ်ရေဟောင်းကို နေ့စဉ်မပြတ်သောက်သော “သမင်မ” သည် ငါ၏ သုတ်ရေနှင့်တကွ ကျင်ငယ်ရေဖြင့် သန္ဓေတည်၍ ဖွားသည်ဖြစ်ရာ၏” ဟုကြံစည်စိတ်ကူးပြီး ရှင်ရသေ့သည်

“ငါ၏ ပဋိသန္ဓေမှန်လျှင် ငါ၏လက်ညှိုး လက်ခလယ်တို့သည် နို့ရည်ထွက်၍ ဤသူငယ်မ သောက်ရစေသား” ဟု အဓိဋ္ဌာန်ပြုရာ လက်နှစ်ချောင်းမှ နို့ရည်တို့သည် ယိုထွက်၍ သူငယ်မသောက်ရလေ၏။ “ခေပဒူပ” ရှင်ရသေ့သည် ကောက်ယူ၍ သမီးအဖြစ်မွေးလေ၏။ သမီးငယ်အရွယ်ရောက်သော်

"သောဒ္ဒိရိ" ဟူသော အမည်သမုတ်တော်မူသည်။

ရှာန်အတိညာဉ်ရသော "ခေပဒူပ" ရှင်ရသေ့ထံ၌ မပြတ်ခစားသော နတ်တို့သည်လည်း သတို့သမီးနှင့်ထိုက်တန်သော အဝတ်တန်ဆာပေး၍ မပြတ်ဆင်ရ၏။ "သောဒ္ဒိရိ" အသက် (၁၇)နှစ်အရွယ်ရောက်သော် ရှင်ရသေ့သည် ဤသို့ကြံတော်မူ၏။

"ငါတို့ရသေ့ရဟန်းတို့မည်သည်ကား မိန်းမနှင့်အတူနေခြင်းသည် မသင့်အပ်၊ လူသူမြင်သော်လည်းမသင့်အပ်။"

ဟုကြံတော်မူပြီး တနေ့လုံးမြစ်ရေမှာနေ၍ ညဉ့်အချိန်တန်မှ ပြန်လာအောင် ဖူးခြောက်တွင်အပ်ပေါက်ရာမျှသာဖောက်ပြီး "သောဒ္ဒိရိ" ကိုရေခပ်ခိုင်းလေသည်။ ရေခပ်ရာတွင် ညဉ့်အချိန်ရောက်မှ ရေဖူးခြောက်မှာရေပြည့်တော့မှ ပြန်လာရ၏။ ထိုသို့ဖြင့် သမီးတော် "သောဒ္ဒိရိ" ကို ရေခပ်ခိုင်းသည်။

*("သောဒ္ဒိရိ" ရေခပ်သွားသည့်နေရာသည် ယခုမင်းတောင်၏ အနောက်တောင်ခြေ ဧရာဝတီမြစ်ရှိသည်။ တောင်ပေါ်မှ အနောက်သို့ဆင်းလျှင် ဧရာဝတီမြစ်ဆိပ်ရောက်သည်)

ဤတွင် တကောင်းမင်းကြီး၏ ယောက်ဖတော်အိမ်ရှေ့စံ "ခေပဒူပမင်း"သည် ဝက်ကြီးကို နှိမ်နင်းမည်ဟုလိုက်သော နှစ်မှာ သာသနာတော်သက္ကရာဇ် (၄၀) ပြည့်နှစ်ဖြစ်သည်။





ထိုနှစ်မှာပင် တကောင်းမင်းကြီး၏ မိဖုရားကြီးသည် သားတော် "မဟာသမ္ဘဝ၊ စူဠာသမ္ဘဝ" မျက်မမြင်ညီနောင်နှစ်ပါးကို ဖွားမြင်တော်မူ၏။ အမွှာညီနောင်ဖြစ်၏။

တကောင်းမင်းကြီးသည် မျက်မမြင်သားတော်နှစ်ပါးကို ဖွားမြင်တော်မူရာ ရှက်တော်မူ၍ မိဖုရားကြီးအားခေါ်တော်မူပြီး

"ယခုဖွားသောသူငယ်နှစ်ယောက်ကို လူမမြင်အောင် ဖျောက်လေ" ဟုမိန့်တော်မူသည်။

မိဖုရားကြီးသည် ရင်သွေးငယ် မျက်မမြင်သားတော်နှစ်ယောက်ကို မင်းကြီးမသိအောင် တိတ်တဆိတ်ဖွက်ကာ ကျွေးမွေးပြုစုစောင့်ရှောက်ထား၏။

သာသနာတော်သက္ကရာဇ် (၅၉) ခုနှစ်ရှိသောအခါ တကောင်းမင်းကြီးသည် သားတော်နှစ်ပါးကို မိဖုရားကြီးဖွက်ထားကြောင်းသိလေရာ-

"ဟယ်-မိဖုရား ငါ၏အသရေကိုယုတ်ပြုသည် မဟုတ်လော။ ယခုပင် ညီနောင်နှစ်ယောက်ကိုသတ်စေ" ဟု သတ်ရန်အမိန့်ပေးတော်မူသည်။

မိဖုရားကြီးသည်လည်း မင်းအာဏာကြောက်သောအားဖြင့် မထားဝံ့တော့သဖြင့် ယခုလတ်တလောသေသည့်ထက်

မျက်ကွယ်ရာအလျောက် နှစ်ကြာမှ မိမိတို့ကံနှင့်လျော်စွာ ဖြစ်ပါစေတော့ဟူ၍ နိုင်ခံ့သော လှေဖောင်လုပ်စေပြီးသော် နေ့ရက်ကြာရှည်စွာ စားသောက်ရန် အထူးထူးသော မသိုးထမင်း၊ မသိုးဟင်း စားဖြိုနိစာများကို လုံခြုံအောင်ထုပ်ပြီးလျှင် မင်းသားညီနောင်တို့ကို ဖောင်တွင်စီးစေ၍ ရေဝဝါမြစ်ကြောင်းမှ မျှောလိုက်စေ၏။

မျက်မမြင်မင်းသားညီနောင်တို့သည် မယ်တော်ထုပ်ပေးသည့် စားဖြိုနိစာကို စားပြီး အစဉ်အတိုင်း မြစ်အောက်သို့ စုန်ခဲ့လေသည်။ စစ်ကိုင်းအရပ်သို့ရောက်သော ဖောင်သည် စစ်ပင်အကိုင်းကြီးနှင့်တိုက်မိ၍ ထိုအရပ်မှာနေသည့် "စန္ဒမုခီ ဘီလူးမ" ဖောင်ပေါ်သို့တက်၍ မင်းသားညီနောင်တို့စားသော စားဖြိုနိစာထုပ်ကို ဝင်ရောက်စားလေသည်။

* (စစ်ပင်ကြီး သစ်ကိုင်း ကိုင်းနေသောအရပ်ကို ယခုခေတ် "စစ်ကိုင်းမြို့" ဟုခေါ်သည်)

ညီနောင်နှစ်ပါးသည် ...ဖြိုနိစာများစားရာတွင် မလုံလောက်သည်မှာ အကြောင်းရှိမည်ဟုပြောဆိုကာ "ညီတော် လက်နှင့်ဖုံလက် အမှတ်ပြု၍ စမ်းကြမည်ဟု စိတ်နှလုံးသွင်းပြီး စမ်းသပ်သော် "စန္ဒာမုခီ" ဘီလူးမလက်ကိုဆွဲမိလေ၏။ ဤတွင် မင်းသား





ညီနောင်သည် အိပ်မှသံလျက်ကိုဆွဲနုတ်ပြီး ခုတ်မည်ပြုလေသော် "စန္ဒမုခီ"ဘီလူးမသည် ဘုန်းကံကြီးသော မင်းသားဖြစ်၍ မရှုန်းနိုင်သဖြင့် အသက်သေမည်ကို ကြောက်၍ မင်းသားညီနောင်အား – "အရှင်မင်းသားတို့ အကျွန်ုပ်အသက်ကို မသေပါရစေနှင့်၊ အရှင့်သားတို့အလိုရှိသော အမှုကိုထမ်းပါမည်" ဟု ပြောဆိုသည်။

မင်းသားညီနောင်ကလည်း "စန္ဒမုခီ" ဘီလူးမအား

"ဟယ်- ဘီလူးမ ငါတို့ညီနောင်မျက်စိကို အလင်းမြင်အောင် သင်ပြုနိုင်အံ့လော" ဟုမေး၏။

"မြင်အောင်ပြုနိုင်ပါသည်"

ဟု "စန္ဒမုခီ"ဘီလူးမသည် မင်းသားညီနောင်ကို ပြန်လည်၍ ပြောဆိုသည်။

မင်းသားညီနောင်တို့သည် "စန္ဒမုခီ"ဘီလူးမကို သစ္စာဆိုစေပြီး လွှတ်လေ၏။ "စန္ဒမုခီ"ဘီလူးမလည်း တန်ခိုးကြီးသော နတ်ဘီလူးတို့အား ထိုအကြောင်းကိုကြားလေ၏။ တန်ခိုးကြီးသော နတ်ဘီလူးတို့လည်း ထိုမင်းသားတို့၏ အဆက်ဆက်သောမင်းတို့သည် ဘုရားရှင်သာသနာတော်ကို အစဉ်ဆောင်ရွက် လတ္တံ့သောအကြောင်းကိုမြင်၍ အထူးထူးသော

မျက်စဉ်းတို့ကို "စန္ဒမုခီ"ဘီလူးမအားပေးလေ၏။

ဤတွင် "စန္ဒမုခီ"ဘီလူးမ သည် မင်းသားညီနောင်တို့ လှေဖောင်နှင့်မျှောသည့်လိုက်ပါ၍ မျက်စိကုပေးလေ၏။ ထိုသို့ ကုသောအရပ်ကို "စကု" ဟူ၍ ယခုတိုင်အမည်တွင်၏။ မင်းသားတို့မျက်စိအလင်းရသည်ကိုအကြောင်းပြု၍ "စလင်း" ဟူ၍လည်းကောင်း၊ မိုးကာအဘုံးမြေကားအထဲ၊ ဟု မင်းသားတို့ ဆိုသောအရပ်ကို "မိုးဘုံးမြေထဲ" ဟူ၍ ယခုတိုင် တွင်၏။

ရာဇဝင်ကြီးတွင် မင်းသားညီနောင်မျက်စိပွင့်လင်းစေသော မှာ "စန္ဒမုခီ"ဘီလူးမသည် "စကုမြို့" တည်ရာအရပ်ကို "စကု" ဟူ၍ ယခုတိုင်တွင်၏။ မျက်စိစပြီးအလင်းရသည့်အရပ်ကို "စလင်းမြို့" ဟု ယခုတိုင်တွင်၏။

မင်းသားညီနောင်တို့ မျက်စိမြင်သောအခါ လှေဖောင်ဖြင့် ဧရာဝတီမြစ်ကြောင်းအတိုင်းစုံ၍ မျှောသွားရာ ကြိုးကြာငှက် တို့ပျံကူးရာဖြစ်သော "ကာ ပြင်" အရပ်သို့ရောက်လေသော် လှေဖောင်ကိုဆိုက်ထားခဲ့ပြီး၊ လက်နက်ငါးပါးကိုယူ၍ ညီနောင် နှစ်ယောက်သည် ထွက်သွားကြသည့်အခါ "ခေပဒူပ" ရှင်ရသေ့ သီတင်းသုံးသော အရပ်သို့ရောက်ကြလေ၏။ ထို "ကူ့ပြင်"





အရပ်ကို ယခုခေတ်တွင် "ကုန်းတလင်း"အမည်တွင်၏။

မင်းသားညီနောင်တို့သည် ရှင်ရသေ့၏သမီး "ဘေဒရီ" ရေခပ်သွားရာ ခြေရာခံ၍ လိုက်ရာတွေ့လေသော် "ဘေဒရီ" ရေခပ်သော အခြင်းအရာကိုမြင်၍ မင်းသားညီနောင်တို့သည် စကားဆို၏။

"အဘယ် - အမျိုးသမီး ရေခပ်သောဗူးသည်ကား အနား မတွင်းသည်တကား သင်သည်မိုက်လှသည်" ဟုဆိုပြီး ဗူးကို သန်လျက်ဖြင့် မျက်နှာကိုလှီး၍ ဗူးအစေ့တွေကိုသွန်ပြီးလျှင် ရေမှာခပ်စေ၍ ကျည်တောက်ရေဗူးမှ ရေပြည့်စေ၏။

*("ဗူးလုံးနားမတွင်း"ဆိုသောစကားဖြစ်လာ၏)

"ဘေဒရီ" သည် ရေဗူးတွင်ရေပြည့်သည့်အခါ စူဠသမ္ဘဝ၊ မဟာသမ္ဘဝ တို့ညီနောင်ကိုခေါ်၍ ဖခင် "ခေပဒူပ" ရှင်ရသေ့ ကျောင်းသို့ခေါ်သွားလေသည်။

ဤတွင် "ခေပဒူပရှင်ရသေ့"သည် "ဘေဒရီ" အား "သင် ယနေ့ရေခပ်သည်မှာ ရေပြည့်လွယ်စတကား" ဟုမိန့်တော်မူ၏။

"ဘေဒရီ" သည် အကြောင်းစုံကို ခမည်းတော်ရှင်ရသေ့ အားပြောလေ၏။ ရှင်ရသေ့လည်း ထိုလုလင်နှစ်ယောက်ကိုခေါ်

၍ မေးလေ၏။ မင်းသားညီနောင်နှစ်ယောက်တို့ကလည်း

"တကောင်းပြည်ကြီးကို အစိုးရသော တကောင်းမင်းကြီး၏ မိဖုရားခေါင် ကိန္နရီမိဖုရားကြီးမှ ဖွားမြင်သောသားတော်ဖြစ်ပါသည်။ မွေးဖွားစဉ် နဂါးငွေ့သင့်၍ မျက်စိမမြင်ကြောင်း စန္ဒမုခိဘီလူးမ ကုစား၍ မျက်စိမြင်ရပါသည်" ဟုလျှောက်တင်လေသည်။

"ဓေယျှုယရှင်ရသေ့" သည် မင်းသားညီနောင်၏ ပြောစကားကိုကြားတော်မူလေသော်-

"မောင်တို့နှစ်ယောက်ကား ငါ၏နှမတော် ကိန္နရီသားတည်း၊ ငါ၏တူအရင်းတည်းတကား"

ဟူ၍ မိန့်တော်မူပြီး မဟာသမ္ဘဝနှင့် သမီးတော် "သောဏီ" ကို စုံဖက်ပေးတော်မူ၏။ ထိုနှစ်သည်ကား သာသနာတော်သက္ကရာဇ် (၆၀) ပြည့်နှစ်ဖြစ်သည်။

တရံရောအခါက "ပျူမင်း" ကို ဧရာဝတီက တိုက်ခိုက်၍သိမ်းယူလေသည်။ ထိုအရပ်၌ "ပျူမင်း" မိဖုရား "နန်းခမ်း" သည် လာနေသည်။ "ကမ်းယံ" လူမျိုးတို့သည် ထိုအရပ်တွင်နေထိုင်လိုသောကြောင့် "ပျူ"နှင့် "ကမ်းယံ" တို့စစ်ဖြစ်ကြသော် "ကမ်းယံ" တို့စစ်ရှုံး၍ ထွက်ပြေးသွားကြလေ၏။





"ကမ်းယံ" လူမျိုးဆိုသည်ကား ဧရာဝတီရခိုင်ပြည် "သံတွဲမြို့" မှစ၍ တောင်စဉ် (၇)ခရိုင်၌ နေထိုင်ကြသူများဖြစ်ကြသည်။

* (ယခုခေတ်တွင် ရခိုင်ပြည်နယ် ဒေသတစ်နေရာတွင် "ကမ်းယံ" လူမျိုးအနွယ်မိသားစု (၁၀၀)ခန့်သာရှိကြောင်း သတင်းစာတွင် ရေးသားဖော်ပြထား၏။)

ကမ်းယံတို့စစ်ရှုံး၍ ထွက်ပြေးသွားကြသည့်အခါ ပျူမိဖုရား "နန်းခမ်း" မောင်နှမတို့ နန်းလုကြပြန်ရာ နှမဖြစ်သူ "နန်းခမ်း" စစ်အောင်နိုင်၏။ မိဖုရား "နန်းခမ်း" သည် "သကျအင်း" အရပ်ဒေသတွင် မြို့ရွာတည်၍ အခြွေအရံတို့နှင့်နေထိုင်သည်။ မောင်ဖြစ်သူလည်း စစ်သည်အလုံးအရင်းနှင့်တကွ "ဘိုးဦးအရပ်" သို့ ရှောင်လွှဲ၍နေလေ၏။

ထိုစဉ် ပျူမိဖုရား "နန်းခမ်း" မှအစ "သကျအင်း" အရပ်၌ နေကြသော လူအပေါင်းတို့သည် တကောင်းမင်းယောက်ဖတော်ဖြစ်သော "ဓေယျှုယရှင်ရသေ့" အား ကိုးကွယ်ခိုလှုံရာဖြစ်ကြကုန်၏။ "ရှင်ရသေ့"လည်း ဈာန် အဘိညာဉ်နှင့်တကွဘုန်းတန်ခိုးကြီးတော်မူ၏။ မင်းသားဘဝ "အဠာရသ" ၌ ဆယ့်ရှစ်ရပ်အပြီးတိုင်တတ်တော်မူ၏။ "ရာဇမာယာ"

လည်းလိမ္မာပါးနပ်တော်မူလေ၏။

တစ်နေ့သောအခါ "ခေပဒူပရှင်ရသေ့" သည် ပျူမိဖုရား "နန်းခမ်း" အား

"ငါ၏ တူတော်ဖြစ်သော "မဟာသမ္ဘဝ" မင်းသားသည် မင်းတို့ကျင့်ဝတ်နှင့်လည်း ပြည့်စုံ၏။ တရားအရာ၌လည်း လိမ္မာ၏။ ရန်သူရှိသောအခါ စစ်ထိုးခြင်း၌လည်း သူရသတ္တိနှင့်ပြည့်စုံ၏။ သင်တို့ နေသောအရပ်ကို မင်းပြုစေ၍ သင်တို့အား အုပ်စိုးစီမံကွပ်ကဲစေလော့" ဟူ၍ မိန့်တော်မူ၏။

"ခေပဒူပရှင်ရသေ့" စကားကို ပျူမိဖုရား "နန်းခမ်း" ကြားရလေသော်-

"ငါသည် မိန်းမသားဖြစ်သည်၊ တဘက်သားရန်သူတို့ လာရောက် တိုက်ခိုက်သည်ရှိသော် ဘုန်းလက်ရုံးအာဏာနှင့် ပြည့်စုံလုပ်ကြံနိုင်မည်ဖြစ်မှ ရန်သူကိုအောင်မြင်၍ ပြည်ထဲ သာယာဝပြောလတ္တံ့" ဟုကြံပြီးမှ "မဟာသမ္ဘဝ" အား မင်းမြှောက်လေ၏။

သာသနာသက္ကရာဇ် (၆၀) ပြည့်နှစ် မင်းပြုတော်မူ၏။ "ခေပဒူပရှင်ရသေ့" သမီးတော် "ဘေဒရီ" ကို မိဖုရား အရာ တင်မြှောက်တော်မူလေ၏။





"မဟာသမ္ဘဝမင်း" ပြုသော် ပျူမိဖုရား နန်းခမ်းတစ်ပါးနှင့် "ဘေဒရီ" မိဖုရားနှစ်ပါး ထားရှိလေ၏။

သမင်မယယ်မှမွေးဖွားပြီး "ခေပဒူပရှင်ရသေ့" မှကျွေးမွေး ပြုသော "ဘေဒရီ" သည် မဟာသမ္ဘဝမင်း၏ ထီးရိပ်နန်းရိပ် အောက်မှ မဟေသီဒေဝီမိဖုရားတစ်ပါးဖြစ်လာလေ၏။

"သမင်မ" မှ သန္ဓေတည်၍ ဖွားမြင်သော သမင်မသမီး သည် ထီးရိပ် နန်းရိပ်အောက်ရောက်သည့်အခါ မဟေသီဒေဝီ မိဖုရား တစ်ပါးဖြစ်ခဲ့သည်။

××××××

# ပန်ထွာဘုရင်မ

မြန်မာရာဇဝင်တွင် ထီးနန်းစိုးစံကြသူတို့မှာ ယောကျ်ားဘုရင်များသာ အများဆုံးမင်းပြုကြသည်သာများ၏။ မိန်းမဘုရင်ဟူ၍ ရှားပါသည်။ သို့သော် ဗိသနိုးမြို့ထီးနန်းစံသူမှာ မိန်းမဖြစ်သည်။ မိန်းမဘုရင်မသည် "ပန်ထွာဘုရင်မ" ဟူ၍ ရာဇဝင်တွင် ထင်ရှားပေါ်လွင်လျက်ရှိသည်။

ပန်ထွာဘုရင်မ၏ နောင်းအတိတ်ကဖြစ်ရပ်ရှိခဲ့ပါသည်။

ရှေးကာလအတိတ်တောင်းတွင် "ပန်ထွာဘုရင်မ" သည် "ပွေးမ" ဖြစ်ခဲ့ဖူးသည်။ "ပွေးမ" ဘဝတွင် ပြည်မြို့အနောက်ဘက်၊ ဧရာဝတီမြစ်အနောက်ဘက်ကမ်းတောင်ပေါ်တွင် (ယခုတန့်ကြည်တောင်ခေါ်ပါသည်) ပွေးဖိုနှင့် ပွေးမ ဇနီးမောင်နှံနေထိုင်ကြသည်။

ထိုသို့ နေထိုင်စဉ်တွင် ဂေါတမဘုရားရှင်ကြွလာသည့်အခါ သစ်ဥ သစ်ဖုများရှာပြီး နှစ်ဦးအတူတူ ဘုရားရှင်အား လှူကြရန်





ကတိပြုကြပြီးသစ်ဥ သစ်ဖုများလိုက်လံရှာဖွေကြရာ "ပွေးဖို" နှင့် "ပွေးမ" ကွဲသွားကြသည်။ "ပွေးဖို" သည် "ပွေးမ" ကိုလိုက်ရှာသော်လည်း မတွေ့ရတော့သဖြင့် စိတ်မကောင်းဖြစ်နေရှာသည်။

ထိုစဉ် မဟာသက္ကရာဇ် (၁၀၇) ခုနှစ် ဂေါတမဘုရားရှင်တော်မြတ်သည် သရေခေတ္တရာပြည်မြို့ ဧရာဝတီမြစ်အနောက်ဘက်ကမ်း၊ ပြည်တောင်တန်းဆီသို့ ကြွရောက်လာရာ "ပွေးဖို" သည် "ပွေးမ" ကို မစောင့်တော့ဘဲ သစ်ဥ သစ်ဖုများကိုယူဆောင်လာပြီး ဘုရားရှင်အား ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် "ပွေးဖို" သည် မြေကြီးခဲကိုကော်ယူပြီး ဘုရားရှင်အား ဆက်ကပ်လှူဒါန်းသည်။ "ပွေးဖို" ၏ အပြုအမူကို ဘုရားရှင်မြင်တော်မူရာ ညီတော်အာနန္ဒာအား -

"ချစ်သား-အာနန္ဒာ ဤမြေကြီးလှူသော "ပွေးဖို" သည် မျက်စိသုံးလုံး အတုမဲ့ခေါင် ဒွတ္တပေါင်မင်းကြီးဖြစ်ပြီး ငါ၏သာသနာတော်ကို စောင့်ရှောက်အံ့" ဟုမိန့်တော်မူသည်။

ဂေါတမဘုရားရှင်တော်မြတ် ဗျာဒိတ်ပေးနေစဉ်အချိန် "ပွေးမ" သည် ကိုယ်တိုင်ဖူးမြင်မတွေ့ရတော့သဖြင့် ဘုရားရှင်အား ရည်မှန်းကန်တော့ကာ-

"မိမိသည် ကတိပျက်၍ သစ္စာမတည်သော "ပွေးဖို"နှင့် ဘဝဆက်တိုင်း မပေါင်းလိုပါ" ဟု ဆုတောင်းတော့သည်။

ဤသို့ဖြင့် "ပွေးဖို"နှင့် "ပွေးမ" သည် ပြည်တောင်တန်းပေါ်တွင် အသက်သေဆုံးကြသည်။ သူတို့နှစ်ဦးသေဆုံးကြပြီးနောက်တွင် လူ့ဘဝတွင် ဘုရားရှင်၏ ဗျာဒိတ်စကားတော်အရ "ပွေးဖို" သည် အတုမဲ့ခေါင် "ဒွတ္တဘောင်" မင်းသားဖြစ်ပြီး မြန်မာသက္ကရာဇ် (၁၀၁)ခုနှစ်တွင် သရေခေတ္တရာရွှေမြို့တော်ကို နန်းတက်ထီးနန်းစံသည်။

(မျက်စိသုံးလုံးဆိုသည်မှာ ဒွတ္တဘောင်မင်း၏ နဖူးပေါ်တွင် သိဒ္ဓိစွမ်းအားရှိသော မှဲ့ရှင်တစ်လုံးပါသောကြောင့် ဖြစ်သည်)

ဒွတ္တဘောင်မင်းသည် သရေခေတ္တရာရွှေမြို့တော်ကို နန်းတက်ထီးနန်းအုပ်ချုပ်စဉ်ကာလတွင် "ပွေးမ" သည် ဗိဿနိုးမြို့တော်ကြီး၏ ပန်ထွာဘုရင်မအဖြစ် နန်းစံထီးနန်းအုပ်စိုးလျက်ရှိသည်။ ပန်ထွာဘုရင်မတွင် ဗိဿနိုးမြို့တော်နန်းတွင်း၌ တန်ခိုးသိဒ္ဓိအစွမ်းထက်သည့် "စည်ကြီး" တစ်လုံးပိုင်ဆိုင်ရရှိထားသည်။ အရေးကြုံက "စည်ကြီး" ကိုတီးလိုက်လျှင် ဗိဿနိုးမြို့တော်ကို လုပ်ကြံမည့်ရန်သူများမှာ "စည်သံ"ကြားရလျှင် နားကွဲမတတ်ကြောက်လန့်ထွက်ပြေးသွားကြသည်။ သိဒ္ဓိစွမ်းအားရှိသော





"စည်ကြီး" ကြောင့် ဗိဿနိုးမြို့တော်ကို မည်သည့်ရန်သူမျှ လုပ်ကြံတိုက်ခိုက်၍မရကြပါ။

ပန်ထွာဘုရင်မသည် ရှေးအတိတ်ကာလ "ပွေးမ" ဘဝတွင် ဘုရားရှင်အား သစ်ဥ သစ်ဖုတို့ကို လှူဒါန်းမှုပြုခဲ့သောကြောင့် ယခုလူ့ဘဝတွင် ရုပ်ဆင်းသဏ္ဍာန်မှာအလွန်လှပသော မိန်းမချော တစ်ယောက်ဖြစ်သည်။

မိန်းမပန်ထွာဘုရင်မအား နှစ်သက်၍ ဗိဿနိုးမြို့တော်ကို တိုက်ခိုက်သိမ်းပိုက်လိုကြသောမင်းအပေါင်းတို့သည် ဗိဿနိုးမြို့တော်ကို တိုက်ခိုက်ရန်လာကြသည့်အခါ ပန်ထွာဘုရင်မသည် မိမိဦးခေါင်းတွင် ထုံးထားသည့်ဆံထုံးကို ဖြေချပြီး ဖားလျားကျနေသောဆံပင်ကို ဘယ်ညာ ခေါင်းရမ်းကာ စည်ကြီးကိုကိုယ်တိုင်တီးလိုက်သည်။ စည်သံတိန်းရာ စည်သံကြားရသော ရန်သူတို့မှာကြောက်လန့်ထွက်ပြေးကြသည်။ ထွက်မပြေးလျှင် ရန်သူစစ်သည်တော်တို့ စည်သံကြောင့် နားကွဲမတတ်နာကျင်ကြရသည်။

သို့ဖြစ်၍ ပန်ထွာဘုရင်မနန်းစံသည့် ဗိဿနိုးမြို့တော်ကို မည်သည့်ဘုရင်မှ ကြံစည်တိုက်ခိုက်၍မရကြပါ။ ဤတွင် ဒွတ္တဘောင်မင်းကြီးတွင်လည်း သိဒ္ဓိစွမ်းအားရှိသည့် နဖူးပေါ်မှ

"မှည့်ရှင်" အားကိုးပြီး မိမိ၏ စစ်သည်ရဲမက်တို့ကို ဗိဿနိုးမြို့တော်ကိုတိုက်ခိုက်၍ မြို့တော်ကိုသိမ်းပိုက်ပြီး ပန်ထွာဘုရင်မအား သိမ်းပိုက်ခေါ်ဆောင်လာရန်အမိန့်ပေးလေသည်။

ဒွတ္တဘောင်မင်းကြီးစေခိုင်းသဖြင့် သရေခေတ္တရာဘုရင့်စစ်တပ်သည် ဗိဿနိုးမြို့တော် (တောင်တွင်းကြီးမြို့) သို့ချီတက်သွားကြပြီး ဗိဿနိုးမြို့တော်ကိုတိုက်ခိုက်ကြရာ ပန်ထွာဘုရင်မသည် "စည်ကြီး" ကို ကိုယ်တိုင်တီးလိုက်သည်။

စည်သံသည် မြေကြီးတုန်ခါသွားအောင် မြည်ဟီးသဖြင့် လုပ်ကြံတိုက်ခိုက်ကြမည့်စစ်သည်ဗိုလ်ပါတို့မှာ နားကွဲမတတ်ခံစားရ၍ ကြောက်လန့်ထွက်ပြေးသွားကြသည်။ တိုက်ခိုက်မအောင်ဘဲ တပ်ဆုတ်၍သွားကြရသည်။

စစ်သည်တော်တို့သည် သရေခေတ္တရာရွှေမြို့တော်သို့ပြန်သွားကြပြီး ဒွတ္တဘောင်မင်းကြီးထံ အခစားဝင်ကြပြီး–

"မှန်လှပါ။ ကျွန်တော်မျိုးတို့ ဗိဿနိုးမြို့တော်ကို တိုက်ခိုက်သိမ်းပိုက်ရန်မလွယ်ကူလှပါ " ဟုလျှောက်တင်သည်။

ထိုသို့ လျှောက်တင်သောအခါ ဒွတ္တဘောင်မင်းသည် မည်သည့်အကြောင်းကြောင့် ဗိဿနိုးမြို့တော်ကို တိုက်ခိုက်ခြင်းမအောင်မြင်တာလဲ" ဟု မေးမြန်းလိုက်သည်။





"မှန်လှပါဘုရား - ဗိဿနိုးမြို့တော်နန်းတွင်းမှ သိဒ္ဓိစွမ်းအားထက်သည့် စည်ကြီးကြောင့်ပါ၊ စည်ကိုတီးလိုက်လျှင် စည်သံသိဒ္ဓိအားကြောင့် စစ်တိုက်ခိုက်ရန် မအောင်မြင်ကြောင်းပါဘုရား" ဟုလျှောက်တင်လေသည်။

ဗိဿနိုးမြို့တော်နန်းတွင်းရှိ ပန်ထွာဘုရင်မ၌ထားသော သိဒ္ဓိစွမ်းအားထက်သည့်စည်ကြီးတစ်လုံးရှိသည်ကို ဒွတ္တဘောင်မင်းသည် ရှိရသည့်အခါ မင်းမှုထမ်းတစ်ယောက်ကို ရှေ့တော်သို့ ခေါ်ပြီး

"မောင်မင်း - သစ်ခေါက်ဆိုးသင်္ကန်းကို ရဟန်းတုယောင်ဆောင်၍ ဝတ်ပြီး ညဥ့်အခါ ဗိဿနိုးမြို့နန်းတွင်းမှာ ရှိတဲ့ "စည်ကြီး" ကို ထိုးဖောက်ဖျက်ဆီးလေ" ဟုအမိန့်ပေးခိုင်းစေလိုက်သည်။

ဒွတ္တဘောင်မင်းကြီးခိုင်းစေချက်ဖြင့် မင်းမှုထမ်းသည် သစ်ခေါက်ဆိုးသင်္ကန်းကို ဝတ်ကာ ရဟန်းယောင်ဆောင်ပြီး ညဥ့်အချိန် ဗိဿနိုးနန်းတော်အတွင်းသို့ တိတ်တဆိတ်ဝင်ရောက်ကာ "စည်ကြီး" ကို ထိုးဖောက်ဖျက်ဆီးပြီး နန်းတွင်းမှထွက်လာခဲ့သည်။ ဗိဿနိုးနန်းတွင်းရှိ အစောင့်တို့သည် ရဟန်းဝတ်ကိုတွေ့မြင်ကြသော်လည်း ဖမ်းဆီးခြင်းမပြုဘဲ ဂရုမစိုက်ကြပေ။ ပန်ထွာဘုရင်မရရှိထားသော သိဒ္ဓိစွမ်းအားထက်သည့်

"စည်ကြီး" မှာပေါက်ပြီး ပျက်စီးနေသည်ကို ပန်ထွာဘုရင်မ လုံးဝမသိပေ။

နောက်နေ့တွင် ဒွတ္တဘောင်မင်းသည် မိမိတပ်မှ စစ်သည် ဗိုလ်ပါများအား ဗိဿနိုးမြို့တော်ကို တိုက်ခိုက်ပြီး "ပန်ထွာဘုရင်မ" အား ဖမ်းဆီးခေါ်ဆောင်လာရန် အမိန့်ပေး စေခိုင်းတော်မူသည်။

ဤတွင် ဒွတ္တဘောင်မင်းစေခိုင်းသဖြင့် ဘုရင့်စစ်တပ်မှ စစ်သည်ဗိုလ်ပါရဲမက်တို့သည် ဗိဿနိုးမြို့တော်သို့ ချီတက်သွားကြပြီး မြို့တော်ကို ဝိုင်း၍တိုက်ကြသည်။ ပန်ထွာဘုရင်မသည် "စည်ကြီး" ကို တီးရန်ကြံသော် စည်ကြီးမှာ ပေါက်၍ ပျက်စီးနေသည်ဖြစ်၍ စည်သံလုံးဝပျောက်နေတော့သည်။ သိဒ္ဓိစွမ်းအားထက်သည့် စည်ကြီးတန်ခိုးမရှိတော့၍ ပန်ထွာဘုရင်မအား ဒွတ္တဘောင်မင်းစစ်တပ်က ဖမ်းဆီးခေါ်ဆောင်သွားလေသည်။

သရေခေတ္တရာရွှေမြို့တော်သို့ ပန်ထွာဘုရင်မ ရောက်သည့်အခါ ဒွတ္တဘောင်မင်းသည် "ပန်ထွာဘုရင်မ" အား မိဖုရားအရာချီးမြှောက်ထားတော့သည်။ ဒွတ္တဘောင်မင်းသည် ဗိဿနိုးမြို့တော် ပန်ထွာဘုရင်မအား ချစ်မြတ်နိုးတော်မူရှာသည်။





ပန်ထွာဘုရင်မ၏ လိုအင်ဆန္ဒအားလုံးကိုဖြည့်ဆည်းပေးလေသည်။

ထိုသို့ ပန်ထွာဘုရင်မသည် မိမိ၏ ဗိဿနိုးနန်းတွင်း၌ ရှိသည့် သိဒ္ဓိစွမ်းအားထက်သော စည်ကြီးကို ဒွတ္တဘောင်မင်း ခိုင်းစေချက်ဖြင့် မင်းမှုထမ်းတစ်ယောက်ရဟန်းတုယောင်ဆောင်ကာ စည်ကြီးကို ထိုးဖောက်ဖျက်ဆီးသည်ကို သိရှိသဖြင့် ဒွတ္တဘောင်မင်းအပေါ်အမျက်တော်မပြေ ရန်ငြိုးထားတော့သည်။

ရန်ငြိုးထားသော "ပန်ထွာဘုရင်မ" သည် မသန့်သော မိန်းမထဘီပိုးချည်ကို မျက်နှာသုတ်ပုဝါချုပ်လုပ်လေသည်။ ထဘီ မျက်နှာသုတ်ပုဝါချုပ်ပြီးသည့်အခါ တနေ့သော နံနက်အချိန် ဒွတ္တဘောင်မင်းအိပ်စက်ရာမှ နိုးလာသည့်အခါ ပန်ထွာဘုရင်မသည် မသန့်သည့်ထဘီမျက်နှာသုတ်ပုဝါကို ဆက်၍နန်းတွင်းမှ ထွက်သွားတော့သည်။

ဒွတ္တဘောင်မင်းသည် မျက်နှာတော်သစ်ပြီးသည့်အခါ ပန်ထွာဘုရင်မဆက်သော မသန့်သည့်မိန်းမထဘီမျက်နှာသုတ်ပုဝါဖြင့် မျက်နှာကို သုတ်လိုက်ရာ ဒွတ္တဘောင်မင်း၏ မျက်စိနှစ်ဖက် အလင်းကွယ်ကာ မျက်စိမမြင်သည့် မျက်မမြင်ဘဝရောက်ရှာသည်။ နဖူးပေါ်မှ သိဒ္ဓိရှိသော "မှဲ့ရှင်" လည်း ကွယ်ပျောက်သွားလေသည်။

ဒွတ္တဘောင်မင်း မျက်စိကွယ်၍ မျက်မမြင်ဘဝသို့ရောက်သည့်အခါ ပန်ထွာဘုရင်မသည် မိဿနိုးမြို့သို့ပြန်ပြီး စစ်သည်ဗိုလ်ပါနောက်လိုက်များစုစည်းကာ စစ်သည်အင်အားအပြည့်ဖြင့် ဒွတ္တဘောင်မင်းနန်းစံသည့် သရေခေတ္တရာကိုဝင်ရောက်တိုက်ခိုက်သည်။ ထိုသို့တိုက်ခိုက်ရာ ဒွတ္တဘောင်မင်း၏ စစ်သည်အင်အားကြီးမား၍ တိုက်ခိုက်ရာတွင် စစ်မအောင်မြင်သဖြင့် တပ်ဆုတ်ကာ မိဿနိုးမြို့တော်သို့ပြန်ခဲ့သည်။

ပန်ထွာမင်းသမီးစစ်တပ်မှလာရောက်တိုက်ခိုက်ခံရသဖြင့် ဒွတ္တဘောင်မင်းသည် ကိုယ်တော်တိုင်ဦးဆောင်၍ စစ်သည်အင်အားအလုံးအရင်းဖြင့် မိဿနိုးမြို့သို့စစ်ချီတိုက်ခိုက်ရာ ပန်ထွာဘုရင်မသည် ဒွတ္တဘောင်မင်းကြီး စစ်ချီလာသဖြင့် ကြောက်ရွံ့ထိတ်လန့်ကာ မိဿနိုးမြို့တော်မှ မဟာမြိုင်တောကြီးသို့ထွက်ပြေးတိမ်းရှောင်သွားတော့သည်။

ဒွတ္တဘောင်မင်းလည်း ပန်ထွာဘုရင် မအား အမျက်တော်ရှ၍ ပန်ထွာဘုရင်မ ထွ[illegible]ပြ[illegible]ရာမဟာမြိုင်တောကြီးဆီသို့ ဆက်လက်လိုက်သွားရာ "ပန်ထွာဘုရင်မ" မှာလုံးဝပျောက်၍ ရှာမတွေ့တော့ပေ။ ပန်ထွာဘုရင်မကို ရှာနေစဉ် မိုးသည်းထန်စွာ ရွာချလေရာ၊ မန်ကျည်းပင် ကျွန်းပင် ကင်ပွန်းပင် စသော





သစ်ပင်အထက်ဆီမှ မိုးရေများမှာ ဒွတ္တဘောင်မင်းမျက်စိပေါ်သို့စီးကျရာ၊ မျက်ကွယ်နေသော မျက်စိအစုံမှာအလင်းရ၍ မျက်စိပြန်မြင်ရတော့သည်။

ပန်ထွာဘုရင်မကို ရှာဖွေမတွေ့တော့သဖြင့် ဒွတ္တဘောင်မင်းသည် မိမိနန်းစံရာ သရေခေတ္တရာရွှေမြို့တော်သို့ပြန်လာခဲ့လေသည်။

တောခေါင်၍ ကျွန်းပင်များသာပေါက်နေသော မဟာမြိုင်တောကြီးအတွင်းမှာ ပုန်းခိုနေရသော ပန်ထွာဘုရင်မသည် ရက်လကြာသော် အစာရေစာမစားရဘဲ အစာငတ် ရေငတ်နှင့်ပင် ဒုက္ခရောက်ကာ အသက်သေဆုံးရရှာလေသည်။

အသက်သေဆုံးသည့်အခါ အပယ်တိမ်း၍ နတ်စိမ်းဘဝသို့ ရောက်ရှာသည်။ ပန်ထွာဘုရင်မသည် နတ်စိမ်းဘဝသို့ရောက်သော် "မိဿနိုးမယ်တော်" ဟု လူအများက ခေါ်ကြပါသည်။

*(မဟာမြိုင်တောဆိုသည်မှာ ကျွန်းပင်သာပေါက်သော ကျွန်းတောကြီးကိုခေါ်သည်။ ကလေးမြို့နှင့် မိုင် (၂၀) ကွာဝေးသည်။ ထိုကျွန်းတောကြီးအတွင်း၌ မိဿနိုးနတ်ပုံတော်နှင့် နတ်ကွန်းရှိပါသည်။ စာရေးသူကိုယ်တိုင်ရောက်ခဲ့ပါသည်)

××××××

# စောမြဝတီ

သာသနာသက္ကရာဇ် (၆၀) ပြည့်နှစ်တွင် "ခေပဒူပရှင်ရသေ့" သည် မိမိသီတင်းသုံးနေထိုင်သော လိုဏ်ဂူတောင်ကုန်း (ယခု ပြည်မြို့ရွှေဆံတော်ဘုရားစေတီတောင်ဘက်အနီး မင်းကြီးတောင်)တွင် တူအရင်းဖြစ်တော်မူသော မဟာသမ္ဘဝနှင့် စူဠသမ္ဘဝ မင်းသားနှစ်ပါးမှံနောင်တော် "မဟာသမ္ဘဝ" နှင့် သမီးတော် "ဘေဒါရီ"ကိုလက်ဆက်ပေးလေသည်။

ထိုသို့လက်ဆက်ပေးပြီးသည့်နောင်သောအခါ ပျူမိဖုရား "နန်းခမ်း" မှ ပျူနိုင်ငံတွင် မဟာသမ္ဘဝကိုနန်းတင်တော်မူသည်။ "မဟာသမ္ဘဝ" သည် မင်းအဖြစ်သို့ရောက်၏။ ညီတော် "စူဠသမ္ဘဝ" ကို အိမ်ရှေ့စံအရာ ပေးအပ်တော်မူသည်။

ထိုအခါ ရက်လကြာသော် "မိဖုရားဘေဒါရီ"တွင် "မဟာသမ္ဘဝ" ၏ကိုယ်ဝန်ပဋိသန္ဓေတည်ရှိလေ၏။ ထိုသို့ မိဖုရား"ဘေဒါရီ" မှာ ပဋိသန္ဓေရှိနေချိန်တွင် မောင်တော်





"မဟာသမ္ဘဝ" အနိစ္စရောက်တော်မူသည်။ နောင်တော် အနိစ္စရောက်သောအခါ ညီတော် "စူဠသမ္ဘဝ"နန်းတက်မင်းပြု၏။ ဤတွင် "စူဠသမ္ဘဝ" မင်းဖြစ်သည့်အခါ နောင်တော် "မဟာသမ္ဘဝ" မင်း၏ မိဖုရား ဘေဒါရီ ၊ မရီးတော်ကို မိဖုရားအရာတင်မြှောက်တော်မူလေ၏။

မတ်တော်မောင် "စူဠသမ္ဘဝ"မင်းလက်ထက်တွင် မိဖုရား ဘေဒါရီသည် နေ့ရက်လစေ့၍ သားတော်တစ်ပါးဖွားမြင်တော်မူသည်။ သားတော်၏အမည်ကို "ဒွိဟာဘောင်" ဟူ၍ သတ်မှတ်အမည်ပေးလေ၏။

*ဒွိဟာဘောင်ဟူ၍အမည်ပေးသည်၊ မူလအစ မဟာသမ္ဘဝနှင့် ပဋိသန္ဓေတည်ပြီး ညီတော် "စူဠသမ္ဘဝ"လက်ထက်တွင် သားတော်ဖွားမြင်၍ သားတော်သည် နောင်တော် မဟာသမ္ဘဝ သားလော၊ ညီတော် "စူဠသမ္ဘဝ"သားလော၊ မည်သူ့သားတော် ဖြစ်မည်ကို သံသယဒွိဟာဖြစ်တော်မူ၍ "ဒွိဟာဘောင်" အမည်ပေးခြင်းဖြစ်သည်။ နောင်သောအခါ "ဒွိဟာဘောင်" မှ "ဒွတ္တဘောင်" အမည်ပေါ်လွင်ထင်ရှား၏။

ဂေါတမဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် သာသနာတော် သက္ကရာဇ် (၁၀၁) ခုနှစ် တန်ခူးလဆန်း (၁၁) ရက်

တနင်္လာနေ့တွင် သရေခေတ္တရာမြို့တည်သည်။

မြို့နန်းတည်ပြီးနောက် "ဒွတ္တဘောင်"အား သိကြားမင်းမှ လက်တော်နှင့်မ ၍ နန်းတင်တော်မူ၏။ ရာဇဘိသေကခံတော်မူ၏။

ဒွတ္တဘောင်မင်းသည် သရေခေတ္တရာပြည်နန်းတက် ထီးနန်းစံတော်မူသည့်အခါ ခမည်းတော် "မဟာသမ္ဘဝ"မင်း၏ ပျူမိဖုရား "နန်းခမ်း" မှ ဖွားမြင်သော နှမတော် "စန္ဒာဒေဝီမိဖုရားတစ်ပါး နဂါးမင်းသမီး ဘေဒရီ မိဖုရားတစ်ပါး *(ပြည်မြို့တောင်ဘက် ၁၂ မိုင် ကွာဝေးသော "ရွှေတောင်မြို့နယ်၊ တောင်ဘက် (၁) မိုင်ကွာဝေးသည်။ "ပုဂ္ဂိုလ်" တွင် ဘေဒရီမိဖုရား တည်ထားကိုးကွယ်ခဲ့သော "ရွှေစည်းခုံဘုရား၊ ယခုတိုင်တည်ရှိ၏)

ဒွတ္တဘောင် မင်းကြီးတွင်

၁။ စန္ဒာဒေဝီမိဖုရားတစ်ပါး

၂။ နဂါးမင်းသမီးဘေဒရီမိဖုရားတစ်ပါး

ထိုမိဖုရားနှစ်ပါးအပြင် မောရှမ်း ရှမ်းတော်ဘွားမှ သမီးတော် "စောမြဝတီ" ကိုလည်း ဒွတ္တဘောင်မင်းကြီးအား ဆက်သတော်မူ၏။ ဤတွင် မင်းကြီးတွင် မိဖုရား (၃)ပါးအပြင် ကိုယ်လုပ်တော် မိဖုရားအငယ်များလည်းရှိသေး၏။ ရှမ်းစော်





ဘွား သမီးတော် "စောမြဝတီ"သည် အသက်ငယ်ရွယ်သော မိဖုရား ဖြစ်သော်လည်း ဘုရားရှင်တော်၏ တရားဒေသနာတော် ကြည်ညိုသဒ္ဓါထက်သန်စွာဖြင့် ကြားနာတော်မူသည်။ ဥပုသ်သီလကို အမြဲတမ်းစောင့်ကာ ကမ္မဋ္ဌာန်းဘာဝနာများကို ကျင့်ကြံအားထုတ်တော်မူသည်။

ထိုသို့သော ဘာသာရေးတို့တွင် သူမတူအောင် ဗုဒ္ဓဘုရားရှင် မြတ်အား ယုံကြည်ကိုးကွယ်ဆည်းကပ်တော်မူသောကြောင့် "စောမြဝတီ" မိဖုရား၏ နားတွင် ပန်ဆင်ထားသော မြနားဒေါင်း တွင် ဓာတ်တော်ကိန်းဝပ်တော်မူသည်။

တရံရောအခါ ညတစ်ညွှ "စောမြဝတီ" မိဖုရား၏ ပန်ဆင်ထားသော မြနားဒေါင်းမှ ဓာတ်တော်ကွန့်မြူး၍ ငါးဝဏ္ဏရောင်ခြည်တော် တောက်၍နေသည်။ ထိုသို့ ရောင်ခြည်တော်ကွန့်မြူး၍ ရောင်ခြည်တော်အလင်းပေါ်ထွက်နေသည်ကို ကိုယ်လုပ်တော် မောင်းမငယ်တို့တွေ့မြင်ကြရ၏။

ဒွတ္တဘောင်မင်းကြီးသည် တခြားသော မိဖုရားများထက် ရှမ်းမျိုးနွယ် "စောမြဝတီ" မိဖုရားအား လွန်စွာချစ်မြတ်နိုးတော်မူသည်။ မင်းကြီး ချစ်မြတ်နိုးသည်ကို "စောမြဝတီ" မိဖုရား အပေါ် မနာလိုစိတ်ထားပြီး ဒွတ္တဘောင်မင်းကြီးအား -

"မှန်လှပါ၊ မိဖုရားစောမြဝတီ" သည် သာမန်လူမဟုတ်ပါ။ ကဝေစုန်းမဖြစ်ကြောင်းပါ။ ညဥ့်အခါ စုန်းတောက်စားနေကြောင်း ပါဘုရား"

ဟု မနာလိုဂုံးချောစကားလျှောက်တင်လေ၏။

ဤသို့ လျှောက်တင်စကားကြားရသည့်အခါ ဒွတ္တဘောင်မင်းကြီးသည် မိဖုရား စောမြဝတီအား ခေါ်တော်မူပြီး-

"နှမတော် မိဖုရား၊ ယခု သရေခေတ္တရာပြည်မှ သင့်ဇာတိမြေမောရှမ်းပြည်သို့ပြန်တော့လေ" ဟုမိန့်တော်မူလိုက်၏။

ထိုသို့ မိန့်တော်မူ၍ ပြည်နှင်ဒဏ်ချမှတ်သည့်အခါ ဘုန်းတန်ခိုးအာဏာကြီးသော ဒွတ္တဘောင်မင်းကြီးအား မိဖုရား "စောမြဝတီ" သည် မည်သို့မျှပြန်လည်လျှောက်တင်ခြင်းကို လုံးဝလျှောက်မှုမပြုတော့ဘဲ၊ နောက်ပါ အခြွေအရံအနည်းငယ် မျှနှင့်တကွ စစ်ရဲမက်နှစ်ယောက်တို့လိုက်ပါကြပြီး သရေခေတ္တရာပြည်၊ ဧရာဝတီမြစ်ရေလမ်းခရီးမှ အထက်အညာသို့ လှေဖြင့် ဆန်တက်သွားလေ၏။ ဤအခါ မိဖုရား စောမြဝတီ တွင် ဒွတ္တဘောင်မင်းကြီး၏ ကိုယ်ဝန်ပဋိသန္ဓေအရင့်အမာပါရှိနေသည်။

မိဖုရား "စောမြဝတီ" ၏ ဇာတိမြေမှာ မောရှမ်းပြည်မြောက်ပိုင်းဖြစ်၍ မြောက်ပိုင်းရှမ်းပြည်သို့သွားရာလမ်းခရီးမှာ





မန္တလေးမြို့မှသွားရမည်ဖြစ်၍ ဧရာဝတီမြစ်ရေလမ်းခရီးမှ လှေဖြင့်အထက်သို့ဆန်ရာ၊ ဧရာဝတီမြစ်ကမ်းအရှေ့ဘက်ကမ်းခြေနေရာ (ယခုမန္တလေးမြို့တောင်ဘက်ဧရာဝတီမြစ်ကမ်းအရှေ့ဘက် တောင်ကုန်း) သို့ရောက်သည့်အခါဧရာဝတီမြစ်ကမ်းမှ အရှေ့ဘက်စူးစူးရှိ မြေကုန်းမြင့်ရှိရာသို့ "စောမြဝတီ" နှင့် အခြွေအရံတို့သည်ခြေလျင်လျှောက်၍သွားကြ၏။ ခဏအမျှကြာသော် မြေကုန်းငယ်သို့ရောက်ကြ၏။

* (ယခု အမရပူရမြို့နယ် ကျွန်းလုံးဦးသျှောင်အရပ်)

ထိုသို့ရောက်သည့်အခါ မိဖုရား စောမြဝတီသည် ပဋိသန္ဓေနေ့စေ့၍ ထိုမြေကုန်းတွင်သားတော်ကလေးဖွားမြင်တော်မူသည်။ မိဖုရား စောမြဝတီ သားယောကျ်ားလေးဖွားမြင်သည့်အခါ မင်းကြီးမှ အစောင့်အရှောက်ထည့်လိုက်သော ရဲမက်သည် မိဖုရား စောမြဝတီအား သနားကြင်နာစွာဖြစ်ပြီး သရေခေတ္တရာပြည်လှေဖြင့် ဧရာဝတီမြစ်မှ မြစ်အောက်သို့ စုန်ရာ၊ သရေခေတ္တရာပြည် သို့ရောက်သည့်အခါ ဒွတ္တဘောင်မင်းကြီးထံ အခစားဝင်ပြီး မင်းကြီးအား -

"မှန်လှပါ ဘုရား၊ အရှင်မင်းကြီး၏ မိဖုရား စောမြဝတီသည် အထက်အညာဒေသအရပ်၌ သားတော်ကလေးဖွားမြင်တော်မူကြောင်းပါဘုရား" ဟုလျှောက်တင်လေ၏။

ရဲမက်လျှောက်တင်သော စကားကို ဒွတ္တဘောင်မင်းကြီး ကြားရသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ချက်ချင်းပင် အပျိုတော် အခြွေအရံတို့နှင့် ရဲမက်တို့လိုက်ပါစေလျက် ဒွတ္တဘောင်မင်းကြီးသည် သရေခေတ္တရာပြည်မှ လှေဖောင်တော်ဖြင့် ရောဝတီမြစ်အထက်အညာသို့ ဆန်တက်တော်မူသည်။

ရဲမက် လမ်းညွှန်ရာသို့ ဒွတ္တဘောင်မင်းကြီးလိုက်ပါတော်မူရာ မိဖုရား စောမြဝတီရှိရာ မြေကုန်းသို့ရောက်သော် မင်းကြီးသည် ဝမ်းသာစွာဖြင့် ပွေ့ဖက်မြတ်နိုးတော်မူ၏။

ဤမြေကုန်းတွင် သားတော်ရသဖြင့် (မန္တလေး) သက္ကရာဇ် (၃၀၁) ခုနှစ်တွင် ဘုရားစေတီငယ်တစ်ဆူတည်ပြီး ဘုရားဘွဲ့တော်ကို "သားတော်ရဘုရား" ဟူ၍ဘွဲ့တော်ကဗ္ဗည်းတင်တော်မူလေသည်။

ဘုရားအဝင်မုခ်ဦးတွင် "ဒွတ္တဘောင်မင်းနှင့် မိဖုရား စောမြဝတီ ကောင်းမှု" ဟု စာတမ်းရေးသားထားပါသည်။

*(သားတော်ရဘုရား သည် မန္တလေးမြို့တောင်ဘက်၊ မဟာအောင်မြေမြို့နယ် ကျွန်းလုံး ဥယျောင်အရပ်၌ တည်ရှိသည်။ သမိုင်းဝင်ရှေးဟောင်းဘုရားတစ်ဆူဖြစ်ပါသည်)

"ထီးရိပ် နန်းရိပ်အောက်" "စောမြဝတီ" မဟေသီဒေဝီ မိဖုရားဖြစ်လေသည်။  ။



# ပဥ္စကလျာဏီ

ပုဂံမင်းဆက် (၅၆) ဆက်ရှိရာ မင်းဆက် (၄၃)ဆက်မြောက်တွင် ပုဂံပြည်တွင် အနော်ရထာမင်းနန်းတက်သည်။

"အနော်ရထာမင်း" သည် နောင်တော်ကို လုပ်ကြံပြီးသော် ခမည်းတော်ကျောင်းသို့သွား၍ နောင်တော်အား "မင်းပြုပါ" ဟု ဖံတောင်းပန်တော်မူသည်။ ခမည်းတော်လည်း -

"ငါ အသက်အရွယ်ကြီးပြီ အမောင်မင်းပြုတော့" ဟုမိန့်တော်မူသည်။

မြန်မာသက္ကရာဇ် (၃၇၉) ခုနှစ်တွင် အနော်ရထာသည် ပုဂံပြည်နန်းတက်ထီးနန်းစံသည်။ ခမည်းတော်ကိုလည်း မင်းမြောက်တန်ဆာငါးပါးနှင့်တကွ မင်းဆောင်မင်းယောင် မင်းခမ်းမင်းနားအကုန်ကျင်းပစေ၍ ရဟန်းမင်းပြုရ၏။ ထိုမင်းကား မောင်းမမိဿံတို့နှင့် ထိုကျောင်းတွင် ရဟန်းအဖြစ်ကို ခံယူတော်မူ၏။

*(ဦးကုလား ရာဇဝင်ချုပ်တွင် မြန်မာသက္ကရာဇ် (၄၀၆) ခုနှစ် ပုဂံပြည်နန်းတက်မင်းပြုသည်ဟုပါရှိသည်။ ရာဇဝင်တို့၌ မြန်မာသက္ကရာဇ် (၃၇၉)ခုနှစ် အနော်ရထာမင်း သည် ပုဂံပြည် နန်းတက်သည်ဟု ဖော်ပြသည် (မြောက်နန်းစံ) ကျောက် စာတွင်ပါရှိသည်)·

မြန်မာသက္ကရာဇ် (၃၇၉)ခုနှစ် သရဝဏ်နှစ်၊ ပြာသိုလပြည့် ကျော် (၈) ရက် တနင်္လာနေ့ အနော်ရထာမင်းဖြစ်တော်မူ သည်။ မင်းကြီးသည် မင်းသား မိဖုရား မှူးမတ်ကာလနှံသံပျင် တို့နှင့် ပြည်သူပြည်သားများကို တရားသဖြင့် အုပ်စိုးစီရင် တော်မူသည်။

အနော်ရထာမင်းသည် မင်းအဖြစ်သို့ရောက်သော် ခြောက် လတိုင်တိုင် စက်တော်မခေါ်နိုင်ဖြစ်၏။ ထိုအခါ သိကြားမင်းလာ ၍အိပ်မက်ပေးသည်။

"မင်းကြီးသည် နောင်တော်ကြီးအား ဖြစ်မှားမိသော မကောင်းမှုမှ ခေါင်းပါးစေလိုသော် ဘုရားဂူကျောင်းဇရပ်တို့ကို များစွာတည်၍ နောင်တော်အား အမျှပေးဝေထိုမှတပါးလည်း ရေတွင်းရေကန် ဆည်မြောင်းလယ်ချောင်းတို့ကိုလည်း များစွာ ပြုလုပ်၍ နောင်တော်အား အမျှပေးဝေရသည်။" ဟုအိပ်မက်





ပေးလာ၏။

*မြန်မာသက္ကရာဇ် (၃၇၅) ခုနှစ်၊ "ကျည်စိုးမင်း" ပုဂံပြည် နန်းတက်သည်။ သက်တော် (၂၇)နှစ်အရွယ် အနိစ္စရောက် တော်မူသည်။ ညီတော် "စုက္ကတေး" သည် မြန်မာသက္ကရာဇ် (၃၈၀) ခုနှစ်၊ ပုဂံပြည်နန်းတက်မင်းပြုတော်မူသည်။ "စုက္ကတေး မင်း" သက်တော် (၅၂)နှစ်အရွယ် ခရစ်နှစ် (၁၀၄၄)ခုနှစ် ဩဂုတ်လ (၁၁) ရက်နေ့တွင် "အနော်ရထာ"နှင့် စုက္ကတေး မင်းတို့စီးချင်းထိုးတိုက်ခိုက်ကြရာ၊ နောင်တော် စုက္ကတေးမင်း သည် ညီတော် အနော်ရထာ၏လှံချက်ထိုးမိ၍ အနိစ္စရောက်လေ သည်။

* ("နော်ရထာမင်းနှင့် စုက္ကတေးမင်း" သည် အမေတူ ဖအေကွဲညီအစ်ကိုဖြစ်သည်)

ပုဂံပြည်ရှင်အနော်ရထာမင်းသည် ခမည်းတော် ကွန်ဆော် ကြောင်ဖြူမင်းပေးအပ်သော အရိန္ဒမာ လှံ၊ အရိန္ဒမာကြိမ်လုံး၊ သီလဝံဓား၊ ပတ္တမြားညသျှောင်ကျင်၊ နတ်မြင်းထီးစီးတို့ကို ရတော် မူ၏။

"အနော်ရထာမင်း" သည် ပုဂံပြည်နန်းတက်တော်မူပြီး သည့်အခါတွင်

"စောလူးမင်းမယ်တော်မိဖုရားမှ တစ်ပါး၊ ငါနှင့်ထိုက်တန်သော မင်းသမီးကို ဇမ္ဗူဒိပ်မြေအပြင်ဝယ် ရှိမည်မတုတ်" ဟု မိန့်တော်မူသည်။

ထိုသို့မိန့်တော်မူပြီး အနော်ရထာမင်းသည် အမတ်ရာဇတမန်အား ခေါ်တော်မူပြီး-

"ဤဇမ္ဗူဒိပ် မြေအပြင်ဝယ် ငါနှင့်ထိုက်တန်သော မင်းသမီးကိုရှာလော့" ဟုမိန့်တော်မူမိုင်းစေသည်။

ထိုသို့မိန့်တော်မူရာ အမတ်ရာဇတမန်သည် လက်ဆောင်ပဏ္ဏာပစ္စည်း၊ လက်နက်များယူဆောင်ကာ ပုဂံပြည်မှ မဇ္ဈိမတိုက် "ဝေသာလီပြည်" သို့မင်းသမီးရှာရန်သွားတော့၏။

*(ဝေသာလီပြည်သည် မြန်မာနိုင်ငံတော် ဧည့ဝတီ ရခိုင်ပြည်နယ် မြောက်ဦးမြို့မြောက်ဘက် (၁၀)မိုင်ခန့်ကွာဝေးသော အရပ်ဒေသ၌ တည်ရှိသည်။)

ဝေသာလီပြည်မင်းပြုသောမင်းတွင် သမီးတော် (၇)ပါးရှိသည်။ သမီးအကြီးဆုံး ဖြစ်သော "သဃ်မိတ္တာ" မင်းသမီးသည် ရဟန်းမအပေါင်းခြံရံလျက် တစ်ရသော ဥယျာဉ်၌ သီတင်းသုံးနေ၏။

ထိုသို့နေထိုင်ရာ ရဟန်းမ "သဃ်မိတ္တာ" စိုက်ပျိုးသော





"ဥသျှစ်ပင်"တွင် ဥသျှစ်သီးတစ်လုံးသည် မြေအိုးကြီးလောက်သီး၏။ ထိုဥသျှစ်သစ်သီးကြီး မှည့်သောအခါ မြေသို့ကြွေကျလေသည်။ မြေသို့ကြွေကျ၍ ဥသျှစ်သီးကြီးနှစ်ခြမ်းကွဲလေသည်။ ဤတွင် ဥသျှစ်သီးကြီးအတွင်းမှ သံတောဇ ပဋိသန္ဓေမှဖွားလာသော မိန်းမပျိုကလေးတစ်ယောက်ထွက်လာသည်။ မိန်းမပျိုကလေးမှာ အဆင်းအင်္ဂါ လက္ခဏာဖြင့် ပြည့်စုံ၍ ချောမောလှပလျက်ရှိ၏။

ထိုဥသျှစ်သီးမှ "သံတောဇ"ဖွားသော မိန်းမပျိုမင်းသမီးကို "သဃ်မိတ္တာ" ရဟန်းမသည် ဝေသာလီမင်းကြီးအား ဆက်သလေ၏။ ဝေသာလီမင်းသည် ထိုမင်းသမီးပျိုအား မိမိ၏သမီးတော်သဖွယ်ချစ်မြတ်နိုးတော်မူ၍ "ဥသျှစ်သီးမှဖွားသော မင်းသမီးငယ်အား "ရှိဗိရပဘာဝတီ" ဟုအမည်မှည့်တော်မူ၏။

ထိုသို့အမည်မှည့်ပြီးသည့်အခါ ဝေသာလီမင်းသည် သားတော် အိမ်ရှေ့စံနှင့် လက်ထပ်မင်္ဂလာပြုပေးလေသည်။ မကြာမီမှာပင် ဝေသာလီမင်းနတ်ရွာစံကံကုန်သည်။ ခမည်းတော် ဝေသာလီမင်း ကံတော်ကုန်သော် သားတော်အိမ်ရှေ့မင်းသားသည် ခမည်းတော်အရိုက်အရာကို သိမ်းယူတော်မူပြီး ဥသျှစ်မယ် "ရှိဗိရပဘာဝတီ" ကို မိဖုရားမြှောက်၍ ဘိသိက်ခံတော်

မှုသည်။

ထိုစဉ်ကာလ အိမ်ရှေ့စံမင်းသားနှင့် မိဖုရားခေါင်ကြီးတို့မှ သမီးတော်တစ်ပါးဖွားမြင်တော်မူသည်။ ရုပ်ဆင်းအင်္ဂါလက္ခဏာဖြင့် ပြည့်စုံသောသမီးတော်ကို "ပဥ္စကလျာဏီ"ဟူ၍ အမည်ပေးတော်မူပြီး သမီးတော်အား တပင်တိုင်ပြသဒ်နှင့်ထား၏။

အမတ်ရာဇတမန်သည် ထိုသတင်းကိုကြားသော် ဝေသာလီပြည်သို့ရောက်သည့်အခါ ဝေသာလီမင်းထံဝင်ရောက်ခစားပြီး လက်ဆောင်ပဏ္ဏာပစ္စည်းများနှင့် လက်နက်များကိုဆက်သည်။

ထိုသို့ဆက်သပြီး ဝေသာလီမင်းအား

"ပေါက္ကာရာမပြည်ကြီးကို အစိုးရသော" အနော်ရထာမင်းတွင် မိဖုရားတစ်ပါးမှမရှိ၍ သမီးတော် "ပဥ္စကလျာဏီ" မင်းသမီးကိုတောင်းလို၍လာသည်"

ဟု အမတ်ရာဇတမန်လျှောက်တင်၏။

ထိုသို့တောင်းရာ ဝေသာလီမင်းသည် မြန်မာဘုရင် အနော်ရထာမင်းပန်ကြားသည်ကို မပေးမနေဖြစ်၍ အခြွေအရံ ကိုယ်လုပ်တော် မောင်းမနှစ်ကျိပ်နှင့်တကွ သမီးတော် "ပဥ္စကလျာဏီ"ကို ဝေါ်ဝေါ်တွင်တင်၍ ပေးလိုက်၏။

အမတ်ရာဇတမန်သည် ဝေသာလီပြည်မှ "ပဥ္စကလျာ





ဏီ"မင်းသမီးကိုခေါ်ဆောင်လာခဲ့၏။ "ပဥ္စကလျာဏီ"မင်းသမီး အဆင်းကား အပြစ်ခြောက်ပါးကင်းလွတ်၍ကောင်းခြင်းငါးဖြာနှင့်လည်းပြည့်စုံ၏။ ဦးသစ်သော ရွှေဆင်းနှင့်လည်းတူ၏။ အသားအရေမှာလည်း ဝင်းဝါစိုပြေ၍ သိမ်မွေ့၏။

ထိုအခါ "အမတ်ရာဇတမန်""ပဥ္စကလျာဏီ" မင်းသမီး ရုပ်အဆင်းလှပမှုကိုမြင်လျှင် မရပ်တည်နိုင်သော စိတ်ဖောက်ပြန်မှုဖြစ်၍ တနေ့သောအခါ ယမ်းခရီးသွားရာတွင် အမတ်ရာဇတမန်သည် "ပဥ္စကလျာဏီ"မင်းသမီးနှင့် အရောတဝင် နေတော့သည်။ ထိုသို့နေထိုင်စဉ်တွင် အမတ်ရာဇတမန်သည် ဤသို့ကြံ၏။

"ငါသည် ဤအခြွေအရံအပေါင်းနှင့်တကွ ပေါက္ကာရာမသို့ ရောက်ရှိသောအခါ မင်းကြီးအား ငါနှင့် "ပဥ္စကလျာဏီ" မင်းသမီး ရင်းနှီး၍ အရောတဝင်နေသည့်အကြောင်းကို အခြွေအရံတို့လျှောက်တင်ကြားလတ်သော် မင်းပြစ်ဒဏ်စံရပြီး ကြီးစွာသော ပျက်စီးခြင်းကို ငါရောက်လတ္တံ့။"

ဟုအကြံပြု၍ ဝေသာလီပြည်မှ "ပဥ္စကလျာဏီ"ပါလာကြသော ကိုယ်လုပ်တော်အခြွေအရံတို့ကို တစ်မြို့တစ်ယောက်၊ တစ်ရွာတစ်ယောက်ထားခဲ့၍ အခြွေအရံများ ကုန်အောင်ထားခဲ့

၍ "ဓညဝတီ" သို့ရောက်လာသည်။ ရောက်ရှိလာကြောင်း အမတ်ရာဇတမန်သည် အနော်ရထာမင်းအား ရောက်ကြောင်း လျှောက်တင်လေသည်။

ထိုသတင်းကိုကြားရသော် အနော်ရထာမင်းသည်လည်း စစ်အင်္ဂါလေးပါးနှင့် ဓညဝတီသို့သွားရောက်ကာ "ပဉ္စကလျာဏီ" မင်းသမီးကိုကြိုတော်မူ၍ အဆက်အသကိုခံယူတော်မူပြီး စစ်အင်္ဂါလေးပါးနှင့်တကွ ပေါက္ကာရာမသို့ ပြန်တော်မူသည်။

အနော်ရထာမင်းပြန်ခဲ့သောအရပ်ကို ယခုတိုင် ထင်ရှားစွာ "မင်းပြန်တောင်" ဟုအမည်တွင်သည်။

ပေါက္ကာရာမသို့ရောက်သော် အနော်ရထာမင်းသည် ဝေသာလီပြည်မှဆက်သော "ပဉ္စကလျာဏီ"မင်းသမီးအား ရွှေနန်းတော်သို့သွင်း၍ အခြွေအရံတို့ဖြင့် နန်းတွင်းဆောင်၌ ထား၏။

ထိုသို့ထားရာ တနေ့သောအခါ အမတ်ရာဇတမန်သည် အနော်ရထာမင်း၏ မင်းပြ[illegible]ပေးခံရမည်ကိုကြိုတင်ကြောက်ရွံ့ပြီး အကောက်ကြံ၍ လိမ်လည်၍အနော်ရထာမင်းကြီးအား

"ဝေသာလီပြည်သည် တိုင်းပြည်မဟုတ်လော ရှေးက မင်းကောင်းမင်းမြတ်တို့စံနေတော်မူသော တိုင်းကြီးပြည်ကြီး





ဖြစ်သည်။ တိုင်းကြီးပြည်ကြီးရှင် သမီးအရင်းဖြစ်ချေက ဤကဲ့သို့ သိမ်သိမ်ငယ်ငယ်နှင့် "ပဉ္စကလျာဏီ" ကိုမဆက်ပေးတန်ချေ။ မင်းကြီး၏ ရွှေဘုန်းတော်ရှိန်ကိုမလွန်ဆန်ဝံ့၍ဆက်သလေသော်လည်း မှူးကြီး၊ မတ်ကြီးတို့အုပ်ချုပ်ကွပ်ကဲလျက် ကတော်မယားအထိမ်း အစေအပါး သူကောင်းသားသမီးအလုပ်အကျွေး အထုံးအမြိတ်၊ အချုပ်အလုပ်၊ အချယ်အလှယ်တတ်သူ၊ အကြော်အချက်၊ အကင်အပေါင်း၊ အချက်အပြုတ်တတ်သူမှစ၍ နန်းမလေ့ နန်းအမှုအယာ ဘာသာအထိုက်အလိုက် ထည်ထည်လိမ်လိမ်ပါရသင့်သူ မှူးကြီး မတ်ကြီးကတော်မယားသူကောင်းသားသမီး အခြံအရံ အထိမ်းအချီအယ အထုံးအမြိတ် အချယ်အလှယ် အချုပ်အလုပ် အကြော်အကျစ်၊ အကင်အပေါင်း အချက်အပြုတ် လုပ်တတ်သူမပါ။ ယခု ယခုဆက်သည့် "ပဉ္စကလျာဏီ" မင်းသမီးသည် ဝေသာလီမင်း၏ သမီးအရင်း အချာမဟုတ်ပါ"

ဟု စိတ်ထားယုတ်မာ၍အကောက်ကြံသော အမတ်ရာဇတမန် မဟုတ်မမှန်လုပ်ကြံ၍လျှောက်တင်သည်။

အမတ်ရာဇတမန် လျှောက်တင်စကားကို ကြားတော်မူလျှင် "အနော်ရထာမင်း" သည် ဆွေးနွေးစုံစမ်းတော်မမူ၊ ယုံကြည်

တော်မူလေသည်။

မင်းကြီးသည် အမျက်တော်ရှိ၍

"ဤသို့သောမင်းကို ဝေသာလီမင်းသည် မိမိသမီးအရင်းကို မဆက်၊ မွေးစားသောသမီးကိုဆက်သသည်" ဟု အမျက်တော်ထွက်တော်မူ၏။

ဤတွင် အနော်ရထာမင်းသည် "ပဥ္စကလျာဏီ" မင်းသမီးအား ရုံးတော်တွင်ထားပြီး မင်းကြီးသည် ပရိမ္မအမတ်ကို ခေါ်တော်မူပြီး -

"သင်သည် "ပဥ္စကလျာဏီ"မင်းသမီးကို သင့်နေရပ် ပရိမ္မအရပ်သို့ခေါ်ဆောင်သွားပြီးအတူနေထိုင်လော့"

ဟုမိန့်တော်မူပြီး "ပဥ္စကလျာဏီ" မင်းသမီးကို ပရိမ္မအမတ်ကြီးလက်သို့ပေးအပ်သည်။ အနော်ရထာမင်း၏ အမိန့်တော်အတိုင်း ပရိမ္မအမတ်သည် မိမိမွေးရပ်ဇာတိမြေသို့ "ပဥ္စကလျာဏီ" မင်းသမီးအား ခေါ်ဆောင်သွားပြီး ပရိမ္မအရပ်၌ နေထိုင်စေသည်။ ထိုစဉ် အနော်ရထာမင်းနှင့်ယှဉ်သော ကိုယ်ဝန်ပဋိသန္ဓေပါလာခဲ့သည်။

*(ပရိမ္မအရပ် (ပရိမ္မရွာ)သည် မြန်မာနိုင်ငံစစ်ကိုင်းတိုင်း ရေစကြိုမြို့နယ် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းအနီးတွင်ရှိသည်)





ပရိမ္မအမတ်သည် မိမိသွေးသားသဖွယ် "ပဥ္စကလျာဏီ" မင်းသမီးကို ကျွေးမွေးစောင့်ရှောက်လျက်ရှိသည်။ ပရိမ္မရွာ၌ နေထိုင်စဉ် ရက်လကြာသော် "ပဥ္စကလျာဏီ" ၏ ကိုယ်ဝန် ပဋိသန္ဓေရင့်မာခြင်းသို့ ရောက်သော် မဟာပထဝီမြေလျှင် ပြင်းထန်စွာလှုပ်၏။

ပေါက္ကာရာမပြည်တွင် မြေလျှင်ပြင်းထန်စွာလှုပ်သည့်အခါ အနော်ရထာမင်းသည် ထိတ်လန့်တော်မူ၍ ပညာရှိ ဟူးရားဖြူ ဟူးရားညိုတို့အားခေါ်တော်မူပြီး

"ဤသို့ မြေလျှင်ပြင်းထန်စွာလှုပ်သည် မည်သည့်အကြောင်းနည်း" ဟု မေးမြန်းတော်မူသည်။

ထိုသို့မေးမြန်းသည့်အခါ ဟူးရားဖြူ ဟူးရားညိုတို့က အနော်ရထာမင်းအား

"မြေလျှင်ပြင်းထန်စွာလှုပ်သည့်အကြောင်းကား အရှင်မင်းကြီးမင်းဖြစ်မည့်သူ မြောက်အရပ်မှာ ပဋိသန္ဓေတည်နေသည်" ဟု နားတော်လျှောက်တင်သည်။

*(ပရိမ္မရွာသည် ပုဂံမြို့မြောက်ဘက်တွင်ရှိသည်)

မင်းလောင်းပေါ်မည်၊ မင်းလောင်းသည် ပေါက္ကာရာမ ထီးနန်းကိုလုမည်ဟု အနော်ရထာမင်းသည် စိုးရိမ်တော်မူပြီး မင်းမှူ

ထမ်းတို့ကိုခေါ်တော်မူကာ

"မောင်မင်းတို့ မြောက်အရပ်၌ ပဋိသန္ဓေရှိသူမိန်းမများကို စစ်ကြော၍သတ်လေ" ဟုခိုင်းစေတော်မူသည်။

ဤတွင် အနော်ရထာမင်း အမိန့်အတိုင်း မင်းမှုထမ်းတို့သည် မြောက်အရပ်ဒေသရှိ ကိုယ်ဝန်ဆောင်ပဋိသန္ဓေရှိသူ မိန်းမတို့ကို စစ်ကြောသတ်လေသည်။ ပဋိသန္ဓေရှိသူ မိန်းမ (၇၀၀၀) ကျော်ခန့်သေဆုံးကြ၏။ ပဋိသန္ဓေရှိသူ "ပဥ္စကလျာဏီ" ကို နဂါးလုလင်တစ်ယောက်ဝှက်ထားသောကြောင့် သေဘေးမှ လွတ်၏။

ပဋိသန္ဓေတည်ရှိကြသော မိန်းမများကို သတ်ပြီးသည့်အခါ အနော်ရထာမင်းသည်

"ပဋိသန္ဓေတည်ရှိသော မင်းလောင်းမိန်းမသည်သေလေပြီလော" ဟု ဟူးရားဖြူ ဟူးရားညိုတို့အား မေးမြန်းတော်မူသည်။

ဟူးရားဖြူ ဟူးရားညိုတို့ကလည်း မင်းကြီးအား

"မသေချေ၊ အမိဝမ်းတွင်းမှဖွားပြီး နို့စို့ကလေးအရွယ် ပုခက်တွင်း၌ ရောက်ရှိနေပါသေးသည်" ဟု နားတော်လျှောက်တင်သည်။





ဤတွင် အနော်ရထာမင်းသည် မင်းမှုထမ်းတို့အားခေါ်၍

"မောင်မင်းတို့ မြောက်အရပ်တွင်ရှိသည့် နို့စို့သူငယ် ပုခက်တွင်းမှ ကလေးငယ်ကိုစစ်ကြော၍ သတ်စေ" ဟု မိန့်တော်မူစေခိုင်းသည်။

မင်းကြီးအမိန့်အတိုင်း မင်းမှုထမ်းတို့သည် မြောက်အရပ်ဒေသရှိ နို့စို့အရွယ်ပုခက်တွင်းမှ ကလေးငယ်တို့ကို စစ်ဆေးကာ သတ်လေသည်။ နို့စို့ကလေး (၆၀၀၀) ကျော်ခန့် အသက်သေဆုံးကြသည်။

နဂါးလုလင်တစ်ယောက်မှ ဝှက်ထား၍ "ကျန်စစ်သား"မှာ မသေ၊ သေဘေးမှ လွတ်သည်။

နို့စို့အရွယ်ကလေးငယ်များကိုသတ်ပြီးသည့်အခါ အနော်ရထာမင်းသည် ဟူးရားဖြူ ဟူးရားညိုတို့အား

"မင်းလောင်းသေပြီလော" ဟုမေးမြန်းတော်မူသည်။

"မင်းလောင်းမသေချေ၊ ယခုစွာကျောင်းသားအရွယ်သို့ ရောက်နေချေပြီ" ဟု ဟူးရားဖြူ ဟူးရားညိုတို့မှ လျှောက်တင်သည်။

ဤတွင်လည်း အနော်ရထာမင်းသည် ပင်းမှုထမ်းတို့အား

"မောင်မင်းတို့ မြောက်အရပ်မှာရှိသည့် စွာကျောင်းသား

မှန်သမျှကိုစစ်ကြော၍သတ်လေ” ဟုခိုင်းစေတော်မူသည်။

အနော်ရထာမင်းခိုင်းစေချက်အရ မင်းမှုထမ်းတို့သည် မြောက်အရပ်ရှိ နွားကျောင်းသားအရွယ် လူငယ်များကို စစ်ကြော၍ သတ်ဖြတ်ကြသည်။ နွားကျောင်းသားအရွယ် လူငယ် (၅၀၀၀) ကျော်ခန့် အသက်သေဆုံးကြသည်။

နွားကျောင်းသားအရွယ် “ကျန်စစ်သား”ကို နဂါးလုလင်တစ်ယောက်မှ ဝှက်ထား၍ အသက်မသေဘဲ သေဘေးမှလွတ်သည်။

မင်းလောင်းသည် မိမိထီးနန်းကို လုမည့်သူဟုစိုးရိမ်သဖြင့် မင်းလောင်းကိုယ်ဝန်ဆောင် မိန်းမ (၇၀၀၀)သတ်သည်။ နို့စို့အရွယ်ကလေး (၆၀၀၀) သတ်သည်။ နွားကျောင်းသားအရွယ် လူငယ် (၅၀၀၀) သတ်သည်။

အနော်ရထာမင်းကြီးသည် မိမိနန်းစည်းစိမ်ကိုမစွန့်လွှတ်လို၍ ထိုသို့သော လူပေါင်း (၁၈၀၀၀)အသက် သေဆုံးကြရသည်။

ထိုသို့အသက်ပေါင်းသောင်းချီ၍ အသက်သေဆုံးရာတွင် “ကျန်စစ်သား” သည် သေဘေးမှလွတ်ခဲ့သည်။

ကျန်စစ်သားသည် ဘုန်းတန်ခိုးအာဏာဖြင့် သာသနာတော်





မြတ်ကိုချီးမြှင့်မည့်မင်းလောင်းမင်းလျာဖြစ်သောကြောင့် နဂါးတို့စောင့်ရှောက်ကြသည်။

“ပဥ္စကလျာဏီ”မင်းသမီးမှာ ကျန်စစ်သား ပဋိသန္ဓေရှိစဉ်ကာလ သေဘေးမှလွတ်ခဲ့သည်။ သားတော် နို့စို့ကလေးအရွယ်တွင်လည်း အသက်မသေဘဲ သေဘေးမှလွတ်သည်။ သားတော် နွားကျောင်းသားအရွယ်တွင်လည်း အသက်မသေဘဲ သေဘေးမှ လွတ်မြောက်ခဲ့သည်။

ထိုသို့ဖြစ်စေခဲ့သဖြင့် “ပဥ္စကလျာဏီ” မင်းသမီးသည် သားတော် “ကျန်စစ်သား” သေဘေးအန္တရာယ်နှင့် ကင်းဝေးစေရန် မင်းကြီးဆရာတော်ထံ အပ်နှံ၍ ရဟန်းပြုလေ၏။ ကျန်စစ်သားသည် ရဟန်းဘဝဖြင့် အသက်(၂၀)အရွယ်သို့ ရောက်တော့၏။

ထိုစဉ်ကာလ အနော်ရထာမင်းသည် စိတ်တွင် သံသယရှိတော်မူ၍ ဟူးရားဖြူ ဟူးရားညိုတို့အား -

“မင်းလောင်းသေချေပြီလော” ဟုမေးမြန်းတော်မူသည်။

“အရှင်မင်းကြီး မင်းလောင်းသည် ရဟန်းပြုနေပြီ”

ဟု ဟူးရားဖြူ ဟူးရားညိုတို့ကလျှောက်တင်သည်။

ထိုသို့လျှောက်တင်စကားကိုကြားရလျှင် အနော်ရထာ

မင်းသည် မင်းလောင်းသည် ရဟန်းဘဝရောက်နေပြီဖြစ်၍ သတ်ဖြတ်ရန်မလွယ်တော့၍ မင်းကြီးသည် ဟူးရားဖြူ ဟူးရားညိုတို့အား –

"မင်းလောင်းသည် ရဟန်းဖြစ်နေပြီဆိုက မည်သည့်ရဟန်းသည် မင်းလောင်းဖြစ်သည်ကို အဘယ်သို့သိအံ့နည်း"

ဟုမေးမြန်းတော်မူသည်။

ထိုသို့မေးမြန်းသည့်အခါ ဟူးရားဖြူ ဟူးရားညိုတို့သည် အနော်ရထာမင်းကြီးအား –

"ရဟန်းအပေါင်းတို့ကို ပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေးတော်မူပါ။ ရဟန်းအပေါင်းဆွမ်းစားပြီးသည့်အခါ မင်းကြီးကိုယ်တိုင် ရေကရားဖြင့် ရဟန်းတစ်ပါးစီ အလှည့်ကျရေတိုက်တော်မူလျှင် မင်းဖြစ်မည့်သူ ရဟန်း၏ခံတွင်းမှ စက်ပြောင်ပြောင် အရောင်ထွက်ပါမည်" ထိုသို့အရောင်ဝင်းလက်ထွက်သောရဟန်းသည် မင်းလောင်းကောန်ဖြစ်လတ္တံ့" ဟုအကြံပေးလျှောက်တင်သည်။

တနေ့သောအခါ ကျန်စစ်သားရဟန်းကို ဆွမ်းလုပ်ကျွေးတော်မူ၏။ ဆွမ်းဘုဉ်းပေးသည့်အခါ အနော်ရထာမင်းကြီးကိုယ်တော်တိုင် ရေကရားဖြင့် ရေတိုက်တော်မူရာ အာခေါင်တွင်းမှ စက်ပြောင်ပြောင်ထွက်လာသည်ကိုလန့်၍ မင်းကြီးလက်





မှ ရေကရားလွတ်ကျသွားသည်။

ဤသို့ဖြစ်ရာ "အနော်ရထာမင်း" သည် ဟူးရားဖြူ ဟူးရားညိုတို့အား –

"ငါ၏ နန်းစည်းစိမ်ကို လုမည်ခလာ"ဟုမေးမြန်းတော်မူသည်။

ဟူးရားဖြူ ဟူးရားညိုတို့ကလည်း

"မင်းကြီး၏ နောက်တစ်ဆက်လွန်မှမင်းဖြစ်လတ္တံ့" ဟုနားတော်လျှောက်တင်သည်။

ဤစကားကိုကြားရလျှင် အနော်ရထာမင်းသည်

"သင်တို့သည် ဤစကားကို ငါ့အား အခုမှဝင် လျှောက်တင်သည်။ ငါ့စည်းစိမ်ကိုလုလတ္တံ့သည်ဟုထင်၍ များစွာသော လူသတ္တဝါတို့ကို ငါသတ်မိသည်"

ဟုမိန့်တော်မူပြီးလျှင် ကျန်စစ်သားကို ရဟန်းဘဝလူဝတ်လဲ၍ အပါးတော်၌ ခစားစေသည်။

သားတော်အရင်းဖြစ်၍ သနားတော်မူပြီး "ကျန်စစ်သား" အမည်သမုတ်ခေါ်တော်မူသည်။

မှတ်ချက်။ ။ အနော်ရထာမင်းသည် ကျန်စစ်သား၏ မယ်တော် ဝေသာလီမင်းသမီး "ပဥ္စကလျာဏီ"မင်းသမီးကို

ပေါက္ကာရာမရွှေနန်းတော်သို့ ခေါ်သွားသည် မသွားသည်ကို ရာဇဝင်၌ ရေးသားထားခြင်းမရှိသည်ကို တွေ့ရပါသည်။

ထို့အပြင် "ပဥ္စကလျာဏီ" မင်းသမီးသည် ဓိမိဇာတိမြေ ဝေသာလီပြည်သို့ပြန်သွားသည်ဟုလည်း ရာဇဝင်တွင် မတွေ့ရပါ။ ပရိမ္မအရပ်မှ ညောဝတီရိုင်ပြည်နယ်ရှိ "ဝေသာလီပြည်" သို့ပြန်သွားရန် မလွယ်ကူခက်ခဲသဖြင့် "ပဥ္စကလျာဏီ" မင်းသမီးသည် ပရိမ္မအရပ်မှာပင် ပရိမ္မအမတ်ပြုစုစောင့်ရှောက်၍ နေထိုင်ရာမှ နောက်ဆုံးအနိစ္စရောက်ရှာသည်ဟု စာရေးသူ တွေးမိပါသည်။ ကျန်စစ်သား မင်းအဖြစ်သို့သော် မယ်တော် "ပဥ္စကလျာဏီ" ကို နန်းတွင်း၌ခေါ်ထားမည်၊ မယ်တော် အနိစ္စရောက်သွားသည့်၊ မယ်တော် "ပဥ္စကလျာဏီ" ကိုသားတော် ကျန်စစ်သားခေါ်ထားခြင်းမရှိသည်ဟုလည်း စာရေးသူ တွေးဆကြည့်ခြင်းဖြစ်ပါသည်။

xxxxx



# မဏိစန္ဒာ

မြန်မာသက္ကရာဇ် (၄၀၆) ခုနှစ် (အေဒီ ၁၀၄၄ - ၁၀၇၇) "ကွန်းဆော်ကြောင်ဖြူမင်း" သားတော် "အနော်ရထာမင်း" ပုဂံပြည်နန်းတက်ထီးနန်စိုးစံသည်။

တရံရောအခါက ဥသ္သာပဲခူးသို့ ဖွမ်းစစ်သည်များချီတက် လာသည်။ ထိုသို့လာသည့်အခါ ဥသ္သာပဲခူးမင်းသည် ပုဂံပြည် ရှင် အနော်ရထာမင်းကြီးထံ–

"စစ်ကူတော်မူပါ" ဟုလျှောက်ထားစစ်ကူတောင်းလေသည်။

အနော်ရထာမင်းကြီးကလည်း –

"မြင်းသည်ကောင်းလေးသိန်းစစ်ကူလာလိမ့်မည်"

ဟု ဥသ္သာပဲခူးမင်းသို့မိန့်တော်မူသည်။

ထိုသို့မိန့်တော်မူပြီးသော် အနော်ရထာမင်းကြီးသည် သားတော် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီး ဤစစ်သည်သူရဲလေးဦးတို့ကို နတ်ဖါတန်ဆာကဲ့သို့သော

တန်ဆာများကို ဝတ်ဆင်စေ၍ ကုလားခြေလျင်စစ်သား (၄၀) နှင့် စစ်ကူသွားစေသည်။

အနော်ရထာမင်းကြီး စေလွှတ်သော စစ်သူရဲကြီး (၄) ဦး သည် ဥဿာပဲခူးသို့ရောက်ကြသည်။

ထိုသို့ရောက်ကြသည့်အခါ "ဥဿာပဲခူးမင်း" သည် အနော်ရထာမင်းကြီးထံမှ စစ်သည် (၄)သိန်းလာလိမ့်မည်ဟု မိန့်ကြားရာ ယခုစစ်သူကြီး (၄)ဦးနှင့် မြင်းလေးစီးသာလာ၍ စိတ်မသက်သာ ဖြစ်နေလေသည်။

ထိုသို့ ဥဿာပဲခူးမင်းစကားဆိုသဖြင့် ကျန်စစ်သား၊ ငထွေရူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီးတို့သည် နတ်မြင်းစီး (၄)စီးကိုစီးလျက် ကျန်စစ်သားသည်

"ငါတို့အား ဤသို့ဆိုရသလော၊ ငါတို့အစွမ်းကိုပြအံ့" ပြောဆိုပြီး၊ ဥဿာပဲခူး၌ စစ်ချီလာကြသော ဗွမ်းစစ်တပ်ကြီး ကို စစ်သူရဲကြီး (၄) ဦးတို့သည် သတ္တိစွမ်းအားဖြင့် တိုက်ခိုက်ရာ ဗွမ်းစစ်သည်တို့သည် ကြောက်လန့်ကာ လက်နက်များ ပစ်၍ ထွက်ပြေးကြလေသည်။

နတ်မြင်းသည် စစ်သူရဲကြီး (၄) ဦးသည် ဗွမ်းစစ်သည်တို့ လေးစုကွဲအောင်စစ်တပ်အလယ်မှ ထွင်းဖောက်ဝင်ရောက်





တိုက်ခိုက်သောကြောင့် ဗွမ်းစစ်သည်တို့ ရှုံးနိမ့်ကြရသည်။

ဗွမ်းစစ်တပ်ကြီးမှ စစ်သူကြီး (၄)ယောက်တို့ကို အရှင် ဖမ်းဆီးလိုက်၏။ စစ်သူကြီးများဖြစ်ကြသော အောက်ဖြရံ၊ အောက်ဖြရဲ၊ အောက်ဖြဘုံ၊ အောက်ဖြပိုက်တို့ဖြစ်သည်။ နတ်မြင်းသည် လေးစီးပုဂံသူရဲကောင်း ကျန်စစ်သား၊ ငထွေရူး၊ လုံးလက်ဖယ်၊ ညောင်ဦးဖီးတို့သည် မိမိတို့တိုက်ခိုက်ဖမ်းဆီး ခဲ့ရသော ဗွမ်းစစ်သူကြီး (၄)ယောက်တို့ကို ဥဿာပဲခူးမင်း ထံဆက်လေ၏။

ဤတွင် ဥဿာပဲခူးမင်းမှအစ၊ ပြည်သူအပေါင်းတို့သည် အံ့ဩစွာဖြင့် –

"ဤသူတို့သည် လူမဟုတ်ချေ။ နတ်ဖြစ်လေရာ မမြင်ဖူး ၍ ကြားမှ မကြားဖူး" ဟု အံ့ဩချီးမွမ်းကြလေသည်။ ဥဿာ ပဲခူးမင်းသည်လည်း အလွန်ပင် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ပုဂံစစ်သူရဲကြီးတို့ကို ဆုလာဘ်များပေးတော်မူသည်။ ထို့အပြင် "ဥဿာပဲခူးမင်း" သည် အနော်ရထာမင်းကြီးအား ရွေကြုပ် တွင်ထည့်ထား၍ ကိုးကွယ်သော ဓာတ်တော်နှင့်တကွ ချစ်လှစွာ သော သမီးတော် "မဏိစန္ဒာ" ကို ပုဂံပြည်ရှင် အနော်ရထာ မင်းကြီးထံဆက်သ၏။

"ဥဿာပဲခူးမင်း" မှ ဆက်သော သမီးတော် "မဏိစန္ဒာ" မင်းသမီးကို ကျန်စစ်သား၊ ငထွေရုး၊ ငလုံးလက်ဖယ်၊ ညောင်ဦး ဖီး သူရဲကောင်းတို့သည် မဏိစန္ဒာ မင်းသမီးကို အလှည့်ကျ စောင့်ရှောက်ကာ ပုဂံပြည်သို့ ခေါ်ဆောင်လာကြ၏။

အောက်ပြည်၊ ဥဿာပဲခူးနှင့် ပုဂံမြို့သည် ယခုခေတ်တွင် မိုင်ပေါင်း (၄၀၀) ခန့်ဝေးကွာသည်။

ကျန်စစ်သားနှင့် သူရဲကောင်း (၃)ယောက်တို့သည် ကုန်းလမ်း၊ ရေလမ်းခရီးမှ အလယ်ရိုးမတောင်တန်းကြီးကို ကျော်ဖြတ်လာကြရ၏။ ထိုသို့ကျော်ဖြတ်၍ တောအထပ်ထပ်၊ တောင်အထပ်ထပ်တို့ကိုကျော်၍ ဥဿာပဲခူးမှ ပုဂံပြည်သို့ အပြန် ခရီးလမ်းတလျှောက်လုံးတွင် "မဏိစန္ဒာ" မင်းသမီး ကို သူရဲကောင်း (၄)ယောက်တို့သည် တလှည့်စီ တာဝန်ယူ၍ စောင့်ရှောက်ခေါ်ဆောင်လာကြသည်။

ကျန်စစ်သားအလှည့်ကျ၍ "မဏိစန္ဒာ" မင်းသမီးကို စောင့် ရှောက်ရာ "မဏိစန္ဒာ" မင်းသမီးသည် သူရဲကောင်း ကျန်စစ် သားအား လေးစားချစ်ခင်လေသည်။ ဤတွင် "မဏိစန္ဒာ" မင်းသမီးနှင့် ကျန်စစ်သားတို့ နှစ်ဦးမေတ္တာမျှလေသည်။

ထိုသို့ ခရီးဆက်ပြန်လာရာ မကြာမီအချိန်တွင် ပုဂံပြည်သို့





ရောက်ကြသည်။ ပုဂံပြည်သို့ရောက်သည့်အခါ မဏိစန္ဒာ မင်းသမီးကို အနော်ရထာမင်းကြီးထံဆက်သလိုက်သည်။ ထိုသို့ ဆက်သသည့်အခါ သူရဲကောင်းသုံးဦးတို့သည် အနော်ရထာ မင်းကြီးအား -

"ဥဿာပဲခူးမှ မဏိစန္ဒာမင်းသမီးကိုခေါ်ဆောင်လာရာတွင် လမ်းခရီးတွင် ကျန်စစ်သားနှင့် မဏိစန္ဒာတို့နှစ်ဦး မေတ္တာမျှ နေကြပါပြီဘုရား" ဟု အဖြစ်မှန်ကို လျှောက်တင်ကြလေသည်။

ထိုသို့လျှောက်တင်သည့်စကားကိုကြားရသည့်အခါ အနော် ရထာမင်းကြီးသည် သားတော်ကျန်စစ်သားအပေါ် ဒေါသအမျက် တော်ဖြစ်၏။ မင်းကြီးသည် အကျိုးအပြစ်ကိုဆင်ခြင်သည်။ ကျန်စစ်သားကိုရှေ့တော်သွင်းစေသည်။ ကျန်စစ်သားရှေ့တော် သို့ရောက်လာရာ၊ အနော်ရထာမင်းကြီးသည် "ကျန်စစ်သား" အားနန်းတိုင်တွင်ရပ်စေပြီး နှောင်ကြိုးများဖြင့်ချည်တုပ်ထားကာ အနီးကပ်နေရာမှ ရပ်တော်မူပြီး အရိန္ဒမာလှံဖြင့် ထိုးလိုက်သည်။ ထိုသို့ထိုးရာ လှံသည် ကျန်စစ်သားကို မထိမိဘဲ နှောင်ကြိုး ကိုသာလှံသွားစိုက်ရာ ကြိုးပြတ်လေသည်။ အရိန္ဒမာလှံ သည် လည်း ကြမ်းပြင်တွင်ကျနေသည်။ ဤတွင် ကျန်စစ်သားသည် အရိန္ဒမာလှံကိုကောက်ယူပြီး ပုဂံပြည်မှထွက်ပြေးသွားလေသည်။

ထိုသို့ထွက်ပြေးရာ သူချစ်မြတ်နိုးသော "မဏိစန္ဒာ" ကို ခေါ်ဆောင်မသွားဘဲ ပုဂံပြည်မှာပင် ထားရစ်ခဲ့သည်။

မင်းတို့ ပရိယာယ် ကြွယ်ဝသည်ဟူသောစကားအရ အနော်ရထာမင်းကြီးသည် သားတော် အရင်းဖြစ်သော ကျန်စစ်သားကို အရိန္ဒမာလှံဖြင့် ထိုးသတ်သည်ကို အများ ပြည်သူတို့က မတရားသောမင်းဟုမှတ်ထင်ကြသည်။ သို့သော် အနော်ရထာမင်းကြီးသည် သူ့ရဲကောင်းတစ်ဦးဆုံးရှုံးသွားမည်ကို မလိုလားသဖြင့် ကျန်စစ်သားအသက်မသေစေရန် သားတော် ကျန်စစ်သားကို ဥပါယ်တံမျဉ်နှင့် လွှတ်လိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် အနော်ရထာမင်းကြီးသည် အရိန္ဒမာလှံဖြင့် လူကို မထိုးဘဲ သားတော်ကျန်စစ်သားလွတ်စေရန် ချည်နှောင်ထားသောကြိုးကို ထိုးလိုက်ခြင်းဖြစ်သည်။

ထို့နောက် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် မဏိစန္ဒာ (ခင်ဦး) အား ကိုယ်လုပ်တော်မိဖုရား အငယ်အရာထားလိုက်လေသည်။

×××××

# ဗွားစော

မြန်မာသက္ကရာဇ် (၅၉၇) ခုနှစ် (အေဒီ ၁၂၃၅)တွင် ပုဂံပြည် ကျစွာမင်းနန်းတက်ထီးနန်းစိုးစံသည်။ မင်းကြီးသည် ပိဋကတ်သုံးပုံကို ကိုးခေါက်ပြန်၍ သင်သည်။ သက်တော် (၅၂)နှစ်တွင် ကံတော်ကုန်၏။

ကျစွာမင်းနတ်ရွာစံ ကံတော်ကုန်သောအခါ မြန်မာသက္ကရာဇ် (၆၁၃) ခုနှစ် (အေဒီ ၁၂၅၁) တွင် သားတော် "ဥဇနာ" မင်း ၏ မိဖုရားသည် သားတော် သီဟသူကို ဖွားမြင်သည်။ "ဥဇနာမင်း" သက်တော် (၄၃)နှစ် အရွယ်ကံတော်ကုန်သော် သားတော် "သီဟသူ" ပုဂံနန်းတက်မင်းပြုသည်။ မြန်မာသက္ကရာဇ် (၆၁၈) ခုနှစ် (အေဒီ ၁၂၅၆) တွင် သားတော် သီဟသူ


မိတ်ဆွေစာပေ

ကိုဖမ်း၍ မှူးမတ်တို့က မိဖုရား ပန်းပွတ်သည်မှဖွားမြင်သော "မင်းခွေးချေး" ကို "နရသီဟပတေ့" ဟူသော ဘွဲ့အမည်ဖြင့် ပုဂံပြည်နန်းတင်သည်။

ဟိုယခင် ပုဂံပြည်ထီးနန်းစံ "ကျစွာမင်း" လက်ထက်တော်တွင် ပုပ္ပါးနယ်ဒေသ ဆိတ်ထိန်းကမ်းဖြူရွာ၌ လယ်ယာလုပ်ကိုင်နေသော တောင်သူကြီးတစ်ဦးရှိသည်။ ထိုတောင်သူတွင် သမီးငယ်တစ်ယောက်ရှိသည်။ တောင်သူကြီးသည် မိမိလယ်ထွန်သွားသည့်အခါ သမီးကိုခေါ်သွားသည်။ လယ်ယာထွန်ယက်သည့်အခါ သမီးငယ်ကို သစ်ပင်ရိပ်အောက်၌ သိပ်ထားရာ သမီးငယ်မှာ အိပ်ပျော်သွားသည်။ ထိုသို့အိပ်ပျော်နေစဉ် မြွေငန်းကြီးတစ်ကောင်သည် သမီးငယ်၏ ဘေးပတ်ပတ်လည်တွင် ခွေပတ်၍ ပါးပျဉ်းဖြင့် ဦးခေါင်းအပေါ်မှ မိုး၍ထားပေးသည်။

ဖခင်တောင်သူကြီးသည် လယ်ယာထွန်ယက်ပြီးသည့်အခါ သမီးငယ်အိပ်နေသည့် သစ်ပင်ရိပ်ဆီသို့လာရာတွင် မြွေငန်းကြီးတစ်ကောင် သမီးငယ်ကိုခွေပတ်ကာပါးပျဉ်းမိုးပေးထားသည်ကိုတွေ့မြင်ရသည်။ မြွေငန်းကြီးလည်း လူလာသဖြင့် ထွက်ပြေးသွားသည်။





ထိုအဖြစ်ကိုတောင်သူကြီးတွေ့မြင်ရာ–

"ဤသမီးငယ်သည် နာမည်ထင်ရှားကျော်စောမည်ဖြစ်လိမ့်မည်" ဟုပညာရှင်တို့က ဆိုကြသည် ဟု နိမိတ်ဖောသည်။

ပညာရှိတို့ ဆိုစကားအရ တောင်သူကြီးသည် သမီးငယ်အား ကောင်းစွာပြုစုစောင့်ရှောက်၍ သမီးကိုကောင်းစွာဝတ်ကောင်းအထည်များဆင်ယင်ပေးသည်။ နာမည်ကိုလည်းကျော်စောမည့်သမီးဖြစ်၍ "မစော" ဟူသောအမည်ကိုမှည့်ခေါ်သည်။

သမီးငယ် "မစော" အပျိုအရွယ်ရောက်သော် ပန်းပင်များစိုက်ပျိုးလေ့ရှိသည်။ "မစော" သည် မြတ်လေးပန်း တစ်ပင်စိုက်ရာ မြတ်လေးပန်းတစ်ပင်တည်းမှ ပန်းသုံးမျိုးပွင့်သည်။ ထိုပန်းသုံးမျိုးမှာ ပုန်းညက်ပန်း၊ စကားပန်း၊ ချရားပန်းတို့ပွင့်ကြသည်။ ထိုပန်းပင်တစ်ပင်တည်းမှ ပန်းသုံးပွင့် သုံးမျိုးပွင့်ကြသဖြင့် "မစော" အမည်ထင်ရှားသည်။

ကျစွာမင်းနတ်ရွာစံသော် သားတော် "ဥဇနာမင်း"သည် ခမည်းတော်ထီးနန်းကိုဆက်၍ နန်းတက်မင်းပြုသည်။ တနေ့သောအခါ "ဥဇနာမင်း" သည် ပုပ္ပါးတောင်သို့နတ်မောင်နှမမင်းမဟာဂီရိနတ်ကို ပူဇော်ရန်ကြွချီတော်မူသည်။ ထိုသို့ ကြွချီ

ပါသည်” ဟု မင်းကြီးအမျက်တော်ပြေစေရန် လျှောက်ထားသည်။ “မိဖုရားဖွားစော” သည် ဤသို့ ပညာအရည်အချင်းနှင့်ပြည့်စုံသူ မိဖုရားတစ်ပါးဖြစ်သည်။

တိုယခင်ကာလက ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးလက်ထက်တော်က တရုတ်ပြည် ဥတည်ဘွားမင်းနှင့် သံတမန်အဆက်အသွယ်ရှိခဲ့ဖူးသည်။ ထိုသို့အဆက်အသွယ်ရှိခဲ့သဖြင့် ယခု “နရသီဟပတေ့” မင်းလက်ထက် တရုတ်ပြည်မှ သံတမန်တို့ကို ပုဂံပြည်သို့စေလွှတ်ခဲ့သည်။ သံတမန်တို့ ပုဂံပြည်ရောက်သည့်အခါ ထမင်းစားရန်အတွက် ရိုးရိုးထမင်းမဟုတ်သည့် ရွှေထမင်းအိုး၊ ရွှေပေါင်းချောင်၊ ငွေပေါင်းချောင်၊ ရွှေယောက်မ ငွေယောက်မများကိုသာ ဆက်သကျွေးမွေးရန် မင်းကြီးအား တောင်းဆိုသည်။

ထိုသို့တောင်းဆိုရာ “နရသီဟပတေ့မင်း” သည် အမျက်တော်ရှိကာ မလိုက်လျောဘဲ တရုတ်သံတမန်တို့ကို ကွပ်မျက်အဆုံးစီရင်သည်။

ထိုပြဿနာဖြစ်၍ တရုတ်စစ်သည်များသည် ပုဂံပြည်သို့ စစ်သည်အလုံးအရင်းနှင့် တိုက်ခိုက်ရန်စစ်ချီလာသောကြောင့် “နရသီဟပတေ့မင်း”သည် ပုဂံပြည်ကိုစွန့်လွှတ်၍ မွန်ပြည်နယ်





သထုံသို့ တိမ်းရှောင်ထွက်ပြေးသွားသည်။

*(တရုတ်ပြည်သို့ ထွက်ပြေးသွားသောကြောင့် နရသီဟပတေ့မင်း ကို တရုတ်ပြေးမင်းဟုခေါ်သည်)

ထိုအချိန်တွင် သထုံနယ်စား ဥဇနာမှာ သားတော်အရင်းဖြစ်သည်။ သထုံတွင် စီစဉ်သည့်စားတော်ပွဲ၌ ဟင်းခွက်သုံးရာမရှိဘဲ ဟင်းခွက်တစ်ရာ့ငါးဆယ်သာရှိ၏။ စားတော်စာပြင်ဆင်ဆက်သရာ၊ မင်းကြီးသည် ဟင်းခွက်သုံးရာမရှိသဖြင့် အလွန်ဝမ်းနည်းကြေကွဲနေတော်မူသည်။

ထိုသို့ “နရသီဟပတေ့မင်း” ၏အပြုအမူကို မိဖုရားစောတွေ့မြင်ရာ မင်းကြီးအား –

“အရှင်မင်းကြီး ဘုံသုံးပါး၌ ကျင်လည်သော ဒုက္ခိတသတ္တဝါအပေါင်းတို့သည် လောကဓံရှစ်ပါးနှင့်မကင်း၊ ကျွန်းငယ်နှစ်ထောင်ခြံရံသော ကျွန်းကြီးလေးကျွန်း နတ်ပြည်နှစ်ဆယ်ကိုအစိုးရသော စကြာဝတေးမင်းသည် မန္ဓာတ်မင်းဖြစ်စေကာမူ ဖြစ်ခြင်း၊ ပျက်ခြင်းနှင့် မကင်း၊ မကင်းနိုင်ဟူသော တရားတော်ကို ဆင်ခြင်နှလုံးသွင်းမှသာလျှင် စိတ်အနှောင့်အယှက်ကင်းတော်မူမည်” ဟုလျှောက်တင်သည်။

တရုတ်စစ်သည်များ ပုဂံပြည်မှဆုတ်ခွာသွားကြသည့်အခါ

နရသီဟပတေ့မင်းသည် မိဖုရားစောအား ပုဂံပြည်သို့ ပြန်ကြရန် တိုင်ပင်တော်မူသည့်အခါ ဥာဏ်ပညာကြွယ်ဝသော မိဖုရားစောသည် မင်းကြီးအား –

"ပုဂံနေပြည်တော်သို့ ပြန်တော်မူသောစကားသည်လွယ်၏။ ပြည်ထဲအရေးကို ထောက်ရှုလိုက်သော် ခက်ခဲ၏။ အဘယ်သို့ ခက်သနည်း။ အခြေအရံ စစ်သည်အင်အား၊ ပြည်သူပြည်သား အလုံးအရင်းမရှိဘဲ နေပြည်တော်သို့ဝင်၍ နေချေသော် ရန်သူ့လက်တွင် အခက်ပင်ဖြစ်ရာချေသည်။ ပြည်သူပြည်သားတို့သည် မင်းကြီးအကွပ်အညှပ်ပြင်းထန်တော်မူ၍ အာဏာတော်ကို ကြောက်ရွံ့လွန်း၍ ပုဂံပြည်သို့ မချဉ်းမငိုကြသေးသည် ဖြစ်၏။ ယခင်အထက်က မင်းကြီးထံသို့ လျှောက်ထားခဲ့ပြီးဖြစ်ပါသည်။ "ပြည်ဝမ်းကိုလည်းမဖောက်ရာ၊ ပြည်ဦးကင်းကိုလည်းမနှိပ်ရာ၊ ပြည်တံခွန်ကိုလည်း မလှဲရာ၊ ပြည်ဖျက်ကိုလည်း မထုတ်ရာ၊ ပြည်ခွယ်ကိုလည်း မချိုးရာ၊ ပြည်မျက်နှာကိုလည်း မဖျက်ရာ၊ ပြည်ခြေ၊ ပြည်လက်တို့ကိုလည်း မဖြတ်ရာ"ဟူ၍ လျှောက်ထားခဲ့သည်ကိုယူတော်မမူ၊ ယခုအချိန်တွင် ပြည်ရွာ၊ စည်ပင်မည့်အရေးတွင် အလွန်ခက်ခဲလှသည်" ဟုလျှောက်တင်သည်။

ထိုသို့လျှောက်တင်ရာ နရသီဟပတေ့မင်းသည် မိဖုရား





ဖွားစောအားအဓိပ္ပါယ်ကိုမေးမြန်းတော်မူသည်။

(၁) ပြည်ဝမ်းကိုမဖောက်ရာမှာ ပြည်ဝမ်းနှင့်တူသော သူဌေး သူကြွယ်တို့ကိုအပြစ်မရှိ၊ အပြစ်ရှာတော်မူ၍စွာရွှေငွေတို့ကို ဖျက်ဆီးသိမ်းယူခြင်း၊ သူဌေးသူကြွယ်များသေဆုံးလျှင် အမွေခံပုဂ္ဂိုလ်များရှိပါ၍ အမွေမခံရ၊ ကုန်စင်အောင်သိမ်းယူခြင်းသည် ပြည်ဝမ်းကိုဖောက်ခြင်းဖြစ်သည်။

(၂) "ပြည်ဦးကင်းကိုမနှိပ်ရာ" ဟူသည်မှာ ပြည်ဦးကင်းနှင့်တူသော မှူးကြီး မတ်ရာတို့ကိုအမျက်တော်ရှိလျှင် မထောက်မချင့်၊ မဆင်မခြင် ကွပ်ညှပ်ခြင်းမှာ "ပြည်ဦးကင်း" ကို ချိုးနှိမ်ခြင်းဖြစ်သည်။

(၃) "ပြည်တံခွန်ကို မလှဲရာ" ဟူသည်မှာ ပြည်၏ တံခွန်နှင့်တူသော ရဟန်း၊ ပညာရှိတို့ကို အမျက်ရှိပါက မစုံမစမ်းမထောက်မရှု ကွပ်မျက်ခြင်းဖြစ်သည်။

(၄) ပြည်မျက်စိကို မဖောက်ရာ ဟူသည် ပြည်၏ မျက်စိနှင့် တူသည့် ဗိဒကာတ်စာပေနှင့်တတ်ကျွမ်းသောပညာရှိပုရောဟိတ်များကို အမျက်ထွက်ပါလျှင် မထိန်းမသိမ်း ရှုပ်ရှုပ်ချွံချွံ ကွပ်မျက်ခြင်းဖြစ်သည်။

(၅) "ပြည်ဖွယ်ကိုမချီးရာ" ဟူသည်မှာ ပြည်ကြီးအစွယ်နှင့်တူသောမင်းညီမင်းသားတို့ကို အမျက်တော်ရှိလျှင် ရှေ့ရေး၊ နောက်ရေး၊ မတွေးမထောက်ကွပ်မျက်ခြင်းဖြစ်သည်။

(၆) "ပြည်မျက်နှာကိုမဖျက်ရာ" ဟူသည်မှာ ပြည်မျက်နှာနှင့်တူသော မိဘ လင်သားတို့၏ ကြေးမုံသဖွယ်ဖြစ်သောသူ၏ သားသမီးများကို အနိုင်အထက်ယူတော်မူခြင်းဖြစ်သည်။

(၇) "ပြည်ခြေ၊ ပြည်လက်တို့ကို မဖြတ်ရာ" ဟူသည်မှာ ပြည်၏ ခြေလက်ဖြစ်သော သူရဲသူခက်တို့ကို အမျက်တော်ရှိလျှင် ပစ္စုပ္ပန်သံသရာနှစ်ပါးကို မထောက်မရှုသတ်ဖြတ်ခြင်းဖြစ်သည်။ ဟူ၍ အမိပ္ပါယ်ဖွဲ့ဆိုရှင်းလင်းပြောပြလျှောက်တင်လေသည်။

"နရသီဟပတေ့မင်း" သည် ထိုအချက်အားလုံးကို ကျူးလွန်သူဖြစ်သည်။ သတ္တိရှိစွာမှန်ကန်စွာ ရှေ့နောက်ကြည့်၍ လျှောက်ထားနိုင်သော မိဖုရားဖွားစောဖြစ်သည်။ သို့ရာတွင် "နရသီဟပတေ့မင်း" မိဖုရားစကားကိုနားမဝင်ချေ။

ဤတွင် မိဖုရားဖွားစောက မင်းကြီးအား –





"ပုဂံပြည်သို့ ပြန်တော်မူလျှင် သားတော်ပြည်စား သီဟသူမှလုပ်ကြံလိမ့်မည်" ဟုထပ်မံလျှောက်ထားသည်။

ထိုသို့လျှောက်ထားသည်ကို မင်းကြီးက ဂရုမပြုချေ။ ပုဂံသို့ဆန်တော်မူ၍ ပြည်မြို့သို့ရောက်လေသည်။ ထိုအခါ ပြည်စား "သီဟသူ" က ဖောင်တော်မဆန်ရန်တား၍ စားတော်စာ ဝယ်အဆိပ်ခေးထည့်ပြီးလျှင် နရသီဟပတေ့မင်း အားစားတော်စာ ဆက်သသည်။ မင်းကြီးလည်း အဆိပ်ခေးထည့်ထားသည်ကို သိတော်မူ၍ မသုံးဆောင်တော့ချေ။

မင်းကြီးမသုံးဆောင်သည်ကို သီဟသူ သိလေသော်စစ်သည် သူရဲသုံးထောင်ကို ဓားလွတ်ကိုင်ဆောင်၍ မင်းကြီးဖောင်တော်ကို ဝန်းရံစေသည်။

ဤတွင် မိဖုရားစောမှ မင်းကြီးအား –

"မင်းကြီးသည် အကျွန်ုပ်လျှောက်ထားခဲ့သည်များကို အရေးမယူတော်မူ၍ ဤသို့ဖြစ်ရပါသည်။ ဓားလုံ လက်နက် သွေးသံရဲရဲနှင့်သေရသည်ထက် အဆိပ်ထည့်ထားသော စားတော်စာကိုစား၍ ကံကြမ္မာကုန်ခြင်းသည်မြတ်သည်" ဟုလျှောက်ထားလေသည်။

ထိုသို့လျှောက်ထားရာ နရသီဟပတေ့မင်းသည် မိဖုရားစော

ဝကားကိုနားဝင်တော်မူပြီး အဆိပ်ထည့်ထားသော စားတော်တကို စားသုံးရာ အသက်ပျောက်၍ နတ်ရွာစံ ကံတော်ကုန်ရှာသည်။ ပုဂံပြည်ရှင် နရသီဟပတေ့မင်းသည် သက်တော် (၄၉) နှစ်အရွယ်တွင်ကံတော်ကုန်သည်။

ပုဂံပြည်၌ နရသီဟပတေ့မင်း မရှိသည့်နောက်တွင် သားတော် ကျော်စွာ သည် မြန်မာသက္ကရာဇ် (၆၄၉) ခုနှစ် (အေဒီ ၁၂၈၇) တွင် ပုဂံပြည်နန်းတက်မင်းပြုသည်။

မိဖုရားဖွားစောတွင် သားတော် သမီးတော် မထွန်းကားချေ။ ထို့ကြောင့်လည်း ထီးမွေ နန်းမွေကိုမပြတ်စေရန် မိဖုရားဖွားစောသည် မှူးမတ်များနှင့်တိုင်ပင်ညှိနှိုင်းကာ ဒလမြို့စား ကျော်စွာကို "ဝိဇ္ဇာဝနာဒိတျာပဝတပဏ္ဍိတဓမ္မရာဇာ" ဘွဲ့ဖြင့် မင်းမြှောက်တင်ကြသည်။

"ကျော်စွာမင်း" အဖြစ်သို့ရောက်လျှင် မိဖုရားစောအား မိဖုရားခေါင်ကြီးအရာထားတော်မူသည်။ ထိုသို့ထားရာ နှစ်ကြာသော် မိဖုရားခေါင်ကြီးဖွားစောကို ဂရုမစိုက် ပစ်ပယ်ထားခဲ့လေသည်။ သို့ဖြစ်၍ မိဖုရားဖွားစောသည် "ကျော်စွာမင်း" အပေါ် စိတ်နာကျည်းခဲ့သည်။

ထိုသို့နာကျည်းသဖြင့် မြင်စိုင်းမြို့စား အသင်္ခယာ၊ မက္ခရာ





မြို့စား၊ ရာဇသင်္ကြံ၊ ပင်လယ်မြို့စား သီဟသူတို့နှင့် ကြံစည်တော့သည်။

မိဖုရားဖွားစောသည် မြင်စိုင်းအရပ်၌ ဂူကျောင်းဘုရားကြီးကျယ်စွာတည်ထားပြုစေသည်။ ပြုလုပ်ပြီးစီးသည့်နောက် "မိဖုရားဖွားစော" သည် ကျော်စွာမင်းအား

"အရှင့်ဘေးလောင်းတော် အနော်ရထာမင်းကြီးတည်ခဲ့သော လယ်တွင်း (၁၁) ခရိုင်သည် ပဲခူးနယ်မြေအရပ်နှင့် တူစွာသာယာပျော်ပွယ်ရာရှိ၏။ ကြွတော်မူ၍ ရှုစားတော်မူပါလော့" ထို့အပြင် ပြကွေ့ ရွှေသာလျောင်းဘုရားရှင်ကိုလည်းဖူးမြင်တော်မူပါလော့။

ဟုလျှောက်ထားသည်။

ထိုသို့လျှောက်ထားရာ "ကျော်စွာမင်း" သည် ယုံကြည်တော်မူ၍ စစ်အင်္ဂါလေးပါးနှင့်ကြွတော်မူရာ လယ်တွင်း (၁၁) ခရိုင်အရပ်သို့ရောက်တော်မူလျှင် ရွှေသာလျောင်းတောင်ဘုရားသို့တက်တော်မူ၍ တောင်ထိပ်မှကြည့်ရှုတော်မူရာ မိဖုရားဖွားစောနှင့် အသင်္ခယာ၊ ရာဇသင်္ကြံ၊ သီဟသူတို့ဆောက်လုပ်ထားသော ဂူကျောင်းဘုရားစေတီတို့ကို မြင်တော်မူသည်။

ထိုသို့မြင်တော်မူရာ–

"ဤအရပ်၌ ဖွေးဖွေးဖြူမြင်ရသည်ကား၊ အဘယ်အရာ

နည်း” ဟုမေးတော်မူသည်။

မိဖုရားဖွားစောသည် မျက်မှောက်တို့နှင့် ကြိုတင်တိုင်ပင်ပြီး ဖြစ်၍ အမေးကိုပြန်လည်လျှောက်ထားသည်မှာ-

“အရှင်မင်းကြီး သိန်ဗိုလ်သား ညီနောင်သုံးယောက်ဖြစ်ကြသော အသင်္ခယာ၊ ရာဇသင်္ကြန်၊ သီဟသူတို့သည် ဘုန်းတော်ရိပ်ကိုခိုလှုံကြ၍ မင်းကြီးကိုယ်စားတော်အလှူကြီးကို စီရင်တော်မူကြသည်။ “သာဓု”ခေါ်ဟုလျှောက်ထားသည်။

“ကျော်စွာမင်း” သည် စုံစမ်းဆင်ခြင်မှုမပြုဘဲ ယုံကြည်တော်မူပြီး -

“သာဓု သာဓု သာဓု” ဟုမိန့်တော်မူသည်။

ဤတွင် မိဖုရားဖွားစောသည် လှည့်ပတ်ကာ “ကျော်စွာမင်း” ကိုမြင်းစိုင်းအရပ်သို့ခေါ်ခဲ့သည်။ မြင်းစိုင်းအရပ်သို့ “ကျော်စွာမင်း” ရောက်တော်မူလျှင် အသင်္ခယာ၊ ရာဇသင်္ကြန်၊ သီဟသူ၊ ရှမ်းညီနောင်သုံးဦးတို့သည် “ကျော်စွာမင်း” ကို ဖမ်းဆီးပြီး မင်းကြီးကို ကတုံးရိတ်၊ သင်္ကန်းဝတ်စေလျက်၊ ရဟန်းပြုပြီးသော် ထိုဂူဘုရားကျောင်းမှာပင် အတင်းအကြပ်ဘုန်းကြီးလုပ်စေပြီး အစောင့်အရှောက်တို့ဖြင့်ထားသည်။

မြတ်လေးပန်းရုံ၊ တစ်ပင်တည်းမှ ပုန်းညက်၊ စကား၊





ခရေးစသည့် ပန်းပွင့်သုံးပွင့်၊ ပွင့်သောပန်းပင်ပိုင်ရှင် မိဖုရားဖွားစောသည် ပုဂံခေတ်တွင် မင်းတို့နှင့် မယှဉ်နိုင်လောက်အောင် ဉာဏ်ပညာထက်မြက်သော ပုဂံမှ မဟေသီတစ်ပါးဖြစ်သည်။

*(ပုဂံမြေတွင် မိဖုရားဖွားစောကောင်းမှု ဘုရားစေတီတော်တည်ရှိပါသည်)

×××××

# ရွှေအိမ်သည်

မြန်မာသက္ကရာဇ် (၄၇၉) ခုနှစ် စောလူးမင်းသည် ပုဂံပြည် နန်းတက်ထီးနန်းစံသည်။ ထိုစဉ်အတိတ်ကာလက ကြွေအန်ကစားခဲ့ကြသော "ငရမန်" နှင့်စောလူးမင်းတို့နှစ်ဦးတွင် စောလူးမင်းသည် "ငရမန်"ကို မချေမငံ ဆက်ဆံပြောခဲ့သဖြင့် "ငရန်မန်"သည် စောလူးမင်းအပေါ် ရန်ငြိုးထားခဲ့သည်။ ထို့ကြောင့် "ငရမန်" သည် စောလူးမင်းကိုလုပ်ကြံတိုက်ခိုက်သည်။ ထိုသို့တိုက်ခိုက်ရာ စောလူးမင်းကို ဖမ်းဆီးမိ၍ "ငရမန်" သည် စောလူးမင်းကိုအသေသတ်လိုက်သည်။

"ငရမန်" သည် ပုဂံနန်းတက်ရန် လာစဉ် မှူးမတ်များက ပုဂံမြို့နန်းတော်မြို့ရိုးတံခါးများကို အလုံပိတ်ထားကြပြီး ငရမန်အား





"အရှင် ပုဂံထီးနန်းတက်လို့မရသေးပါ။ ကျန်စစ်သား ကျန်ပါသေးတယ်၊ ကျန်စစ်သားကိုအနိုင်တိုက်ခိုက်အောင်မြင်မှသာ ပုဂံပြည်နန်းတက်ပါ" ဟုပြောဆိုလိုက်သည်။

မှူးမတ်တို့ပြောစကားအရ "ငရမန်" သည် ကျန်စစ်သားနှင့် စစ်ပြိုင်တိုက်ခိုက်ရာ ကျန်စစ်သားတပည့် မြားပစ်ကျွမ်းကျင်သော "မုဆိုးငဝဠ၊ မြားချက်ထိမှန်၍ "ငရမန်" အသက်ဆုံးကာစစ်ရှုံးသည်။

မြန်မာသက္ကရာဇ် (၄၄၆) ခုနှစ်၊ အေဒီ ၁၁၈၄ – ၁၁၁၃ တွင် ကျန်စစ်သား၊ ပုဂံပြည်နန်းတက်၍ မင်းအဖြစ်သို့ရောက်သည်။

ကျန်စစ်သားသည် ကျေးဇူးရှိခဲ့ဖူးသူ အမျိုးသမီးလေးယောက်တို့ကို မိဖုရားအရာထားတော်မူသည်။ ထိုမိဖုရားလေးယောက်တို့မှာ –

၁။ အပယ်ရတနာ မိဖုရားတစ်ပါး

၂။ ဥသဘမ်းသမီးတော် "ခင်ဦး" မိဖုရားတစ်ပါး။

၃။ ထီးလှိုင်ရှင် သူကြီးသမီး "ခင်တန်" မိဖုရားတစ်ပါး။

၄။ ရှင်မထီးတူမ "သမ္ဘူလ" မိဖုရားတစ်ပါး။ ထိုမိဖုရားလေးပါးတို့ဖြစ်သည်။

ထိုမိဖုရားလေးပါးတို့တွင် ကျန်စစ်သားမင်းကြီး၏ မိဖုရားကြီး "အပယ်ရတနာ" မှ သမီးတော် "ရွှေအိမ်သည်" ကို ဖွားမြင်တော်မူသည်။ ကျန်စစ်သားမင်းကြီးသည် သမီးတော် "ရွှေအိမ်သည်"အား ခြည်ဝတ်နှင့်တောင်စဉ်ခုနှစ်ခိုင်ကို စားကြွေး ပေးတော်မူသည်။ သမီးတော် မင်းသမီး ရွှေအိမ်သည်ကို တစ်ပင်တိုင်မြနန်းနှင့် စံမြန်းစေရန်ထား၏။ ရုပ်ဆင်းလက္ခဏာ လှပတင့်တယ်၍ စိတ်မချနိုင်သဖြင့် မယ်တော်အပယ်ရတနာ မိဖုရားကြီးသည် မိမိ၏ ညီမဝမ်းကွဲ "ပရိမ္မရှာ" သူ (ပရိမ္မရှာသည် ကျန်စစ်သားမင်းကြီးဖွားမြင်ရာ ဇာတိရွာဖြစ်၏) "အိမ်ကောင်းစံ" အမျိုးသမီးကို အဖော်အဖြစ်စောင့်ရှောက်စေသည်။ မင်းသမီး "ရွှေအိမ်သည်" သည် ရုပ်ရည်ချောမောလှပသည်ဖြစ်၍ "ရွှေအိမ်သည်" အမည်ပေါ်လွင်ထင်ရှားစွာကျော်စော၏။

ရွှေအိမ်သည် မင်းသမီးရောက်သည့်အခါ တိုင်းတစ်ပါးလူမျိုးခြားကုလားလူမျိုး "ပဋိက္ကရားမင်းသား" သည် မိမိကုလားပြည်မှ ပိုးထည်ရွှေချည်ပုဝါ၊ ရွှေချည် ငွေချည်ထိုးအဝတ်အထည်တို့သယ်ယူလာကာ ပုဂံပြည်နန်းတွင်းသို့ဝင်ကာ အဝတ်အထည်များ ရောင်းချသည်။ ထိုသို့ ရောင်းချရာ ရွှေအိမ်သည် မင်းသမီး





ကို "ပဋိက္ကရားမင်းသား" တွေ့မြင်သည့်အခါ ရွှေအိမ်သည်အလှကို စုံမက်၍ ရွှေအိမ်သည်ကိုချစ်မေတ္တာစကားဖွင့်ဆိုသည်။ ထိုသို့ ဖွင့်ဆိုရာမှ စတင်၍ "ရွှေအိမ်သည်" မင်းသမီးနှင့်ကုလား "ပဋိက္ကရားမင်းသား"မှာ ချစ်မေတ္တာမျှကြသည်။ ခမည်းတော်ကျန်စစ်သားမင်းကြီးနှင့် မယ်တော် အပယ်ရတနာမိဖုရားကြီးတို့နှစ်ပါးကွယ်ရာ တိတ်တဆိတ်ညတွင် ချိန်းဆိုတွေ့ကာ အချစ်မေတ္တာယှဉ်တွဲလျက်နေကြသည်။

ထိုသို့ သမီးတော် ရွှေအိမ်သည်နှင့် ကုလား "ပဋိက္ကရားမင်းသား" တို့ချစ်ကြိုးသွယ်နေကြသည်ကို မယ်တော် အပယ်ရတနာမိဖုရားကြီးသိရှိတော်မူ၍ အထိန်းတော်အဖော်ဖြစ်သော "အိမ်ကောင်းစံ" ကိုခေါ်ယူမေးမြန်းရာဖြစ်ကြောင်းကုန်စင် သိရှိရလေသည်။ ဤတွင် မယ်တော်အပယ်ရတာ မိဖုရားကြီးသည် သမီးတော် "ရွှေအိမ်သည်"ကို ရှေ့တော်သို့ခေါ်ယူ၍ တိုင်းတစ်ပါးလူမျိုးခြားနှင့်မဆက်ဆံရန်နှင့် တိုင်းတပါးလူမျိုးခွဲ သားမယားဘဝအဖြစ်သို့မရောက်အောင် သွန်သင်ဆုံးမစကားပြောဆိုတော့သည်။

ထို့နောက် ကုလား "ပဋိက္ကရားမင်းသား" နှင့် အဆက်အသွယ်မလုပ်ရန် သမီးတော် ရွှေအိမ်သည်ကိုတင်းကြပ်စွာ

စောင့်ရှောက်ထားလေသည်။

ကုလားလူမျိုး "ပဋိက္ကရာ‌းမင်းသား"သည် သူ့တွင် ပြဒါးရှင်တစ်လုံးအဆောင်ရှိသည်။ ပြဒါးရှင်လုံး သိဒ္ဓိစွမ်းအားသည် ပါးစပ်တွင်ငုံပြီး မိုးကောင်းကင်အထက်သို့ပျံသန်းနိုင်စွမ်းရှိသည်။

မင်းသမီး ရွှေအိမ်သည်ကို နန်းတွင်းခန်းမဆောင်မှ အပြင်သို့မထွက်ရဘဲ ထိန်းသိမ်းစောင့်ရှောက်ထားသောကြောင့် ကုလား "ပဋိက္ကရာ‌းမင်းသား"သည် "ရွှေအိမ်သည်" မင်းသမီးနှင့် လုံးဝမတွေ့ရတော့သဖြင့် ပုဂံပြည်မှ မိမိနိုင်ငံ ကုလားပြည်သို့ ပြန်သွားတော့သည်။ ထိုသို့ပြန်ရာတွင် သိဒ္ဓိတန်ခိုးစွမ်းသော ပြဒါးရှင်လုံးကို ပါးစပ်အာခေါင်တွင် ငုံကာ မိုးကောင်းကင်အထက်က ပြန်သွားတော့သည်။

သမီးတော် ရွှေအိမ်သည်နှင့် ကုလားမင်းသား "ပဋိက္ကရာ‌းမင်းသား" တို့နှစ်ဦးအဖြစ်ကို ကျန်စစ်သား မင်းကြီး ကြားသိသောအခါ သမီးတော် ရွှေအိမ်သည်ကို "စောလူးမင်း" ၏သားတော် စောယွန်းမင်းသားနှင့် ထိမ်းမြားလက်ဆက်ပေးရန် စီစဉ်တော့သည်။

ပဒေသရာဇ် စနစ်အရ သားတော်အစဉ် မြေးတော်အဆက်၊ မြစ်တော်အညွန့်ဖြစ်မှသာ ပုဂံနေပြည်တော်ရွှေထီး၊ ရွှေနန်း၌





စံမြန်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အနော်ရထာမင်းကြီး၏ မြေးတော် ကျန်စစ်သားမင်းကြီးသမီးတော် ရွှေအိမ်သည် စောလူးမင်း၏ သားတော် "စောယွန်းမင်းသား" နှင့် ထိမ်းမြား လက်ထပ်ပေးတော်မူသည်။

ထိုအချိန်တွင် ကုလား "ပဋိက္ကရာ‌းမင်းသား" သည် ပြဒါးရှင်လုံးကို ပါးစပ်တွင် ငုံကာမိုးကောင်းကင်ခရီး မှ ပုဂံပြည်သို့လာရာတွင် မိုးကောင်းကင်အထက်တွင် ရှာန် ရ ရဟန်းမထေရ်တစ်ပါးနှင့်တွေ့ရသည့်အခါတွင် ကုလား "ပဋိက္ကရာ‌း မင်းသား" သည် "အရှင်မြတ်ဘုရား ဘယ်ကကြွလာတော်မူပါလဲဘုရား" ဟုမေးမြန်းလျှောက်ထားသည်။

ရဟန်းမထေရ်မြတ်သည် ကုလား "ပဋိက္ကရာ‌းမင်းသား" အား -

"ပုဂံပြည့်ရှင်ကျန်စစ်သားမင်းကြီးရဲ့သမီးတော် "ရွှေအိမ်သည်" နှင့် "စောယွန်းမင်းသား"တို့လက်ထပ်မင်္ဂလာပွဲကမင်္ဂလာဆွမ်းဘုဉ်းပေးပြီး ပြန်လာတာ အကာတော်" ဟုမိန့်တော်မူလိုက်သည်။

ရှာန်ရ ရဟန်းမထေရ်မြတ်အမိန့်စကားကို ကုလား "ပဋိက္ကရာ‌းမင်းသား"သည် အံ့ဩစွာဖြင့် သူ၏ပါးစပ်မှ -

"တိုက်"

ဟုပါးစပ်ဟ၍ အသံထွက်ရာ ပါးစပ်တွင်ငုံထားသော မြအိုးရှင်လုံးသည် ပါးစပ်မှထွက်၍ အောက်သို့ကျသွားလေသည်။ မြအိုးရှင်လုံး သိဒ္ဓိတန်ခိုးမရှိတော့၍ ကုလား "ပဋိက္ကရားမင်းသား" သည်လည်း မိုးကောင်းကင်အထက်ဆီမှ ဇောက်ထိုးကျရာ မြေပေါ်ရှိ ဝါးပင်နှစ်ပင်ကြားတွင် ဦးခေါင်းညပ်ပြီး အသက်သေဆုံးတော့သည်။

စောယွန်းမင်းနှင့် ရွှေအိမ်သည်တို့ကြင်ဖော်နှစ်ဦး စုံဖက်တော်မူပြီးနောက် မကြာမီမှ "ရွှေအိမ်သည်" မှ သားတော်တစ်ပါး ဖွားမြင်တော်မူသည်။ သားတော်ကို ခရစ်နှစ် (၁၀၉၀) ခုနှစ် ဇန်နဝါရီလ (၁၇) ရက်နေ့ဖွားမြင်တော်မူသည်။

"ရွှေအိမ်သည်" မှ သားတော်လေး မွေးဖွားသောနေ့တွင် ထူးခြားစွာဖြင့် ဥကင်သတံခါးသည် အလိုလိုပွင့်၏။ နန်းတွင်းရှိ စည်တော်ကြီးလည်း လူမတီးဘဲ မြည်၏။ ထိုသို့ စည်တော်ကြီးမြည်သဖြင့် ဘိုးတော်ကျန်စစ်သားမင်းကြီးသည် သမီးတော်ရွှေအိမ်သည်မှ ဖွားမြင်သော မြေးကလေးကို အလောင်းစည်သူဟူ၍ အမည်ပေးတော်မူသည်။

မြေးတော်အလောင်းစည်သူမင်းသားသည် ပြင်းပြစွာ ငိုကြွေး





ရာ အငိုမတိတ်ဘဲ ငိုမြဲသာငိုနေတော့သည်။ ထိုသို့ငိုနေသောကြောင့် ပညာရှိ သုခမိန်တို့ကို မေးမြန်းတော်မူသည်။

ထိုသို့မေးမြန်းရာ သုခမိန်တို့သည် ကျန်စစ်သားမင်းကြီးအား –

"မြေးတော်ကလေးသည် တိုင်းနိုင်ငံအပိုင်းအခြားကို သိလို၍ ငိုကြွေးခြင်းဖြစ်ကြောင်းပါ" ဟုလျှောက်တင်တော်မူသည်။

ပညာရှိ သုခမိန်လျှောက်တင်စကားကို ကြားရသည့်အခါ ကျန်စစ်သားမင်းကြီး၏နှုတ်တော်မှ –

"နိုင်ငံတော်ကား – အရှေ့လားသော် "ပန်းသေးပြည်" အရှေ့တောင်သို့လားသော် "ဖွမ်းပြည်"၊ တောင်သို့လားသော် သမုဒ္ဒရာလည်းရှိ "နဂါးပတ်ကျွန်း" အနောက်တောင်ဘက်လားသော် "ပဋိက္ကရား" အမည်ကုလားပြည်၊ မြောက်ဘက်ဆီသို့လားသော် ဂန္ဓာလရာဇ် "တရုတ်ပြည်" ဟု ရွှေပေလွှာတွင် ရေးပေးပြီး စာတော်ပြန်ကို ဖတ်ကြားစေသည်။ ဤတွင် မြေးတော် "အလောင်းစည်သူ" မင်းသားကလေးအငိုတိတ်တော့သည်။

ထိုအခါ ပုဂံပြည့်ရှင် "ကျန်စစ်သားမင်းကြီး" သည် မြေးတော်အလောင်းစည်သူ ကိုမိမိရင်ခွင်တွင်ပိုက်လျက် သီဟာသန

ပလ္လင်ပေါ်သို့တက်တော်မူသည်။

"ဤပုဂံပြည်ထီးနန်းကား၊ မြေးတော်၏ ထီးနန်းဖြစ်သည်။ ဤကား မြေးတော်ကို ရင်ခွင်ပိုက်အုပ်ချုပ်သူသာဖြစ်တော့သည်" ဟူ၍ ဝမ်းမြောက်ဝမ်းသာစွာဖြင့် မိန့်တော်မူသည်။

ထိုသို့မိန့်တော်မူပြီးနောက် သမီးတော် "ရွှေအိမ်သည်" ၏သား၊ မြေးတော်ကို "သိင်္ခီဇေယျသူရ"ဟူသောဘွဲ့ အမည်နှင့် ရာဇဘိသေကသဘင်ခံယူကျင်းပသည်။ "စည်တော်" မြည်သည်ကိုအစွဲပြု၍ "အလောင်းစည်သူ" ဟူ၍ အမည်ပေးတော်မူသည်။

ကျန်စစ်သားမင်းကြီးသည် သာသနာတော်နှစ် (၁၆၂၈) ခုနှစ်၊ ကောဇာသက္ကရာဇ် (၄၄၆) ခုနှစ်၊ အေဒီ ၁၀၈၄ တွင် ပုဂံပြည်နန်းတက်ထီးနန်းစံတော်မူသည်။ ကျန်စစ်သားမင်းကြီးသည် ဘုန်းလက်ရုံး အာဏာနှင့်ပြည့်စုံတော်မူ၏။ ကျန်စစ်သားမင်းကြီးသည် မင်းစည်းစိမ် (၂၉) နှစ် ခံ့စံစားပြီး သက်တော် (၈၃) နှစ်အရွယ်တွင် နတ်ရွာစံကံကုန်တော်မူသည်။

ကျန်စစ်သား မင်းကြီး နတ်ရွာစံကံတော်ကုန်သော် မြန်မာသက္ကရာဇ် (၄၇၅) ခုနှစ်၊ အေဒီ ၁၁၁၃ တွင် သက်တော် (၂၃) နှစ်အရွယ် "မြေးတော်" အလောင်းစည်သူ ပုဂံပြည်





နန်းတက်ထီးနန်းစိုးစံသည်။

အလောင်းစည်သူမင်းသည် ဘုန်းတန်ခိုးကြီးတော်မူ၏။ ထို့ကြောင့် တနေ့သော်–

"ငါသည် ဘေးလောင်းတော်၊ ဘိုးလောင်းတော်များထက် ဘုန်းတန်းခိုးကြီးသည်ဖြစ်အံ့" နှုတ်တော်မှပြောဆိုသည်။

ထိုသို့မြစ်မှားပြောဆိုရာ ချက်ချင်းပင် "အလောင်းစည်သူမင်း" သည် မျက်စိနှစ်ကွင်းအလင်းကွယ်၍ မျက်မမြင်ဘဝသို့ ရောက်လေသည်။

သားတော် "အလောင်းစည်သူ" မျက်မမြင်ဘဝအဖြစ်ဆိုးနှင့် ဆုံရှုဖြစ်နေရ၊ မယ်တော် "ရွှေအိမ်သည်" သည် လယ်တွင်း (၉) ခရိုင်၊ ကျောက်စီရွာ (ယခုကျောက်ဆည်မြို့) ရှိ ရွှေသာလျောင်းတောင်မြောက်ဘက် တောင်ခြေကုန်းပေါ်တွင် စေတီယံ တစ်ဆူတည်ထားတော်မူသည်။ ထိုစေတီတွင် "ရွှေအိမ်သည်" သည် သားတော် "အလောင်းစည်သူမင်း" မျက်စိအလင်းရစေရန် ယကြာဘုရားမှာဆုတောင်းလေသည်။

ထို့နောက် ပညာရှိသုခမိန်တို့အား သားတော်မျက်စိကွယ်ခြင်းမှ မျက်စိအလင်းရစေရန် မည်သို့ ဆောင်ရွက်ရမည်ကို မေးမြန်းတော်မူသည်။

ဤသို့ မေးမြန်းသည့်အခါ သုခမိန်တို့က–

"ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့၏ ပုံတူရုပ်တုတော်များထုလုပ်ပြီး ဦးချကန်တော့ပါက သားတော် အလောင်းစည်သူမင်း မျက်စိကွယ်နေရာမှ ပြန်လည်၍ မျက်စိမြင်နိုင်ပါသည်" ဟုရွှေအိမ်စည်အား အကြံပေးပြောဆိုလေသည်။

ပညာရှိသုခမိန်တို့ပြောစကားအရ "ရွှေအိမ်သည်" သည် ဘေးလောင်းတော် ဘိုးလောင်းတော် ပုံတူရုပ်ထုလုပ်ပြီး သားတော် "အလောင်းစည်သူမင်း" အား ကန်တော့စေသည်။

ဘေးလောင်းတော်၊ ဘိုးလောင်းတော်၊ ပုံတူရုပ်တုတော်နှင့် အခြားဘေးလောင်းတော် ဘိုးလောင်းတော်တို့ပုံတူရုပ်တုတော်တို့ကို အလောင်းစည်သူမင်းသည် သုံးကြိမ်တိုင်တိုင် ဦးချ ကန်တော့လေသည်။

ထိုသို့ကန်တော့ရာတွင် ပျူစောထီးမင်းပုံတူရုပ်တု၊ အနော်ရထာမင်းကြီး ပုံတူရုပ်တု၊ ကျန်စစ်သားမင်းကြီး ပုံတူ ရုပ်တု (၃) ရုပ်တို့မှလွဲ၍ အခြားသော မင်းရုပ်ပုံ၊ ရုပ်တုတို့သည် လဲကျလေသည်။

ပျူစောထီးမင်းရုပ်တု၊ အနော်ရထာမင်းရုပ်တု၊ ကျန်စစ်သားမင်းကြီး (၃) ရုပ်တုသည် လဲကျခြင်းမရှိဘဲ ရှိနေသဖြင့်





သူ့ထက် ဘုန်းတန်ခိုးကြီးမားကြသည်ကို အလောင်းစည်သူမင်းသည် သိရသည့်အခါ ဘေးလောင်းတော်၊ ဘိုးလောင်းတော်မင်းတို့ကို "မြေးတော်ပြစ်မှားပြောဆိုခြင်းမှခွင့်လွှတ်တော်မူပါဘုရား" ဟုနှုတ်မှဖွင့်ဟပြောဆိုကန်တော့တော်မူသည်။ ထိုသို့ကန်တော့သဖြင့် "အလောင်းစည်သူမင်း" ၏ မျက်စိနှစ်ကွင်းအလင်းမြင်ရ၍ မျက်စိကွယ်ရာမှ ကင်းစင်ပျောက်လေသည်။

ထိုမှနောက် "ရွှေအိမ်သည်" သည် နတ်ရွာစံ ကံတော်ကုန်ရှာသော ခမည်းတော် ကျန်စစ်သားမင်းကြီးအားရည်စူး၍ အမြင့်ရွာရှိ မင်္ဂလာဘုံပျံဘုန်းတော်ကြီး၌ မိဘုရားရုပ်ပွားတော်တစ်ဆူကိုသိလ်ပြုလှူဒါန်းတော်မူသည်။ ထို "အမြင့်ရွာ" ၌ရှိသော "ရွှေတွင်းအောင်ဘုရား" စေတီတော်ကို ပြုပြင်တော်မူသည်။

ရွှေတွင်းအောင်ဘုရားစေတီတော်၏ ဘုရားဒါယကာမှာ ပုဂံပြည်ရှင် ကျန်စစ်သားမင်းကြီးဖြစ်သည်။ တစ်ချိန်က "မဏိစန္ဒာ" မင်းသမီးနှင့် ပတ်သက်၍ ခမည်းတော်မင်းကြီး အနော်ရထာ မျက်တော်ရှ၍ မင်းဒဏ်ခတ်ရာမှ လွတ်ကင်းအောင်ပုဂံပြည်မှ ထွက်ပြေးခဲ့ရာ "အမြင့်ရွာ" သို့ရောက်သည့် ရွာမှာရှိသည့် မြေတွင်း၌ ဝင်ရောက်ပုန်းခိုနေတော့သည်။

ထိုမြေတွင်း၌ ပုန်းအောင်းနေ၍ ဖမ်းဆီးရန်နောက်မှ

လိုက်လာကြသည့် ရဲမက်တို့ ဖမ်းဆီးခြင်းဘေးရန်မှ လွတ်မြောက်ခဲ့သည်။ ထိုသို့ အသက်ဘေးမှလွတ်မြောက်ခဲ့သောကြောင့် ကျန်စစ်သားသည် မင်းအဖြစ်သို့ ရောက်တော်မူသည့်အခါ "အမြင့်ရွာ"ရှိ မြေတွင်းနေရာတွင် ဘုရားစေတီတစ်ဆူတည်တော်မူသည်။ စေတီတော်၏ဘွဲ့တော်အမည်ကို "ရွှေတွင်းအောင်းစေတီတော်" ဟူ၍ဘွဲ့တော်တင်၍ ကိုးကွယ်တော်မူသည်။

"အမြင့်ရွာ" သည် ချင်းတွင်းမြစ်ကမ်း၊ ကုန်းမြင့်ပေါ်၌ တည်ရှိ၍ "အမြင့်ရွာ" ဟုခေါ်ခြင်းဖြစ်သည်။ ကျန်စစ်သားမင်းကြီးကောင်းမှု ရွှေတွင်းအောင်းစေတီတော်မှာ ချင်းတွင်းမြစ်ကမ်းဘေးကုန်းမြင့်တွင်တည်ထားပါသည်။ ဘုရားစေတီတော်၏ အနောက်ဘက်အနီး၌ မြေတွင်းကြီးရှိပါသည်။ မြေတွင်းအောက်သို့ ဝင်ရန် အရှေ့၊ အနောက်၊ တောင်၊ မြောက်တို့ဘက်မှ အဆင်းလှေကားရှိပါသည်။ မြေတွင်းပေါ်တွင် အုတ်တိုက်ဆောက်ထားပါသည်။

"ရွှေတွင်းအောင်းစေတီတော်ကြီး" ၏ အနောက်ဘက် ဘုရားပရဝုဏ်အတွင်း၌ ကျန်စစ်သားမင်းကြီး၏ သမီးတော် ရွှေအိမ်သည် ရုပ်ပုံတူ ရုပ်တုမတ်တပ်ရပ်ရုပ်ပုံရှိပါသည်။ အုတ်





နန်းဖြင့် ထားရှိပါသည်။ အုတ်နန်းတွင် "ရွှေအိမ်သည်" မယ်တော်ကြီးဟု စာတမ်းရေးသားထားပါသည်။

"အမြင့်ရွာ" သည် ရှေးပုဂံခေတ် ကာလကပင် ထိုရွာတည်ရှိခဲ့ပါသည်။ (ယခုခေတ်တွင် "အမြင့်မြို့" ဟုခေါ်သည်) "အမြင့်မြို့" သည် မုံရွာခရိုင် ချောင်းဦးတွင် တည်ရှိပါသည်။ "ချောင်းဦးမြို့" ၏ အရှေ့တောင်ထောင့် (၁၃)မိုင်ခန့် ဝေးသောနေရာ၌ ရှိပါသည်။ မုံရွာမြို့နှင့် (၂၅)မိုင်ခန့်ဝေးပါသည်။ "အမြင့်မြို့" သည် မြို့ငယ်လေးသာဖြစ်ပါသည်။ အရှေ့၊ အနောက်၊ တောင်ဘက်တို့မှ မြို့တွင်းဝင်ရန်လမ်းလုံးဝမရှိပါ။ အရှေ့ဘက်မှာ ချင်းတွင်းမြစ်၊ တောင်ဘက်နှင့် အနောက်ဘက်တွင် လယ်ကွင်းမြပ်ပိုက်ခင်းများရှိပါသည်။ မြို့အဝင်မှာ "မြောက်ဘက်"မှဝင်ရန်လမ်းတစ်လမ်းရှိပါသည်။ မြို့အဝင်လမ်းတွင် "ရှေးဟောင်းအမြင့်မြို့" ဟု ဆိုင်းဘုတ်စာတမ်းစိုက်ထူထားလျက်ရှိပါသည်။ (အမြင့်မြို့သည် သမိုင်းဝင်မြို့ဖြစ်သည်။)

ပုဂံမြို့သူ "ရွှေအိမ်သည်" ၏ ပုံတူရုပ်တုသည် ရှေးဟောင်းအမြင့်မြို့၌ ယခုတိုင်ရှိနေပါသည်။

××××

# ဓောလုံ

လအားဖြင့် တန်ခူးလ၊
ရာသီအားဖြင့် ဂိမ္မာနရာသီ၊
ဥတုအားဖြင့် မိုးဥတု
ပြိုဟ်ခွင်အားဖြင့် မိဿရာသီ
ပြိုဟ်ရုပ်ကား နွားလားဥဿဘ

"တန်ခူးကဆုန် ဆွေ့ဆွေ့ခုန်" ဟူသောစကားအရ တန်ခူးလသည် မြန်မာတို့၏ (၁၂)လရာသီတွင်ရှေးဦးစွာပထမလ၏ အစဖြစ်သည်။

ဤလသည်ကား နေရှိန်အလွန်ပူပြင်းသောကြောင့် လူသတ္တဝါအပေါင်းတို့မှာ နေရောင်ခြည်အပူဒဏ်ကြောင့် နေထိုင်ရာတွင် ရပ်တည်မရအောင် နေထိုင်ကြရ၏။

တန်ခူးလတွင် မိုးကားလုံးဝမရွာပါ။ တန်ခူးလကုန်ဆုံးပြီး





နောက် နယုန်လသို့ရောက်သော "နယုန်မိုးသေး၊ မြက်သားမွေး" ဟူသောစကားအရ နယုန်လမှာ မိုးဦးစ မိုးဖွဲကလေးများ စတင် ရွာသွန်း၍မြက်ပင်ကလေးများပေါက်လာတော့သည်။ ထို့နောက် "နယုန်မိုး ကန်သင်းကျိုး" ဟူသောဆိုစကားအရ မိုးသည်းထန်စွာရွာတော့သည်။

သို့ဖြစ်၍ မိုးလုံးဝမရွာသော တန်ခူးလမှာ လူသတ္တဝါတို့ အပူဒဏ်မှ ကင်းလွတ်စေရန် "သင်္ကြန်"ရေကစားပွဲကို ဆင်ယင် ကျင်းပကြ၍ ရေလောင်းရေပက်၊ ရေဖြန်း၍ ပျော်ရွှင်စွာဖြင့် ရေကစားကြသည်။

ဤသို့ တန်ခူးလ "သင်္ကြန်" ရေကစားသည့်ဓလေ့ထုံးစံသည် မြန်မာတို့၏ ရှေးရိုးရာ ရေကစားကြသောပွဲတော်တစ်ခု ဖြစ်ပေသည်။

ရှေးပုဂံခေတ်ကာလ ပုဂံဘုရင် နရသီဟပတေ့မင်း လက်ထက်တော်ကလည်း တန်ခူးလ သင်္ကြန်ရေကစားပွဲ ဆင်ယင်ကျင်းပလေ့ရှိပြီး မင်းကြီးကိုယ်တိုင် ရေလောင်း၊ ရေပက်၊ ရေဖြန်းကစားကာ ပျော်ရွှင်နေတော့သည်။

"နရသီဟပတေ့မင်း" သည် နောင်းအတိတ်ဘဝက သားတားကြူး ရက္ခဘီလူးဖြစ်ခဲ့ဖူးသည်။ အတိတ်ကာလဆီက

ဘီလူးဖြစ်ခဲ့ဖူး၍ ယခုဘဝတွင် လူသားဘဝ၊ ဘုရင်ဖြစ်သည့်အခါ မှာလည်းအစားကြူးသောဘုရင်တစ်ပါးဖြစ်သည်။ စားတော်တည် သည့်အခါတွင် ဟင်းခွက်ပေါင်း သုံးရာဖြင့်ပွဲတော်တည်သည်။ ဟင်းခွက်ပေါင်းသုံးရာမရှိလျှင် ထိုမင်းသည် အမျက်ဒေါသထွက် ၏။ အမျက်တောင်းမာန်ကြီး၏။ ဖြူရှုကြိမ်းမောင်းတတ်၏။

ဤသို့ဖြင့် အတိတ်ဘဝမှ ဘီလူးဖြစ်ခဲ့ဖူးသည့် "နရသီဟ ပတေ့မင်း" သည် ဘီလူးစိတ်ရှိ၍ အလေ့အကျင့်မှာ ခက်ထန် ကြမ်းကြုတ်ခြင်းဖြစ်သည်။ ထို့အပြင် လောဘသက္ကာယ အလွန် ကြီးသည်။ မင်းကြီးတွင် ကိုယ်လုပ်တော် မောင်းမသုံးထောင် ထားရှိသည်။ စာရေးတော်ကြီး သုံးကျိပ်တို့သည် နေ့ညမပြတ် ဘုရင့်ဘဏ္ဍာငွေစာရင်းကို တိကျမှန်ကန်စွာ စိစစ်ရေးမှတ်ကြရ သည်။ အတွင်းဝင်း (နန်းတော်အတွင်း) အပြင်ဝင်း (နန်းတော် အပြင်) တို့၌ နေ့ညမပြတ်၊ ရဲမက် အစောင့်အကြပ်တို့ တိတိကျကျရှိစေသည်။

နန်းတွင်းရှိအပျိုတော် အခြွေရံ မောင်းမမိသံအပေါင်းတို့ သည် "နရသီဟပတေ့မင်း" အမိန့် ပြင်းပြင်းထန်ထန် နှိပ်ကွပ် သောကြောင့် ကြောက်ရွံ့ကြကာ တုတ်တုတ်မျှမလှုပ်ရဲ၍ ငြိမ် နေကြရသည်။ အမျက်ဒေါသပြင်းသောမင်းကြီးအား ကြောက်ရွံ့





ရိုသေစွာခစားကြရသည်။ ဤသည်ကား ပုဂံပြည့်ရှင် "နရသီဟ ပတေ့မင်း" ၏ အကျင့်စရိုက်လက္ခဏာဖြစ်သည်။

နွေဦးကာလ တန်ခူးလရောက်သော် "နရသီဟပတေ့မင်း" သည် သင်္ကြန်ကာလပွဲတော်အချိန်တွင် ရေလောင်း၊ ရေဖြန်း၊ ရေပက်ကစားလေ့ရှိသည်။ ရေဖြန်းကစားရာတွင် မင်းကြီးသည် ရွှေနန်းတော်မှ ဧရာဝတီမြစ်ဆိပ်ကမ်းအရောက် ခမ်းနား ကြီးကျယ်စွာမဏ္ဍပ်ဆောက်လုပ်၍ အများသူတို့မမြင်ရအောင် မဏ္ဍပ်ကို လုံခြုံစွာကာရံထားသည်။

အထူးသဖြင့် ဧရာဝတီမြစ်ဆိပ်ကမ်းဘေး၌လည်း၊ မင်းတဲ မဏ္ဍပ်တစ်ခုသီးသန့်ဆောက်လုပ်၍ လေးဘက်လေးတန် လူမမြင်စေရန် လုံခြုံအောင် ကာရံထားသည်။ ထိုသို့ပြုလုပ်ပြီး နရသီဟပတေ့မင်းသည် မိဖုရား၊ မောင်းမမိသံတို့ခြံရံကာ ရွှေနန်းတော်မှ တဲတန်းဥမင်မဏ္ဍပ်သို့ ကြွလာတော်မူပြီးရေ ကစားသည်။

တခုသော နေ့တနေ့၌ မင်းကြီးသည် မောင်းမငယ်တစ် ယောက်အား နှုတ်စေပြီး "နရသီဟပတေ့မင်း" သည် ငွေလား တွင် အမွှေးနံ့သာရည်များထည့်ပြီး ချစ်လှစွာသော မိဖုရား "စောလုံ" အား ဦးခေါင်းအထက် ဆံပင်၊ မျက်စေ့၊ မျက်နှာ

များရွှဲရွှဲပိုအောင် ရေလောင်းလိုက်သည်။ မင်းကြီးက ရေမွှန်းအောင်လောင်းသည်ကိုခံရသော "မိဖုရားစောလုံ" သည် ရှက်စိတ်ဖြင့် မင်းကြီးအပေါ်စိတ်နာကျည်းတော့သည်။ ဒေါသမီးလည်းစိတ်တွင်ဖြစ်မိနေလေသည်။

ထိုသို့ "နရသီဟပတေ့မင်း" ၏ မိဖုရားစောလုံသည် နာကျည်းစိတ်ဖြင့် မင်းကြီးအား ကလဲ့စားချေရန်ကြံတော့သည်။

တနေ့သောအခါ မိဖုရားစောလုံသည် မင်းမှုထမ်း "စောမောက်"ကိုခေါ်၍ –

"စောမောက် – ငါကိုယ်မကျန်းမာ၍ ငါ့ကိုယ်စားမင်းကြီးကိုစားတော်စာဆက်ပါချေ" ဟုခိုင်းစေသည်။

ထိုသို့ခိုင်းစေရာ၊ "စောမောက်" သည် မိဖုရားစောလုံပြောဆိုသည့်စကားအရ အပြောင့်မှတ်၍ မင်းကြီးအား စားတော်စာဆက်သလေသည်။

"နရသီဟပတေ့မင်း" စားတော်ခေါ်တော့မည့်အချိန်စားတော်ပွဲအောက်က ခွေးသည်ချေ၏။ မင်းကြီးသည် သံသယစိတ်ဖြစ်ကာ ပွဲတော်စာကို မစားတော့ဘဲ ခွေးကိုကျွေး၏။ ခွေးလည်းစားပြီး ခဏအကြာတွင် အသက်သေဆုံးလေသည်။

ခွေးသည် စားတော်စာကို စားပြီးသေသွားသည်ကို မင်းကြီး





သိရှိတော်မူရာ, စားတော်စာဆက်သသည့်အကြောင်းအဖြစ်မှန်ကိုသိရှိလို၍ "စောမောက်" အား စစ်ဆေးမေးမြန်းသည့်အခါ စောမောက်သည် မင်းကြီးအား "မိဖုရား စောလုံ" က ကိုယ် မကျန်းမမာရှိသည်။ ငါ့ကိုယ်စား မင်းကြီးအား စားတော်စာ ဆက်ပါချေ" ဆို၍ ဆက်သရပါသည်။

ဟု နားတော်လျှောက်တင်၏။

"စောမောက်" လျှောက်တင်စကားကို မင်းကြီးကြားသိတော်မူသည့်အခါ မိဖုရားစောလုံအား ခေါ်တော်မူပြီး မေးမြန်းစစ်ဆေးသော် မဖုံးမကွယ်သာပြီဖြစ်၍ မိဖုရားစောလုံသည် "နရသီဟပတေ့မင်း" အား –

"တယ် – ပန်းပွတ်သည်မြေး နင့်ကို ငါလုပ်ကျွေးမွေးမြူခဲ့ရသည်။ ငါသူကောင်းမြူ၍ နင်လည်းဘုရင်ဖြစ်ခဲ့ပြီ၊ မောင်းမသယ်ကိုနှုတ်ထည့်ကာ အများတကာရှေ့တွင် ငိုးခေါင်း ဆံပင်မျက်နှာကို ရေတွေရွှဲရွှဲစိုရေမွှန်းအောင်ရေလောင်းလို့ ငါနင့်ကိုစိတ်နှလုံးနာကျည်းလို့ ငါကြံသည်" ဟု နာကျည်းစိတ်ဖြင့် အဖြစ်မှန်ကို မကွယ်မဝှက်ပြန်လည်၍ ပြောဆိုသည်။

မိဖုရား စောလုံပြောစကားကို "နရသီဟပတေ့မင်း" ကြားရသော်အမျက်ဒေါသစိတ်ဖြစ်ကာ မင်းကြီးသည် ပန်းပဲသမား

တစ်ယောက်ကိုခေါ်ပြီး–

“သံကျင်စင်ပြုလုပ်ပြီး သံကျင်စင်ပေါ်သို့ မိဖုရားစောလုံကို တင်ပြီး မီးကင်ကျပ်တင်သတ်လေ” ဟု ခိုင်းစေတော်မူသည်။

နရသီဟပတေ့မင်းသည် လူသတ်သမားတို့အား မိဖုရားစောလုံကိုသတ်ခိုင်းရာ လူသတ်သမားတို့သည် မိဖုရားစောလုံကို သံကျင်စင်တွင်မီးကျပ်တင်သတ်မည်ပြုစဉ်၊ မိဖုရားစောလုံသည် လူသတ်သမားကို ရွှေငွေများစွာပေး၍ သံကျင်စင်ကို ခုနှစ်ရက်ကြာအောင်လုပ်စေပြီး၊ သံကျင်စင်မပြီးမချင်း၊ သိတင်းသီလဆောက်တည်၍ အဘိဓမ္မာတရားတော်ကိုနာကြားသည်။ ခုနှစ်ရက် နေ့ညပတ်လုံး “ဣတိပိသော ဘဂဝါ သွာက္ခာတော သုပ္ပဋိပန္နော” အစရှိသော ရတနာသုံးပါး ကျေးဇူးတော်ဂုဏ်ကို အောက်မေ့လျက် အဓိဋ္ဌာန်ပုတီးစိပ်တော့သည်။ ခုနှစ်ရက်မြောက်သော • လူသတ်သမားတို့က လျှောက်ပတ်ချေင်သော စကားဖြင့် –

“အရှင်မြောက်သားတော် အမျက်တော်ကြီးလှသည် လာတော်မူလော့” ဟုခေါ်လေသည်။

“မိဖုရားစောလုံ” သည် ဘုရား ၊ တရား၊ ရတနာသုံးပါး





ဂုဏ်တော်ကို အောက်မေ့၍ ပုတီးစိပ်လျက် ရဲရဲနီနေသော သံကျင်စင်ပေါ်သို့တက်သည်။ မိဖုရားစောလုံမှာ မီးသုံးကြိမ် ရှို့သော်လည်း မီးတောက်မီးလျှံတို့မှ ပူပြင်းခြင်းမရှိ အေးမြခြင်းကိုသာ ခံစားရသည်။

ဤတွင် မီးသုံးကြိမ်ရှို့သော် မိဖုရားစောလုံသည် “ငါသည် ခဏချင်း မီးလောင်ကျွမ်း၍ ပျောက်စေသော်၊ ငါတောင်းသော ဆုအတိုင်းလည်းပြည့်စေဖြစ်စေသော်” ဆု ဆုပတ္ထနာပြုကာ အသက်သေဆုံးလေသည်။

နရသီဟပတေ့မင်းသည် မိဖုရားစောလုံ အနိစ္စရောက်သော် မင်းကြီးမှာ စက်တော်ခေါ်အိပ်စက်ရာတွင်

“စောလုံ စောင့်ပါလှည့်” ဟူ၍ တမ်းတ ယောင်တော်မူသည်၊

ထိုသို့ တမ်းတယောင်ယမ်းတော်မူရာ မိဖုရားစောလုံလည်း

“အရှင် – ကျွန်တော်မ စောလုံကို အရှင်မျက်တော်မူသည် မဟုတ်တုံလော” ဟုနားတော်လျှောက်၏။

ထိုစကားသံကြား၍ မင်းကြီးလည်း စက်တော်ခေါ် မပျော်ဘဲ ဝမ်းနည်းကြေကွဲစွာဖြစ်တော်မူသည်။

ထိုသို့ နရသီဟပတေ့မင်းအကြောင်းကို မင်းဆရာတော်

မဟာထေရ်ကြီးတော်မူလေသော် ..မင်းကြီးထံလာတော်မူ၍ မင်းကြီးအား "မျက်တော်မူတုံလျက်၊ တဖန်ကြွကြွဲသော အမှုသည် မသင့်၊ ပြည်ထောင်ဘက်ချင်း၊ မင်းတို့ကြားလေသော် ကဲ့ရဲ့ဖွယ်ရှိ၏။ နောင်လာလတ္တံ့သောသူတို့သည် မင်းကြီးအား မကျိုးမနွံရှိလေရာ၏။ မင်းကြီး နှလုံးတော်က နောင်တရှိသည်ကို လူစပ်သိမ်းအား မသိစေလင့် "သမ္မပ္ပဓာန်တရားတော်၌ ဖြစ်လေပြီးသောမကောင်းမှုကို မပွားစေခြင်းငှာ လုံ့လ မဖြစ်သေးသော မကောင်းမှုကို မဖြစ်စေခြင်းငှာ လုံ့လမဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေလပြီးသော ကုသိုလ်တရားပွားအောင် လုံ့လဖြင့် သဗ္ဗညုတဘုရားရှင်ဟောတော်မူသော သမ္မပ္ပဓာန်" တရားတော်ကို သတိပြုရာ၏။"

ဟုဆုံးမတော်မူလေ၏။

ဤသို့ မင်းဆရာမထေရ်မြတ်တရားဟောတော်မူသည်ကို လိုက်နာ၍ "နရသီဟပတေ့မင်း" သည် သောကဟူ၍ တားဆီး၍ ထိန်းသိမ်းနိုင်တော့လေသတည်း။

ပုဂံပြည့်ရှင် "နရသီဟပတေ့မင်း" တွင် မိဖုရား (၆)ပါး ရှိသည်။ ထိုမိဖုရား (၆) ပါးတို့မှာ

(၁) မိဖုရား ဖွားစော





(၂) ဟူးရားဖြူသမီး မိဖုရားစောလုံ

(၃) မိဖုရား စောနန်း

(၄) မိဖုရား ရှင်ဖား

(၅) မိဖုရား ရှင်စာမောက်

(၆) မိဖုရား ရှင်ရွှေ ဟူ၍ မိဖုရား (၆)ပါးတို့ဖြစ်ကြသည်။

ထိုမိဖုရား (၆)ပါးတို့တွင် နရသီဟပတေ့မင်းသည် ရုပ်ဆင်းအင်္ဂါနှင့်ပြည့်စုံ၍ လှပဟင့်တယ်သော မိဖုရားစောလုံကို အလွန်ချစ်မြတ်နိုးတော်မူသည်။

မိဖုရားစောလုံမရှိသည့်အခါ နရသီဟပတေ့မင်းသည် စက်တော်မခေါ်နိုင်ဘဲ အိပ်စက်တွင် ယောင်ယမ်း၍

"စောလုံ စောင့်ပါစလှည့်" ဟူ၍ တမ်းပေါကာ နေတော်မူလေသည်။

ပုဂံရာဇဝင်မှ မိဖုရားစောလုံကို ရည်စူး၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက တဖွဲ့စပ်ဆိုသည်မှာ -

ဆန်းထူးဝါနီအရှက်ရော်ကာ မြန်းချိန်မို့

တန်ခူးရာသီမှာဖြင့်

ပန်းနပူး အညာဆီအထက်မနော်

လွမ်းလောက်ပါပေရဲ့
သွန်းဖြာစီကရမက် အကျော်ပျော်တွေဖြန်းပါလို့
အစက်အလက်တော်ရာ လျော်ရာပန်းတွေနဲ့
နူးသမို့ ချွေကပ်တယ်
စက်တော်ရာ စခန်းမှာဖြင့် ဖူးလို့ရေသပ္ပါယ်၊
ပြန်လှန်စပြန်တော့ သကြိန်ကျချိန်ပေါ့
ယမန်သမယဆီက
ပုဂံ သမ္ဘတရှင်ဘုရင်သားမြွာဘပါတဲ့
ဆောင်းမှ နွေအလည် ဘုန်းရောင်တော်ပြနေကျ
မောင်းမရွှေညီမဟေသီသုံးထောင်ကျော်မျှရယ်နဲ့
ဒီလ နွေရာသီမှာဖြင့်
ဆွေကလျာမဒီတွေကို ချစ်စိတ်စမ်းလိုတဲ့အားရယ်နဲ့
ဇရာဝတီမြစ်ဆိပ်ကမ်းတစ်ခုသို့သွားပါလို့
ရွှေနန်းအစဉ်အလာ ရေပြန်းမင်္ဂလာကစားစဉ်က
ချစ်အားတော်ဗလောင်ဆန်လို့မို့
တစ်ဆောင်စံစောလုံပက်စဉ်က
သွက်သွက်လည်ကြမ္မာငင်လို့
ရက်စက်တယ် ခများထင်လို့မို့





အတာတွင် အဆိပ်သေမဲ့ဆေးရယ်နှင့်
မဟာဘုရင်ကို တိုက်တိုက်သေဟဲ့လို့တွေးလေတော့
ဖြစ်ရေးတော်ရာဇဝတ်
ကွပ်ညှပ်ပုံကအာဏာကြောင့်
ခများမှာ ခန္ဓာတောင်ဆုံးရှာသတဲ့
တိုက်ထုံးရာဇဝင်ကိုဖြင့်
ဆရာရှင် ပြန်လှန်လို့ဟောရတော့
တောကြီးအလယ်မှာနော်ကွယ်
မနောသတိဘောမချိအောင်ပေါ့
မောမိသကွယ်။ ။
သောလမ်းဝင် မှောင့်ရှာတဲ့ တစ်မိရယ်ကြောင့်
ရွှေနန်းရှင်မောင့်မှာတော့ မချိပြီမို့
စောင့်ပါခလှည့် စောင့်ပါခလှည့်ရယ်လို့
တ လေရှာသကွယ်၊
သမ္ဘတနေလာနွယ်မှာဖြင့် ဗိုဗျာပါများ
ဘဝသေပါဟယ်လို့ဆိုတာ ငိုကာမနား။
ညချမ်းခါတွင်
ပလျှမ်းကာအသာဝင်တဲ့
လခန်းရတနာအသွင်သို့

ဘမရာတစ်ပင်မက်မောသက်လျာတစ်ပါးကိုလ
ဓါတုရင် ရေပက်ကာဖြင့် မှားပေ့ါဟဲ့လို့
တရားသံဝေဖြေမပျောက်နိုင်တဲ့
ရွှေပေါက္ကံမြန်မာမင်းလိုပ်ါ
ဒါသကြိန်နေ့ကပဲရယ်လို့
ရေပွဲမှာ အပျော်တွေစည်မှုဖြင့်
ကတော်ဒေဝီအရှက်ကွဲအောင်ပေ့ါ
မျက်နှာမဲ မျက်နှာဖြူပက်သူတွေကလဲ
ပေါ်ပေသမို့
မန်းစက်ရတနာပလ္လင်မှလေ
ဘန်းစကြာရှင်တွေစောခေမို့
ဝမ်းမသာတသာနှင့် ဟောလိုက်ပါပေရဲ့
ဒေါ်ပုံအလှဲ့ သံသရာရေပြင်မှာ
ကြွားသူတို့ကဖြင့်
သဘောမဆုံသနဲ့ မခံချင်လျှင်လဲ
မကာစားကြလေနဲ့
ချောဝှက်နှင့်နွဲ့ရှာတဲ့
စောလုံရဲ့ ပုဂံရာဇဝင်တရား ။　　။ ဟူ၍ဖြစ်ပါသည်။



# သမ္မုလ

ပုဂံမင်းဆက် (၅၆) ဆက်ရှိရာ မင်းဆက် (၄၃) ဆက်မြောက် "အနော်ရထာ" သည် ပုဂံပြည်နန်းတက်မင်းပြုတော်မူသည်။

အနော်ရထာမင်းသည် မြန်မာသက္ကရာဇ် (၃၇၉)ခုနှစ်ဟုဆိုသည် (မိဖုရားမြောက်ပြသည် (မြောက်နန်းစံ) ဘုရားကျောက်စာတွင်ရေးထိုးထားပါသည်။ "ဦးကုလား ရာဇဝင်ချုပ်၌အနော်ရထာမင်းသည် မြန်မာသက္ကရာဇ် (၄၀၆) ခုနှစ် အေဒီ ၁၀၄၄ ဟူ၍ပါရှိသည်။ ထို့အပြင် မုံရွေးရာဇဝင်ချုပ်လက်ာတွင် (ဆိမ့်သာလေး၊ နော်ရထာ" အဆိုလင်္ကာအရ မြန်မာသက္ကရာဇ် (၃၆၄) ခုနှစ်ဟူ၍ ပါရှိသည်။

*(မည်သည့်ခုနှစ်အမှန် သက္ကရာဇ်အမှန်ကို ရာဇဝင်လေ့လာ

သူတို့ဝေဖန်ဆုံးဖြတ်ကြပါရန်ရေးသားရပါသည်)

သို့သော် "မှန်နန်းရာဇဝင်တော်ကြီး အတွဲ-၁တွင် အနော်ရထာမင်း ပုဂံပြည်နန်းတက်ထီးနန်းစံသောနှစ်မှာ (၄၀၆) ခုနှစ်ဟုပါရှိပါသည်။

ပုဂံပြည်အနော်ရထာမင်း ထီးနန်းစံနေတော်မူစဉ် ဥဿာပဲခူးကို ဗျမ်းစစ်သည် တိုက်ခိုက်သဖြင့် ဗျမ်းစစ်သည်တို့ အန္တရာယ်မှ လွတ်မြောက်ရန် "အနော်ရထာမင်း"ထံ စစ်ကူတောင်းလေသည်။ "အနော်ရထာမင်း" သည် စစ်သူရဲကောင်းဖြစ်သော ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးတို့ အတူတကွ စစ်သည်တော်များ ဆင်တပ်၊ မြင်းတပ်တို့ကို "ဥဿာပဲခူး" သို့စေလွှတ်၍ ဗျမ်းစစ်သည်တို့ကိုတိုက်ခိုက်စေသည်။

ထိုသို့တိုက်ခိုက်ရာ ဗျမ်းစစ်သည်တို့သည် လက်နက်များစွန့်ပစ်ကာ "ဥဿာပဲခူး"မှ ထွက်ပြေးသွားကြသည်။ "အနော်ရထာမင်းကြီး" ၏ စစ်ကူတိုက်ခိုက်အောင်မြင်သဖြင့် "ဥဿာပဲခူးမင်း" သည် သူ၏ သမီးတော် မဏိစန္ဒာ မင်းသမီးကို "အနော်ရထာမင်း" ထံ ဆက်သလိုက်သည်။

ဤတွင် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်





ဦးဖီးသူရဲကောင်းလေးယောက်တို့သည် "ဥဿာပဲခူးမင်း" ၏ သမီးတော် "မဏိစန္ဒာ" ကို ဥဿာပဲခူးမှ ခေါ်ဆောင်လာကြသည်။

ထိုသို့ခေါ်ဆောင်လာသည့်အခါ လမ်းခရီးတလျှောက် "မဏိစန္ဒာ" မင်းသမီးကို သူရဲကောင်းလေးယောက်တို့သည် အလှည့်ကျ စောင့်ကြပ်ကြရသည်။ ကျန်စစ်သား၊ အလှည့်ရောက်လျှင် ကျန်စစ်သားသည် မဏိစန္ဒာ မင်းသမီးကို အနီးကပ်စောင့်ကြပ်သည့်အခါ မဏိစန္ဒာမင်းသမီးနှင့် ကျန်စစ်သားတို့နှစ်ဦး ချစ်မေတ္တာမျှကြသည်။

နောက်မကြာမီ စစ်သူရဲကောင်းလေးယောက်နှင့် "မဏိစန္ဒာ" မင်းသမီးတို့ ပုဂံနေပြည်တော်သို့ရောက်သည့်အခါ "အနော်ရထာမင်းကြီး" ထံ "ဥဿာပဲခူးမင်း"၏ သမီးတော် "မဏိစန္ဒာ" ကို ဆက်သည်။ ထိုစဉ် ခြသေ့်ရုပ်အလေးနှင့် မဏိစန္ဒာကိုချိန်တွယ်ရာ ခြသေ့်ရုပ်အလေးသည် ပေါ့ပြီး "မဏိစန္ဒာ" ကိုယ်မှာလေး၏။

ထို့ကြောင့် ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးသူရဲကောင်း (၃)ယောက်တို့သည် ကျန်စစ်သားနှင့် မဏိစန္ဒာတို့ဖြစ်ရပ်အမှန်ကို အနော်ရထာမင်းကြီးထံအကြောင်းစုံကို

လျှောက်တင်ကြသည်။

ထိုလျှောက်တင်စကားကြားရသော အနော်ရထာမင်းကြီးသည်အမျက်ဒေါသဖြစ်တော်မူပြီး -

"ထိုသို့သောမင်းကို မခန့်လေးစားကျင့်သည်မဟုတ်လော" ဟုအမျက်တော်ရှိသည်။

ထိုသို့ မျက်တော်မူပြီး အနော်ရထာမင်းကြီးသည် မိမိရှေ့တော်တွင် သားတော်ကျန်စစ်သားကို နှောင်ကြိုးချည်တုပ်ပြီး "အရိန္ဒမာလှံ" ဖြင့်ထိုးလိုက်သည်။ အရိန္ဒမာ လှံသွားသည် ချည်နှောင်ထားသောကြိုးကိုစိုက်သဖြင့် နှောင်ကြိုးများပြတ်ကာ ကြိုးများပြေသွားရာ ကျန်စစ်သားသည် နှောင်ကြိုးပြေ၍ "အရိန္ဒမာလှံ" ကိုကောက်ယူပြီး ပုဂံနေပြည်တော်မှ အလျင်အမြန်ထွက်ပြေးသွားလေသည်။ ကျန်စစ်သားသည် ခမည်းတော် အနော်ရထာမင်းကြီး လက်မှလွတ်၍ ရှေ့နန်းတော် "ညောင်စဉ့်တံခါး" မှထွက်၍ ဧရာဝတီမြစ်နား စက္ကတေး လှေဆိပ်သို့ ရောက်သော် မြစ်ကမ်းတွင် တံငါလှေမြင်၍ တံငါလှေပိုင်ရှင်အား

"မြစ်တဘက်သို့ပို့ပေးပါ" ဟုပြောဆိုရာ လှေပိုင်ရှင်သည် ပြောစကားကိုကြားသော်လည်း မကြားယောင်ဆောင်၍နေသောကြောင့် ကျန်စစ်သားသည် တံငါလှေကို "အရိန္ဒမာလှံ"ဖြင့်





ထိုးကာ လှေစီး၍ မြစ်တဘက်ကမ်းအောင်သာဘက် ကုလားကျောင်းသို့လှော်ခတ်၍ကူးလေ၏။

အနော်ရထာမင်းကြီးသည် ကုလားစစ်သည် (၇)ယောက်ကိုခေါ်တော်မူပြီး -

"မောင်မင်းတို့ - ထွက်ပြေးသွားတဲ့ကျန်စစ်သားကိုလိုက်လံ၍သတ်စေ" ဟု မိန့်တော်မူခိုင်းစေသည်။

ကုလားခြေမြန်တို့သည် ကျန်စစ်သားကို ဖမ်းရန်နောက်မှ လိုက်ကြသည်။

"ကျန်စစ်သားသည် ဘုန်းကြီးသောသူဖြစ်တယ်၊ ကျန်စစ်သား အိပ်စက်တဲ့အချိန်မှာဖမ်းပြီး သတ်မယ်" ဟုကုလားခြေလျင်တို့တိုင်ပင်ပြောဆိုကြသည်။

ပုဂံပြည်မှထွက်ပြေးလာရာ လယ်တွင်းကိုးခရိုင် "ကျောက်စီဌာ (ယခုကျောက်ဆည်မြို့) ရွှေသာလျောင်းတောင်၏မြောက်ဘက်သို့ရောက်သော် နေလုံးကွယ်၍ ညဥ့်အမှောင်သို့ဖြစ်နေ၍ ကျန်စစ်သားသည် ရွှေသာလျောင်းတောင်ပေါ်သို့တက်၍ အိပ်ရာတွင် "အရိန္ဒမာလှံ" မြေသို့စိုက်ရာတွင် လှံတံသည် မြေတွင်စိုက်ထူမရသဖြင့် ကျန်စစ်သားသည် "အရိန္ဒမာလှံ" ကို အနီးရှိချုတ်တောသို့လွှင့်ပစ်ပြီး အိပ်စက်လေတော့သည်။

နံနက်မိုးလင်းသော် ကျန်စစ်သားသည် အိပ်စက်ရာမှ နိုးထပြီး လွှင့်ပစ်လိုက်သော လုံးတံကိုကောက်ယူရန်သွားသည့်အခါ သအချိန်မှာ ကုလားခြေလျင် (၇)ယောက်သည် ကျန်စစ်သား ဖမ်းပြီးသတ်ရန်ပုန်းခိုနေကြသည်။ ကျန်စစ်သား လုံးတံ သွားယူသည့်အခါ ကုလားခြေလျင် (၇)ယောက်တို့မှာ "အရိန္ဒမာလုံ" ထိုးစိုက်ကာအသက်သေဆုံး၍နေကြသည်ကိုတွေ့ရှိလေသည်။

ကျန်စစ်သားသည် အရိန္ဒမာလုံကိုကောက်ယူ၍မြောက်အနီးရှိခြုံပုတ်ဆီသို့ ရန်သူရှိ မရှိ သိလို၍ "အရိန္ဒမာလုံ"ကို လွှားကာ လိုက်၏။ ရန်သူမရှိ၍ ကျန်စစ်သားသည် အရိန္ဒမာလုံကိုကောက်ယူပြီး ရွှေသာလျောင်းတောင် အရှေ့မြောက်တောင်ခြေ၌ ကျန်စစ်သားသည် ရွှေလုံ ကစားလေသည်။

*(ယခုကျောက်ဆည်မြို့၊ ရွှေသာလျောင်းတောင်မြောက်ဘက်တွင် ရွှေလံထောင် ဘုရားငယ်စေတီတစ်ဆူရှိသည်။ ရွှေလုံထောင် ဘုရားမြောက်ဘက်၌ "ရွှေလုံလွှားဘုရား" ရှိပါသည်။ ရွှေသာလျောင်းတော် အရှေ့မြောက်ဘက်တောင်ခြေ ဂုန်းမြို့တွင် "ရွှေလုံကစား" ဘုရားရှိပါသည်။ မြန်မာသက္ကရာဇ် (၄၄၆) ခုနှစ်တွင် ကျန်စစ်သားမင်းဖြစ်သည်။ ကျန်စစ်သား





မင်းအဖြစ်သို့ရောက်သည့်အခါ မိမိ မင်းပြစ်အဏ်မှလွတ်အောင် ထွက်ပြေးစဉ် နေခဲ့သော နေရာတို့တွင် ထိုဘုရား (၃) ဆူကို တည်ထားကိုးကွယ်ခဲ့သည်။ ရွှေလုံထောင်ဘုရား၊ ရွှေလုံလွှားဘုရား၊ ရွှေလုံကစားဘုရား (ယခုပရိယတ္တိစာသင်တိုက်ကျောင်းဝင်းအတွင်းရှိသည်၊ ထိုဘုရား ၃ ဆူသည် ပုဂံခေတ်ကတည်းက တည်ထားသော သမိုင်းဝင်ဘုရားဖြစ်ပါသည်။)

ထို့နောက် ကျန်စစ်သားသည် "ကျောက်စီရွာ" မှ ထွက်ခွာ၍ "ကျောင်းဖြူအရပ်" သို့သွားလေ၏။ ထို "ကျောင်းဖြူအရပ်" တွင် "ရဟန်းမထီး"နေထိုင်ရာ တူမတစ်ယောက်ရှိသည်။ အဆင်းအင်္ဂါ လက္ခဏာဖြင့်ပြည့်စုံသည်။ ဦးရီးတော် "ရဟန်းမထီး" လည်းဗေဒင်တတ်တော်မူ၏။

ဤတွင် "ရဟန်းမထီး" သည် တူမတော်ဇာတာကို ယူ၍ကြည့်လေသော် -

"ငါ့ နှမ ၊ ငါ့ယောက်ဖတို့ပြောဖူးသည်။ ငါကောက်ရန်အိပ်ပျော်၍နေစဉ် ထမီနားတွင်ပျားစွဲသည်။ ငါတို့သမီးထံ ဘုန်းကြီးတဲ့သူရောက်မည်" ဟုပြောဖူးသည်။ နင်သည် ရှေ့သို့ရောက်၍ ရှိနိုးခံရမည်။ နင်၏ "လင်လောင်းလျာ"သည် အတောင်ဖထောင့်မှလာ၍ရေတောင်းမည်၊ ရေတောင်းသူသည်

နှင်၏ လင်လောင်းလျာတည်း၊ ထိုနေ့ရက်ရောက်သောအခါ ကျွေးမွေးရန်စားကောင်းသောက်ဖွယ်များထားလေ" ဟုပြောဆိုသည်။

ကျွန်စစ်သားသည် ကျောင်းဖြူအရပ်သို့ ရဟန်းရှင်မထီး ပြောဆိုသောနေ့ရက်သို့ရောက်သော် ကျွန်စစ်သားလည်း လုံကာစား၍ ရောက်လာ၏။ ရုပ်အဆင်းလက္ခဏာဖြင့်ပြည့်စုံသော ရဟန်းမထီးတို့မကိုမြင်သော် ကျွန်စစ်သားသည်

"ရေပေးပါ" ဟုရေတောင်းပြီးလျှင် "ရဟန်းမထီး" ကျောင်းတွင်ရှိသည်၊ "သမ္ဘာရာချုံ" ၏ သမ္ဘာရာသီးတစ်လုံးကို ဆွတ်၍ "အရိန္ဒမာလုံ" ဖြင့် ခွာ၍စားလေသည်။ သမ္ဘာရာသီးလည်းရှိ ဖြန့်၏။ ထိုသို့ သမ္ဘာရာသီးအချဉ်ကို မြိန်ရှက်စွာစားနေသည်ကို "ရဟန်းမထီး" မြင်လေရာ တောင်းစား၏။ ရဟန်းမထီး စားသည့်အခါ သမ္ဘာရာသီးမှာ မချဉ်ဘဲ ချိုနေ၏။

ဤတွင် ရဟန်းမထီးသည် ဤသူသည်ကား လူမဟုတ်၊ ဘုန်းကြီးသောသူဖြစ်မည်" ဟုအကဲခတ်၍ အကြံရပြီး တူမဖြစ်သူ "သမ္ဘူလ" အား

"ဦးတူမ ရေတိုက်လိုက်ပါ" ဟုပြောဆိုကာ ကျွန်စစ်သားကို ရေကမ်းလှမ်းပေးစေသည်။





"သမ္ဘူလ" သည် ရိုသေစွာဖြင့် ရေပေးပြီးသည့်အခါ စားကောင်းသောက်ဖွယ်များကို ဆက်သလေသည်။ ကျွန်စစ်သားသည် စားကောင်းသောက်ဖွယ်များကို မြိန်ရှက်စွာစားတော်ခေါ်ပြီးလျှင် "သမ္ဘူလ" အား

"သင်သည် ငါ့ကို လုပ်ကျွေးဘိ၊ သင့်အား ငါအသက်နှံ၏" ဟု ပြောဆိုတော်မူ၏။

"သမ္ဘူလ" သည် လည်းဝန်ခံ၍ ကောင်းမွန်စွာ ကျွေးမွေးညှိခံလေ၏။

ကျွန်စစ်သားသည် ကျောင်းဖြူ "ရဟန်းမထီး"တူမဖြစ်သူ "သမ္ဘူလ" ၏ လုပ်ကျွေးမှုကိုခံယူကာနေထိုင်လေ၏။

ထို့နောက် မြန်မာသက္ကရာဇ် (၄၀၆) ခုနှစ်တွင် အနော်ရထာသည် ပုဂံပြည်နန်းတက်ထီးနန်းစံတော်မူသည်။ နန်းစည်းစိမ် (၃)နှစ်နန်းစံပြီး အနော်ရထာမင်းကြီးသည် သက်တော် (၆၃)နှစ်အရွယ် နတ်ရွာစံတော်မူသည်။

မြန်မာသက္ကရာဇ် (၄၃၉) ခုနှစ် သားတော် စောလူးမင်း ပုဂံပြည်နန်းတက်ထီးနန်းစံသည်။ စောလူးမင်းသည် နန်းစည်းစိမ် (၇)နှစ်ခံစားပြီး၊ သက်တော် (၃၅)နှစ်အရွယ် နတ်ရွာစံတော်မူသည်။

မြန်မာသက္ကရာဇ် (၄၄၆) ခုနှစ်တွင် "ရေမန်ကန်း" ကို ကျန်စစ်သားစစ်ဖြိုင်တိုက်ခိုက်ရာ မုဆိုးစေ၍ မြားဒဏ်ချက်သည် "ရေမန်ကန်း"ကိုထိုးချက်၍ "ရေမန်ကန်း" အနိစ္စရောက်သည်။

ကျန်စစ်သားသည် ခရစ်နှစ် ၁၀၃၀ ခု၊ ဇူလိုင်လ (၃၀) ရက်နေ့ဖွားမြင်သည်။

ကောဇာသက္ကရာဇ် (၄၄၆) ခုနှစ်၊ အေဒီ (၁၀၈၄) တွင် ကျန်စစ်သားမင်းဖြစ်သည်။ ပုဂံပြည်နန်းတက်ထီးနန်းစံတော်မူသည်။ ကျန်စစ်သားမင်းဖြစ်သောအခါ မိဖုရားတို့မှာ -

၁။ အပယ်ရတနာမိဖုရားတစ်ပါး
၂။ ဥသာမင်းသမီးတော်ခင်ဦး (မဏိစန္ဒာတစ်ပါး)
၃။ ရဟန်းမထီးတူမ "သမ္ဘူလ" မိဖုရားတစ်ပါး
၄။ ထီးလှိုင်ရှင်သူကြီးသမီး "ခင်တန်" မိဖုရားတစ်ပါး

တိုမိဖုရားလေးပါးတို့ဖြစ်ကြသည်။

ကျန်စစ်သားမင်းကြီးနှင့်အပယ်ရတနာမိဖုရားမှ "သမီးတော်ရွှေအိမ်သည်" ကိုဖွားမြင်တော်မူသည်။ စောလူးမင်းသား၊ စောယွန်းမင်းနှင့် ရွှေအိမ်သည်တို့စုံဖက်တော်မူရာ သားတော်အလောင်းစည်သူ ကိုဖွားမြင်တော်မူသည်။





ကျန်စစ်သားမင်းကြီးသည် ပုဂံပြည်မင်းစည်းစိမ် (၂၉)နှစ် စံစားပြီး သက်တော် (၈၃)နှစ်အရွယ် ကျန်စစ်သားမင်းကြီး နတ်ရွာစံတော်မူသည်။

xxxxx

# ဝေဠုဝတီ

ပုဂံမင်းဆက် (၅၆) ဆက်ရှိရာ မင်းဆက် (၄၈) ဆက်မြောက် "မင်းယဉ်နရသိခ်" သည် မြန်မာသက္ကရာဇ် (၅၃၂) ခုနှစ် (အေဒီ ၁၁၇၀-၁၁၇၃) တွင် ပုဂံပြည်နန်းဘက်ထီးနန်း စိုးစံသည်။

တရံရောအခါ ပြင်စိုင်းဝက်ဝင်အရပ်၌ မြေးလုံမျိုးတို့ တောတွင်းသို့ဝင်သော အလွန်ကြီးမားသော ဝါးပင်ကြီးအထဲ၌ ဝါးပင်ကို သနွေမှိုဖွားသော မိန်းမငယ်လေးတစ်ယောက်ကို တွေ့သည်။ ရုပ်အဆင်းအင်္ဂါ လက္ခဏာတို့ဖြင့် ပြည့်စုံသော သမီးငယ်ကိုရ၍ မြေးတို့သည် သံယောဇဉ်တွယ်ကာ ကျွေးမွေးမြူစု စောင့်ရှောက်ထားသည်။

ဝါးပင်မှ သနွေတည်မွေးဖွားသောကြောင့် သမီးငယ်ကို "ဝေဠုဝတီ" ဟု နာမည်ပေးမှည့်ခေါ်သည်။ သမီးငယ်





အရွယ်သို့ရောက်သော် ရုပ်လက္ခဏာမှာ ရွှေအဆင်းကဲ့သို့ လှပသည်ဖြစ်၍ မြေးလုံမျိုးသည် ပုဂံပြည့်ရှင် "မင်းယဉ်နရသိခ်" အား သမီးငယ် "ဝေဠုဝတီ" ကိုဆက်သသည်။

မင်းယဉ်နရသိခ်သည် "ဝေဠုဝတီ" သတို့သမီးကိုမြင်သော် ဘုန်းမဆုံသည်ဖြစ်၍ -

"မျက်ပြူး၊ နားပေါက်ကျယ်၊ ဝမ်းပျက်ပူပူ" ဟုမိန့်တော်မူသည်။

ထိုသို့ မိန့်တော်မူပြီး ညီတော် နရပတိစည်သူအား -

"ညီတော် - " ဝေဠုဝတီ " သတို့သမီးကို ညီတော် သိမ်းပိုက်ယူလေ" ဟု ညီတော် နရပတိစည်သူ အား ပေးအပ်လိုက်လေသည်။

မင်းယဉ်နရသိခ်မယ်တော်မိဖုရားကြီးသည် သားတော်အငယ် "နရပတိစည်သူ" နှင့်အတူ နေထိုင်တော်မူသည်ဖြစ်၍ ဝါးပင်မှ သံသေဒဇမိန်းမ "ဝေဠုဝတီ" ကိုမြင်သော် သနားကြင်နာစွာဖြင့် ပညာထောက်ရှုတော်မူ၍ ချွေးမတော် "ဝေဠုဝတီ" ၏ နားပေါက်ကျယ်ကို တော်ရုံဖြတ်ကာ မြူမြင်ပေးတော်မူသည်။ ထိုသို့မြူမြင်ရာ "ဝေဠုဝတီ" သည် အလွန်လှပ၍ ယောကျ်ားတကာတို့မြင်လျှင် တပ်မက်ကုန်၏။

ဤတွင် နရပတိစည်သူ ၏ မယ်တော်မိဖုရားကြီးသည် "ဝေဠုဝတီ" အား မင်းမျိုးမင်းနွယ် မင်းသမီးတကာတို့ တတ်အပ်သော အတတ်တို့ကို ပဲ့ပြင်သွန်သင်တော်မူ၍ မိန်းမတို့၏ ဂုဏ်နှင့်ပြည့်စုံတော်မူ၏။ ငါးပင်မှ သံသေဒဇ ပဋိသန္ဓေနေသောသူဖြစ်၍ ရုပ်လက္ခဏာ အရောင်အဆင်းကား မိန်းမဟူသမျှနှင့်မတူ ထူးခြားချောမောလှပလျက်ရှိနေတော့သည်။

မင်းယဉ်နရသိင်္ခသည် မင်းအဖြစ်သို့ရောက်သော ညီတော် နရပတိစည်သူအား အိမ်ရှေ့စံအရာအပ်နှင်းထားတော်မူသည်။ ထို့ကြောင့် "ဝေဠုဝတီ" သည် နရပကိစည်သူ၏ ကြင်ယာတော်ဖြစ်သည်။ ထို့ကြောင့် "ဝေဠုဝတီ" သည် အိမ်ရှေ့စံမိဖုရားဖြစ်လာသည်။ နရုပတိစည်သူသည် ရုပ်ဆင်းအင်္ဂါမလှသည့်အချိန်တွင် နောင်တော် မင်းယဉ်နရသိင်္ခ ပေးစား၍ ယူခဲ့သောကြင်ယာတော်ဖြစ်၍ ယခုရုပ်ဆင်းလက္ခဏာလှပသည့်အခါ အလွန်စုံမက်တော်မူသည်။

တနေ့သောအခါ မယ်တော်မိဖုရားကြီးသည် ချွေးမတော် အိမ်ရှေ့စံမိဖုရား "ဝေဠုဝတီ"ခေါ်၍ ရွှေနန်းတော်သို့ဝင်လေ၏။

မင်းယဉ်နရသိင်္ခ သည် ရှေ့တော်သို့ အခစားဝင်ရောက်လာသော ခယ်မတော်၊ အိမ်ရှေ့စံ "ဝေဠုဝတီ" ကိုမြင်လေ





သော် ရုပ်ဆင်းလက္ခဏာလှပတင့်တယ်စွာရှိသည်ကို စိတ်ဝင်စား၍ ခယ်မတော်အပေါ် စိတ်တိမ်းညွတ်မိကာနှစ်သက်တော်မူလေ၏။

ဤတွင် မင်းကြီးသည် ခယ်မတော် "ဝေဠုဝတီ" ကိုသိမ်းပိုက်လိုသဖြင့် အကောက်ကြံတော်မူသည်။

မင်းယဉ်နရသိင်္ခသည် ညီတော် နရပတိစည်သူအား ဆောင်ချမ်းအရပ်သို့ စစ်ချီစေပြီး စစ်ထွက်သွားသည့်နောက်ပိုင်းမှာ ခယ်မတော် "ဝေဠုဝတီ"ကိုသိမ်းပိုက်နန်းတင်မည်ဟုကြံ၍ အမတ်ကြီးတစ်ယောက်ကို ပြောကြား နှုတ်ပိတ်စေသည်။

ထို့နောက် မင်းယဉ်နရသိင်္ခသည် ညီတော် နရပတိစည်သူအား ခေါ်တော်မူပြီး၊

"ဝဆောင်ချမ်းအရပ်၌ ပုန်ကန်ခြားနားသူများကိုသွားရောက်နှိမ်နင်းစစ်ချီလေ" ဟုမိန့်တော်မူစေခိုင်းသည်။

ထိုသို့ စေခိုင်းရာ "နရပတိစည်သူ" သည်ဉာဏ်အမြော်အမြင်ကြီးသူဖြစ်၍ မြင်းတော်စီးပြည့်အားခေါ်ပြီး

"ငါ့အိမ်တော်အရေးအခင်းပေါ်လျှင် ငါ့ထံသို့ မောင်မင်းအလျင်အမြန်လာပြီးအကြောင်းကြားလေ" ဟုမှာကြားလေ၏။

ထိုသို့မှာကြားပြီး နရပတိစည်သူသည် မှူးမတ်ကာလံသံမျှင်

စစ်သည်ဗိုလ်ပါအပေါင်းနှင့် ရေတပ်ကြည်းတပ် ကြပ်မတ်၍ ဧဆောင်ချမ်းအရပ်သို့ချီတော်မူသည်။ သစ်ဆိမ့်အရပ်သို့ရောက်တော်မူလေသော် ဧဆောင်ချမ်းအရပ်ဒေသအကြောင်းကို ထောက်လှမ်းစုံစမ်းရာ မည်သို့မျှ အကြောင်းမထူးသည်ကို သိရှိတော်မူသည်။

ဤတွင် နရပတိစည်သူသည်

"ငါ့နောင်တော်သည် ငါ့ကို မကောင်းကြံ ယိုးမယ်ပြုချေပြီ" ဟုစဉ်းစားမိလေသည်။

ညီတော် နရပတိစည်သူ သည် တပည့်ဖြစ်သူ မြင်းတော်စီး ဈမြည့်အလာကို စောင့်နေတော်မူ၏။

ထိုအချိန်တွင် ညီတော်သည် သစ်ဆိမ့်အရပ်သို့ရောက်လေပြီဟု ကြားရသော် ခယ်မတော် "ဝေဠုဝတီ"အား သိမ်းပိုက်ပြီး နန်းတင်တော်မူလေသည်။ "ဝေဠုဝတီ" သည် မိဖုရားခေါင်ကြီးဖြစ်လေသည်။ ။

×××××



# သံဗျင်မင်းသမီး

ပုဂံမင်းဆက်တွင် "ဇေယျသိင်္ခ နားတောင်းများမင်း"နှင့် "ကျစွာမင်း" အကြားတွင် "နရသိင်္ဃဥစ္စနာမင်း" (ခရစ်နှစ် အေဒီ ၁၂၃၁-၁၂၃၅) ခုနှစ် မင်းတစ်ပါးရှိသည်။

မြန်မာသက္ကရာဇ် (၅၉၇) ခုနှစ် (အေဒီ ၁၂၃၅-၁၂၅၀) ခရစ်နှစ် (၁၂၃၅) ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်နေ့တွင် ပုဂံပြည် ကျစွာမင်း နန်းတက်ထီးနန်းစံသည်။

"ကျစွာမင်း" သည် နန်းတက်ရာ၌ "ဓမ္မရာဇာဘွဲ့ အမည်ခံ၍ နန်းတက်တော်မူသည်။ "ကျစွာမင်း" သည် ဝိဇ္ဇာကတ်

သုံးပုံကို (၉)ခေါက်ပြန်၍ အာဂုံဆောင်သင်ယူသည့် မင်းတစ်ပါး ဖြစ်သည်။

ပုဂံပြည့်ရှင် "ကျစွာမင်း" သည် အများပြည်သူ ရှင်လူ ရဟန်းသံဃာအပေါင်းတို့အား ရှိသေလေးစားလျက်ရှိတော်မူ သည်။

"ကျစွာမင်း" သည် နားတောင်းများနှင့် အိမ်တော်သည် မိဖုရားတို့မှ ဖွားမြင်သော သားတစ်ပါးဖြစ်သည်။ မိမိတိုင်းသူ ပြည်သားများကို ရင်ဝယ်သားကဲ့သို့ ဂရုစိုက်တော်မူသည်။ ဗုဒ္ဓကျမ်းစာ ပိဋကတ်သုံးပုံကို အထူးကျွမ်းကျင်တတ်မြောက် တော်မူသည်။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့၏အဓိပ္ပါယ် မသိလျှင် ကျစွာမင်းကြီးအား မေးမြန်းတော်မူကြရသည်။ မသိ မရှိစေရန် ပြောပြသည်။ အရိယာရဟန်းသံဃာတော်များ ကိုလည်း တနေ့လျှင် (၇)ငါရ ဗုဒ္ဓစာပေ သင်ကြားပေးတော် မူသည်။ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်တို့၊ ပုဂ္ဂိုလ်တို့ကို သိစေလို၍ ပရမတ္ထဗိန္ဒုကိုလည်း စီရင်တော်မူသည်။

သံဖျင်မင်းသမီးသည် ပုဂံပြည့်ရှင် "ကျစွာမင်းကြီး"၏ သမီးတော်တစ်ပါးဖြစ်သည်။ ငယ်နာမည်အရင်းမှာ "မမင်းလှ" ဖြစ်သည်။ မယ်မြောက်နန်းမိဖုရားကြီးမှ သားတော်နှစ်ပါး





သမီးတော်လေးပါးကို ဖွားမြင်တော်မူသည်။ ညီအစ်မများ၏ နာမည်အရင်းမှာ မကြီးတန်၊ မဟာလာ၊ မအောင်ဖြူတို့ဖြစ်ကြ သည်။

သမီးတော် "မမင်းလှ" သည် ခမည်းတော်ကျစွာမင်းကဲ့သို့ ပါဠိ၊ ပိဋကတ်ကျမ်းစာများကိုလေ့လာရာတွင် ဝါသနာထုံလှသည်။

ခမည်းတော် ကျစွာမင်းကဲ့သို့ပင် ရဟန်းပျိုများအား စာချ သင်ကြားပေးနိုင်လောက်အောင် ဗုဒ္ဓစာပေကျမ်းဂန်များ တတ်ကျွမ်းလိမ္မာသည်ဟုဆို၏။ သမီးတော် မင်းသမီး မမင်းလှ သည် စာပေသင်ကြားပို့ချရာ၌ အဆောင် အခန်းကျယ်၌ လေးဘက်လေးတန် ကန့်လန့်ကာ ပိုင်းရံပတ်လည်ကာရံလျက် စာချသင်ပေးလေသည်။ ထိုအတွင်း အခြားတစ်ဖက်မှ နာယူ မှတ်သားကြရသည်။ တသင်သားတို့သည် မင်းသမီး မမင်းလှ ၏ ရုပ်အဆင်းသဏ္ဌာန်ကို လုံးဝမမြင်ကြရဘဲ အသံကိုသာ ကြားကြရသည်။

ထို့ကြောင့် ရဟန်းပျိုတစ်ပါးသည် မင်းသမီး မမင်းလှ၏ ရုပ်ရည်ရူပကာကို အလွန့်အလွန် မြင်တွေ့လိုသဖြင့် တသင် ရာတွင် စာဝါမပါသည့် ပါဠိစာကြောင်းကိုထည့်သွင်းရွတ်ဆို တပြန်လေသည်။ စာဝါတွင် မပါသည်ကို ရွတ်ဆိုသဖြင့်

ကာလထားသော တန့်လန့်ကာ ကိုလှပ် ၍ မင်းသမီး "မမင်းလှ" ကြည့်သောကြောင့် မင်းသမီး "မမင်းလှ"ကို ရဟန်းပျို မြင်တွေ့ရပြီး စွဲလန်းစွာသက်သွားလေသည်။

ထိုဖြစ်ရပ်ကို ခမည်းတော် "ကျစွာမင်း" သည် "ဒုံသမီးတော်မမင်းလှ" အပေါ် ထာဝရအစဉ်စွဲလန်းလျှင် ကျမ်းတစ်စောင်ပြုစုရန်မိန့်ကြားတော်မူသည်။ သမီးတော် "မမင်းလှ" ကို စွဲလန်းသော ရဟန်းပျိုအား "ရှာရာသကျမ်းအဖွင့်ဋီကာ" ကိုရေးသားပြုစုစေ၏။

ထိုသို့ရေးသားပြုစုပြီး "ရှာရာသကျမ်းအဖွင့်ဋီကာ"ကို ကျစွာမင်း အားဆက်သလေသည်။ ဤသို့ဆက်သရာ ရဟန်းပျိုသည် စာပေကျမ်းဂန်တတ်ကျွမ်းသည်ကို သိရှိတော်မူရာ ရဟန်းပျိုကို လူထွက်စေပြီး သမီးတော် မမင်းလှနှင့် စုံဖက်ပေးတော်မူသည်။ နောင်သောအခါ "သံဖျင်အမတ်" ဖြစ်လာခဲ့သည်။ ထိုစဉ် "မမင်းလှ" လည်း "သံဖျင်မင်းသမီး" ဖြစ်သည်။

ယခု ဂုက်ပစ်တောင် "သီလရှင်တိုက်" အတွင်း၌ ရှိသော လိုဏ်ဂူဘုရားမှာ "သံဖျင်မင်းသမီး" တချုဂူဟု ခေါ်ကြသည်။ လိုဏ်ဂူအတွင်း၌ အခန်းဖွဲ့ထားသည်ကို တွေ့ရသည်။ လေးဘက်လေးတန်တွင် လိုဏ်ဂူပေါက်များကို တွေ့ရှိရပါသည်။

ဤသည်မှာ "မမင်းလှ" ခေါ် "သံဖျင်မင်းသမီး"၏ သမိုင်းဝင်နေရာဖြစ်ပါသည်။ ။



# စောမွန်လှ

ပုဂံမင်းဆက် (၅၆) ဆက်ရှိသည်။ ထိုမင်းဆက်မှ မင်းဆက် (၃၇) ဆက်မြောက်တွင် "မြန်မာသက္ကရာဇ် (၂၅၆)ခုနှစ် "စလေ ငခွေး" သည် ပုဂံပြည်နန်းတက်မင်းပြုသည်။ ထိုသို့ မင်းပြုစဉ် "စလေငခွေး" သည် ရေကန်တော်တွင် စီးတော်ဆင်ငေါ်မှကျ၍ သက်တော် (၆၀) အရွယ်ကံတော်ကုန်သည်။

"စလေငခွေး" မင်းပြုစဉ် မိဖုရားတစ်ပါးသည် "စလေငခွေး"၏ မယားအဖြစ်မခံလို၍ပုဂံပြည်မှထွက်ပြေးလေသည်။ ထိုသို့ထွက်ပြေးရာ မိဖုရားတွင် ကိုယ်ဝန်ပဋိသန္ဓေပါရှိသည်။ မိဖုရားသည် ပုဂံပြည်မှ ထွက်ပြေးလာပြီး "ကြောပ်မြို့" အရပ်၌ ပုန်းခို၍နေတော့သည်။

မြန်မာသက္ကရာဇ် (၂၈၆) ခုနှစ်တွင် "စလေ ငခွေး" မင်း ၏ သားတော် "သိန်းခိုမင်း" ပုဂံပြည်နန်းတက်မင်းပြုသည်။ ထိုစဉ် "တောင်သူကြီး" သည် "သိန်းခိုမင်း" ပုဂံ

အရိပ်ကောင်းသည့် "ဇောင်ညန်းပင်ကြီး" အောက်သို့ ခိုဝင်နားသည်။ ထိုသို့ "ဇောင်ညန်းပင်ကြီး" အရိပ်အောက်ခိုလှုံစဉ် ကွမ်းဆော်မင်းသားသည်

"သူ့အရိပ်ခိုရ၍ သူ့ကျေးဇူးကြီးမားလှသည်" ဟုပြောဆိုသည်။

ထိုသို့ပြောဆိုပြီး ထမင်းစားရန် ထမင်းထုပ်ကိုဖြေပြီး ကွမ်းဆော်မင်းသားသည် လက်နှစ်ဖက်ဖြင့် ဦးခေါင်းအပေါ်သို့ မြှောက်ပြီး "ဇောင်ညန်းပင်နတ်ကြီး စားတော်မူပါ" ဟုပြောဆို တင်သပြီးမှ ထမင်းစားလေသည်။ "ကွမ်းဆော်မင်းသား" သည် ကွမ်းဆော်သွားတိုင်း နေ့စဉ်နေ့တိုင်း ထမင်းစားချိန်တွင် ဦးဦးဖျားဖျား "ဇောင်ညန်းပင်"စောင့်နတ်ကို တင်မြှောက်ပသ ပြီးမှ စားလေ့ရှိသည်။

ထိုသို့တင်မြှောက်သဖြင့် "ဇောင်ညန်းပင်စောင့်နတ်" သည်

"ဤသူငယ်သည် အကျင့်သီလနှင့်ပြည့်စုံသူဖြစ်၏၊ ကျေးဇူးကိုလည်းသိတတ်၏" ဟု ပြောဆိုလေသည်။

တနေ့တွင် ကွမ်းဆော်မင်းသားသည် "ဇောင်ညန်းပင်ကြီးအောက်အရိပ်ခိုနားရာတွင် ဇောင်ညန်းပင်စောင့်နတ်သည် ကွမ်းဆော်မင်းသားအား





" အမောင် ယခုအချိန်ကစပြီး သီလ သမာဓိနှင့် ပြည့်စုံစွာ သီလဆောက်တည်လော့ အမြဲမပြတ်သီလစောင့်လော့" ဟု ပြောဆို၍ ကွယ်ပျောက်လေသည်။

ထိုအချိန်တွင် ပုဂံပြည်မြောက်ရူးရူးအရပ်မှမင်းလောင်းပေါ်လာလိမ့်မည်ဟု နိမိတ်တဘောင်ပေါ်ထွက်နေသည်။ ဤတွင် နိမိတ်တဘောင်စကားကိုကြားကြရသော ပုဂံမြို့သူမြို့သားတို့သည် နေ့စဉ်နေ့တိုင်း ပုဂံပြည်အရှေ့ဘက် "တူရွင်းတောင်" ခြေသို့ သွားကြပြီး မင်းလောင်းကို စောင့်မျှော်နေကြလေသည်။

ပုဂံပြည်မင်းလောင်းပေါ်လိမ့်မည်ဟု ကွမ်းဆော်မင်းသား ကြားရလျှင် နောက်နေ့တွင် သူ၏မယ်တော်အား စားမြိန်စာထုပ် (ထမင်းထုပ်)ကို မြိန်မြိန်စီမံပေးရန်ပြောဆိုသည်။ မယ်တော်သည်လည်း စားမြိန်စာထုပ်ကို အလျင်အမြန်စီမံ၍ "ကွမ်းဆော်" မင်းသားကိုပေးလေသည်။

ကွမ်းဆော်မင်းသားသည် စားမြိန်စာထုပ်ကိုယူပြီး အလျင်အမြန် "ကွမ်းဆော်အလုပ်" ကိုလုပ်လေသည်။ ညနေစောင်း နေဝင်ရီမရှုပ်မီ တူရွင်းတောင်ခြေသို့သွားရမည်ဖြစ်၍ ကွမ်းဆော်မင်းသားသည် ခြေလျင်လျှောက်၍ အမြန်လာတော့သည်။

ထိုစဉ် ဇောင်ညန်းပင်စောင့်နတ်သည်

"သူ့ကျေးဇူးရှိသည်၊ အခုအချိန် သူ့ကျေးဇူးငါဆပ်အံ့" ဟုပြောဆိုပြီး ဇောင်ညန်းပင်စောင့်နတ်သည် သူအိုအသွင်ဖန်ဆောင်ကာ မြင်းတစ်စီးနှင့် ဇောင်ညန်းပင်အောက်၌ ကွမ်းဆော်မင်းသားအလာကိုစောင့်နေတော့သည်။

ကွမ်းဆော်မင်းသားသည် အလျင်အမြန်လမ်းလျှောက်လာရာ "ဇောင်ညန်းပင်ကြီး" အနီးသို့ရောက်သည့်အခါ သူအိုသည် ကွမ်းဆော်မင်းသားအား "အမောင် မည်သို့စောလျင်စွာလာသနည်း" ဟုမေးလေသည်။

"အဖိုး အခုပုဂံပြည်မင်းလောင်းပေါ်မည်ကို သွားကြည့်မည်ဖြစ်ပါတယ်" ဟုသူအိုအားပြောဆိုသည်။

ထိုသို့ပြောဆိုရာ သူအိုသည် ကွမ်းဆော်မင်းသားအား-

"ဒီလိုဆိုရင် လမ်းလျှောက်သွားတာထက် မြင်းစီးသွားပါက အမြန်ရောက်မည်မဟုတ်ပါလား၊ အဖိုးမြင်းကိုယူ၍ စီးသွားလေ" ဟု စီးသွားရန်ပြောလိုက်သည်။

"အဖိုးမြင်းကို ကျွန်တော်စီးသွားရင် အဖိုးဘာနဲ့သွားမှာလဲ" ဟု ကွမ်းဆော်မင်းသားကမေးလိုက်သည်။

"အမောင် အဖိုးအတွက်စိတ်မပူပါနဲ့၊ အမောင်သာ နေမဝင်မီ တူရွင်းတောင်ခြေဆီသို့ မြင်းစီးပြီး အရောက်သွားလော့"





ဟုပြောဆိုသည်။

ဤတွင် ကွမ်းဆော်မင်းသားသည် သူအို၏ မြင်းကို ဒုန်းစိုင်းစီးကာ တူရွင်းတောင်ခြေဆီသို့ သွားတော့သည်။

"တူရွင်းတောင်ခြေ" တွင် မင်းလောင်းကို စောင့်မျှော်နေကြသော မြို့သူမြို့သားအားလုံးသည် မြောက်အရပ်စူးစူးက မြင်းကိုဒုန်းစီးကာ လာနေသော "ကွမ်းဆော်မင်းသား" ကို မြင်ကြသည့်အခါ-

"မင်းလောင်းလာပြီ မင်းလောင်းလာပြီ" ဟုဟစ်အော်ပြောဆိုကြပြီး မြေပြင်တွင် ဒူးတုပ်ကာအရိုအသေပေးကြလေသည်။

ထိုသို့ အများပြည်သူတို့ အော်ဟစ်ကာ မင်းလောင်းဟု ပြောဆိုကြသည်ကို ကွမ်းဆော်မင်းသားသည်

"ငါသည်ပင် မင်းလောင်းဖြစ်နေပါလား" ဟုပြောဆိုပြီး တောင်သူကြီး စောရဟန်းမင်း၏ နန်းတွင်းသို့မြင်းစီးဝင်ရာ တောင်သူကြီး စောရဟန်းမင်း သည်သံလျက်စွဲကိုင်ကာ "ကွမ်းဆော်မင်းသား" အားခုတ်ပိုင်းရန် နန်းပလ္လင်မှဆင်းလာရာ လှေကားအဆင်း ကျောက်သူတော်တွန်းချလိုက်ရာ မင်းကြီးအနိစ္စရောက်လေသည်။

မြန်မာသက္ကရာဇ် (၃၅၃) ခုနှစ်တွင် ကွမ်းဆော်ကြောင်ဖြူ

"ပုဂံပြည်နန်းတက်" နန်းစံသည်။ ထိုမင်းသည် သီလသမာဓိနှင့် ပြည့်စုံ၍ သိကြားမင်းမှ အရိန္ဒမာလှံ၊ အရိန္ဒမာကြိမ်လုံး၊ ဥသျှောင်ကျဉ်၊ ပတ္တမြားလက်စွပ်၊ နတ်မြင်းတို့ကို ပေးအပ်သည်။ ကွမ်းဆော်ကြောင်ဖြူမင်းသည် တောင်သူကြီးတောရဟန်းမင်း၏ မိဖုရားသုံးပါးကို မိဖုရားမြှောက်တော်မူသည်။

မြန်မာသက္ကရာဇ် (၃၅၃) ခုနှစ် ပုဂံပြည်နန်းတက် ထီးနန်းစံတော်မူသည်။ ကွမ်းဆော် ကြောင်ဖြူမင်းနှင့် မိဖုရားငယ်မြောက်ပြင်သည် (မြောက်နန်း)မိဖုရားတို့မှ "အနော်ရထာ" ကိုဖွားမြင်တော်မူသည်။

ထို့နောက် "ကွမ်းဆော်ကြောင်ဖြူမင်း" သည် နန်းစည်းစိမ် (၂၂) နှစ်ခံစားပြီး သက်တော် (၅၀)နှစ်အရွယ်မှာ နတ်ရွာစံကံကုန်တော်မူသည်။

မြန်မာသက္ကရာဇ် (၄၀၆) ခုနှစ်၊ (အေဒီ ၁၀၄၄) တွင် အနော်ရထာသည် ပုဂံပြည်နန်းတက်တော်မူသည်။

"အနော်ရထာမင်း" သည် ခမည်းတော်ပေးအပ်သော အရိန္ဒမာလှံ၊ အရိန္ဒမာကြိမ်လုံး၊ သီလဝင်မားနှင့် နတ်မြင်းငါးစီး တို့ကိုရတော်မူသည်။ ထို့ကြောင့် ဘုန်းတန်ခိုး အာဏာကြီးတော်မူသည်။





ပုဂံပြည် ဘုရား သာသနာထွန်းကားရေးအတွက် အနော်ရထာမင်းကြီးသည် မိစ္ဆာအရည်းကြီးဂိုဏ်းကိုသုတ်သင်ရှင်းလင်းသည်။ ထို့နောက် အများပြည်သူတို့ကိုးကွယ်နေကြသော ပရလောကမှ နတ်စိမ်းတို့ကိုလည်းနှိမ်နင်းသည်။ ထိုသို့နှိမ်နင်းတော်မူပြီး နတ်စိမ်းရုပ်တုတို့ကို မိမိတည်ထားကိုးကွယ်သော "ရွှေစည်းခုံ" ဘုရားပရဝုဏ်အပြင်ဘက်တို့နေရာ၌ နတ်တောင်ချထားလေသည်။

ထိုသို့ ပရလောကမှ နတ်မိစ္ဆာနတ်စိမ်းတို့အားလုံးကို အနော်ရထာမင်းသည် အရိန္ဒမာကြိမ်လုံးဖြင့် ရိုက်နှက်ခေါ်ရာတွင် နတ်စိမ်းအားလုံးရောက်လာကြသည်။ ထိန်ပင်စောင့်နတ် တစ်ပါးသည် အနော်ရထာမင်းခေါ်သည့်အခါ အလေးမမူ၍ မင်းကြီးသည် "ထိန်ပင်စောင့်နတ်"ကိုအရိန္ဒမာကြိမ်လုံးဖြင့် ပြင်းထန်စွာ ရိုက်နှက်လေသည်။ "ထိန်ပင်စောင့်နတ်" သည် နာကျင်စွာအရိုက်ခံရသောကြောင့် နေသေးသပ ချုံထဲက ရှိုသွေးတာမြမြဟုစိတ်ထဲတွင် ကြုံးဝါး၍ "အနော်ရထာမင်း" ကိုရန်ငြိုးထားတော့သည်။

ထိုသို့ အရည်းကြီးတို့နှင့် နတ်စိမ်းများကို သုတ်သင်ပြီးနောက် ပုဂံပြည်သာသနာထွန်းကားရေးအတွက်ဆောင်ရွက်

သည်။

ဤတွင် "ပုဂံပြည်ရှင်အနော်ရထာမင်း" သည် သဗ္ဗထက် သန်စွာဖြင့် ဂန္ဓာလရာဇ်တိုင်းတရုတ်ပြည်၌ ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော ဗုဒ္ဓစွယ်တော်မြတ်ကို တောင်းယူပူဇော်လို၍ မင်းကြီးသည် တရုတ်ပြည်သို့ရေလမ်းစစ်ကြောင်းမှ ရဲမက်စစ်သည်သုံးကုဋေခြောက်သန်း၊ ကုန်းလမ်းစစ်ကြောင်းမှ စစ်သည် သုံးကုဋေ ခြောက်သန်း၊ ဆင်တပ်၊ မြင်းတပ်တို့ဖြင့် ကြွချီတော်မူသည်။

တရုတ်ပြည်သို့ရောက်သည့်အခါ အနော်ရထာမင်းသည် တရုတ်ဘုရင် ဥတည်ဘွားထံ ရောက်တော်မူရာ-

"ကျွန်ုပ်သည် အဆွေတော်အား ရန်မူလို၍လာခြင်းမဟုတ်ပါ။ ဗုဒ္ဓမြတ်စွယ်တော်ကိုကိုးကွယ်လို၍လာရောက်တောင်းခံခြင်း ဖြစ်ပါတယ် အဆွေတော်" ဟုပြောဆိုမိန့်တော်မူရာ ဥတည်ဘွားလည်း နှစ်ပြည်ထောင်ချစ်ကြည်ရေးအတွက် ဗုဒ္ဓမြတ်စွယ်တော်အား အနော်ရထာမင်းကြီးကို ဆက်သလေသည်။ စွယ်တော်မြတ်အတုကိုသာ ရရှိလေသည်။

"အနော်ရထာမင်း" ကြီး ဗုဒ္ဓမြတ်စွယ်တော်ကိုပင့်ဆောင်လာစဉ် ပုဂံပြည်အပြန်လမ်းခရီးတွင် မြောက်ပိုင်း မော်ရှမ်းပြည်





သို့ရောက်တော်မူသည်။ ထိုသို့ရောက်တော်မူသည့်အခါ ရှမ်းတို့ဒေသ မော်ပြည်တောင်ကို အစိုးရသော စော်ဘွားကြီးသည် အနော်ရထာမင်းအား ကြိုဆိုဧည့်ခံသည်။ ဧည့်ခံရာတွင် မင်းကြီးသုံးတော်မူရန် ရွှေသင်ဖြူး (၅)ချပ်ကိုခင်းပေး၏။ အနော်ရထာမင်းသည် အရိဒ္ဓိပါကြိမ်လုံးဖြင့် ရိုက်လိုက်သော် ရွှေသင်ဖြူး (၅)ချပ်မှာ (၁) ချပ်တည်းသာဖြစ်၍ စံနေတော်မူသည်။

မော်ပြည်တောင်စော်ဘွားကြီးသည် ပုဂံပြည်ရှင်အနော်ရထာမင်းကြီး၏ ဘုန်းတန်ခိုးအာဏာအစွမ်းကို ရှိသေပြီး မော်လှစော်၏ သမီးတော် "စောမွန်လှ" ကိုမင်းကြီးအား ဆက်သလေသည်။ အနော်ရထာမင်းကြီးသည် "စောမွန်လှ" ကိုပုဂံနေပြည်တော်သို့ ခေါ်ဆောင်သွားတော်မူသည်။

ပုဂံနေပြည်တော်ရောက်သည့်အခါ အနော်ရထာမင်းသည် စောမွန်လှအား မိဖုရားအရာတင်မြှောက်တော်မူသည်။

မြန်မာဘာသာစကားဖြင့် "စောမွန်လှ" ဟုခေါ်ကြသော်လည်း ရှမ်းတိုင်းရင်းသားတို့၏ ဘာသာစကားဖြင့် "စောမွန်လှ" ကို "စဝ်မွမ်းလ" ဟုခေါ်ကြသည်။

"စောမွန်လှ" ကို "စဝ်မွမ်းလ" ဟုခေါ်သည့်အဓိပ္ပါယ်မှာ "စော + မွမ်း + လ" မှ "စော" သည် အရှင်၊ "မွမ်း"

သည် ဝုဏ်၊ "လ" ဟူသည် ရှမ်းဘာသာစကား "လီ" မှ လဖြစ်ပြီး "လ"မှ "လှ" ဖြစ်သည်။ သို့ဖြစ်၍ "စောမွန်လှ" ဟူ၍ ခေါ်ကြခြင်းဖြစ်သည်။

ရှမ်းပြည် "မိုင်းမောဝ်စောဘွားကြီးစဝ်နောဝိုက်" နှင့် ကြင်ယာတော် မဟာဒေဝီတို့မှ "မိုင်းမောဝ်ဟော်နန်း" တွင် သားတော်တစ်ပါးနှင့် သမီးတော်တစ်ပါးတို့ကို အမြွာဖွားမြင်သည်။

သားတော်အမည်မှာ "စဝ်နော်မိန်း" အမည်ပေးသည်။

*(စဝ်နော်မိန်း အဓိပ္ပါယ်မှာ "ပြည်ကြီးအညွန့်" ဖြစ်သည်)

သမီးတော်ကို "စဝ်မွမ်းလ" အမည်ပေးသည်။

*(စဝ်မွမ်းလ အဓိပ္ပါယ်မှာ အဆင်းလက္ခဏာပြည့်စုံခြင်း)

"မိုင်းမောဝ်ပြည်" သည် နောင်သောအခါ "သိန္နီပြည်" ဟု ခေါ်ကြရာ "သီဝိရဋ္ဌတိုင်း" တွင်ပါဝင်သည်။ "မိုင်းမောဝ်မြို့ဟောင်း" ဟူ၍ ဖော်ပြသည်။ ထိုမိုင်းမောဝ်မြို့ဟောင်းသည် "နန်းမောဝ် (ခေါ်) ရွှေလီမြစ်" အထက်ပိုင်း၌ တည်ရှိသည်။ ယခုခေတ်တိုင် မြို့ရိုးပျက်များရှိနေသည်ကို တွေ့ရှိရသည်။ ရှမ်းပြည်ဒေသသည် မြောက်ပိုင်းနှင့် တောင်ပိုင်းဟူ၍ နှစ်ပိုင်း ရှိရာ တောင်ပေါ်ဒေသ ရှမ်းအနွယ်များသည် ဗုဒ္ဓဘာသာအယူကို ကိုးကွယ်ကြသည်သာ-





ရှမ်းမျိုးရိုး "စောမွန်လှ" သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ပြီး ဘုရားရှင်၏ တရားဒေသနာတော်ကိုကြားနာပြီး ဘုရား ကမ္မဋ္ဌာန်းများကိုလည်း ကျင့်ကြံအားထုတ်လေ့ရှိသည်။ "သုတ်တော်ကောင်း နတ်ကောင်းစောင်မ" ဟူသောစကားအဆိုအရ "စောမွန်လှ" ၏ မြနားဋောင်းတွင် ဓာတ်တော်ကိန်းတော်မူသည်။

သို့ဖြစ်၍ ပုဂံပြည်နန်းတွင်းရှိမိဖုရားကိုယ်လုပ်တော်များတွင် "စောမွန်လှ" သည် ရုပ်အဆင်းသဏ္ဍာန်လှပပြီး ဘုရားတရား ကျင့်ကြံသဖြင့် အနော်ရထာမင်းကြီးသည် "မိဖုရားစောမွန်လှ" ကို အလွန်ချစ်မြတ်နိုးတော်မူ၍ အစစအရာရာ လိုအပ်သည်များကို ဖြည့်ဆည်းပေးတော်မူသည်။

ဤတွင် နန်းတွင်းရှိ ကိုယ်လုပ်တော်မိဖုရားမောင်းမများက မိဖုရား "စောမွန်လှ"အပေါ် မနာလိုစိတ်များဖြစ်ကြသည်။

တညသောအခါ "မိဖုရား စောမွန်လှ" သည် တရားဘာဝနာကျင့်ကြံအားထုတ်နေစဉ်တွင် နားတွင်ပန်ဆင်ထားသော မြနားဋောင်းမှ ဓာတ်တော်ကွန့်မြူးလေသည်။ ထိုသို့ ဓာတ်တော် ကွန့်မြူးသည်ကို ကိုယ်လုပ်တော် မောင်းမများနှင့် အခြွေအရံများမြင်ကြရသည်။

ထိုသို့မြင်သည့်အခါ အနော်ရထာမင်းကြီးသည်-

"စောမွန်လှ" မိဖုရားသည် သာမန်လူမဟုတ်ကြောင်းပါ။ စုန်းကဝေမှော်အတတ်ဖြင့် စုန်းတောက်စားကြောင်းကို တွေ့မြင်ရပါသည်ဘုရား" ဟုဂုံးချောစကားလျှောက်တင်ကြသည်။

"စောမွန်လှ" အပေါ်ကိုယ်လုပ်တော်မိဖုရားငယ်တို့ မနာလိုစိတ်ဖြင့် လိမ်ညာဂုံးချောလျှောက်တင်စကားကို "အနော်ရထာမင်း"ကြားရသည့်အခါ ယုံကြည်တော်မူပြီး မိဖုရား "စောမွန်လှ"အား ပုဂံရွှေမြို့တော်မှ မောဝ်ရှမ်းပြည်သို့ပြန်ရန် ပြည်နှင်အဏ်ပေးတော်မူသည်။

ဤတွင် "မိဖုရား စောမွန်လှ" သည် အနော်ရထာမင်းကြီးမှ မင်းပြစ်မင်းအဏ်ပေးကာ ပုဂံပြည်မှပြည်နှင်အဏ်ပေးသောကြောင့် "စောမွန်လှ" သည် ပုဂံနေပြည်တော်မှထွက်ခွာ၍ မောဝ်ရှမ်းပြည်သို့ပြန်တော့သည်။

"စောမွန်လှ" သည် ပုဂံနေပြည်တော်မှ ထွက်လာခဲ့ရာ ခရီးလမ်းတွင် ညောင်ဦးရွာ၊ ညဥ့်ရွာ၊ ပလင်းရွာ၊ လက်ဇာတ်ရွာ၊ တုရှင်းတောင်ရွာ၊ ဂဝံပတိမြို့သစ်၊ စခန်းမ၊ ကျွန်းတောရွာများကို နောက်ပါအခြွေအရံအနည်းငယ်ဖြင့် ခရီးလျှောက်လှမ်း၍ ၉ မြစ်ငယ်မြစ်ကိုကျော်ဖြတ်လာရာ မန္တလေးမြို့ အောင်ပင်





လယ်တောင်ဘက်သို့ရောက်သော် "စောမွန်လှ" ၏ ပုခုံးတွင် ခြုံလွှမ်းထားသော "မြတဘက်" ကျရာ၊ ထိုနေရာတွင် "တဘက်ကျဘုရား"ခေတ်ရှိသည်။

"စောမွန်လှ" သည် "တဘက်ကျဘုရား" မှ ရှေ့ရှုရှု (ယခုမန္တလေးမြို့မှ မေမြို့သို့သွားသောကားလမ်း)သို့ခရီးဆက်သွားရာ သင်ပန်းတောရွာ၊ သံပုရာခြံ၊ သဇင်ပန်းရွာ၊ လက်ကောက်ကျရွာ၊ ကျောက်မီးရွာများကိုကျော်ဖြတ်သွားရာ ထုံးဘိုရွာမရောက်မီ "ပန်းချောင်း" အတွင်းဆင်းပြီး သွားရာ "စောမွန်လှ" ပန်ထားသောနားမှ "မြနားဒောင်း" ကျွတ်၍ ရေထဲကျလေသည်။ ချောင်းရေတွင် ကျနေသော မြနားဒောင်းမှာ ရောင်ခြည်တော်ကွန့်မြူးကာ ရောင်ခြည်တော်တို့သည် အထက်ကောင်းကင်ဆီသို့တိုင် ကွန့်မြူးနေရာ စာသူငယ်များသည် ပျံ့ဝဲကာ အော်သံများဖြင့် ပျော်ရွှင်နေကြသည်။ ခဏမျှကြာသော် "စောမွန်လှ" သည် မိမိမြနားဒောင်းကိုပြန်လည်ရရှိသည်။

*(ရှေးယခင်က "ပန်းချောင်း" တွင် "စောမွန်လှ" နားဒောင်းကျခဲ့ရာချောင်းဖြစ်လို့ ယခုခေတ်တွင် နားဒောင်းကျချောင်းဟုခေါ်ကြသည်။)

"စောမွန်လှ" သည်"ပန်းရှောင်း" မှဖြတ်ကျော်ပြီး ရှေ့သို့ ခရီးဆက်ခဲ့ရာ ထုံးဘိုရွာ၊ အုန်းချောရွာသို့ရောက်သည့်အခါ ရှေ့ရွာသည် "ကျောက်ချောရွာ" တောင်ခြေရင်း၌ရှိသည်။ (ပေမြို့သို့သွားသောလမ်း) ကျောက်ချောရွာ ဆီသို့ဆက်မသွား တော့ဘဲ "စောမွန်လှ" သည် "အုန်းချောရွာ"၏ တောင်ဘက် လမ်းမှ တောင်ဘက်ရှုးရှုး ဒုဋ္ဌဝတီမြစ်သို့လျှောက်လှမ်းသွား တော့သည်။ "စောမွန်လှ" ထိုဒုဋ္ဌဝတီမြစ်အနောက်ဘက်စခန်း ချနားနေတော်မူသည်။

ထိုသို့ခိုနားနေစဉ် "စောမွန်လှ" သည် ဒုဋ္ဌဝတီမြစ်ကမ်း တွင် ဘုရားစေတီငယ်တစ်ဆူတည်ပြီး၊ မိမိနားတွင် ပန်ဆင် ထားသော မြနားရွှေင်းကိုဌာပနာသွင်း ကိုးကွယ်တော်မူသည်။ စေတီတော်၏မုခ်ဦးသည်မြောက်ဘက် "မောဝ်ရှမ်းပြည်"သို့ လှည့်၍ ထားသည်။

ဘုရားဘွဲ့တော်ကို "ရွှေစာပုံဘုရား" ဟူ၍ဘွဲ့တော်သတ် မှတ်၍ ဘွဲ့တော်တင်လှူသည်။

*(ယခုခေတ်တွင် "ရွှေစာရံဘုရား" ဟူ၍ခေါ်ကြပါသည်)

မိဖုရား "စောမွန်လှ" ဘုရားတည်သည်ကို အနော်ရထာ မင်း သတင်းစကားကြားရသည့်အခါ မင်းမှုထမ်းတစ်ယောက်ကို





ခေါ်တော်မူပြီး -

"မောင်မင်း မိဖုရား စောမွန်လှတည်သည့်ဘုရား စေတီ မုခ်ဦးဟာ မည်သည့်ပြည်သို့လှည့်ထားသည်ကိုကြည့်ပြီး ပြန်လည်သံတော်ဦးတင်လေ" ဟုမိန့်တော်မူခိုင်းစေတော်မူသည်။

မင်းမှုထမ်းလည်း မင်းကြီးအမိန့်ဖြင့် "စောမွန်လှ" ရှိရာ ရွှေစာရံဘုရားသို့သွားတော့သည်။ ပုဂံပြည်မှ မင်းမှုထမ်းသည် "ရွှေစာရံဘုရား" သို့ရောက်သည့်အခါ အနော်ရထာမင်းသည် ဘုန်းတန်ခိုးအာဏာကြီးသည်ကို သိထားသော "စောမွန်လှ" သည် မိမိမြတ်ဘက်ဖြင့် ဘုရားမုခ်ပေါက်ကို ရစ်ပတ်တာ သစ္စာအဓိဋ္ဌာန်ပြု၍ ပုဂံပြည်ဘက်ဆီသို့ ဘုရားမုခ်ပေါက်ကိုလှည့် လိုက်သည်။ "စောမွန်လှ" ၏ သီလ သမာဓိအစွမ်းဖြင့် ဘုရားစေတီတော်၏ မုခ်ပေါက်သည် မောဝ်ရှမ်းပြည်သို့လှည့် ထားရာမှ ပုဂံပြည်ဘက်သို့ပြန်လည်၍လှည့်နေတော့သည်။

မင်းမှုထမ်းသည် "စောမွန်လှ" တည်ထားသော ဘုရား စေတီမုခ်ပေါက်သည် ပုဂံပြည်ဘက်ဆီသို့လှည့်ထားသည် သိရှိရ၍ ပုဂံပြည်ပြန်ပြီး အနော်ရထာမင်းအား -

"မှန်လှပါ၊ မိဖုရား စောမွန်လှ တည်သော ဘုရားစေတီ တော်မုခ်ပေါက်သည် အရှင်မင်းကြီး၏နန်းစံရာ ပုဂံပြည်ဘက်သို့

လှည့်ထားကြောင်းပါအရှင်မင်းကြီး” ဟုလျှောက်တင်သည်။

*(မူလတည်သော ဘုရားစေတီ၏ ဉာဏ်တော်အမြင့်ပေမှာ (၆)ပေခန့်အရှည် စေတီငယ်ဖြစ်၍ မြေတာဘက်နှင့် ပတ်၍ရသည်။ သခုမျက်မှောက်တွင်ဖူးမြော်ကြရသော စေတီတော်ကြီးမဟုတ်ပါ)

ရွှေစာရံဘုရားတည်ထားသည်ကို အနော်ရထာမင်းသိရှိတော်မူ၍ မြန်မာသက္ကရာဇ် (၄၁၆) ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၀)ရက်နေ့တွင် မိဖုရား စောမွန်လှတည်ထားကိုးကွယ်ထားသော ရွှေစာရံဘုရားကို မူလဉာဏ်တော်ကို ပြုပြင်ကာ ဉာဏ်တော်မြင့်၍ ထပ်မံတည်သည်။ ဘုရားဝန်းကျင်၊ ဘုရားဝတ္တကမြေတာ (၁၀၀၀) ကျော်ကို လှူဒါန်းတော်မူသည်။

မြန်မာသက္ကရာဇ် (၄၈၅) ခုနှစ်၊ ကျန်စစ်သားမင်းကြီး၏သားတော် ၊ အနော်ရထာမင်းကြီး၏ “မြေးတော် အလောင်းစည်သူမင်း” သည် ရွှေစာရံဘုရား သင်ပုတ်ဝက်ဖြစ်စေသော အရှေ့လားသော် သမ္မရာချောင်း (ယခု သမ္မရာခြံများရှိသည်) တောင်လားသော် “မြစ်ငယ်မြစ်၊ မြောက်လားသော် နကဲ့ချောင်း” စသည်တို့ကိုနယ်မြေသတ်မှတ်သည်။ အတွင်းမြေကို ရွာနှင့်တကွ လှူဒါန်းတော်မူသည်။

ထို့နောက် “ရွှေစာရံ” ဘုရားနှင့်ပတ်သက်၍ ဝတ်သိမ်းဝတ်ချက်၊ စေတီတော်တံမြက်လှည်းသုတ်သင်ရန် ကျွန်ပေါင်း





နှင့် အိမ်ခြေ (၅၀) ကို ဘုရားကျွန်အဖြစ်လှူတော်မူသည်။

ပုဂံခေတ်မင်းဆက်မှ ဒုတိယ အင်းဝမင်းဆက်အထိ မြန်မာသက္ကရာဇ် (၇၈၈) ခုနှစ် အင်းဝမြို့ ထီးနန်းစံ မိုးညှင်းမင်းတရားလက်ထက် “စောမွန်လှ” ကောင်းမှု ရွှေစာရံဘုရားကို ဉာဏ်တော်သံတော် (၃၀)ခန့်အထိ အမြင့်ထားကာ မွမ်းမံပြုပြင်၍ တည်တော်မူသည်။

မြန်မာသက္ကရာဇ် (၁၁၃၈) ခုနှစ် အမရပူရမြို့ ထီးနန်းစံ စဉ့်ကူးမင်းလက်ထက်တွင် စဉ့်ကူးမင်း၏မယ်တော် မိဖုရားခေါင်ကြီးမှ “စောမွန်လှ” ၏ ရွှေစာရံဘုရားကို ထပ်မံမွမ်းမံပြုပြင်၍ ထီးတော်တင်လှူပြီး စေတီတော်ကို ရွှေအပြည့်ချလှူဒါန်းတော်မူသည်။

ရှေးစကားစာဆိုအရ “အရှေ့ ရွှေစာရံ၊ ပုဂံအနောက် တောင်မြောက်ရင်မြော၊ သီဟတော” ဟု ကျော် (၄)ဆူဘုရားတရင်းတွင် “ရွှေစာရံဘုရား” တစ်ဆူပါဝင်သည်။

ပုဂံခေတ်ကာလမှ မိဖုရား စောမွန်လှတည်ထားကိုးကွယ်ခဲ့သည့် “ရွှေစာရံဘုရား” ဝါတော် သက်တမ်းနှစ်ပေါင်း (၉၀၀) ကျော်ရှိပြီဖြစ်၍ ရှေးဟောင်းသမိုင်းဝင်ဘုရားတစ်ဆူဖြစ်ပါသည်။

×××××

# အမြရကန်
# (ဥယျာဉ်သည်သမီး)

မြန်မာသက္ကရာဇ် (၅၃၆) ခုနှစ်၊ (အေဒီ ၁၁၇၄-၁၂၁၁) ခုနှစ်တွင် "နရပတိစည်သူမင်း"သည် ပုဂံပြည်နန်းတက်စိုးစံသည်။ ထိုသို့ စိုးစံရသည့်အကြောင်းမှာ နောင်တော် "မင်းယဉ်နရသိင်္ခ" ကိုလုပ်ကြံ၍ နောင်တော်ကိုနန်းချပြီး ညီတော် "နရပတိစည်သူမင်း" ပုဂံပြည်နန်းတက်ထီးနန်းစံတော်မူသည်။

"ပုဂံပြည့်ရှင်" "နရပတိစည်သူမင်း" သည် ခရစ်နှစ် (၁၁၅၀) ခုနှစ်၊ အောက်တိုဘာလ (၈) ရက်နေ့တွင် "နရသူမင်း" နှင့် မြောက်နန်းမိဖုရားတို့မှဖွားမြင်သည်။

"နရပတိစည်သူမင်း" သည် ဥယျာဉ်သည်သမီး "အမြရကန်" ကို မိဖုရားအရာတင်မြှောက်တော်မူသည်။ (အမြရကန်သည် လင်သေမုဆိုးမဖြစ်သည်။)





"နရပတိစည်သူမင်း" နှင့် မိဖုရား "အမြရကန်" (ဥယျာဉ်သည်သမီး)တို့မှ သားတော် "ဇေယျသိင်္ခ" ကိုဖွားမြင်တော်မူသည်။

"ဇေယျသိင်္ခမင်းသား" သည် လူအများအား နှစ်လိုဖွယ်သော စကားကိုပြောဆိုတတ်ပြီး နူးညံ့သိမ်မွေ့သော အမူအကျင့်ရှိသည်။ မင်းသားတို့တတ်အပ်သော အတတ်ရသ (၁၈) ရပ်တို့ကိုလည်း တတ်မြောက်ပြည့်စုံသည်။

တနေ့သောအခါ နရပတိစည်သူမင်းသည် လက်ညှိုးတော်တွင် ခူနာပေါက်၍ "ခူနာ" မှာပြည်တည်၍ ပြင်းထန်စွာကိုက်ခဲမှုကို နာကျင်စွာခံစားလျက်ရှိနေလေသည်။ မင်းကြီး၏ခူနာ ဝေဒနာသည် လက်ညှိုးတွင် ပေါက်နေရာ "ဇေယျသိင်္ခမင်းသား" ၏မယ်တော် မြောက်နန်းမိဖုရား "အမြရကန်" သည် မိမိအာခံတွင်းဖြင့် "ခူနာ" ကိုငုံပေးထားလေသည်။ ထိုသို့ အာခံတွင်း၌ငုံထားစဉ် အာငွေ့ဖြင့် မင်းကြီး၏လက်ညှိုးတွင်ပေါက်၍ပြည်တည်နေသော လက်ညှိုးမှပြည်ပေါက်လေသည်။

ထိုသို့ "ခူနာ" မှပြည်ပေါက်သော အနာပြည်ကို ထွေးထုတ်လျှင် "နရပတိစည်သူမင်း" အိပ်စက်ရာမှ နိုးတော်မူမည်ကို

ဝိုးရိပ်တော်မူ၍ မြောက်နန်းမိဖုရား "အမြရကာန်" သည် သွေးပြည်ပုပ်ကို အပြင်သို့ထွေးမထုတ်ဘဲ မျိုချလိုက်လေသည်။ ထိုအပြုအမူကို မင်းကြီး သိတော်မူလျှင်

"ဒိဒိအပေါ်တွင် ဥယျာဉ်သည်သမီး အမြရကာန် မိဖုရားသည် ၎င်းအပေါ် ချစ်ခင်ကြင်နာကြီးမားသူဖြစ်ချေသည်။ သူ့ကျေးဇူး ကားကြီးပေစွ" ဟု အမှတ်ထားလေသည်။

ဤတွင် ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီးသည် မြောက်နန်းမိဖုရား အမြရကာန် (ဥယျာဉ်သည်သမီး)အား

"သင်လိုသောဆုကိုတောင်းလေ၊ ငါပေးတော်မူမည်" ဟုမိန့်တော်မူသည်။

ထိုသို့ နရပတိစည်သူမင်းကြီးမေးတော်မူရာ မြောက်နန်းမိဖုရား အမြရကာန်သည် မင်းကြီးအား

"မှန်လှပါဘုရား။ သားတော် ဇေယျသိမ် ကိုထီးမွေနန်းမွေ ပေးသနားတော်မူပါဘုရား" ဟုသားတော်အတွက် ထီးမွေနန်းမွေတောင်းလေသည်။

ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီးသည် "ကတိ" ပေးထားသည့်အတိုင်း ကတိကို ပယ်ဖျက်ခြင်းမပြုဘဲ ဇေယျသိမ်မင်းသားကို ပုဂံထီးမွေနန်းလျာသတ်မှတ်ပေးအပ်ချီးမြှင့်တော်မူသည်။





ထိုအချိန်တွင် "အမြရကာန်" မြောက်နန်းမိဖုရား၏ သားတော် "ဇေယျသိမ်မင်းသား" အသက် (၁၂) နှစ်အရွယ်တော်မျှသာ ရှိသေးသည်။ ထိုစဉ်က နရပတိစည်သူမင်းကြီး၏ "ဝေဠုဝတီ မိဖုရားခေါင်ကြီး" မှာလည်း ကွယ်လွန်သွားသည်။ ဝေဠုဝတီ မိဖုရားခေါင်ကြီးမှာ သားတော် ဇေယျသူရ ကျန်ရစ်သည်။ ဇေယျသူရသည် ဇေယျသိမ်မင်းသားထက် အသက်ကြီးသည်။ ပဒေသရာဇ်စနစ်အရ ဆိုသော် နရပတိစည်သူမင်းကြီး နတ်ရွာစံတော်မူလျှင် ထုံးတမ်းစဉ်လာအရဆိုလျှင် သားတော်ကြီး ဇေယျသူရသာလျှင် ဘုရင်ဖြစ်ရပါမည်။

သို့ရာတွင် ဇေယျသိမ်မင်းသားအရွယ်ရောက်သော် (ဥယျာဉ်သည်သမီး) အမြရကာန် မိဖုရားသည် မင်းကြီးမှ လိုရာဆုကို တောင်းပေးမည်ဟု ကတိပေး၍ သားတော် ဇေယျသိမ်အတွက် တောင်းခြင်းဖြစ်သည်။ နရပတိမင်းကြီးလည်း မြောက်နန်းစံ "အမြရကာန်" မိဖုရားကျေးဇူးကြီးမားတော်မူ၍ "ဇေယျသိမ်" မင်းသားကို ထီးမွေနန်းမွေပေးအပ်ခြင်းဖြစ်သည်။

ရှေးဘုရင်တို့ နန်းဓလေ့အရ (ဥယျာဉ်သည်သမီး) "အမြရကာန်" ကိုယ်လုပ်တော် မိဖုရား၏သားတော် "ဇေယျသိမ်" အထက် မင်းကြီးတွင် သားတော် (၄) ပါးရှိသည်။

အငယ်ဆုံးသားတော်ကို နန်းပေးရန်အတွက် မင်းကြီးသည် သားတော်။(၄)ပါးတို့ကိုနန်းတွင်း ခန်းမဆောင်သို့ခေါ်ယူလိုက်သည်။

ထိုသို့ခေါ်ယူပြီး ခန်းမဆောင်အလယ်တွင် ထီးဖြူတစ်လက်စိုက်ထူထားပြီး သားတော် (၄) ပါးကို ထီးဖြူကိုဝိုင်းပတ်ထိုင်စေသည်။ ဤတွင် နရပတိစည်သူမင်းကြီးသည် ထီးဖြူတော်၏ထီးရိုးကိုကိုင်လျက် –

"ထီးနန်းအမွေဆက်ခံထိုက်သူထံ ထီးဖြူတော်ညွတ်စေသတည်း" ဟု အဓိဋ္ဌာန်ပြုကိုင်တည်ရာ ထီးဖြူတော်သည် သားတော် အငယ်ဆုံး ဇေယျသိင်္ခမင်းသားဘက်သို့ ညွတ်ကျလေ၏။

ထိုသို့ ထီးဖြူတော်ညွတ်၍ ပုဂံပြည်မင်းပြုထိုက်သူ ဖြစ်သောကြောင့် "ဇေယျသိင်္ခ" ဟူသောမူလနာမည်ပျောက်၍ "ထီးလိုမင်းလို" ဟုအမည်တွင်ခဲ့သည်။

ဥယျာဉ်သည်သမီး "အမြဲရကန်" ၏ သားတော် ဇေယျသိင်္ခ အမည်ပျောက်၍ ထီးလိုမင်းလို အမည်ဖြင့်ပုဂံပြည်နန်းတက် ထီးနန်းစံသည်။ ပုဂံပြည်ထီးနန်းစံသည့်အခါ ပုဂံပြည်၌ ဘုရားတစ်ဆူတည်တော်မူပြီး ဘုရားဘွဲ့တော်ကို "ထီးလိုမင်းလို"





ဘုရားဟူ၍ဘွဲ့တော်သတ်မှတ်တင်၍ ကိုးကွယ်တော်မူသည်။ "ထီးလိုမင်းလို" ဘုရားသည် "ဝက်ကြီးအင်းရွာ"နှင့် ပုဂံမြို့တောင်းကြားတွင် သပ္ပါယ်စွာတည်ရှိပါသည်။

"ပုဂံပြည့်ရှင်" "ထီးလိုမင်းလို" မင်း၏ ပယ်တော် ဥယျာဉ်သည်သမီး " အမြဲရကန်" မြောက်နန်းစံမိဖုရား၏ မွေးရပ်ဇာတိမြေသည် စစ်ကိုင်းတိုင်း မုံရွာခရိုင် ယခင်ပန်းချိဝိုက်နယ် အပါအဝင် "ဆားလင်းကြီး" မြို့နယ် "တရော်ရွာ" ဇာတိဖြစ်သည်။

မင်းမျိုးအနွယ်မဟုတ်သော ထီးရိပ်နန်းရိပ်နှင့် ဝေးသည့် ဥယျာဉ်သည်သမီး "အမြဲရကန်" သည် ရုပ်အဆင်းအင်္ဂါနှင့်လှပတင့်တယ်ပြည့်စုံပြီး ဉာဏ်ပညာမှာလည်းထက်မြက်သဖြင့် ပုဂံပြည့်ရှင် နရပတိစည်သူမင်း သည် ချစ်မြတ်နိုး၍ ကောက်ယူသိမ်းပိုက်တော်မူသည်။ ထိုသို့ကောက်ယူတော်မူပြီး "အမြဲရကန်" (ဥယျာဉ်သည်သမီး) အား နရပတိစည်သူမင်းကြီးမှ မြောက်နန်းစံမိဖုရားအရာပေး၍ မိဖုရားတင်မြှောက်တော်မူသည်။

ဥယျာဉ်သည်သမီး "အမြဲရကန်" သည် မင်းမျိုးမဟုတ်၍ မိဖုရားခေါင်ကြီးအရာကိုတင်မြှောက်၍ မရပေ။ သာမန်အရပ်သူ

ဖြစ်၍ မြောက်နန်းစံကိုယ်လုပ်တော်မိဖုရားအရာသာ တင်မြှောက်ခြင်းဖြစ်သည်။ မိဖုရားခေါင်ကြီးအရာမရရှိသော်လည်း နန်းရ (၄) ပါး "မြောက်နန်းစံ" "အမြရကန်" မိဖုရားသည်လည်း အာဏာရှိသည်။ နန်းရမိဖုရားသည် အဆောင်ရမိဖုရား (၄) ပါးတို့ထက်အာဏာရှိသည်။

ပုဂံပြည့်ရှင် "နရပတိစည်သူမင်းကြီး" သည် မိဖုရားအရာ တင်မြှောက်တော်မူပြီး ဥယျာဉ်သည် သမီး "အမြရကန်" အား "ပဒုမကျုင်မိဖုရား" ဟူ၍ဘွဲ့အမည်ပေးတော်မူသည်။

ဥယျာဉ်သည် သမီး "အမြရကန်" မြောက်နန်းစံမိဖုရားသည် မိမိမွေးရပ်မြေဇာတိဖြစ်သော "ကရားရွာ" တွင် ဘုရားစေတီတစ်ဆူတည်ထားကိုးကွယ်ခဲ့သည်။ ဘုရားဘွဲ့တော်ကို "ရှင်မနန်းတောင်း" ဘုရားဟုခေါ်ကြသည်။ "ရှင်မနန်းတောင်း ဘုရားသို့သွားရန်လမ်းခရီးစဉ်မှာ "ပခုက္ကူမြို့" မှ "ကျုံးတက် ရွာ" သို့သွားသော မော်တော်ကားလမ်း ယမားချောင်း ကိုဖြတ်ကျော်ပြီးလျှင် အရှေ့သို့ (၁) မိုင်ခန့်သွားလျှင်ရောက်ပါသည်။

"ထီးလိုမင်းလိုမင်း" သည် ဇေယျသိင်္ခ၊ ဥဇနာ၊ နန်းတောင်းများ၊ ဇေယျစည်သူ၊ ထီးလို မင်းလို၊ အမည် (၅)မျိုးတို့ဖြင့် ကျော်ကြား၏။





သာမန်အရပ်သူ "ဥယျာဉ်သည် သမီး "အမြရကန်" သည် ပုဂံပြည့်ရှင် နရပတိစည်သူမင်းကြီး၏ ထီးရိပ်နန်းရိပ် အောက်က မြောက်နန်းစံမဟေသီတစ်ပါးဖြစ်လာခဲ့သည်။

ဥယျာဉ်သည် သမီး "အမြရကန်" ၏ သားတော်မှာ ပုဂံပြည့်ရှင် ထီးလိုမင်းလိုမင်း၏သားတော်တစ်ပါးဖြစ်သည်။

×××××

# အပယ်ရတနာ

မြန်မာသက္ကရာဇ် (၄၀၆)ခုနှစ် (အေဒီ ၁၀၄၄) တွင် အနော်ရထာမင်း၊ ပုဂံပြည်နန်းတက်ထီးနန်းစံတော်မူသည်။ သားတော် ကျန်စစ်သားအား ဧတ္တရှူး၊ လုံးလက်ဇယ်၊ ညောင်ဦးဖီး၊ လှူစွမ်းကောင်း (၃)ယောက်တို့နှင့် အတူနေစေသည်။ မင်းကြီးသည် သားတော် ကျန်စစ်သားအား သူ့ရဲကောင်းအရာထားသည်။ ကျန်စစ်သားသည် သံပဏိဝိဘ်မာတ်ဖြင့် ခမည်းတော် အနော်ရထာမင်းကြီးစေခိုင်းသမျှ အရာရာတိုင်းအောင်မြင်ခဲ့၍ ခမည်းတော်မင်းသည် သားတော် ကျန်စစ်သားကို အားကိုးတော်မူသည်။

တနေ့သောအခါ ဥဿာပဲခူးမင်းမှ ပုဂံပြည့်ရှင်အနော်ရထာ





မင်းကြီးထံ သမီးတော် မဏိစန္ဒာအား မင်းကိုဆက်သရာ အနော်ရထာမင်းကြီးခိုင်းစေတော်မူ၍ ကျန်စစ်သားသည် ဥဿာပဲခူးသွား၍ "မဏိစန္ဒာ" မင်းသမီးအား လှူစွမ်းကောင်း (၃) ယောက်တို့နှင့် သွားရောက်ခေါ်ဆောင် လာကြသည်။

ထိုသို့အောက်ပြည်အေသ ဥဿာပဲခူးသည် ပုဂံပြည်နှင့် ခရီးအလွန်ဝေးကွာသည်။ ထိုသို့ဝေးသဖြင့် တနေ့ခရီးဖြင့် ပုဂံပြည်သို့မရောက်နိုင်သဖြင့် "မဏိစန္ဒာမင်းသမီး" ကိုဥဿာ ပဲခူးမှ ခေါ်ဆောင်လာခဲ့ရာ လမ်းတလျှောက် ကျန်စစ်သား၊ ဧတ္တရှူး၊ လုံးလက်ဇယ်၊ ညောင်ဦးဖီးတို့ အလှည့်ကျဖြင့် "မဏိစန္ဒာ" မင်းသမီးကို စောင့်ကြပ်ခေါ်ဆောင်လာကြသည်။

ကျန်စစ်သားစောင့်ကြပ်ရမည့်အလှည့်သို့ရောက်လျှင် ကျန်စစ်သားသည် "မဏိစန္ဒာ" မင်းသမီးအနီးတွင်ကပ်၍ စောင့်ရှောက်လိုက်ပါသည်။ ထိုစဉ် "မဏိစန္ဒာ" မင်းသမီးသည် ကျန်စစ်သားကို အနီးကပ်တွေ့ရသည့်အခါ ကျန်စစ်သား အပေါ် ချစ်ခင်စွဲလန်းစိတ်ဖြစ်ပေါ်သည်။ ကျန်စစ်သားလည်း "မဏိစန္ဒာ" မင်းသမီးအပေါ် မေတ္တာသက်ဝင်သဖြင့် ကျန်စစ်သားနှင့် "မဏိစန္ဒာ" မင်းသမီးတို့နှစ်ဦးမှာ ပုဂံပြည်သို့ အပြန်လမ်းခရီးတလျှောက်ချစ်မေတ္တာဖြင့် ကြည်နူးကြသည်။

ထိုသို့လာရာ မကြာမီအချိန်တွင် ကျွန်ပစ်သားနှင့် မဏိစန္ဒာမင်းသမီး လူစွမ်းကောင်း (၃)ယောက်တို့ ပုဂံနေပြည်တော်သို့ရောက်ကြသည့်အခါ အနော်ရထာမင်းကြီးထံ "မဏိစန္ဒာ" အား ဆက်သလိုက်၏။ ဆက်သသည့်အခါ မဏိစန္ဒာ မင်းသမီးကို ပုဂံပြည်သို့ ခေါ်ဆောင်လာစဉ် လမ်းခရီးတွင် ကျွန်စစ်သားနှင့် မဏိစန္ဒာမင်းသမီးတို့ ချစ်မေတ္တာမျှခဲ့သည့် အကြောင်းကို မင်းကြီးထံလျှောက်တော်မူသည်။

လျှောက်တင်စကားကိုကြားရလျှင် အနော်ရထာမင်းကြီးသည် အမျက်ဒေါသထွက်ပြီး ကျွန်စစ်သားကို နန်းတိုင်တွင် နောင်ကြိုးဖြင့် ချည်နှောင်ထားလိုက်ပြီး ကျွန်စစ်သားကို အရိန္ဒမာလှံဖြင့် ထိုးလိုက်သည်။ ထိုသို့ထိုးရာ လှံသွားသည် နောင်ကြိုးကိုထိုးစိုက်သဖြင့် နောင်ကြိုးပြတ်သွားလေသည်။ နောင်ကြိုးပြတ်သည့်အခါ ကျနေသော မင်းကြီး၏ အရိန္ဒမာလှံကို ကောက်ယူပြီး ခမည်းတော်မင်းပြစ်မှ လွတ်အောင် ပုဂံပြည်မှ ထွက်ပြေးတိမ်းရှောင်နေရတော့သည်။

ထိုသို့မင်းပြစ်ဒဏ်ဘေးမှလွတ်အောင် ဧရာဝတီမြစ်ကြောင်းအထက်သို့ပြေးရသည်။ ပြေးရာလမ်းမှာ ခမည်းတော် အနော်ရထာမင်း၏ ဖွမ်းကုလားစစ်သားတို့နောက်မှ လိုက်လံဖမ်း





ကြသည်ကို အသက်စွန့်၍ပြေးသွားရာ ချင်းတွင်းမြစ်ကမ်းဘေးရှိ အမြင့်ရွာရှိ မြေတွင်းမှာပုန်းအောင်းနေလိုက်သည်။ ထိုမှတဆင့် ပရိမ္မရွာဆီသို့ထွက်ပြေးရာ ပရိမ္မရွာသူကြီး သမီးအပယ်ရတနာနှင့်တွေ့ဆုံကာ မေတ္တာသက်ဝင်ကြရာ "အပယ်ရတနာ" သည် ကျွန်စစ်သားအားစားနပ်ရိက္ခာတို့ကို လျှို့ဝှက်တွေ့ဆုံ၍ ကျွေးမွေး လေ့ရှိသည်။ (ပရိမ္မရွာသည် ကျွန်စစ်သားမွေးဖွားရာဇာတိဖြစ်သည်)

ထိုစဉ်ကာလ ခရစ်နှစ် (၁၀၇၇) ခုနှစ် ဧပြီလ (၁၁) ရက်နေ့တွင် သက်တော် (၆၃) နှစ်အရွယ်တော် "အနော်ရထာမင်းကြီး" နတ်ရွာစံတော်မူသည်။

အနော်ရထာမင်းကြီးနတ်ရွာစံသော် သားတော် "စောလူးမင်း" သည် မြန်မာသက္ကရာဇ် (၄၃၉)· ခုနှစ်တွင် မင်းဖြစ်သည်။ ပုဂံပြည်နန်းတက်တီးနန်းစံသည်။ ထိုနန်းတက်ချိန်တချိန် ကြွေအံ့ကစားစဉ်က ရန်ငြိုးထားရှိခဲ့သော ငရမန် နန်းလု လုပ်ကြ၍ "ငရမန်" လက်ချက်နှင့် စောလူမင်းနတ်ရွာစံသည်။

"စောလူးမင်း" ကိုစစ်အနိုင်ရသော ငရမန်သည် ပုဂံပြည်ပြန်လာစဉ် ပုဂံပြည်မှူးမတ်တို့က ငရမန်အား

"အရှင် ပုဂံမင်းဆက်၊ ကျွန်စစ်သားတစ်ပါး ကျန်ရှိနေပါ

သေးတယ်၊ ကျန်စစ်သားကို နိုင်အောင်စစ်ပြိုင်ပါ၊ အောင်နိုင်ပါက ပုဂံပြည် နန်းတက်တော်မူပါ" ဟုပြောဆိုပြီး စန်းမြို့ရိုးကိုနိုင်လုံစွာပိတ်ထားလိုက်သည်။

ထိုစဉ်က မှူးမတ်တို့က ခမည်းတော်မင်းဒဏ်မှထွက်ပြေးသွားသော ကျန်စစ်သား ကို ခေါ်တော်မူပါဟုတိုက်တွန်းစကားကြောင့် "စောလူးမင်း" သည် ကျန်စစ်သားကို ပုဂံနေပြည်တော်သို့ခေါ်ယူလေသည်။ ရေမန်စစ်တပ်ကို စောလူးမင်းနှင့်အတူ ကျန်စစ်သားပါလိုက်ပါ၍ ရေနံမန် စစ်တပ်အတွင်းသို့ ညဉ့်အချိန်ဝင်တိုက်ရာ "စောလူးမင်း" ကို ရေမန်စစ်တပ်မှ ဖမ်းဆီးမိ၍ ချုပ်နှောင်ထားရာ ကျန်စစ်သားသည် ရေမန်စစ်တပ်မှ လွတ်အောင်ထွက်ပြေးရသည်။ ထိုသို့ပြေးရာတွင် စောလူးမင်းကိုကယ်ဆယ်ရန် ရေမန်စစ်တပ်အတွင်းဝင်ရောက်ပြီး စောလူးမင်းကို ပုခုံးပေါ်တွင်တင်၍ ထမ်းခေါ်ရာ စောလူးမင်း သည် ကျန်စစ်သားအပေါ်နန်းလုမည်ဟုအထင်လွဲ၍

"ကျန်စစ်သား ငါ့ကိုသတ်ရန်ခေါ်နေတယ်" ဟုအသံကျယ်လောင်စွာဖြင့်အော်ဟစ်လေသည်။ စောလူးမင်းအော်သံကြားရသည့် ရေမန်နှင့် စစ်သည်များလာကြစဉ် ကျန်စစ်သားသည် စောလူးမင်းအား





"မင်းဆိုး မင်းညစ် ရန်သူ့လက်မှာသေပေတော့" ဟုပြောဆိုကာ ပုခုံးပေါ်တွင်ထမ်းထားသော စောလူးမင်းကို မြေသို့ပစ်ချပြီး ထွက်ပြေးလေသည်။ ဤတွင် ရေမန်သည် စောလူးမင်းကို ဓားဖြင့်ခုတ်သတ်လိုက်လေသည်။

*(ထိုအချိန် ပုဂံပြည် ၂နှစ်မင်းလပ်၏)

ကျန်စစ်သားသည် ပုဂံပြည်တွင် ရေမန်တပ်စွဲထားသဖြင့် ပုဂံပြည်မှ ဧရာဝတီမြစ်ကြောင်းအတိုင်း ဧရာဝတီမြစ်အရှေ့ဘက်ကမ်း ထီးလှိုင်ကုန်းတွင်ခိုလှုံနေတော်မူ၏။

*(ထီးလှိုင်ရှင်ကုန်းသည် ယခုခေတ်အင်းဝမြို့ နန်းတော်နေရာဟောင်းမြောက်ဘက်တွင်ရှိသည်၊ နန်းမတော်မယ်နုတိုက်အုတ်ကျောင်းတော်ကြီး တည်ဆောက်ထားသည်)

ထို့နောက် မြန်မာသက္ကရာဇ် (၄၄၆) ခုနှစ် (အေဒီ ၁၀၈၄) တွင် ရေမန်နှင့် ကျန်စစ်သားတို့စစ်ပြိုင်တိုက်ခိုက်ကြရာ ရေမန်သည် ကျန်စစ်သားရှိရာ "ထီးလှိုင်ရှင်ကုန်း" သို့ ဧရာဝတီမြစ်ကြောင်းအတိုင်း မြစ်အထက်သို့ဆန်လာစဉ် "ကျန်စစ်သား" တပည့် မုဆိုး ငစွဲမြားချက်သည် ရေမန်၏ မျက်စိမြားတံထိုးစိုက်ကာအသက်သေဆုံး၍ ရေမန်ကို ကျန်စစ်သား စစ်အောင်လေသည်။

*(ထီးလှိုင်ရှင်ကုန်းမှ ကျန်စစ်သားသည် ရန်သူကို စစ်အောင်နိုင်၍ ထီးလှိုင်ရှင် ကျန်စစ်သားဟုခေါ်သည်)

မြန်မာသက္ကရာဇ် (၄၄၆) ခုနှစ် (အေဒီ ၁၀၈၄ -၁၁၁၃) တွင် ပုဂံပြည်မင်းဖြစ်သည်။ နန်းတက်ထီးနန်းစံတော်မူသည်။

"ကျန်စစ်သား" မင်းအဖြစ်သို့ရောက်သည့်အခါ တချိန်က ကျေးဇူးရှိခဲ့ဖူးသော အမျိုးသမီး (၄)ယောက်ကို ပုဂံပြည် မိဖုရားအရာမြှောက်စားတော်မူသည်။

ထိုအမျိုးသမီး (၄)ယောက်မှာ

၁။ အပယ်ရတနာ မိဖုရားတစ်ပါး။

၂။ ဥသာပဲခူး မင်းသမီးခင်ဦးတစ်ပါး။

၃။ ရှင်မထီးတူမ သမ္ဘူလ တစ်ပါး။

၄။ ထီးလှိုင်ရွာသူကြီး သမီး ခင်တန်တစ်ပါး။

ထိုမိဖုရား (၄)ပါးဖြစ်သည်။

ထို (၄)ပါးတွင် ကျန်စစ်သားမင်းကြီးနှင့် အပယ်ရတနာ မိဖုရားမှ သမီးတော် "ရွှေအိမ်သည်" တစ်ပါးဖွားမြင်သည်။ ထီးရိပ်နန်းရိပ်အောက်ရောက်ကြသော မဟေသီဒေဝီမိဖုရား များဖြစ်ကြ၏။

××××



# စောညမှာ

တုတ်ခွန်းသ အင်းဝတည် စကားလက်ာအဆိုအရ မြန်မာ သက္ကရာဇ် (၇၂၆) ခုနှစ်၊ တပေါင်းလဆန်း (၆) ရက်၊ အင်္ဂါနေ့ ညဉ့်သုံး ပဟိုရ်အလွန်တွင် (ခရစ်နှစ် အေဒီ ၁၃၆၅-၁၃၆၇) သတိုးမင်းဖျားသည် အမရပူရအင်းဝမြို့တော်ကို စတင် တည်တော်မူသည်။

မြို့တည်သော အင်းဝမြို့သည် ဒုဋ္ဌဝတီ (ခေါ်) မြစ်ငယ်မြစ် နှင့် ဧရာဝတီမြစ်ဝအဆုံနေရာ၌ တည်ရှိပြီး ယင်းမြစ်နှစ်သွယ် ကို ဆက်၍ဖောက်ထားသော မြစ်သာမြစ်တစ်ဘက်မှ ဝိတ်လျက် ရှိရာ မြို့၏ ပုံသဏ္ဌာန်သည် သုံးမြောင့်သံလျက်ပုံဖြစ်နေသော ကြောင့် "သံလျက်ကျွန်း" ဟုခေါ်သည်။

ထို "သံလျက်ကျွန်း" သည် ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ် တို့ဆုံရာ မြစ်ဝနေရာရှိသောကြောင့် မြို့ကို "အဝမြို့" ဟုခေါ် သည်။ ထို့အပြင် သတိုးမင်းဖျား သည် မြို့တည်စဉ်ကာလတွင်

အင်း (၉)အင်းကို မြေဖို့တည်သောကြောင့် "အင်းဝမြို့" ဟူ၍လည်း ခေါ်ကြသည်။

အင်းဝမြို့တော်တည်ဆောက်ပြီးသည့်အခါ သတိုးမင်းဖျား သည် အင်းဝမြို့နန်းတက်ထီးနန်းစံသည်။ ထီးနန်းစံသည့်အခါ မင်းကြီးစွာစော်ကဲ ၏ နှမတော် စောဥမ္မာသည် သတိုးမင်းဖျား ၏ မိဖုရားခေါင်ဖြစ်လာသည်။

ထိုစဉ် နန်းတက်လာသောအခါ သတိုးမင်းဖျားနှုတ်မှ "ထရိမ်းမစဝ်" ဟုမိန့်တော်မူသည်။ ထိုသို့ မိန့်သော် မှူးမတ် များကြားရလျှင် သတိုးမင်းဖျားသည် အင်းဝမြို့ နန်းတွင် (၃)နှစ်သာမင်းပြုရမည်ဟု ပြောဆိုကြသည်။

သတိုးမင်းဖျားနန်းတက်ချိန် မြန်မာသက္ကရာဇ် (၇၂၇)ခုနှစ် တွင် "ငွေယံတား" "ဘယကျော်သူ" ပုန်ကန်ခြားနားလေသည်။ ထို့အပြင် "စကုမြို့တား" သိင်္ဃသူ သည်လည်းပုန်ကန်ခြားနား လေသည်။

ဤတွင် သတိုးမင်းဖျားသည် ဆင်တပ်၊ မြင်းတပ်၊ ရဲမက် ဗိုလ်ပါ အလုံးအရင်းဖြင့် ရေကြောင်း၊ ကြည်းကြောင်းတို့ဖြင့် "စကုမြို့" သို့ချီတက်တော်မူသည်။

ထိုသို့ချီတက်ရာ ပုဂံမြို့သို့ရောက်လျှင် ရွှေစည်းခုံဘုရား





ရှေ့တော်ကုန်းတွင် တစ်ထောက်နားနေတော်မူပြီး ပုဂံ စောမွန်နစ် ကိုခေါ်လေသည်။ စောမွန်နစ် သည် အခြေအနေကိုသိရှိရန် သူငယ်တစ်ယောက်လွှတ်၍ ကြည့်ခိုင်းသည်။ သူငယ်လည်း သတိုးမင်းဖျား နေထိုင်ပုံကိုကြည့်ပြီးနောက် ရွှေနန်းတော်သို့ အမြန်ပြန်လာကာ စောမွန်နစ်အား

"အရှင်မင်းကြီး သတိုးမင်းဖျားရဲ့ရုပ်အဆင်းပုံသဏ္ဌာန်သည် ခြသေ့်မင်းလိုရဲရင့်လှပါသည်။ မြေကိုခွဲ၍ထွက်လာသော နဂါး လုလင်ကဲ့သို့ တင့်တယ်ခြင်းဖြင့်တူပါသည်" ဟု အကြောင်း စုံ လျှောက်ထားသည်။

ဤတွင် "ပုဂံစောမွန်နစ်" သည် သတိုးမင်းဖျားမယ်သည် ကို လက်ဆောင်ပဏ္ဏာလက်နက်များဆက်သ၍ သစ္စာခံလေ သည်။

သတိုးမင်းဖျားသည် ပုဂံမြို့မှ စကုမြို့သို့ ဆက်လက်ချီ တက်လေသည်။ စကုမြို့သို့ရောက်သည့်အခါ မင်းကြီး၏တပ် မှ မြို့ကိုဝန်းရံကာ လုပ်ကြံကြသည်။ စကုတား သိင်္ဃသူသည် စကုမြို့ကို အခိုင်အလုံကြိုတင်ပြုလုပ်ထားသောကြောင့် သတိုးမင်းဖျား၏တပ်များမှာ တိုက်ခိုက်ရန်မလွယ်ကူ၍ သတိုးမင်းဖျားသည် ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ဘဲ

အင်းဝမြို့သို့ပြန်လာတော့သည်။

ထိုနှစ်မှာပင် ပျဉ်းမနားမြို့နယ် ငွေယ်ကုန်း (လယ်ဝေးရွာ) ရေလွှဲငါးခရိုင်ကို အပိုင်စားရသော "ငွေယ်ကုန်းစား" ဘယကျော်သူနောင့်ယှက်ဖျက်ဆီးပုန်ကန်သည်။ ထိုသို့ သောင်းကျန်းပုန်ကန်ရာ သတိုးမင်းဖျားသည် ဆင်တပ်၊ မြင်းတပ်၊ စစ်သည်ဗိုလ်ပါအလုံးအရင်းဖြင့် ငွေယ်ကုန်းစား ဘယကျော်သူကို တိုက်ခိုက်ရာ အောင်မြင်တော်မူပြီး ငွေယ်ကုန်းစား ဘယကျော်သူကို သတိုးမင်းဖျားကိုယ်တိုင် ကွပ်မျက်၍ အသက်ကို အဆုံးစီရင်လိုက်သည်။

ငွေယ်ကုန်းစား ဘယကျော်သူ အသက်သေဆုံးသည့်အခါ အင်းဝဘုရင် သတိုးမင်းဖျားသည် ငွေယ်ကုန်းစား ဘယကျော်သူ၏ ရုပ်အလောင်းပေါ်တွင် စားတော်စာများတင်ပြီး သတိုးမင်းဖျားသည် ထိုလူသေအလောင်းပေါ်တွင် စားတော်ခေါ်သည်။ လူသေအလောင်း၏ရင်ဘတ်ပေါ်တွင် သတိုးမင်းဖျားစားတော်ခေါ်သည်ကို အနီးတွင် ခစားနေကြသော မှူးမတ်ဗိုလ်ပါတို့ မြင်ကြသည့်အခါ ထိတ်လန့်ကြောက်ရွံ့နေကြသည်။

ဤသို့ဖြင့် သတိုးမင်းဖျားသည် မိမိလက်အောက်ခံမြို့စားများ ပုန်ကန်သောင်းကျန်းသူတို့ကို နှိမ်နင်းတိုက်ခိုက် အောင်မြင်





တော်မူပြီး၊ အင်းဝရွှေမြို့တော်သို့ပြန်လာ၍ နန်းစံတော်မူသည်။ ထိုစဉ် အင်းဝရွှေမြို့တော်တွင်း၌ သောင်းကျန်းနေသူတစ်ယောက် ပေါ်လာပြန်သည်။ ထိုသူသည်ကား "သူခိုးတောက်ပြား" ဖြစ်၏။ သူခိုးတောက်ပြားသည် သတိုးမင်းဖျားအား ကြုံးဝါးလိုက်သည်။

"ငါ့ကို သတိုးမင်းဖျား၊ ဖမ်းနိုင်မှသတ်လို့ရမယ်၊ ဘယ်သူ ငါ့ကိုဖမ်းဝံ့သလဲ၊ ဖမ်းနိုင်ရင်ဖမ်းကြလေ" ဟု ကြုံးဝါးလိုက်သည်။

သူခိုးတောက်ပြား၊ ကြုံးဝါးပြောဆိုသောစကားကို သတိုးမင်းဖျားကြားရသည့်အခါ ဒေါသအမျက်ထွက်တော်မူသည်။ ထိုသို့ဖြင့် "သူခိုးတောက်ပြား" သည် အင်းဝရွှေမြို့တော်တွင် နာမည်ကျော်ကြားသောသူခိုးတစ်ယောက်ဖြစ်သည်။

"သူခိုးတောက်ပြား" သည် သူခိုး မျိုးရိုးမဟုတ်ပါ။ သာမန် အရပ်သားတစ်ယောက်ဖြစ်သည်။ ဖေယျာရွှေပြည်စစ်ကိုင်းမြို့ "ရေဝန်းရပ်" ၌နေထိုင်သည်။ ရေဝန်းရပ်ဇာတိဖြစ်သည်။ နာမည်မှာ "တောက်ပြား" ဟုခေါ်သည်။ တောက်ပြားမှာ မိဘ ဆွေမျိုးသားချင်းဟူ၍ တစ်ယောက်မျှမရှိကြတော့ပါ။ တစ်ယောက်တည်းလုပ်ကိုင်စားသောက်နေရသူဖြစ်သည်။

တနေ့သောအခါ "တောက်ပြား" ကိုးကွယ်သော ဆရာတော်

ဘုန်းကြီးသည် အင်းအိုင်၊ လက်ဖွဲ့၊ ဆေးဝါးမန္တန်၊ အင်္ဂိရတို့တွင် အထူးကျွမ်းကျင်တော်မူ၍ ဘုန်းတော်ကြီးသည် မိမိဖော်စပ်ထားသည့်ဆေးအစွမ်းသိဒ္ဓိကိုစမ်းသပ်လိုသဖြင့် တပည့်ဖြစ်သူ "တောက်ပြား" ကိုခေါ်လေသည်။ "တောက်ပြား" သည် ဆရာတော်ဘုန်းခေါ်၍ ကျောင်းသို့သွားတော့သည်။ ဘုန်းတော်ကြီးကျောင်းသို့ရောက်သည့်အခါ ဆရာတော်ဘုန်းကြီးသည် သူကိုယ်တိုင်ဖော်စပ်ထားသည့် အင်္ဂိရဆေးရည်ဖြင့် "တောက်ပြား" ၏ ဘယ်ညာပေါင်နှစ်ဖက်တွင် ညာဖက်ပေါင်၌ အထက်သို့တက်သည့် ကြောင်ရုပ်တစ်ရုပ်နှင့် ဘယ်ဖက် ပေါင်ပေါ်၌ အောက်သို့ဆင်းသောကြောင်ရုပ်တစ်ရုပ်၊ ထိုသို့ ညာဖက်ပေါင်၌ ကြောင်အတက်ရုပ်၊ ဘယ်ဖက်ပေါင်၌ ကြောင် အဆင်းတစ်ရုပ်တို့ကို အင်္ဂိရဆေးရည်ဖြင့် ဆေးထိုးပေးချိန်တွင် အထက် မိုးကောင်းကင်မှ စာရနက္ခတ်ဖြင့် ကြုံနေသည်ကို ဆရာတော်ဘုန်းကြီးမှာ လုံးဝမသိပါ။

ဆရာတော်ဘုန်းကြီးသည် ဆေးထိုးပြီးသည့်အခါ "တောက်ပြား" အား –

"ငါ့တပည့် အမြင့်အထက်သို့တက်လိုလျှင် ညာဖက်ပေါင်က အတက်ကြောင်ရုပ်ကို ညာဖက်လက်နဲ့ ပွတ်လေ၊ မြေပြင်





အောက်သို့ဆင်းလိုလျှင် ဘယ်ဖက်ပေါင်က အဆင်းကြောင်ရုပ်ကိုဘယ်ဖက်လက်ဖြင့် ပွတ်လေ" ဟုမှာကြားလေသည်။

"တောက်ပြား" သည် ကြောင်အတက်၊ ကြောင်အဆင်းရုပ်ဆေးထိုးပြီးလျှင် မိမိနေအိမ်ရှိရာ "ရေစန်းရပ်" သို့ ပြန်လာတော့သည်။ နေ့တွင် ရှာအလုပ်ကို လုပ်သည်။ တနေ့အတွက် စားစရာရလျှင်၊ နေအိမ်သို့ပြန်လာတော့သည်။

နေအလင်းရောင်ကွယ်ပျောက်၍ ညအချိန်ရောက်သော် "တောက်ပြား" သည် အနားယူအိပ်တော့သည်။ ခုနှစ်စင်ကြယ်အမြီးထောင်သော ညဉ့်သန်းခေါင်ယံအချိန်သို့ရောက်သည်။ ထိုအချိန် "စာရနက္ခတ်" သည်လည်း ယင်းလက်လျှက်နေတော့သည်။ "စာရနက္ခတ်"နှင့်ကြုံသောကြောင့် အတက်အဆင်းကြောင်ရုပ်တို့၏ သိဒ္ဓိအစွမ်းမှာ စောရစိတ်ဝင်လာသည်။

(သူခိုးစိတ်ဝင်ခြင်း) ကိုစိတ်ဖြစ်ပေါ်လာသဖြင့် "တောက်ပြား" စိတ်သည် သူခိုးစိတ်ဖြစ်ပေါ်လေသည်။

"ငါ သူတပါးပစ္စည်းခိုးလျှင် ငါနေတဲ့ ဝေယျာဓမ္မပြည် ပင်ကိုင်းမြို့မှာ ငါမခိုးဘူး။ အင်းဝရွှေမြို့တော်ကိုသွားပြီးခိုးမယ်" ဟုစိတ်ဖြင့် "တောက်ပြား" သည် ပင်ကိုင်းမြို့အရှေ့ဘက်၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းရှိ "အင်းဝရွှေမြို့တော်သို့ ညဉ့်

သန်းခေါင်ယံအချိန်၊ စစ်ကိုင်းမြို့မှ တံငါလှေကို လှော်ခတ်ကာ ရောဝတီမြစ်အရှေ့ဘက်ကမ်းသို့သွားတော့သည်။

အင်းဝရွှေမြို့တော်သို့ရောက်လျှင် "တောက်ပြား" သည် ဆင်းရဲသား မိသားစုနေအိမ်များကိုတက်ရောက်မခိုးဘဲ မှူးမတ် ဝန်ကြီးနှင့် သူဌေးသူကြွယ်အိမ်များကိုသာ ဝင်ရောက်ခိုးလေသည်။ ထိုသို့ခိုးရာတွင် "တောက်ပြား" သည် ရွှေရတနာပစ္စည်းများကိုလုံးဝမယူပါ။ မိမိအသုံးလိုသလောက် ငွေအသပြာကိုသာခိုးယူလေတော့သည်။ ခိုးယူရရှိသည့်ငွေကို သုံးပုံစီခွဲဝေပုံသည်။ တစ်ပုံကို မိမိသုံးစွဲရန်ယူသည်။ ကျန်ငွေနှစ်စုတွင် ငွေတစ်စုကို ဘုရားတည်ရန်ချန်ထားပြီး ကျန်ငွေစုတစ်ပုံကို ဆင်းရဲကြသော မိသားစုတို့ကို မသိမသာပေးတော့သည်။

ဤတွင် ဆင်းရဲနွမ်းပါးသူတို့သည် နေ့စဉ်နေ့တိုင်း ငွေအသပြာအမြဲတမ်းရကြသည့်အခါ ရက်ကြာသော် "သူခိုးတောက်ပြား" ပေးသည်ကို စုံစမ်းသိရှိကြလေသည်။

အင်းဝရွှေမြို့တော်တစ်ခွင်တွင် "သူခိုးတောက်ပြား" သတင်းကြီးတော့သည်။ ဤတွင် အင်းဝဘုရင် သတိုးမင်းဖျားသည် သူခိုးတောက်ပြားပြောသော သတင်းစကားကိုကြားရသော် မင်းမှုထမ်းရဲမက်တွေကိုခေါ်တော်မူပြီး





"မောင်မင်းတို့ ငါ့အင်းဝနေပြည်တော်မှာ ခိုးဆိုးသောင်းကျန်းနေတဲ့ သူခိုးတောက်ပြားကိုစုံစမ်းပြီး လက်ရအမိဖမ်းဆီးပြီး ခေါ်ဆောင်လာ" ဟုအမိန့်ပေးခိုင်းစေသည်။

မင်းကြီးအမိန့်ဖြင့် ရဲမက်တို့သည် အင်းဝရွှေမြို့တော်နေရာအနှံ့စုံစမ်းမေးမြန်းရာ သူခိုးတောက်ပြားအကြောင်း မည်သူကမျှ မပြောကြဘဲ "မသိဘူး" ဟူ၍သာ ပြောဆိုကြသည်။ "သူခိုးတောက်ပြား" ရှန်မလွယ်သဖြင့် ရဲမက်တို့သည် "သတိုးမင်းဖျား"အား

"မှန်လှပါ – သူခိုးတောက်ပြား ရဲ့သတင်းကို စုံစမ်းမေးမြန်းသော်လည်း မည်သူမျှပြောဆိုကြခြင်းမရှိ၍ သူခိုးတောက်ပြားကို ဖမ်းဆီးရန်ခက်ခဲလှပါတယ်ဘုရား" ဟု သူခိုးတောက်ပြားကို ဖမ်းမမိသည်ကိုလျှောက်တင်သည်။

"မောင်မင်းတို့ သူခိုးတောက်ပြား ကိုမိအောင်မဖမ်းနိုင်ဘူးဆိုရင် ငါကိုယ်တော်တိုင် လက်ရဖမ်းမယ်" ဟု ရဲမက်တို့အားမိန့်တော်မူသည်။

တခါတရံ သူခိုးတောက်ပြားသည် အင်းဝရွှေမြို့တော်သို့ နေ့လယ်မှာလာရောက်၍ ထန်းရည်ရောင်းသည့် "မယ်ဂျမ်း" ထန်းတဲသို့ဝင်၍ ထန်းရည်သောက်လေ့ရှိသည်။ ထိုအချိန်တွင်

သတိုးမင်းများ သူဆင်းရဲသားဟန်ဆောင်ပြီး သူခိုးတောက်ပြား ကို လိုက်လံစုံစမ်းရာတွင် "ထန်းရည်ရောင်းသည့်မယ်ဂျမ်း" ထန်းတဲသို့ဝင်ရာ မမျှော်လင့်ဘဲ သူခိုးတောက်ပြားနှင့် တွေ့ဆုံ သည့်အခါ သူခိုးတောက်ပြားသည်

"ရောင်းရင်းက ဘယ်သူလဲ" ဟုသတိုးမင်းများအားမေး သည်။

"ကျုပ်က ပေတလူ (သူခိုး)ပါ" ဟုပြန်ပြောလိုက်ပြီး သတိုးမင်းများသည် သူခိုးတောက်ပြားအား

"ရောင်းရင်းကဘယ်သူလဲ" ဟုမေးလိုက်သည်။

"ကျုပ် ပေတလူလေ" ဟုပြန်ပြောရာ သတိုးမင်းများသည် သူခိုးတောက်ပြား ဖြစ်သည်ကို သိရှိရလေသည်။

ထိုသို့ သိရှိရသည့်အခါ သူခိုးတောက်ပြားအား

"ကျုပ်တို့ တသက်လုံး ချမ်းသာအောင်ဒီည ဘုရင့်ဘဏ္ဍာ တော်ဝင်ခိုးကြမယ်၊ သဘောတူရင် ကျုပ်နဲ့လိုက်ခဲ့" ဟုပြောဆို သည်။

"ဘုရင့်နန်းတွင်းဝင်ဖို့ရာ မလွယ်ဘူး၊ ရောင်းရင်း" ဟု သူခိုးတောက်ပြားပြန်ပြောလေသည်။

ထိုသို့ပြောရာ သတိုးမင်းများသည် သူခိုးတောက်ပြားအား





"နန်းတွင်းဘုရင့်ဘဏ္ဍာတိုက်ဝင်ဖို့မခက်ဘူး၊ လွယ်ပါတယ်၊ ကျုပ်နဲ့သာလိုက်ခဲ့ပါ၊ ညအချိန် နန်းတော်အနောက်ဘက်၊ အဝင်မုခ်မှာ ကျုပ်စောင့်နေမယ် ဆက်ဆက်လာခဲ့" ဟုမှာကြား ပြောဆိုပြီး သတိုးမင်းများပြန်သွားလေသည်။

သူခိုးတောက်ပြားလည်း ဘုရင့်ဘဏ္ဍာတော်တိုက်မှ ပစ္စည်း များခိုးရန် သဘောတူလိုက်ပြီး ညအချိန်ရောက်သောအခါ သူခိုး တောက်ပြားသည် ရှေ့နန်းတော်အနောက်ဘက်အဝင်မုခ်ဦးသို့ သွားရာ အသင့်စောင့်နေသည့်သတိုးမင်းများနှင့်တွေ့ရာ သတိုး မင်းများသည် ဦးဆောင်၍ ဘဏ္ဍာတော်တိုက်သို့ခေါ်သွားသည်။ ဘဏ္ဍာတော်တိုက်အတွင်းသို့ ဝင်ကြရာ သူခိုးတောက်ပြားသည် မိမိအသုံးလိုသလောက် ငွေအသပြာကိုသာယူသည်။ သတိုး မင်းများသည် ရွှေရတနာများကို ယူရာ သူခိုးတောက်ပြားက

"ရောင်းရင်း – ကိုယ်လိုသလောက်ယူပါ၊ ဘုရင့်ပစ္စည်း တွေမတရားမယူပါနဲ့၊ ဘုရင့်အတွက် ချန်ထားပါဦး" ဟုပြော ဆိုလိုက်သည်။

သူခိုးတောက်ပြားနှင့် သတိုးမင်းများတို့နှစ်ဦး ပစ္စည်းများယူ ပြီး ဘဏ္ဍာတော်တိုက်မှထွက်သည့် အထွက်တံခါးပေါက်သို့ ရောက်သည့်အခါ နန်းတွင်းတစ်ခုလုံးမှောင်နေရာမှ မီးများလင်း

ထိန်နေတော့သည်။

ဤတွင် သတိုးမင်းများသည် သူနိုးတောက်ပြားအား "ငါကား ပေတလူ မဟုတ်၊ အင်းဝဘုရင်သတိုးမင်းများဖြစ်တယ်။ တောက်ပြား နင်ပြောတဲ့စကားက ငါ့ကိုသတိုးမင်းများဖမ်းနိုင်မှ သတ်လို့ရမယ်" "ဘယ်သူဖမ်းတုံသလဲ၊ ဖမ်းနိုင်ရင်ဖမ်းလေလို့ နင်ပြောခဲ့တာ မှတ်မိလား၊ အခုနင့်ကို ငါဖမ်းမိပြီ၊ နင့်ကို ငါကိုယ်တိုင်သတ်အံ့" ဟုပြောဆိုပြီး ရဲမက်တို့အား သူနိုးတောက်ပြားကိုကြိုးဖြင့်ချည်နှောင်တုပ်၍ ဖမ်းဆီးလိုက်ကြသည်။

"မနက်ဖြန်ညီလာခံတွင် သူနိုးတောက်ပြားကို ခေါ်ပြီးရှေ့တော်သွင်းစေ" ဟုရဲမက်တို့ကို မိန့်တော်မူလိုက်သည်။

နောက်နေ့နံနက် ညီလာခံသဘင်သလွန် ရွှေသလွန်ပေါ်တွင် သတိုးမင်းများနှင့် မိဖုရား စောဉမ္မာ နှစ်ပါးတူယှဉ်၍ ထိုင်နေတော်မူသည်။ ထိုသို့ ထိုင်နေစဉ် ရဲမက်တို့သည် သူနိုးတောက်ပြားကို လက်ပြန်ကြိုးတုပ်ပြီး သတိုးမင်းများရှေ့တော်သို့ ခေါ်လာပြီး မင်းကြီးရှေ့တော်တွင် ခစားစေသည်။

သတိုးမင်းများသည် သူနိုးတောက်ပြား ခစားနေသည်ကို တွေ့သည့်အခါ -

နင့်ကိုငါ ဖမ်းမိပြီ၊ နင့်ကို ငါကိုယ်တိုင်သတ်မယ်၊ ရဲတင်း၊





ပေါက်ဆိန်၊ ဓား သံတံကျင်ဘယ်အရာကိုနင်အလိုရှိသလဲ၊ အလိုရှိရာကို ပြော" ဟုမေးမြန်းတော်မူသည်။

"မင်းကြီး ကျွန်တော်မျိုးကို ဖမ်းမိပြီး ကွပ်မျက်လိုပါက ကွပ်မျက်ပါ။ ကျွန်တော်မျိုးအလိုရှိတာကို မင်းကြီးပေးမည်လား" ဟု သူနိုးတောက်ပြားသည် သတိုးမင်းများအား မေးလေသည်။

သတိုးမင်းများသည် သူနိုးတောက်ပြားအား

"နင်အလိုရှိတာကို ငါပေးမယ်၊ ဘာကိုအလိုရှိသလဲပြောစမ်း" ဟုမေးမြန်းလိုက်သည်။

"အရှင်မင်းကြီး ကျွန်တော်မျိုးအလိုရှိတာကို ပေးနိုင်မည်လား၊ မင်းစကားတည်ပါစေ" ဟု သူနိုးတောက်ပြားသည် မင်းကြီးအား ပြန်လည်၍ မေးမြန်းလျှောက်တင်သည်။

"သူနိုးတောက်ပြား ၊ မင်းတို့စကားထွက်ပြီးတဲ့ဆင်စွယ် ဝင်တယ်မရှိဘူး။ နင်လိုရာကိုငါပေးမယ် ကတိပေးတယ်၊ ဘာအလိုရှိသလဲပြော" ဟုမေးလိုက်လေသည်။

"ကျွန်တော်မျိုး အလိုရှိတာက အရှင်မင်းကြီးရဲ့ မိဖုရား စောဉမ္မာကိုလိုချင်ပါတယ်" ဟု ရဲပုံစွာ သတ္တိရှိရှိတောင်းဆိုလေသည်။

သူနိုးတောက်ပြားသည် သေရမည်ကို မကြောက်ဘဲ လျှောက်

တင်ရာ သတိုးမင်းများနှင့် မိဖုရားစောဥမ္မာတို့သည် အံ့သြလျက် သူခိုးတောက်ပြားကို ကြည့်ရှုတော်မူကြသည်။

ဤသို့ လျှောက်ထားသည့်စကားကိုကြားရလျှင် သတိုးမင်းများသည် သူခိုးတောက်ပြားအား

"အေး ကောင်းပြီ ဇာတိအတိုင်း မိဖုရားစောဥမ္မာကို နှင့်ကိုပေးအပ်မည်" ဟုမိန့်တော်မူသည်။

"မှန်လှပါ ၊ ကျွန်တော်မျိုးသူခိုးဖြစ်ပေမယ့် သူတပါး သားမယားအပေါ်ဖြစ်မှားကျူးလွန်မှုကိုရှောင်ကြဉ်ပါတယ်၊ မင်းကြီး ကတိစကားတည်သည် မတည်သည်ကို သိလိုသဖြင့် တောင်းခံခြင်းဖြစ်ပါသည်။ မိဖုရားစောဥမ္မာကို အရှင်မင်းကြီးသာ ပြန်လည်သိမ်းပိုက်တော်မူပါဘုရား" ဟုလျှောက်တင်လေသည်။

သူခိုးတောက်ပြား လျှောက်တင်စကားကိုကြားရသည့်အခါ သတိုးမင်းများသည် သူခိုးတောက်ပြားအပေါ် ဒေါသစိတ်နှင့် အမျက်တော်မထားတော့ဘဲ "အသက်သေမှာမကြောက်ဘဲ ရဲဝံ့စွာ သတ္တိရှိရှိ လျှောက်တင်ပြောဆိုဝံ့သူကို ဒါမသတ်ဘဲ သူဟာ အားကိုးထိုက်သူတစ်ယောက်ဖြစ်တယ်" ဟုစိတ်ဆုံးဖြတ်လိုက်ပြီး "သူခိုးတောက်ပြား" ကိုဘုရင့်ဘဏ္ဍာတော်တိုက်တွင် ဘဏ္ဍာစိုးအရာခန့်အပ်လိုက်လေသည်။



ထို့နောက် မကြာမီ မြန်မာသက္ကရာဇ် (၅၂၈) ခုနှစ်တွင် တောင်တွင်းကြီးနယ် တဝိုက်ပုန်ကန်ထကြွနေသည့် သောင်းကျန်းသူများကို နှိမ်နင်းရန် သူခိုးတောက်ပြားအား ညဥ့်အချိန်တွင် မြို့တွင်းသို့ဝင်ပြီးတိုက်ခိုက်ရန် သတိုးမင်းများ မှ ခိုင်းစေတော်မူသည်။ ဤတွင် မင်းကြီးအမိန့်ဖြင့် သူခိုးတောက်ပြားသည် သတ္တိရှိရှိ ရဲရဲဝံ့ဝံ့စွာဖြင့် ရဲမက်များလိုက်ပါစေလျက် မြို့တွင်းသို့ဝင်ရောက်ပြီး ပုန်ကန်ထကြွနေကြသော သောင်းကျန်းသူများကို နှိမ်နင်းတိုက်ခိုက်ရာ အောင်မြင်တော်မူသည်။

တဖန် မြန်မာသက္ကရာဇ် (၅၂၉) ခုနှစ်တွင် စကုမြို့စား ကေတုစား သိင်္ဂသူ သည် ပုန်ကန်ထကြွသောင်းကျန်းနေပြန်ရာ သတိုးမင်းများသည် သူခိုးတောက်ပြားကို ခေါ်ဆောင်လိုက်ပါစေပြီး ဆင်တပ်၊ မြင်းတပ်၊ ရဲမက်ဗိုလ်ပါ အလုံးအရင်းဖြင့် တိုက်ခိုက်ရာ ကေတုစား သိင်္ဂသူ သည် မြို့ကို ကြိုတင်ကာကွယ်ထား၍ တိုက်ခိုက်ရာတွင် မအောင်မြင်ဖြစ်ခဲ့ရသည်။ ထိုအချိန်တွင် သတိုးမင်းများသည် ကျောက်ရောဂါဝေဒနာခံစားနေရာ သူခိုးတောက်ပြားနှင့် တပ်များစုစည်းပြီး အင်းဝနေပြည်တော်သို့ ပြန်လာစဉ် "ငှယ်တော်ဆိပ်"သို့ရောက်သည့်အခါ ဝေဒနာပြင်းထန်၍ သေဘောနီးသည့်အခါ သတိုးမင်းများသည် အတွင်း

သင်းမှူး နေကိုခေါ်ပြီး

"နေ ငါ့ရောဂါဝေဒနာနဲ့သေရတော့မယ်၊ ငါမရှိရင် ငါ့မိဖုရား စောဉမ္မာကို သူတပါး မိဖုရားမြှောက်တော့မယ်၊ ငါ့နမြောတော်မူလှတယ်၊ နင်လှေဖြင့်အမြန်သွားပြီးသတ်ချေ" ဟုစေခိုင်းတော်မူသည်။

*(အတွင်းသင်းမှူး ဟုခေါ်သည်မှာ လုံခြုံရေးအတွက် နန်းတော်တွင်း၌ စောင့်ကြပ်ရေးတာဝန်ထမ်းဆောင်ရသူကို ခေါ်သည်)

ထိုသို့ စေခိုင်းတော်မူသဖြင့် "အတွင်းသင်းမှူး နေသည် သူ့ရဲ့စီးလှေဖြင့်အလျင်အမြန် ရေဝတီမြစ်ဆန်တက်လော်ခတ်သွားတော့သည်။ "အတွင်းသင်းမှူး နေ" ကို မိဖုရား စောဉမ္မာကိုသတ်ရန် ခိုင်းစေတော်မူပြီးနောက် မကြာမီမှာ အင်းဝဘုရင် သတိုးမင်းဖျားသည် "စွယ်တော်ဆိပ်" မှာပင် နတ်ရွာစံကံတော်ကုန်ရှာသည်။

"သတိုးမင်းဖျား" သည် ပင်းယမြို့နန်းတွင် (၇)လ နန်းစံသည်။ အင်းဝမြို့တွင် (၃) နှစ် နန်းစံသည်။ သက်တော် (၂၅) နှစ်အရွယ်နတ်ရွာစံသည်။

ထိုစဉ် "အတွင်းသင်းမှူး နေ" သည် မကြာမီအချိန်





အင်းဝရွှေမြို့တော်သို့ ရောက်သည်။ ရွှေမြို့တော်သို့ရောက်သောအခါ "အတွင်းသင်းမှူး နေ" သည် ဓားကိုခွဲကိုင်ပြီး အင်းဝရွှေနန်းတော်တွင်းသို့ရောက်သော် သတိုးမင်းဖျား ခိုင်းစေမှာတော်မူသည့်အတိုင်း မိဖုရား "စောဉမ္မာ" နှင့်တွေ့သော် လျှောက်တင်ပါသည်၊ မိဖုရား အရှင့်ရဲ့ဘုရင်မင်းမြတ် သတိုးမင်းဖျားသည် ကျောက်ရောဂါဝေဒနာကိုပြင်းထန်စွာ ခံစားရင်း ငါသေရတော့မယ် ငါမရှိရင် ငါ့မိဖုရားကို သူတပါးက မိဖုရားမြှောက်မည်မလွဲ၊ ငါ့နမြောလှတယ်၊ သွားပြီးသတ်ချေဟု အမိန့်တော်ရှိ၍ လာခဲ့ကြောင်းပါမိဖုရား" ဟုလျှောက်တင်သည်။

"အတွင်းသင်းမှူး" စကားကိုကြားရသည့်အခါ မိဖုရားစောဉမ္မာသည် ပြင်းထန်စွာစိတ်တုန်လှုပ်သွားသည်။ "ချစ်လှချည်ရဲ့လို့ပြောခဲ့တဲ့ မောင်တော်ဘုရားက သတ်ခိုင်းသတဲ့လား၊ ငါမသေချင်သေးဘူး၊ လတ်တလောသေရမည့်ဘေးက လွတ်ဖို့ ငါဘာလုပ်သင့်သလဲ"

ဟု မိဖုရား စောဉမ္မာစိတ်တွင်အကြံပေါ်လာပြီး မိဖုရား စောဉမ္မာသည် ဓားကိုင်ထားသော အတွင်းသင်းမှူး နေ၏ မျက်နှာကို စူးစိုက်ကြည့်ကာ -

"နေ ယောကျာ်းမဟုတ်ဘူးလား" ဟု လေသံခပ်မာမာဖြင့်

မေးလိုက်သည်။

"မိဖုရား စောဥမ္မာ" အမေးစကားကို အတွင်းသင်းမှူး နေ နားလည်လိုက်သည်။ ဤတွင် သူ့လက်မှ ကိုင်ထားသည့် ဓားကို ဓားအိမ်အတွင်းသို့ ပြန်သွင်းလိုက်သည်။ မိဖုရား ပြောဆိုသည်ကို သဘောတူပြီး အင်းဝရွှေမြို့တော်ကို သိမ်းပိုက်ရန်လက်ခံလိုက်သည်။

ထိုသို့ ပြုလုပ်မည့်ကိစ္စကို နန်းတွင်းသူအထိန်းသမီးက သဘောမတူကန့်ကွက်သည်။ ထိုသို့ ကန့်ကွက်သဖြင့် အတွင်းသင်းမှူး နေသည် အထိန်းသမီးကိုဓားခုတ်၍ အသက်ဖျောက်လိုက်သည်။ နန်းတွင်းရှိ အခြွေအရံများသည် ထိတ်လန့်ကြောက်ရွံ့ကြသည်။ အထိန်းသမီးသတ်ပြီးနောက် မည်သူမျှကန့်ကွက်ပြောဆိုခြင်းမရှိကြတော့ချေ။

အင်းဝရွှေနန်းတော်တွင်းရှိကြသော မှူးမတ်များနှင့် နန်းတွင်းသူ နန်းတွင်းသားတို့သည် အတွင်းသင်းမှူး ဓားချက်ကို ကြောက်ရွံ့ကြသဖြင့် မည်သို့မျှမပြောဆိုကြဘဲ ခေါင်းငုံ့၍သာ နေကြရတော့၏။

ဤတွင် အတွင်းသင်းမှူးနေ သည် ထီးရိပ်နန်းရိပ်အောက်က မင်းမျိုးမင်းနွယ်မဟုတ်ဘဲ သာမန်အရပ်သားတစ်ယောက်





ဖြစ်သည်။ အလုပ်မှာလည်း အင်းဝရွှေနန်းတော်ကြီးအတွင်း၌ ဘုရင့်အမှုတော်ကို ထမ်းရွက်နေကြသူတို့ကို ကြီးကြပ်ရသူ ဖြစ်သည်။ တနည်းအားဖြင့် နန်းတွင်းလုံခြုံရေးအစောင့်သာ ဖြစ်သည်။

ထို့ကြောင့် အတွင်းသင်းမှူး နေ သည် မိဖုရားစောဥမ္မာကိုလက်ဆွဲကာ အင်းဝရွှေမြို့တော်နန်းပလ္လင်တက်၍မင်းပြုသည်။ မင်းပြုသည့်အခါ ရွှေနန်းတော်အတွင်းရှိ မှူးမတ် နန်းတွင်းသူ နန်းတွင်းသား အားလုံးတို့က နန်းတွင်းအစောင့်လုံခြုံရေးအမှုထမ်းတစ်ယောက်ဖြစ်သော "အတွင်းသင်းမှူး နေ" အား ဘုရင်ဟုပင် အသိအမှတ်မပြုကြဘဲ ရိုသေမှုမလုပ်ကြတော့ချေ။ "မိဖုရား စောဥမ္မာ" ကိုသာရိုသေလေးစားကြသည်။ ထို့အတူပင် အင်းဝမြို့နေပြည်တော်မှ မြို့သူမြို့သားများကလည်း အတွင်းသင်းမှူး နေအား အင်းဝဘုရင်အဖြစ် အသိအမှတ်မပြုကြဘဲ အားလုံးကပစ်ပယ်၍လှစ်လျူရှုနေကြတော့သည်။

ဤသို့သော အခြေအနေများဖြစ်နေသဖြင့် အတွင်းသင်းမှူးနေသည် အင်းဝရွှေမြို့တော် နန်းပလ္လင်တွင် တစ်လခန့်နေထိုင်ပြီးနောက်မိဖုရား စောဥမ္မာကိုခေါ်ဆောင်၍ ဇေယျာရွှေမြေ စစ်ကိုင်းသွားကာ မင်းပြုနေတော့သည်။

သူနိုးတောက်ပြား စွယ်ကြိုဆိပ်မင်းကြီး အနီးရှိသည်။ ရောဂါဝေဒနာကို မချိမဆံ့အပြင်းအထန်ခံစားနေရသည့် သတိုးမင်းဖျား သည် သူမြတ်နိုးသော မိဖုရားစောဥမ္မာသည် သူတပါးလက်တွင် မယားအဖြစ် မခံလို၍ အတွင်းသင်းမှူး ငနုကိုခေါ်ကာ အင်းဝရွှေမြို့တော်သို့သွား၍ မိဖုရားစောဥမ္မာကို အသတ်ခိုင်းသည်။ အတွင်းသင်းမှူး ငနုလည်း မင်းကြီးစေခိုင်း၍ ဓားကိုင်ကာ အင်းဝရွှေမြို့တော်သို့ အလျင်အမြန်သွားတော့သည်။

မိဖုရားစောဥမ္မာကိုသတ်ရန် အတွင်းသင်းမှူး ငနု အင်းဝရွှေမြို့တော်သို့ထွက်သွားအချိန်မှာ မကြာမီတွင် သတိုးမင်းဖျား နတ်ရွာစံကံတော်ကုန်ရှာသည်။ မင်းကြီး ကံတော်ကုန်သော် သူနိုးတောက်ပြားသည် အင်းဝရွှေမြို့တော်သို့ ပြန်မသွားတော့ဘဲ မိမိဇာတိမြေဖြစ်သော ဝေယျာရွှေပြည် စစ်ကိုင်း "ရေဝန်းရပ်" သို့ပြန်သွားလေသည်။ စစ်ကိုင်းမြို့သို့ရောက်သည့်အခါ သူနိုး တောက်ပြားသည် သူနိုးဘဝတွင် ဘုရားတည်ရန် စုဆောင်းထားသည့် ငွေအသပြာတို့ဖြင့် စစ်ကိုင်းမြို့ မြေကျွန်းမြေရပ် မြောက်ဘက်ရှိ မြေကုန်းပေါ်တွင် ဘုရားစေတီတစ်ဆူ တည်ထားသည်။ စေတီတော်၏ ဘွဲ့တော်အမည်ကိုလည်း "မပတိဂဃဘုရား" ဟု ဘွဲ့တော်အမည်တင်ကာ ကိုးကွယ်တော်မူသည်။ သူနိုး တောက်ပြား ကောင်းမှု "မပတိဂဃဘုရားကို အများပြည်သူတို့က "မရှိခဏဘုရား" ဟု ခေါ်ကြပါသည်။

သစ္စာရှင်သူနိုးတောက်ပြားသည် ဆင်းရဲသား ဆင်းရဲသူတို့ အားလုံးကို ချမ်းသာလိုသောစိတ်ရှိ၍ ဘုရားစေတီဘွဲ့ကိုပင် မရှိခဏဘုရားဟူ၍ ဘွဲ့တော်တင်ရှာသည်။ ဆင်းရဲဒုက္ခခံစားနေရသူတို့သည် ငွေမရှိလျှင် ခဏမျှသာဖြစ်သည့်အဓိပ္ပါယ်ကို ဆောင်၍ အားပေးသောစကားပင်ဖြစ်ပါသည်။ (စစ်ကိုင်းမြို့ မှာရှိပါသည်)

"သူနိုးတောက်ပြား" သည် မရှိခဏဘုရား တည်ထားကိုးကွယ်ပြီးနောက် မိမိအရှင်သခင်ဖြစ်သော သတိုးမင်းဖျား နန်းစံရာ အင်းဝရွှေမြို့တော်သို့သွားသည့်အခါ ဘုံတားဦးရွာ တွင် အနီးစွရောက်လေသည်။ (ယခုတံတားဦးမြို့) တံတားဦးမြို့၌ သူနိုးတောက်ပြား သင်္ချိုင်းရှိပါသည်။ ဤကား သစ္စာရှင် ပြည်သူ့ ဘက်တော်သား သူနိုးတောက်ပြား ဘဝနိဂုံးချုပ်တော့သည်။

သတိုးမင်းဖျားသည် စစ်ကိုင်း၊ ပင်းယ၊ အင်းဝ သုံးမြို့ ကို နန်းတက်မင်းပြုအုပ်ချုပ်တော်မူပြီး၊ သက်တော် (၂၅)နှစ် အရွယ်တော်မှာ နတ်ရွာစံကံကုန်တော်မူရှာသည်။

သတိုးမင်းဖျား နတ်ရွာစံကံဒတော့်ကုန်သော် သတိုးမင်းဖျား

၏ ထီးမွေနန်းမွေဆက်ခံမည့်နန်းညွန့်နန်းလျာမထားခဲ့ပါ။ ဆက်ခံမည့်သူလည်းမရှိတော့သဖြင့် အင်းဝမြို့တော်နန်းတက်မင်းပြုမည့်သူကို မှူးမတ်တို့စုရုံးတိုင်ပင်ဆွေးနွေးကြပြီး နန်းလျာကို ရွေးကြသည်။ မှူးမတ်များက သဘောတူညီချက်အရ အင်းဝဘုရင်သတိုးမင်းဖျား၏ သစ္စာတော်ခံသူ "ရမည်းသင်းမြို့စား သီလဝ" ကို မင်းပြုရန်လျှောက်တင်ကြသည်။

မှူးမတ်တို့သည် သီလဝအား

"ယခုအခါ အင်းဝဘုရင်သတိုးမင်းဖျားနတ်ရွာစံတော်မူခဲ့ပြီဖြစ်၍ အင်းဝရွှေနန်းတော်ကိုသိမ်းပိုက်မင်းပြုတော်မူပါဘုရား" ဟု လျှောက်တင်ကြသည်။

ထိုသို့လျှောက်တင်ရာ ရမည်းသင်းမြို့စား သီလဝသည် မှူးမတ်များအား

"အမတ်တို့ ငါသည် တနေ့လုံး စကားသုံးခွန်းမျှပင် မပြောပါ။ ငါ့ကိုထီးနန်းအပ်လျှင် ဘယ်မှာအကျိုးရှိပါ့မလဲ၊ ငါကိုယ်တိုင်ကလည်း မင်းအဖြစ်ကိုမလိုလားပါ။ အမြင့်မြို့စားဖြစ်တဲ့ တရဖျားစော်ကဲသည် သတိုးမင်းဖျား၏ ယောက်ဖတော်လည်းဖြစ်တယ် နှလုံးရည် လက်ရုံးရည်နဲ့လည်းပြည့်စုံတယ် စော်ကဲကိုသာ မင်းမြှောက်နန်းတင်ပါ" ဟု ငြင်းဆို ပြောဆိုလေသည်။





ဤတွင် ရမည်းသင်းမြို့စား သီလဝ အကြံပေးတိုက်တွန်းစကားကြားရ၍ မှူးမတ်တို့သည် အမြင့်မြို့စား စော်ကဲကို မင်းမြှောက်ကြသည်။

*(မရှယ်ဘဲ စော်ကဲ မင်းဖြစ် စကား ထိုစဉ်ကပင်ပြောဆိုခဲ့ကြသည်)

"စော်ကဲ" သည် ပုဂံနန်းကျဘုရင်၏သားတော် သရက်"မင်းရှင်စော"နှင့် "ရှင်မြတ်သူ" တို့ဇနီးမောင်နှံတွင် သားတော် (၃)ပါးနှင့် သမီးတော် (၃)ပါး ပေါင်း (၆)ပါးရှိသည်။ သားတော် (၃)ပါးမှာ သားတော်အကြီး မြင်စိုင်းမင်းသားတစ်ပါး၊ သားတော် အလတ် ပြည်မင်းစောရန်နောင် မင်းသားတစ်ပါး၊ သားတော် အငယ် "စွာစော်ကဲ" မင်းသားတစ်ပါးဖြစ်ကြသည်။

မြန်မာသက္ကရာဇ် (၇၂၉) ခုနှစ်တွင် "စွာစော်ကဲ" သည် အင်းဝမြို့ နန်းတက်ထီးနန်းစံသည်။ "စွာစော်ကဲ" မင်းလက်ထက်တွင် မင်းမဲ့မြို့တော်ဖြစ်နေသော အင်းဝမြို့ကို နန်းစံ (၃)နှစ်မျှရှိသော်လည်း မြို့တော် တိုးတက်စည်ပင်သာယာရေးကိုမည်သို့မျှမဆောင်ရွက်နိုင်သေးပါ။

ထိုအချိန်တွင် အတွင်းသင်းမှူး ငနုသည် မိဖုရားစောဥမ္မာနှင့်အတူ စစ်ကိုင်းဘက်တွင် မင်းပြုနေကြောင်း သတင်းစကား

ရတော်မူသည်။ ဤတွင် မင်းကြီးစွာစော်ကဲ သည် ဒေါသအမျက်ထွက်ကာ နေ၏အစ်ကိုဖြစ်သူ ရာဇသကြိန်မောက် ကို ရှေ့တော်သို့ ခေါ်ပြီး မောက်အား

"ညီငယ် – နေဟာ စောဥမ္မာနှင့်အတူ စစ်ကိုင်းမှာမင်းပြု နေတယ်လို့ ငါကြားတော်မူတယ်၊ အစ်ကိုတော်သွားပြီး ဥပါယ်တံမျဉ်နဲ့ ရအောင်ဖမ်းပါ၊ ဖမ်းရရင် စောဥမ္မာနဲ့ လက်ထပ်ပြီး ငါးရင်းတုတ်ရွာ တောင်ပြုံးကြီးနယ် ပေးမယ်၊ အမြန်ဆုံး ဆောင်ရွက်ပါ" ဟုမိန့်တော်မူသည်။

"အတွင်းသင်းမှူး နေ" ၏ အစ်ကို ရာဇသကြိန်မောက် သည် မင်းကြီးအား

"ကျွန်တော်မျိုး နေကို ရအောင်ဖမ်းပါ့မယ်ဘုရား" ဟု ကတိပေးလျှောက်တင်သည်။

ထိုသို့လျှောက်တင်ပြီး ရာဇသကြိန်မောက် သည် ချက်ချင်းပင် နောက်လိုက် အခြွေအရံတို့ကိုခေါ်၍ ရဲမက်လှေဖြင့် အင်းဝမြို့ ဧရာဝတီမြစ်အနောက်ဘက် စစ်ကိုင်းမြို့ဆီသို့ လှော်ခတ်သွားသည်။ ထိုသို့သွားသည့်အခါ စီးလာသော လှေကို စစ်ကိုင်းမြို့ မြစ်ဆိပ်ကမ်းတွင်မဆိုက်ဘဲ ဧရာဝတီမြစ် ရေလယ်ခေါင်တွင် ဆိုက်ထားလိုက်သည်။ ထိုသို့လှေဆိုက်ထားပြီး





စာတစ်စောင်ရေး၍ မင်းမှုထမ်းတစ်ယောက်အား –

"ဒီစာကို အတွင်းသင်းမှူး နေ ထံကိုပေးပါ" ဟုခိုင်းလိုက်သည်။ ရေးသားထားသောစာမှာ –

"နေငယ်" ငါတို့ညီနောင်နှစ်ယောက်ဟာ သွေးသားရင်းဖြစ်တယ်၊ ငါ့ညီ မင်းဖြစ်ပြီကြားလို့ ငါလာတယ်၊ အခုငါ နာမကျန်းဖြစ်နေလို့၊ ငါ့ညီထံအရောက်မလာနိုင်ဘူး။ ငါ့ညီ ငါ့ကို လာကြည့်လှည့်ပါ" ဟုရေးသားထားသည်။

ဤတွင် အတွင်းရေးမှူး နေသည် ယုံကြည်၍အခြွေအရံများနှင့် အတူလှေသို့လာ၏။ ထိုသို့လာရာ ရာဇသကြိန်သည် ညီဖြစ်သူ နေအား

"ငါ မချိမဆံ့ခံနေရသည်၊ ငါ့ညီကွမ်းနှင့်သောက်ရေကိုင်ပြီး လှေပေါ်သို့တက်ခဲ့ပါ" ဟုပြောဆိုသည်။

စစ်ကိုင်းစား နေသည် ကွမ်းနှင့် သောက်ရေကိုင်ပြီး လှေပေါ်သို့တက်သည့်အခါ ရာဇသကြိန်သည် လှေကြိုးကိုဖြတ်၍ မြစ်တဘက်ကမ်းသို့ကူးလေ၏။ ဤတွင် ရာဇသကြိန်သည်

"နေ နင့်ကိုငါဖမ်းမိပြီ၊ နင်မင်းမျိုးမဟုတ်၊ နင့်အဘလည်း မင်းမျိုးမဟုတ်" ဟုပြောဆိုကာ နေအား သံခြေကျင်းခတ်ထားလေ၏။

ထိုအခါ ရာဇသင်္ကြန်ငမောက်သည် ညီ ငနုကို မင်းကြီးစွာ စော်ကဲထံဆက်လေသည်။ ငနုကိုလက်ရဖမ်းမိသည့်အခါ မင်းကြီးစွာစော်ကဲသည် သူ့ကတိအတိုင်း စောဥမ္မာကို ရာဇသင်္ကြန်ငမောက်နှင့် လက်ဆက်ပေးပြီး ကျော်စဉ်တစ်လွှားတောင်ပြုံးနယ်ကို အပိုင်စားပေးအပ်တော်မူလေ၏။

××××××



# ရှင်ဘိုမယ်

မြန်မာသက္ကရာဇ် (၆၇၄-၆၈၇) ခုနှစ် (အေဒီ ၁၃၁၂-၁၃၂၂) တွင် ပင်းယမြို့နန်းတက်မင်းပြုသည်။ မြန်မာ သက္ကရာဇ် (၇၈၄) ခုနှစ် အေဒီ ၁၄၂၂ တွင် သားတော်အိမ်ရှေ့စံ သီဟသူမင်းဖြစ်တော်မူသည်။

သီဟသူ၏ မိဖုရားကား နောင်တော်မြောက်သားတော် တောမင်းလှနှင့် ခမည်းတော်ရှိစဉ်က စုံဖက်တော်မူသည်။ တစ်ပါးထိုမိဖုရားမှဖွားမြင်သော သားတော် မင်းလှငယ်တစ်ပါး၊ နှမတော်တောပြည့်ချမ်းသာတစ်ပါး၊ ခမည်းတော်မိဖုရား ရှင်ဘို့မယ်တစ်ပါး (သားသမီးမထွန်းကား) ပါ။ သို့ဖြစ်၍ ပင်းယမင်းတစ်ပါးရှင် သီဟသူမြစ်တော်ကား "ရှင်ဘို့မယ်" ဖြစ်သည်။

"ရှင်ဘို့မယ်၏ ခမည်းတော်သည် သိမ်သူငယ် ဖြစ်သည်။

မယ်တော်မှာ မင်းကြီးစွာစော်ကဲ၏သမီးတော် "စောစမာလာဒေဝီ" တို့ဖြစ်သည်။

သိမ်သူငယ်နှင့် "စောစမာလာဒေဝီ"တို့မှ "ရှင်ဘို့မယ်" ကို ဖွားမြင်တော်မူသည်။ သမီးတော် "ရှင်ဘို့မယ်" သည် အဆင်းရူပကာအလွန်ချောမောလှပသည်။ ရုပ်ဆင်းသဏ္ဌာန် ချောမောလှပသလောက်မာနလည်းကြီးသည်။ မာနကြီးသလောက် စိတ်ဓာတ်ကလည်း ရက်စက်ကြမ်းကြုတ်တော့သည်။

"ရှင်ဘို့မယ်" အသက် (၈) နှစ်အရွယ်ပုဆစ်ဒူးတုပ်မျှ လောက်ရှိသော ရွှေပုံပေါ်မှာ "ရှင်ဘို့မယ်" ကိုမတ်တပ်ရပ်စေသည်။ မြန်မာသက္ကရာဇ် (၇၆၃) ခုနှစ်၊ အေဒီ ၁၄၀၁ တွင် အင်းဝ ပထမမင်းခေါင်သည် "ရှင်ဘို့မယ်" ကို မိဖုရားအရာ မြှောက်၍တောင်ညာစံမိဖုရားခေါင်ကြီးတင်သည်။

အင်းဝ ပထမမင်းခေါင်၏ မိဖုရားများမှာ-

၁။ ဆင်ဖြူရှင်တရဖျား၏နှမတော် "စောခွေး"

၂။ ညီမတော် မင်းပျို

၃။ စောမင်းသိုင်ဘွား၏ သမီးရှင်မိနောက်

၄။ ရှင်ဘို့မယ် ဟူ၍ မိဖုရား (၄) ပါးရှိသည်။





မြန်မာသက္ကရာဇ် (၇၆၉) ခုနှစ်တွင် မွန်တို့ပြည်သို့ ပထမ မင်းခေါင် စစ်ချီရာတွင် မိဖုရား "ရှင်ဘို့မယ်" နှင့် မိဖုရား "ရှင်မိနောက်"၊ မိဖုရား (၂)ပါးတို့လည်း လိုက်ပါသွားကြသည်။ ပထမမင်းခေါင်၏ မြန်မာစစ်တပ်များတွင် စားနပ်ရိက္ခာ စားသုံး ရန်မလုံလောက်၍ တပ်ဆုတ်ခွာလာကြသည်။ မြန်မာတပ်တို့ ဆုတ်ခွာသွားရာ နောက်သို့ မွန်တို့စစ်တပ်မှ အပြင်းအထန် လိုက်သည်။ ထိုသို့ မွန်မင်းရာဇာဓိရာဇ်လိုက်တိုက်ရာ "ရှင်မိနောက်" သို့ရောက်သော ဆင်နှင့်တကွ "ရှင်မိနောက်" ကို ရလိုက်သည်။ ရှင်ဘို့မယ်လည်း ဆင်နှင့်ပြေးရာ ဆင်ထက်မှ လျောကျ၍ ရေချောင်းနားတွင်ကျန်ခဲ့သည်။ ဆင်သွားသည်မှာ နှေးသဖြင့် နောက်မှတဖြည်းဖြည်း လိုက်လာသူ ဆင်ကဲနှင့် တွေ့၍ ဆင်ကဲက "ရှင်ဘို့မယ်"ကိုဆင်ပေါ်တင်ကာ ခေါ်ဆောင် ယူခဲ့သည်။

ထိုသို့ ဆင်ကဲ နှင့် "ရှင်ဘို့မယ်" တို့နှစ်ဦးကို အင်းဝ မင်းခေါင်က မယုံကြည်တော်မူ၍ ဆင်ကဲကိုကွပ်မျက်အဆုံးစီရင် လိုက်သည်။ အင်းဝမင်းခေါင်သည် နောက်မှမှားကြောင်း သိရသည်။

မြန်မာသက္ကရာဇ် (၇၆၃)ခုနှစ်၊ အင်းဝဘုရင် မင်းခေါင်

သက်တော် (၅၀) အရွယ်တွင် နတ်ရွာစံကံတော်ကုန်သည်။ အင်းဝဘုရင်မင်းခေါင်ကံတော်ကုန်သော် မြန်မာသက္ကရာဇ် (၇၈၄) ခုနှစ်တွင် "မိဖုရားရှင်မိနောက်" မှဖွားမြင်သော ဆင်ဖြူရှင် သီဟသူနန်းတက်ထီးနန်းစံသည်။ ထိုသို့ နန်းတက်သည့်အခါ ဆင်ဖြူရှင်သီဟသူမင်းသည် "ရှင်ဘို့မယ်" ကိုဆက်လက်၍ မိဖုရားအရာတင်မြှောက်တော်မူသည်။ ဆင်ဖြူရှင်သီဟသူတွင် မိဖုရားကြီး စောမင်းလှ ရှိသော်လည်း သီဟသူသည် "ရှင်ဘို့မယ်" ကိုလွန်စွာချစ်မြတ်နိုးတော်မူသည်။ ထိုအခါ မိဖုရားကြီး စောမင်းလှသည် အင်းဝမြို့နန်းတော်မှ ထွက်၍ "ရွှေစေတီဘုရား" အနောက်ဘက်တွင် သီးသန့်တန်ဆောင်းကြီးဆောက်၍ စံနေတော်မူသည်။

*(မိဖုရား စောမင်းလှသည် တန်ဆောင်း၌စံနေတော်မူ၍ ရာဇဝင်တွင် "တန်ဆောင်းရှင်စောမင်းလှ" ဟုအမည်တွင်သည်)

ထို့နောက် မြန်မာသက္ကရာဇ် (၇၈၄)ခုနှစ်တွင် မှန်မင်းသမီး "ရှင်စောပု"ရောက်လာသည့်အခါ ဆင်ဖြူရှင် သီဟသူမင်းသည် မိဖုရား "ရှင်ဘို့မယ်"ကိုမေ့လျော့ပစ်ပယ်ထားပြီး မှန်မင်းသမီး "ရှင်စောပု" အား ချစ်ခင်စုံမက်၍ယုယတော်မူသည်။ ဤတွင် မိဖုရား "ရှင်ဘို့မယ်" သည် စိတ်နာကျည်းစွာဖြစ်၍ "ကုန်း





ဘောင်လယ်" စော်ဘွားထံသို့သွားခဲ့သည်။

ဆင်ဖြူရှင် သီဟသူသည် အောင်ပင်လယ်အရပ်၌ ကိုယ်လုပ်တော်မောင်းမများနှင့် ပျော်ပါးနေစဉ်အချိန်တွင် "ရှင်ဘို့မယ်" သည် ကုန်းဘောင်လယ်စော်ဘွားအား–

"အရှင်၊ အင်းဝဘုရင် ဆင်ဖြူရှင်သီဟသူကို လုပ်ကြံပြီး အင်းဝရွှေမြို့တော်ကိုသိမ်းပိုက်၍ နန်းတက်မင်းပြုပါ" ဟုပြောဆိုသည်။

ဤတွင် "ရှင်ဘို့မယ်" ပြောစကားအရ ကုန်းဘောင်လယ်စော်ဘွားသည် ရဲမက်စစ်သည်အလုံးအရင်းနှင့် စစ်ချီလာကာ ဆင်တော်စီး၍ အင်းဝမြို့တော်ကိုတိုက်ခိုက်လေသည်။ ထိုသို့တိုက်ခိုက်ရာ အင်းဝဘုရင် သီဟသူ လည်း ရဲခက်စံလှအမည်ရှိ ဆင်တော်ကိုစီး၍ ရဲမက်စစ်သည်တော်တို့နှင့် ခုခံကာတိုက်ခိုက်ရာ ကုန်းဘောင်လယ်စော်ဘွား တပ်တိုက်ခိုက်သည်ကို မခံနိုင်ဘဲ သီဟသူမင်း စီးသောဆင်တော်သည် ရွံ့ဗွက်အိုင်ညွံ့တွင်နစ်လေသည်။ သီဟသူလည်း ရန်သူ့လက်ချက်ဖြင့် မြားသုံးချက်ထိလေသည်။ ဆင်ဖြူရှင်သီဟသူ နတ်ရွာစံကံတော်ကုန်ရှာသည်။

အင်းဝမြို့တော်မှ ဆင်ဖြူရှင်သီဟသူ၏မှူးမတ်တို့သည်

စစ်သည်တော်များကို စည်းရုံး၍ ကုန်းဘောင်လယ်စော်ဘွား ရှမ်းတပ်ကို ခုခံ၍ ပြန်တိုက်ခိုက်ရာ ရှမ်းတို့တပ်ဆုတ်ကာ ထွက်ပြေးသွားကြသည်။ ထို့ကြောင့် ကုန်းဘောင်လယ်စော်ဘွား သည် အင်းဝမြို့တော်နန်းကို သိမ်းပိုက်မရချေ။

ထို့နောက် မြန်မာသက္ကရာဇ် (၇၈၇) ခုနှစ်၊ အေဒီ (၁၄၂၅) တော်သလင်းလတွင် "မိဖုရား" တန်ဆောင်းရှင်စောလှ" ၏ သားတော် "မင်းလှငယ်"သည်ခမည်းတော် အရိုက်အရာကို ဆက်ခံ၍ အင်းဝမြို့တော်ကို နန်းတက်မင်းပြုသည်။

မင်းလှငယ် အင်းဝမြို့တော် နန်းတက်ထီးနန်းစံစဉ်ကာလ အတွင်း မိဖုရား "ရှင်ဘို့မယ်" အားဆက်လက်၍ မိဖုရား အရာတင်မြှောက်တော်မူသည်။ အင်းဝမြို့တော် မင်းလှငယ် နန်းတက်ချိန်တွင် မင်းလှငယ် အသက် (၉)နှစ်မျှသာရှိသေး သည်။ မိဖုရား "ရှင်ဘို့မယ်'သည် ရှေးယခင်က ချစ်ခင်သော ကလေးကျေးတောင်ညို အား

"အင်းဝမြို့တော်သို့ အလျင်အမြန်လာခဲ့ပါ" ဟုမှာကြား ခေါ်လေသည်။

"ကလေးကျေးတောင်ညို" သည် အင်းဝမြို့သို့ အလျင် အမြန်စစ်ချီလာသောအခါ မိဖုရား "ရှင်ဘို့မယ်"သည် အင်းဝ





ဘုရင် မင်းလှငယ် အား အဆိပ်ကျွေး၍ အသက်အဆုံးစီရင် လိုက်သည်။ ဤတွင် "ကလေးကျေးတောင်ညို" အင်းဝမြို့တော် သို့ရောက်သည့်အခါ မိဖုရား "ရှင်ဘို့မယ်" သည် ကလေး ကျေးတောင်ညိုအား အင်းဝမြို့နန်းတင်လေသည်။ ကလေးကျေး တောင်ညို အင်းဝမြို့နန်းတက်မင်းပြုသည့်အခါ "ရှင်ဘို့မယ်" မိဖုရားဖြစ်လာတော့သည်။

မြန်မာသက္ကရာဇ် (၇၈၇) ခုနှစ် (အေဒီ ၁၄၂၅) နတ်တော် လတွင် "ကလေးကျေးတောင်ညို" အင်းဝမြို့နန်းတက်ထီးနန်း စံသည်။

ကလေးကျေးတောင်ညို တွင် မိဖုရား "ရှင်ဘို့မယ်" နှင့် မွန်မင်းသမီး ရှင်စောပု တို့ရှိကြသည်။ မွန်မင်းသမီး ရှင်စောပုမိဖုရားကို ပခန်းတာရများ ကိုပေးလိုက်သည်။ အေဒီ ၁၃၉၄-၁၄၇၁) ဖြစ်သည့် မြန်မာသက္ကရာဇ် (၇၈၈) ခုနှစ် အေဒီ ၁၄၂၆-၁၄၃၉ခုနှစ်တွင် မိုးညင်းသတိုး သည် သီရိသုဓမ္မ ရာဇာ" ဟူသောဘွဲ့အမည်ကို ခံယူတော်မူ၍ မင်းအဖြစ်သို့ ရောက်တော်မူသည်။

မိုးညင်းမင်း၏ မိဖုရားသည်

တောင်တွင်းမင်းသမီးတော် "ရှင်မိမြှတ်" ဖြစ်သည်။

မိုးညင်းသတိုးသည် အင်းဝမြို့တော်သို့ စစ်ချီလာသဖြင့် အင်းဝမြို့နန်းစံ ကလေးကျေးတောင်ညိုမင်းသည် ဘယဂါမဏိကို ရှေ့သို့ဦးဆောင်စေပြီး၊ ရဲမက်စစ်သည်တော်အလုံးအရင်းနှင့်တကွ မိဖုရား "ရှင်ဘို့မယ်" ကိုယူဆောင်၍ ဧညဝတီ ရခိုင်ပြည်ဘက်သို့ ထွက်ပြေးတော်မူသည်။ ထိုသို့ထွက်ပြေးသွား ရာရခိုင်ပြည်ဘက်သို့မရောက်မီ "ပဲလွန်တောင်"သို့ရောက်သည့်အခါ ကလေးကျေးတောင်ညိုမင်းသည် ရုတ်တရက် မကျန်း မမာဖြစ်ကာ ပြင်းထန်သော ဝေဒနာခံစားရရင်း ရခိုင်ပြည်သို့ပြေးလေရာ ခရီးလမ်းတွင် အင်းဝမြို့နန်းစံ ကလေးကျေးတောင်ညိုမင်းသည် အင်းဝမြို့နန်းတွင် (၇)လမျှသာနန်းစံပြီး သက်တော် (၄၀)နှစ်အရွယ်တော်တွင် နတ်ရွာစံကံတော်ကုန်တော်မူသည်။

ဤတွင် ကလေးကျေးတောင်ညိုမင်းနတ်ရွာစံသော် မိဖုရား "ရှင်ဘို့မယ်"သည် မိမိမွေးရပ် ဟံသာဝတီ (ဥသာပဲခူး) ပြေးရန် ကြံစည်သော်လည်း "ရာဇဘိသေက" ခံမိဖုရားတို့ကို နောက်တက်သော မင်းတို့သည် ထိုမိဖုရားများကို မရှုတ်ချ။

ဤတွင် ပြည်တွင်းရေးကိုမျှော်လင့်၍ နေတော်မူသင့်သည် ဟု မှူးတော် မတ်တော်တို့ကလျှောက်ထားကြသဖြင့် "မိဖုရား





ရှင်စောပု" သည် နောက်လိုက် အခြွေအရံတို့ဖြင့် မန်းစက်တော်ရာ (မင်းဘူးမြို့)တွင် ဘယဂါမဏိနှင့်တကွ တပ်တည်ကာ စစ်သည်အလုံးအရင်းနှင့်နေတော်မူသည်။

မြန်မာသက္ကရာဇ် (၇၈၈) ခုနှစ်တွင် မိုးညှင်းမင်း သည် အင်းဝမြို့တော်ကိုသိမ်းပိုက်ပြီး နန်းတက်ထီးနန်းစံတော်မူသည်။

ဤတွင် အင်းဝမြို့တော် နန်းစံ မိုးညှင်းမင်း သည် မန်းစက်တော်ရာတွင် နောက်လိုက်ဗိုလ်ပါ ဘယဂါမဏိ နှင့် စစ်သည်အလုံးအရင်းတို့ဖြင့် နေသော မိဖုရား "ရှင်ဘို့မယ်"ကို ငါးရွှေလှေတို့ဖြင့် ဆောင်ယူစေ၍ ဘယဂါမဏိကို သံခြေကျင်းခတ်၍ခေါ်လာတော်မူသည်။

အင်းဝရွှေမြို့တော်သို့ "ရှင်ဘို့မယ်"မိဖုရားရောက်တော်မူသည့်အခါ မိုးညှင်းမင်းသည် မိဖုရား "ရှင်ဘို့မယ်" ကိုယ်တော်မကျန်းမာသည်ကို ကြင်နာစွာဖြင့် စမ်းသပ်မေးတော်မူရာ မိဖုရား "ရှင်ဘို့မယ်" က

"ကျွန်စော်နံတယ်" ဟုပြောဆိုသည်။

ထိုသို့ပြောဆိုသည်မှာ "မိုးညှင်းမင်း" သည် အင်းဝနေပြည်တော် ပထမမင်းခေါင်မင်းသားဘဝက အလုပ်အကျွေးအဖြစ်နောက်မှလိုက်နေသော "မင်းဥဒိန်" ဖြစ်သောကြောင့် မိဖုရား "ရှင်ဘို့မယ်" သည် ဤကဲ့သို့ပြောဆိုခြင်းဖြစ်သည်။

မိုးညှင်းမင်းသည် မိဖုရား "ရှင်ဘို့မယ်" ကို အင်းဝရွှေမြို့တော် နန်းတွင်း၌ သာယာစွာစံအိမ်တော်ဆောက်၍နေတော်မူစေသည်။

"ရှင်ဘို့မယ်" သည်

၁။ ပင်းယ၊ တစ်စီးရှင် သီဟသူမင်း၏မြစ်တော်ဖြစ်သည်။

၂။ အင်းဝဘုရင် မင်းကြီးစွာစော်ကဲ၏မြေးဖြစ်သည်။

သိမ်ဆူငယ်နှင့် စောစမာလာဒေဝီ.တို့မှ သမီးတော်တစ်ပါး ဖွားမြင်တော်မူသည်။ ဖွားမြင်သောသမီးတော်မှာ "ရှင်ဘို့မယ်" ဖြစ်သည်။

အင်းဝရွှေမြို့တော်သူ "ရှင်ဘို့မယ်" သည် ရုပ်အဆင်းအင်္ဂါ လှပချောမောသလောက် မာနခက်ထန်၍ရက်စက်တတ်သော မိန်းမလှတစ်ယောက်ဖြစ်သည်။

ထိုသို့ ရုပ်ချောမာနကြီး၍ ရက်စက်လေ့ရှိသည့် "ရှင်ဘို့မယ်" သည် မင်းဆက် (၅) ဆက်တို့၏ မိဖုရားတစ်ပါးဖြစ်ခဲ့သည်။

"ရှင်ဘို့မယ်" မိဖုရားဖြစ်ခဲ့သော မင်းတို့မှာ

၁။ ပထမမင်းခေါင်မင်း။

၂။ ဆင်ဖြူရှင် သီဟသူမင်း။

၃။ မင်းလှငယ်မင်း (အသက် ၉ နှစ်)

၄။ ကလေးကျေးတောင်ညိုမင်း





၅။ မိုးညှင်းမင်း တို့ဖြစ်ကြသည်။

သို့ဖြစ်၍

"မင်းဆက်ငါးသွယ်၊ ရှင်ဘို့မယ်၊ နန်းလယ်တင့်သည်သာ" ဟုစာဆိုရှင် စိန္တကျော်သူ ဦးပြည့်၏ ကဝိလက္ခဏာသတ်ပုံတွင် ရည်ညွှန်းရေးစပ်ဆိုသည်။

မြန်မာသက္ကရာဇ် (၇၈၈) ခုနှစ်၊ အင်းဝမြို့တော်နန်းတက် ထီးနန်းစံသော "မိုးညှင်းမင်း" လက်ထက်တော်တွင် မိဖုရား "ရှင်ဘို့မယ်" အနိစ္စရောက်တော်မူရှာသည်။ "ရှင်ဘို့မယ်" ၏ရုပ်အလောင်းကို "ရှင်ဘို့မယ်"နေထိုင်ရာ စံအိမ်တော်ဝင်း အတွင်း၌ သဂြိုဟ်မြှုပ်နှံသည်။

မင်းဆက် (၅)ဆက်၊ လင် (၅)ယောက်ရှိခဲ့သော "ရှင်ဘို့မယ်"၏ ကောင်းမှုကုသိုလ်တော်များမှာ -

၁။ ပုဂံမြို့၌ တည်ထားသော "ရှင်ဘို့မယ်" အုတ်ကျောင်း

၂။ မန္တလေးမြို့ "ရှင်ဘို့မယ်"ဘုရား

တို့သည် မိဖုရား "ရှင်ဘို့မယ်" ၏ ကောင်းမှုကုသိုလ် တော်တို့ဖြစ်ပါသည်။

"မင်းဆက်ငါးသွယ်၊ ရှင်ဘို့မယ်၊ နန်းလယ်တင့်သည်သာ"

"ရှင်ဘို့မယ်" သည် ထီးရိပ်နန်းရိပ်အောက်က မဟေသီ ဒေဝီမိဖုရားတစ်ပါးဖြစ်ခဲ့သည်။

×××××

# ရှင်စောပု

မွန်လူမျိုးတို့နယ်မြေဒေသတွင် တိုင်းကြီး (၃)တိုင်းရှိသည်။

၁။ ဟံသာဝတီ (ဥဿာပဲခူး (မဏ္ဍလ)

၂။ ပုသိမ် (ကုသိမ) မဏ္ဍလ

၃။ မုတ္တမ (မယ္ဂုလ)

တို့ဖြစ်ကြသည်။

ထိုတိုင်း (၃)တိုင်းတွင် မြို့ရွာပေါင်း (၉၆) မြို့၊ နယ်၊ ရွာ တို့တွင် အုပ်ချုပ်ခဲ့ကြသည်။

ဟံသာဝတီဘုရင် "ရာဇာဓိရာဇ်"တွင်မိဖုရား (၃)ပါး ရှိခဲ့သည်။ ထိုသုံးပါးဖြစ်ကြသည်။

၁။ တလမည်ဒေါ်မိဖုရား

၂။ ဓမ္မမနိတ်(မယ်ပတ္တမြား) ပိယရာဇာဒေဝီတစ်ပါး၊

၃။ တလသုဒ္ဓမာယာတစ်ပါး တို့ဖြစ်ကြသည်။





ရာဇာဓိရာဇ်မင်းအဖြစ်သို့ရောက်သောအခါ မိဖုရားသုံးပါးမှ "တလသုဒ္ဓမာယာမိဖုရား"

၁။ သားတော် (၂)ပါး

၂။ သမီးတော် (၁) ပါး ပေါင်း သားတော် သမီးတော် (၃)ပါးဖွားမြင်သည်။

ထိုသားတော် သမီးတော် (၃)ပါးမှ သမီးတော်ကလေးမှာ ရုပ်ဆင်းအင်္ဂါလှပ၍ အသားအရေဖြူဝင်း၍ ချောမောသည်။ ထို့ကြောင့် ဘုရင် ရာဇာဓိရာဇ်၏ အရိုးတော် မဟာဒေဝီက ချစ်မြတ်နိုးတော်မူ၍ သမီးတော်ကလေးကို မွန်အမည် "တခင်စံဖော့" ဟုအမည်ပေးတော်မူသည်။ "တခင်စံဖော့" ဟူသည် မြန်မာစကားအသံထွက်ဖြင့် "သခင်ကျော်ဘို့" ဖြစ်သည်။ "သခင်ကျော်ဘို့" အမည်၏ အဓိပ္ပါယ်မှာ "မြေးဖြူမ" ဖြစ်သည်။

မွန်စကားဖြင့် "တခင်စံဖော့ (ခေါ်) သခင်ကျော်ဘို့ (ခေါ်) မြေးဖြူမ" ဟူ၍ ချစ်စနိုးဖြင့် ခေါ်ခြင်းဖြစ်သည်။

ထို "မြေးဖြူမ" သည် နောင်သောအခါ "ရှင်စောပု" အမည်တွင်ခဲ့သည်။ (ရှင်စောပုမင်းသမီးဘဝငယ်စဉ်အရွယ်က "ဝိဟာရဒေဝီ" ဟုခေါ်သည်)

"ရှင်စောပုကလေးသည် ဘွားအေတော်ဖြစ်သူ မဟာဒေဝီမှ ကျွေးမွေးပြုစုယုယမှုကိုခံ၍ ကြီးပြင်းလာရသည်။ ထို့ကြောင့် "ဘုရင်ရာဇဓိရာဇ်" သည် အရီးတော် "မဟာဒေဝီ" အား ဒဂုံမြို့ကို အပိုင်စားပေးအပ်တော်မူသည်။ ရှင်စောပု ငယ်စဉ်က ဟံသာဝတီ (ဥသာပဲခူးမှ ဒဂုံဆံတော်ရှင် ရွှေတိဂုံစေတီတော် ဘုရားသို့သွားသည့်အခါ မြေးဖြစ်သူ ရှင်စောပုကို ဘွားအေက ခေါ်သွားလေ့ရှိသည်။

မြေးဖြစ်သူ "ရှင်စောပု" အသက် (၁၂)နှစ် အရွယ်ရောက်သော် ဘွားအေ "မဟာဒေဝီ" ကံတော်ကုန်လေသည်။ ထိုသို့ ကံတော်ကုန်သည့်အခါ ဘွားအေ မဟာဒေဝီ၊ ဒဂုံမြို့အပိုင်စားရသည်ဖြစ်၍ မြေးဖြစ်သူ "ရှင်စောပု" မှ ဒဂုံမြို့ ကိုဆက်လက် အပိုင်စားခွင့်ရရှိသည်။

"ရှင်စောပု" အသက် (၂၀)ကျော်ရှိခဲ့ပြီး၊ အရွယ်ရောက်နေပြီဖြစ်သောအခါ ခမည်းတော် ရာဇဓိရာဇ်သည် သမီးတော် ရှင်စောပုကို မိမိတူဖြစ်သော မုတ္တမမြို့စား "သမိန်စည်သူ"နှင့် ထိမ်းမြားလက်ထပ်ပေးတော်မူသည်။

"သမိန်စည်သူ" နှင့် "ရှင်စောပု" တို့မှ သမီးတော် (၂)ပါး သားတော် (၁)ပါး ဖွားမြင်ခဲ့သည်။





ထိုသမီးတော်နှင့် သားတော်များမှာ

၁။ သမီးကြီးနဲတကာတော် (မိပကာတော်)

၂။ သမီးလတ် နဲတကာသင် (မိပကာသင်)

၃။ သားတော် "ဗညားဗရူး" တို့ဖြစ်ကြသည်။

ရှင်စောပုတွင် သားသမီး (၃)ယောက်ရပြီးသောအခါ အိမ်ထောင်ရှင်မဘဝ (၅)နှစ်ရသည့်အချိန် ရှင်စောပု အသက် (၂၅)နှစ်အရွယ်ရောက်သော် မြန်မာသက္ကရာဇ် (၇၈၀)ပြည့်နှစ်တွင် "သမိန်စည်သူ" သည် မကျန်းမမာ ဝေဒနာဖြစ်ပြီး ဝေဒနာပြင်းထန်သောကြောင့် အဖျားရောဂါဖြင့် အနိစ္စရောက်ရှာသည်။

"ရှင်စောပု" မှာ အသက်အရွယ်တော် (၂၅)နှစ်အရွယ် ကောင်းတွင် သားသမီး (၃)ယောက်မိခင် မုဆိုးမဘဝဖြစ်ရတော့သည်။ မုဆိုးမဘဝတွင် မောင်တော် "ဗညားရံ" မှ ခေါ်ယူကျွေးမွေးစောင့်ရှောက်ကာ သူ့အပါးတွင် နေစေသည်။ ထိုသို့ ခေါ်ယူထားသဖြင့် မောင်တော်ရင်း "ဗညားရံ" ၏စောင့်ရှောက်မှုကိုခံရ၍ "ရှင်စောပု" သည် မုဆိုးမဘဝဖြင့် စိတ်ချမ်းသာစွာနေရသည်။

ထို့နောက် "ရှင်စောပု" အသက် (၂၇)နှစ်အရွယ်တွင်

ခမည်းတော် ရာဇမိရာဇ် နတ်ရွာစံကံတော်ကုန်သည်။ ခမည်းတော်နတ်ရွာစံသော် မောင်တော် ဗညားဓမ္မရာဇာ နန်းတက်တော်မူသည်။ နန်းတက်ထီးနန်းစံရာ (၃)နှစ်ခန့်သာနန်းစည်းစိမ်ခံစားရပြီး မြန်မာသက္ကရာဇ် (၁၄၂၄) ခုနှစ်တွင် "ဗညားဓမ္မရာဇာ" နတ်ရွာစံတော်မူသည်။ ဗညားဓမ္မရာဇာ နတ်ရွာစံသော် မောင်တော်အရင်း ဗညားရံ နန်းတက်ထီးနန်းစံသည်။

ဗညားဓမ္မရာဇာ လက်ထက်မှစ၍ ညီတော်များ ဖြစ်ကြသော ဗညားရံ နှင့် ဗညားကျန်း တို့နှစ်ဦးမသင့်မတင့် ဖြစ်နေကြစဉ်အချိန် အင်းဝ ပထမမင်းခေါင်သား မဟာဓမ္မရာဇာဘွဲ့ခံ ဆင်ဖြူရှင် သီဟသူသည် အုံမှ ဗညားကျန်းကိုစစ်ကူခေါ်၍ ပုသိမ်မြို့မှ တဆင့် "ဒလမြို့" ကိုတိုက်ခိုက်ရာ အောင်မြင်ပြီး ဒလမြို့ကို သိမ်းပိုက်သည်။

ထိုသို့ ဒလမြို့ တိုက်ခိုက်သိမ်းပိုက်ပြီးနောက် "ဆင်ဖြူရှင်သီဟသူ" သည် တပ်များနှင့် မသင့်တင့်ဖြစ်၍ ဗညားကျန်းသည် ပဲခူးဗညားဓမ္မရာဇာနှင့် ပူးပေါင်းပြီး အင်းဝတပ်များကို တိုက်ခိုက်ပြန်သည်။ ဆင်ဖြူရှင် သီဟသူသည် အုံကိုတိုက်ခိုက်ရာ မအောင်မြင်ချေ။ ဤတွင် အင်းဝဘုရင် "ဆင်ဖြူရှင်သီဟသူ" သည် ထပ်မံ၍ ကြည်းတပ်၊ ရေတပ်တို့ဖြင့် ပြန်လည်တိုက်ခိုက်





ရာ တစ်လခန့်ကြာသော် ပဲခူး ဗညားဓမ္မရာဇာ စစ်ရှုံးသည်။

ထို့နောက် အုံမင်းဗညားရံ ကိုဆက်လက်တိုက်သည်။ ဗညားရံသည် ဆင်ဖြူရှင် သီဟသူအား စစ်ပြိုင်တိုက်ခိုက်နိုင်ွမ်းမရှိတော့သဖြင့် နှစ်ဦး စစ်ပြေငြိမ်းရေးအတွက် နှမတော် "ရှင်စောပု" ကိုဆက်သပါမည်ဖြစ်ကြောင်းလျှောက်၍ ဆင်ဖြူရှင်သီဟသူသည် လက်ခံတော်မူပြီးစစ်ပြေငြိမ်းစေခဲ့သည်။

ထိုအခါ နှမတော် "ရှင်စောပု" ကို သီရိတြိဘဝနာဒိတျပဝရအတုလအဂ္ဂမဟာဓမ္မရာဇာမိရာဇ် မဟာဒေဝီ" ဘွဲ့တို့ဖြင့် မိဖုရားအဆောင်အယောင်တို့နှင့်တကွ မှူးမတ်များခြံရံကာ ဆင်ဖြူ သီဟသူအား ဆက်သလေသည်။ ဤသို့ဖြင့် "ရှင်စောပု"သည် အင်းဝဘုရင် ဆင်ဖြူရှင်သီဟသူ၏ မိဖုရားဖြစ်တော်မူပြီးအင်းဝနေပြည်တော်သို့ခေါ်ဆောင်ခဲ့သည်။

ဆင်ဖြူရှင်သီဟသူ၏ မိဖုရားတစ်ပါးဖြစ်သော "တန်ဆောင်းရှင်မိဖုရား" သည် မိမိသားတော် မင်းလှငယ်ကို ခရစ်နှစ် (၁၄၂၅) ခုနှစ် ဩဂုတ်လတွင် ချက်ချင်းပင် အင်းဝမြို့ နန်းတင်ပေးခဲ့သည်။ မင်းလှငယ်မင်းဖြစ်သည့်အခါ "ရှင်စောပု" သည် "မင်းလှငယ်" ၏ မိဖုရားဖြစ်လာခဲ့သည်။

မင်းလှငယ်မင်းဖြစ်၍ ရက်ပိုင်းမျှသာအကြာတွင် မိဖုရား

ရှင်ဘို့မယ် ၏ စေခိုင်းချက်အရ အတွင်းလူက အဆိပ်ခပ်လုပ်ကြံခဲ့၍ မင်းလှငယ် နတ်ရွာစံခဲ့လေသည်။ ထို့နောက် အင်းဝထီးနန်းအရိုက်အရာကို ကလေးကျေးတောင်ညိုသည် ခရစ်နှစ် (၁၄၂၅) ခုနှစ် နိုဝင်ဘာလတွင် နန်းတက်ထီးနန်းစံသည်။

ထိုစဉ် မိုးညှင်းမင်းတရားကြီးသည် ကြည်းတပ်၊ ရေတပ်၊ စစ်သည်ဗိုလ်ပါတို့နှင့် မိုးညှင်းမှ အင်းဝမြို့သို့ချီတက်တိုက်ခိုက်သည်။ မိုးညှင်းမင်းတရားကြီးတိုက်ခိုက်ရာတွင် စစ်ယှဉ်ပြိုင်တိုက်ခိုက်နိုင်စွမ်းမရှိတော့သည့် ကလေးကျေးတောင်ညိုသည် ထွက်ပြေးတိမ်းရှောင်၍ ပခန်းတရုပ်များထံ "ရှင်စောပု" ကိုပေးအပ်ခဲ့သည်။

ထိုသို့ ပေးအပ်ခဲ့ရာ မိုးညှင်းမင်းတရားကြီးသည် ပခန်းမြို့ကိုတိုက်ခိုက်ရာ "ပခန်းမြို့" ကိုသိမ်းပိုက်လိုက်သည်။ မြို့ကို သိမ်းပိုက်ပြီးသည့်နောက် မှန်မင်းသမီး "ရှင်စောပု" ကို အင်းဝရွှေမြို့တော်နန်းတွင်း၌ စံအိမ်တော် ဆောက်ပေးပြီး မိဖုရားအရာထားလိုက်သည်။ ဤတွင် ရှင်စောပုသည် အင်းဝမင်း မိုးညှင်းမင်းတရားကြီး၏ မိဖုရားဖြစ်ခဲ့ရပြန်သည်။ ဤသို့ မိဖုရားအရာထားခြင်းခံရသော "ရှင်စောပု" သည် စိတ်မချမ်း





မြေ့၍ ခရစ်နှစ် ၁၂၄၉ ခုနှစ်တွင် "ရှင်စောပု"သည် မွန်ရဟန်းနှစ်ပါးဖြစ်သည့် သျှင်ဓမ္မဉာဏ၊ သျှင်ဓမ္မဓရ တို့ အကူအညီဖြင့် အင်းဝနေပြည်တော်မှ ဟံသာဝတီ (ဥဿာပဲခူး) သို့ထွက်ပြေးခဲ့ရာ လွတ်မြောက်လေသည်။ ထွက်ပြေးသည့်အကြောင်းမှာ မိုးညှင်းမင်းတရားကြီးသည် ချစ်ခင်အလေးထားမှုမရှိသောကြောင့် မွန်ပြည်မှ စာသင်ရဟန်း သျှင်ဓမ္မဉာဏ၊ သျှင်ဓမ္မဓရ တို့ကို ရွှေငွေများပေးပြီး ကံကြွေးပြုစေ၍ မိဖုရား ရှင်စောပုကို ကျွန်ပြုစေသည်။

"ရှင်စောပု" သည် မိမိယုံကြည်ရသော ရဟန်းနှစ်ပါးကိုတိုင်ပင် အနောက်လုံတော်ပေါက်မှသွားလျှင် လွတ်မည်ထင်၍ ကြိုတင်စီစဉ်ထားသော လှေကိုစီး၍ အောက်ပြည်သို့စုန်ဆင်းပြေးသွားတော့သည်။ ရဟန်းနှစ်ပါးလည်း ရေလမ်းခရီးသွားရာတွင် ဘေးအန္တရာယ်ကင်းစေရန် အထွေထွေပရိယာယ်ဝေဝုစ်စီရင်၍ သွားသည်။

မြန်မာသက္ကရာဇ် (၇၈၈) ခုနှစ် (အေဒီ ၁၄၂၆-၁၄၃၉) တွင် မိုးညှင်းမင်းတရားသည် "သီရိသုဓမ္မရာဇာ"ဟူသော အမည်ခံတော်မူပြီး အင်းဝမြို့မင်းပြုတော်မူ၏။ မိုးညှင်းမင်းတရား ၏ မိဖုရားခေါင်သည် တောင်တွင်းမင်း၏သမီးတော် ရှင်မိမြတ်

ဖြစ်သည်။

အင်းဝဘုရင် "မိုးညှင်းမင်းတရား" သည် အမတ်ကြီး (၅) ဦးကို လှော်ကား လှေ (၅) စင်းနှင့် ထွက်ပြေးသွားသော ရှင်စောပုနှင့် ရဟန်းနှစ်ပါးတို့၏ လှေနောက်သို့ အလျင်အမြန်အမီလိုက်ကြလေသည်။ ထိုသို့လိုက်ရာ "ရှင်စောပု" လှေကိုမတွေ့ရတော့ချေ။ ရှင်စောပုလှေသည် ညဥ့်အခါ ပေါ်တာတွင်းမှာပုန်းအောင်း၍ စုန်ဆင်းလှော်ခတ်သွားရာ မကြာမီ မွန်ပြည်သို့ရောက်လေသည်။

မွန်ပြည်သို့ရောက်သည့်အခါ အစ်ကိုတော် "ဗညားရံ" ထံသွားရာ မွန်မင်း ဗညားရံ သည် အင်းဝမြို့မှ ပြန်ရောက်လာသည့် နှမတော် ရှင်စောပုနှင့်တွေ့၍ ဝမ်းမြောက်ဝမ်းသာဖြစ်နေတော့၏။ ဤတွင် နန်းတွင်း၌ အိမ်ဆောက်၍ထားပြီး နန်းတွင်း၌နေစေသည်။ ဤအချိန်ကာလက-

"ရှင်စောပု"သည် အစ်ကိုတော် ဗညားရံက အင်းဝမင်းဆင်ဖြူရှင် သီဟသူကို နှမတော် "ရှင်စောပု"ကိုဆက်သသည်။ ထိုသို့ဆက်သရာတွင် "ရှင်စောပု" သည် သားတော် (၁)ပါးနှင့် သမီးတော် (၂)ပါးတို့ကိုစွန့်၍ အင်းဝမင်းဆင်ဖြူရှင် သီဟသူ ခေါ်ဆောင်ရာသို့လိုက်ပါသွားရသည်။ ထိုသို့လိုက်ပါ

မိတ်ဆွေစာပေ



ရာတွင် "ရှင်စောပု" သည် သမီးကြီး "နဲ့တကာထော်" ၊ သမီး "နဲ့တကာသင်"နှင့် သားတော်ငယ် "ဗညားဗရူး" သားငယ် သမီးငယ် (၃)ယောက်တို့ကို စွန့်လွှတ်ထားခဲ့ပြီး လိုက်ပါသွားရလေတော့သည်။

ထိုသို့စွန့်လွှတ်ကာ ထွက်သွားရာ နှစ်ကြာရှည်စွာ ခွဲခွာနေထိုင်ခဲ့ရလေသည်။ "ရှင်စောပု" သည် အင်းဝနေပြည်တော်တွင် နှစ်ရှည်ကြာစွာနေသောကြောင့် ငယ်စဉ်က စွန့်ခွာသွားခဲ့ရသော သားတော် ဗညားဗရူးသည် "ရှင်စောပု"အား မိခင်မယ်တော်မှန်းမသိချေ။ "ရှင်စောပု" မွန်ပြည်သို့ရောက်လာရာ များမကြာမီအချိန် အစ်ကိုတော် ဗညားရံ နတ်ရွာစံကံတော်ကုန်သည်။ ဗညားရံ နတ်ရွာစံသော် "ရှင်စောပု" ၏သား ဗညားဗရူးသည် ခရစ်နှစ် ၁၄၄၆ တွင်ဆက်၍နန်းစံသည်။ ဗညားဗရူး (၄)နှစ်ခန့်နန်းစံခဲ့ပြီးနောက် ခရစ်နှစ် ၁၄၅၀ ခုနှစ်တွင် ဗညားကျန်းဆက်၍ ထီးနန်းစံသည်။

"ဗညားကျန်း" သည် (၁) နှစ်ခန့်သာနန်းစံရပြီး ခရစ်နှစ် (၁၄၅၁) တွင် နတ်ရွာစံကံတော်ကုန်သည်။ "ဗညားကျန်း" နတ်ရွာစံသော် လိတ်မွတ်ထော ဆက်၍ နန်းတက်ထီးနန်းစံသည်။ ထိုသို့နန်းစံရာ နန်းသက် (၁) ----၊ သာ နန်းစံပြီး

မိတ်ဆွေစာပေ

မကြာမီနတ်ရွာစံကံတော်ကုန်သည်။

"လိတ်မွတ်ထော" နတ်ရွာစံသော် ခရစ်နှစ် (၁၄၅၃)ခုနှစ်တွင် သက်တော် (၅၃)နှစ်အရွယ် "ရှင်စောပု" သည် "ဗညားထော"ဟူသောဘွဲ့တော်ကိုခံယူကာ ဟံသာဝတီ (ဥသာပဲခူး) ထီးနန်းစံမြန်းစိုးစံတော်မူသည်။

ထိုသို့ "ရှင်စောပု" ဘုရင်မကြီးသည် ထီးဆောင်းမင်္ဂလာ မဟာဥသင်္ဂသဘင်ဆင်ယင်ကျင်းပတော်မူသည်။ ဤတွင် လုပ်ဖော်ကိုင်ဖက်ပွဲကြီးလမ်းကြီးရသူတို့ကိုလည်း ရွေးချယ် စိစစ်တော်မူပြီး၊ အရည်အချင်းအားလျော်စွာ ထိုက်သင့်ထိုက်ရာ ဆုလာဒ်ဘွဲ့အမည်နှင့်ရာထူးဌာနန္တရ တို့ကိုပေးခြင်း၊ မြို့စား၊ ရွာစား၊ နယ်စားပေးခြင်းတို့ကို ပြုလုပ်တော်မူသည်။

မွန်ဘုရင်မကြီး "ရှင်စောပု" သည် ဘုရားစေတီ၊ ကျောင်းကန်၊ တန်ဆောင်းနှင့် ဘုရားဝတ္တကမြေများကို မေးမြန်းစိစစ်ဆေးတော်မူပြီး ထိုဘုရားစေတီကျောင်းကန် တန်ဆောင်းတို့ကို အသံစ်တဖန် ထပ်မံ၍ ပြုပြင်လှူဒါန်းတော်မူသည်။ ထိုသို့ လှူဒါန်းတော်မူပြီးသည့်အခါ "ရှင်စောပု" ဘုရင်မကြီးသည် မိမိနိုင်ငံတွင်နေထိုင်ကြသော တိုင်းသူပြည်သား၊ ရှင်လူများနှင့် သူဌေးသူကြွယ်တို့ကိုဆင့်ခေါ်ဖိတ်ကြား၍





"ယနေ့မှစ၍ ဒါန၊ သီလ၊ ဘာဝနာတို့ကို မြဲမြဲစွာအားထုတ်ဆည်းပူးကြပါ၊ ကျွန်ုပ်လည်း တရားဘာဝနာအစဉ်အားထုတ်တော်မူပါမည်" ဟု မိန့်တော်မူမှာလေသည်။

ဟံသာဝတီပြည် (ဥသာပဲခူး) "ရှင်စောပု"နန်းတက်ထီးနန်းစံတော်မူသည့်အချိန်မှစ၍ ဟံသာဝတီပြည်သည် စည်ပင်သာယာခဲ့၏။

ထို့နောက် "ရှင်စောပု" ဘုရင်မကြီးသည် -

၁။ ဗညားအိန်

၂။ သိရိမနူ

၃။ ဗိုလ်ထရာဇာ

၄။ ဗရိန်း

၅။ ဗညားကျွန်း စသည့်အမတ် (၅)ယောက်တို့ ကြပ်မတ်ဆော်၍ လက်ခကံကျေးများစွာပေးပြီးလျှင် လိပ်ပြင်ကျောင်းတော်ကြီးကို ဆောက်လုပ်စေပြီး ဝတ္တကမြေများစွာနှင့်တကွ ကပ္ပိယကျောင်း ကျွန် (၃၀၀)နှင့်တကွ မွေးစားသားတော် "ဓမ္မရေ"ကို လှူဒါန်းပေးအပ်တော်မူသည်။

ထိုသို့လှူဒါန်းပေးအပ်တော်မူပြီးသည့်နောက်

၁။ ဗညားထော

၂။ ဇရ
၃။ ရဲနောင်
၄။ ပိုက်ထသူရ
၅။ အဲကံကောင်း
၆။ နန္ဒသင်းရုံ
၇။ အနူကံပိုက်
၈။ အက္ကရပ်
၉။ လိုက်ကံကောင်း
၁၀။ ဇိမ်လကွမ်း

၁၁။ ပိုက်သင်ရန် ဟူသော အမတ် (၁၁)ယောက်တို့က ကြပ်မတ်စေလျက် "အတုလဝံသ"အမည်ရှိ ကျောင်းတော်ကြီးကို ကျောင်းအရံ (၃)ထပ်နှင့်ဆောက်လုပ်စေ၍ ကြေးပိသော တစ်ဆောင်ထွက် ဝတ္တကမြေများနှင့်တကွ၊ ကပ္ပိယကျောင်း၊ ကျွန် (၃၀၀) တို့ကိုပါ ရဟန်းတော် "အသျှင်ဓမ္မညာဏ" ကိုလှူဒါန်းတော်မူသည်။

"ရှင်စောပု"ဘုရင်မကြီးသည် လိပ်ပြင်ကျောင်းတော်ကြီး နှင့်အတုလဝံကျောင်းတော်ကြီးနှစ်ကျောင်းကို ဆောက်လုပ်ပြီး ရေစက်ချလှူဒါန်းတော်မူပြီးနောက် "ရှင်စောပု"ဘုရင်မကြီး





သည် ဗညားအိမ်ကိုခေါ်တော်မူပြီး -

"ငါ အင်းဝမြို့တော်က ထွက်ပြေးလာစဉ်အခါက ကျွန်ရင်း၊ ကျေးရင်းများကို မြှောက်စားချီးမြှင့်ရမည်" ဟုမိန့်တော်မူသည်။

ထိုသို့မိန့်တော်မူပြီး အောက်ပြည်သို့ စုန်ဆင်းစဉ် လှေလှော် သမားများ အောက်သားများ ရှစ်ကျိပ်နှင့် မွန်လူမျိုးတစ်ရာမျှ ကို အရည်အချင်းအလိုက် ထိုက်တန်စွာချီးမြှင့်တော်မူခဲ့သည်။

"ရှင်စောပု" သည် ခရစ်နှစ် (၁၄၅၃) ခုနှစ်မှစ၍ ခရစ်နှစ် (၁၄၇၂) ခုနှစ်အထိ (၁၉)နှစ်တိုင်တိုင် ဟံသာဝတီ (ဥဿာပဲခူး) ထီးနန်းစိုးစံအုပ်ချုပ်တော်မူရာတွင် "ရှင်စောပု" ၏ နန်းတက် နှစ်ကာလတွင် "ဟံသာဝတီ" ပြည်သည် စစ်တိုက်ခိုက်မှု စစ်ဘေးမှကင်းလွတ်၍ ပြည်တွင်းပြည်ပအေးချမ်း စည်ပင် သာယာဝပြောသည်။

ဟံသာဝတီပြည်ကြီးအေးချမ်းသာယာသည့်အခါ "ရှင်စောပု" ဘုရင်မကြီးသည် ရဟန်း "ဓမ္မညာဏ" ကိုလူထွက်စေပြီး ဘုရင်မကြီးအပါးတွင် ခစားစေသည်။ ထိုသို့ ခစားစဉ်တွင် ရဟန်းလူထွက် "အသျှင်ဓမ္မညာဏ" ကို ရှင်စောပုဘုရင်မကြီး သည် သူ၏သမီးတော်အငယ် "ခဲ့တကာသင်" နှင့် ထိမ်းမြား လက်ထပ်ပေးတော်မူသည်။ ရဟန်းလူထွက် " ဓမ္မညာဏ "

သမက်တော်ကို "မမ္မစေတီ" ဘွဲ့တော်ဖြင့် အိမ်ရှေ့စံအရာ ပေးတော်မူသည်။ "နဲတကာသင်" သည် အိမ်ရှေ့စံမိဖုရားဖြစ်လာသည်။

*(အိမ်ရှေ့စံသည် တိုင်းပြည်ထီးနန်းစံဘုရင်မရှိတော့သည့်အခါ အိမ်ရှေ့သည်အလိုအလျောက်နန်းတက်မင်းပြုရသည်)

မွန်လူမျိုးအနွယ်တော် "ဘုရင်မကြီးရှင်စောပု"သည် မင်းစည်းစိမ်နှင့် အာဏာကို တပ်မက်ခြင်းလုံးဝမရှိသဖြင့် သားမက်တော် "ဓမ္မစေတီ"အား အိမ်ရှေ့စံအရာအပ်နှင်းပြီးနောက် "ရှင်စောပု"ဘုရင်မကြီးသည် မိမိထီးနန်းစံမြန်းရာ ဟံသာဝတီ (ဥသာပဲခူး) မှ "ဒဂုံ" သို့ပြောင်းရွှေ့၍ ရွှေတိဂုံစေတီတော်ဘုရားခြေရင်း၌ ယာယီနန်းတော်ဆောက်၍ ဥပုသ်သီတင်းတည်ဆောက်ကာ ဒါန၊ သီလ၊ ဘာဝနာအလုပ်ကိုသာ နေ့စဉ်အားထုတ်တော်မူသည်။ ထိုသို့နေထိုင်စဉ် "ရှင်စောပု" ဘုရင်မကြီးသည် ရွှေတိဂုံဆံတော်ရှင်စေတီတော်ကိုလည်း ဘက်စုံပြန်လည်ပြုပြင်ပြီး စေတီတော်ကို လုံးတော်ပြည့် ရွှေသင်္ကန်းလှူပူဇော်သည်။ ထို့အပြင် ဟံသာဝတီ (ဥသာပဲခူး)၌လည်း "ကျိုက်ထောမုနိစေတီတော်" ကိုလည်း တည်ထားကိုးကွယ်ခဲ့သည်။





*(မွန်ပြည်နယ် ကျိုက်မရောဘုရားတွင် မွန်ဘုရင်မကြီး "ရှင်စောပု" သည် ရပေပတ်လည်ခန့်ရှိ ကြေးမောင်းတော်ကြီးကို လှူဒါန်းထားတော်မူသည်။ "ကြေးမောင်းတော်ကြီးတွင် ရှင်စောပုဘုရင်မကြီးကောင်းမှု" ဟူ၍ ကမ္ပည်းစာရေးထိုးထားသည်ကို တွေ့မြင်ရပါသည်။)

ထို့နောက် ဒဂုံမြို့၌ နေထိုင်တော်မူစဉ်ကာလ မြန်မာသက္ကရာဇ် (၈၃၃) ခုနှစ် ခရစ်နှစ် (၁၄၇၂) တွင် မွန်ဘုရင်မကြီးရှင်စောပုသည် နတ်ရွာစံကံတော်ကုန်ရှာသည်။ "ရှင်စောပု" ဘုရင်မကြီး နတ်ရွာစံသော် အိမ်ရှေ့စံ "ဓမ္မစေတီ" သည် ဟံသာဝတီ (ဥသာပဲခူး) ရွှေနန်းကို သိမ်းပိုက်၍ မင်းပြုထီးနန်းစံတော်မူသည်။

"ဓမ္မစေတီမင်း" ဟံသာဝတီ (ဥသာပဲခူး)ထီးနန်းစံတော်မူချိန် ခရစ်နှစ် ၁၄၉၂ ခုနှစ်တွင် သားတော် ဗညားရံလုပ်ကြံ၍ အေဒီ ၁၄၉၂-၁၄၅၆ နှစ်မှာ ဓမ္မစေတီမင်းနတ်ရွာစံ ကံတော်ကုန်တော်မူသည်။

*(ယခု ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အနောက်မြောက်ထောင့် ရှင်စောပု ဘုရင်မကြီး၏ ကောင်းမှုဗုဒ္ဓရုပ်ပွားတော်တစ်ဆူရှိပါသည်)

ဝမ်းချောင်းရပ်၊ အရှေ့ဘက်အရပ်သည် ရှင်စောပုရပ်ကွက်ဟူ၍ ယခုတိုင်ရှိပါသည်)။ ။

# ရာဇဓာတုကလျာ

ခရစ်နှစ် (၁၅၅၄) ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် "သီရိတြိဘဝနာဒိတျပဝရပဏ္ဍိတသုဓမ္မရာဇ မဟာဓိပတိဘွဲ့ခံ" ဆင်ဖြူများရှင် ဘုရင့်နောင်မင်းတရားကြီးသည် "ဟံသာဝတီ ထီးနန်းကို သိမ်းပိုက်တော်မူပြီး နန်းတက်ထီးနန်းစံတော်မူသည်။

ဘုရင့်နောင်မင်းတရားကြီးသည် "တပယင်းစတုကာမဏီ သမီး" "ရှင်ထွေးလှ" နှင့်သင့်မြတ်တော်မူရာ သားတော် သမီးတော်တို့ကိုဖွားမြင်တော်မူသည်။

ထိုသားတော် သမီးတော်တို့မှာ–

၁။ သားတော် ဇင်းမယ်ဘုရင်အနော်ရထာမင်းစော၊

၂။ နှမတော် ရာဇဓာတုကလျာ

၃။ မောင်တော် သီရိသုဓမ္မရာဇာဘွဲ့ခံ မုတ္တမမင်း





သိဃ် ဘတ္တ၊

တို့ကို ဖွားမြင်တော်မူခဲ့သည်။

ထို့နောက် ခရစ်နှစ် (၁၅၉၅) ခုနှစ် နိုဝင်ဘာလ (၁၂) ရက်၊ တနင်္ဂနွေနေ့တွင် ဘုရင့်နောင်မင်းတရားကြီး၏ မိဖုရား "ရှင်ထွေးလှ" မှ သမီးတော် တစ်ပါးဖွားမြင်တော်မူသည်။

ဘုရင့်နောင်မင်းတရားကြီးသည် ဟံသာဝတီမြို့ (ဥသာပဲခူး) တွင် ကောင်းမှုတော် မဟာစေတီတော်ကြီးတည်တော်မူစဉ် ဘုရားရှင်ဓာတ်တော်မွေတော်များကို စေတီတော်အတွင်း၌ ဌာပနာရန်ဓာတ်တော်ပို့သည့်နေ့တွင် သမီးတော်တစ်ပါးဖွားမြင် တော်မူသည်ကိုအစွဲပြု၍ သမီးတော်အား "ရာဇဓာတုကလျာ" ဟုအမည်ပေးတော်မူသည်။

မြန်မာသက္ကရာဇ် (၉၂၁) ခုနှစ်၊ နတ်တော်လဆန်း (၁၄) ရက်၊ တနင်္ဂနွေနေ့တွင် ဘုရားရှင်ဓာတ်တော်ကို ဝင်းခင်းသဘင် ညီမင်းသား မင်းဆွေမင်းမျိုး မှူးတော် မတ်တော်များ ဝတ်၍ ရွှေနန်းတော်ကြီးမှ ကောင်းမှုတော်ဘုရားသို့ ဆောင်ကြရသည်။

ထိုသို့ပို့ရာ ကောင်းမှုတော် မဟာစေတီတော်ကြီးရှေ့တွင် ဝင်းတံခါးနန်းကြီး ဆောက်၍ မင်းမိဖုရား ကိုယ်လုပ်တော်

မောင်းမများနှင့် ကြည့်ရှုတော်မူ၏။ ထိုနေ့တွင်လည်း ဘုရင့်နောင်မင်းတရားကြီး၏ "ရာဇဒေဝီရှင်မိဖုရားမှ သမီးတော်တစ်ပါး ဖွားမြင်တော်မူသည်။ ဓာတ်တော်ပို့သည့်နေ့တွင်ဖွားမြင်သည်ကို အကြောင်းပြု၍ "ရာဇဓာတုကလျာ" ဟူသောအမည်သမုတ်တော်မူသည်။ * (မှန်နန်းရာဇဝင်တော်ကြီး၌ ဖော်ပြပါရှိသည်)

ဘုရင့်နောင်မင်းတရားကြီး၏သားတော် "အနောက်ဖက်ရထာ မင်းစော" သည် "သုဝဏ္ဏဘုမ္မိ" ဟုခေါ်သော (ယိုးအယားနိုင်ငံ) ဇင်းမယ် * (ချင်းမိုင်မြို့တော်ကိုအုပ်ချုပ်စိုးစံသည်။ နမတော် "ရာဇဓာတုကလျာ" ကိုဇင်းမယ်ဘုရင်နမ ဟူ၍လည်း ခေါ်ကြသည်။

ဟံသာဝတီထီးနန်းစံ ဘုရင့်နောင်မင်းတရားကြီးသည် သမီးတော် "ရာဇဓာတုကလျာ" မင်းသမီးကို အခြားသမီးတော်များနှင့်အတူ ခရစ်နှစ် (၁၅၇၄)ခုနှစ် ဇန်နဝါရီလ (၂၇) ရက်နေ့တွင် နားထွင်းမင်္ဂလာပြုပေးတော်မူ၏။

"ရာဇဓာတုကလျာ" အရွယ်ရောက်သည့်အချိန်မှာ နတ်သျှင်နောင် မင်းသားနှင့် မေတ္တာမျှချစ်ကျွမ်းဝင်ခဲ့ကြသည်။ ချစ်သူနှစ်ဦး လက်ဆက်ရေးတွင် အမျိုးမျိုးအကြောင်းကိစ္စများကြောင့် အချစ်ရေးတွင် နှောင့်နှေးကြန့်ကြာခဲ့ရသည်။ ရာဇဓာတု





ကလျာသည် လွမ်းစာခွေရတုများရေးဖွဲ့ကာ ချစ်ရေးမျှခဲ့ကြသည်။

ထိုစဉ်မမျှော်လင့်ဘဲ ချစ်သူ နတ်သျှင်နောင်နှင့် လက်ဆက်မည့်ဆဲဆဲ ရုတ်တရက် ချစ်ရသူ နတ်သျှင်နောင်နှင့်ကွဲကာ ကွေကွင်းခဲ့ရသည်။ ဤတွင် မိမိ မချစ်မနှစ်သက်သော "နန္ဒဘုရင်" ၏သားတော် အိမ်ရှေ့ဥပရာဇာ "မင်းကြီးစွာ" ၏ မိဖုရားအဖြစ်သိမ်းပိုက်ခံရ၏။ ထို့နောက်မကြာမီမှာ ယိုးအယားနှင့် မြန်မာတို့စစ်ပွဲတိုက်ခိုက်ရာ အိမ်ရှေ့စံ ဥပရာဇာ "မင်းကြီးစွာ" ရန်သူဘက်မှ ပစ်သော "စိန်ပြောင်း" သင့်၍ အနိစ္စရောက်၏။ ထိုနေ့သည် ခရစ်နှစ် (၁၅၉၂) ခုနှစ်၊ ဒီဇင်ဘာလ (၃၀) ရက်နေ့ဖြစ်သည်။

အိမ်ရှေ့စံ ဥပရာဇာ "မင်းကြီးစွာ" အနိစ္စရောက်သည့်အခါ "ရာဇဓာတုကလျာ"သည် မိမိငယ်ချစ်ဟောင်း "နတ်သျှင်နောင်" နှင့် တကျော့ပြန် စုလျားရစ်ပတ်လက်ထပ်ခဲ့ပြန်သည်။

"ရာဇဓာတုကလျာ"သည် နတ်သျှင်နောင် ထက် အသက် (၁၃)နှစ်ကြီးသည်။ "ရာဇဓာတုကလျာ" သည် ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော်ဖြစ်သည်။ နတ်သျှင်နောင်သည် မြေးတော်ဖြစ်၏။ "ရာဇဓာတုကလျာ"နှင့် နတ်သျှင်နောင်မှာ

ခွေးတော်နှင့်တူတော်ဖြစ်ကြသည်။

ထို့အပြင် "ရာဇဓာတုကလျာ" ၏ ပထမလင်တော်မောင် အိမ်ရှေ့စံဥပရာဇာမင်းကြီးစွာနှင့် နတ်သျှင်နောင်မှာ ညီဝမ်းကွဲ တော်စပ်သောကြောင့် "ရာဇဓာတုကလျာ" မှာ နတ်သျှင်နောင် ၏ မရီးတော်စပ်ပြန်သည်။

နတ်သျှင်နောင်၏ ဖခမည်းတော်မှာ မင်းရဲကျော်ထင် ဖြစ်သည်။ ခရစ်နှစ် (၁၆၀၃) ခုနှစ် မတ်လ (၁၁) ရက်နေ့ တွင် "တောင်ငူထီးနန်းတက် မင်းပြုစိုးစံတော်မူသည်။ ထိုစဉ် အခါ သားတော် "နတ်သျှင်နောင်" ကို အိမ်ရှေ့စံဥပရာဇာ အပ်နှင်းတော်မူသည်။

ထို့နောက် ခရစ်နှစ် (၁၆၀၃) ခုနှစ် မတ်လ (၂၀) ရက် နေ့တွင် သားတော် နတ်သျှင်နောင်ကို "ရာဇဓာတုကလျာ" နှင့် ထိမ်းမြားလက်ဆက်ပေးတော်မူသည်။ ထိုလက်ဆက်ချိန် တွင် "ရာဇဓာတုကလျာ" သည် သက်တော် (၄၃) နှစ် ဝလ အရွယ်ရှိပြီး နတ်သျှင်နောင် ၏ အသက်မှာ အသက် (၃၀) အရွယ်ရှိသည်။

အသက်အရွယ်တော် (၄၀) အသက်အရွယ်တော်ဟိုင်း မုဆိုးမဘဝဖြစ်ခဲ့ရသော အိမ်ရှေ့စံမင်း၏ မိဖုရားဟောင်း





"ရာဇဓာတုကလျာ" ကို မင်းပျိုအိမ်ရှေ့စံ ဥပရာဇာ နတ်သျှင် နောင်သည် လွန်စွာမြတ်နိုးတော်မူသည်။

ဤသို့ဖြင့် "ရာဇဓာတုကလျာ" နှင့် နတ်သျှင်နောင် တို့ သည် သစ္စာမပျက် ချစ်မေတ္တာဖက်ခဲ့ကြရာ ချစ်ခရီးလမ်းလျှောက် ကြရာ ကြာရှည်လျှောက်လှမ်းခြင်းမှ ကင်း၍ အိမ်ထောင်သက် ဘဝ (၇)လမျှသာပေါင်းရပြီးနောက် ချစ်ဇနီး "ရာဇဓာတု ကလျာ" သည် ခရစ်နှစ် (၁၆၀၃) ခုနှစ် အောက်တိုဘာလ တွင် သက်တော် (၄၄) နှစ်ပြည့်ရန် (၁) လခန့်အလိုတွင် ချစ်လှစွာသော မောင်တော် နတ်သျှင်နောင်ကို စွန့်ခွာကာ နတ်ရွာစံလေသည်။

"ရာဇဓာတုကလျာ" သည် ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော်ဖြစ်သည်။ "ရာဇဓာတုကလျာ" နှင့် နန္ဒဘုရင်သည် အဖေတူအမေကွဲ မောင်နှမဖြစ်သည်။ နန္ဒဘုရင်သည် ဘုရင့် နောင်မင်းတရားကြီးနှင့် မိဖုရားခေါင်ကြီး တပင်ရွှေထီးမင်း၏ နှမတော် "အတုလ သီရိမဟာရာဇဒေဝီ" ၏ သားတော် ဖြစ်သည်။

ဘုရင့်နောင်မင်းတရားကြီး၏ မိဖုရားကြီး (၃) ပါးအနက် အင်းဝရွှေနန်းကျော့ရှင်၏ သမီးတော် "သီရိဘုန်းထွဋ်" ကို "စန္ဒာဒေဝီ" ဘွဲ့ဖြင့် မိဖုရားမြှောက်သည့်အခါ တောင်ငူ ရွှေနန်း တည်မင်း၏ မိဖုရားဖြစ်လာသည့်အခါ "နတ်သျှင်နောင်" ကို

ပွားမြင်သည်။ နန္ဒာဘုရင် ငါးဆူဒါယကာ ဟူ၍လည်း ခေါ်သည်။ ငါးဆူခေါ်ခြင်းမှာ ကကုသန်၊ ကောဏဂုံ၊ ကဿပ၊ ဂေါတမ၊ အရိမေတ္တေယျ ဘုရားရှင်တော်မြတ် ရုပ်တုတော် ငါးဆူကို ကြေးသွန်းလုပ်နိုးတော်မူ၍ ငါးဆူဒါယကာ ဟုခေါ်ခြင်းဖြစ်သည်။

"ရာဇဓာတုကလျာ" သည် ဘာသာရေးတို့တွင် ဥပုသ် သီလဆောက်တည်၍ ရတနာသုံးပါးကို အစဉ်အမြဲမပြတ် ကြည်ညိုတော်မူသည်။ စိတ်ဓာတ်နူးညံ့သိမ်မွေ့၏။ ထို့အပြင် လောကီ၊ လောကုတ္တရာဘက်တွင်လည်း ပညာဉာဏ်ကြွယ်ဝ၍ စာပေတွင်လည်း ကျွမ်းကျင်သည်။

သို့ဖြစ်၍ "ရာဇဓာတုကလျာ"မင်းသမီး ရေးစပ်ဖွဲ့သည့် ကျေးစေရတုပိုဒ်စုံ သည် ပေါ်လွင်ကျော်ကြားခဲ့သည်။

တောင်ငူခေတ်တွင် စာပေလောကတွင် နာမည်ပေါ်လွင် ထင်ရှားသော "ရာဇဓာတုကလျာ"မင်းသမီး စာဆိုရှင်သည် ထီးရိပ်နန်းရိပ်အောက်တွင် မဟေသီဒေဝီမိဖုရားတစ်ပါး ဖြစ်ခဲ့သည်။ မင်းသမီးဇာစ်ပါးဖြစ်သည်။

"ကျေးစေရတုပိုဒ်စုံ" ကိုရေးစပ်ဖွဲ့ဆိုခဲ့သော "ရာဇဓာတုကလျာ" သည် စာဆိုရှင်အမည်သည် ပျောက်ကွယ်သွားခြင်း မရှိပါ။ ကျေးစေရတုပိုဒ်စုံ ရှိနေသမျှ "ရာဇဓာတုကလျာ" သည် ရှိနေဦးမည်သာ။

×××××



# မမြလေး

အလောင်းမင်းတရားဦးအောင်ဇေယျသည် ကုန်းဘောင် မင်းဆက်ကို တည်ထောင်တော်မူသည်။ တည်ထောင်ရသည့် အကြောင်းရင်းမှာ မြန်မာသက္ကရာဇ် (၇၂၆)ခုနှစ် "စစ်ကိုင်း။ ပင်းယ၊ နှစ်ဌာနကို ရှမ်းကဖျက် မင်းဆက်ခြွမ်းခြွမ်းကျိုး" ဟူသော စကားအဆိုအရ စစ်ကိုင်း၊ ပင်းယ၊ မင်းဆက် ပြတ်ခဲ့သည်။

ထို့နောက် ပထမအင်းဝခေတ်တွင် မြန်မာသက္ကရာဇ် (၇၈၇) ခုနှစ်၊ "ကလေးတောင်ညိုမင်း" လက်ထက်တွင်လည်း မင်းဆက် ဆိတ်သုန်းခဲ့ပြန်သည်။ ဒုတိယအင်းဝခေတ်တွင် "နောပဋ္ဌာပဠ ၊ ပြည်သို့စုန်၊ တောမြို့ဖြစ်သည်၊ လေးငါးနှစ်မျှ" ဟူသော စကားလက်ာအဆိုအရ ခရစ်နှစ် (၁၅၅၂) ခုနှစ်၊ ဇန်နဝါရီလ (၉) ရက်နေ့တွင် စစ်ကိုင်းစည်သူကျော်ထင်လက်၊

ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ တိုက်ခိုက်မှုကြောင့် နောက်ဆုံးတွင် အင်းဝမြို့ပျက်၍အင်းဝမင်းဆက်ပြတ်ခဲ့သည်။

ထိုသို့ ပင်းယ၊ စစ်ကိုင်း၊ အင်းဝမင်းဆက်များအဆက်ပြတ်ခဲ့သည်။

ထို့ကြောင့် မင်းဆက်ပြတ်ခဲ့၍ ဆက်လက်၍ မင်းဆက်မပြတ်လို၍ မင်းဆက်၊ ဆက်သည့်သဘောဖြင့် ကုန်းဘောင်မင်းဆက်တည်၊ ကုန်းဘောင်မင်းဆက်တည်ရာတွင် အလောင်းမင်းတရား ဦးအောင်ဇေယျသည် မိမိ၏ မိသားစု၊ သားများ၊ ညီတော်များ တူတော်၊ မြေးတော်တို့ဖြင့်တည်သည်။

ထိုသို့ ကုန်းဘောင်မင်းဆက်တည်ပြီး ကုန်းဘောင်ခေတ်ဟုခေါ်သည်။ ကုန်းဘောင်ခေတ်တွင် မင်းဆက် (၁၁) ဆက်ရှိသည်။ အစဉ်အဆက်ထီးနန်းစိုးစံကြသည်။

ထိုမင်းဆက် (၁၁) ဆက်မှ မင်းဆက် (၈)ဆက်မြောက်တွင် မြန်မာသက္ကရာဇ် (၁၁၉၉) ခုနှစ် (ခရစ်နှစ် အေဒီ ၁၈၃၇) တွင် ညီတော် ရွှေဘိုမင်းခေါ်သာယာဝတီမင်းသားသည် နောင်တော် ဘကြီးတော် စစ်ကိုင်းမင်းကိုပုန်ကန်၍ နောင်တော်ကိုနန်းချပြီး အင်းဝမြို့၌ နန်းတက်ထီးနန်းစံသည်။ သာယာဝတီမင်း၏ မိဖုရားလေးပါးမှ ဖွားမြင်သော စကြာဒေဝီသမီးတော်၊





ပုဂံမင်းသား၊ မင်းတုန်းမင်းသား၊ ကနောင်မင်းသားတို့ဖြစ်ကြသည်။ မင်းသားဘဝ၊ သာယာဝတီမြို့ကိုအပိုင်စား၍ သာယာဝတီမင်းဟုခေါ်သည်။ ငယ်နာမည်အရင်းမှာ မောင်မောင်ခင်ဖြစ်သည်။

"သာယာဝတီမင်း" လက်ထက်တွင် သာရဝေါရှောပ့ဲနင်းသမိန်ထောရာဇနှင့် ဒေါ်မယ်အိ (ခေါ်) မင်းပျံ့ချို မယ်အိတို့မှ မြန်မာသက္ကရာဇ် (၁၁ရ၁) ခုနှစ် သီတင်းကျွတ်လပြည့်ကျော် (၂) ရက်၊ တနင်္လာနေ့တွင် သမီးမိန်းကလေးဖွားမြင်သည်။

မိဘနှစ်ပါးသည် သမီးနာမည်ကို "မမြကြူတ်" ဟုအမည်ပေးကြသည်။ "မမြကြူတ်" ၏ ရုပ်ဆင်းအင်္ဂါလက္ခဏာမှာ အလွန်ချောမောလှပပြီး အပျိုအရွယ်ရောက်သည့်အခါ စာပေအနုပညာဝါသနာပါ၍ လင်္ကာ၊ တေးသီချင်း၊ ကဗျာ၊ တေးထပ်၊ ရတုတို့ကို ရေးဖွဲ့စပ်ဆိုရာတွင် ထူးချွန်ထက်မြက်သည့် စာဆိုရှင်တစ်ဦး ဖြစ်ခဲ့သည်။ "မမြကြူတ်" ကိုမြင်သူတိုင်းက ချီးကျူးကြသည်။ ရုပ်အဆင်းချော၍ လူပျိုလူရွယ်တို့ကလည်း ချစ်ခင်ငွဲလန်းကြသည်။

ထိုအချိန်ကာလတွင် "သာယာဝတီမင်း" သည် မိမိမြို့ရှာနယ်ပယ်အနှံ့ တိုင်းခိုင်ဝံလှည့်လည်ကြည့်ရှုတော်မူသည်။ ထိုသို့

ကြည့်ရှုစဉ်မှာ သာရဝေါလှေပွဲနင်း သမိန်ထောရာဇာနှင့် မယ်တော် ဒေါ်မယ်အိ ခေါ် မင်းပျံချိမယ်အိ တို့ဇနီးမောင်နှံ တို့၏ သမီးဖြစ်သော ချောမောလှပသည့် "မမြကြူတ်"ကို သာယာဝတီမင်း ရှုစားတော်မူရာတွင် ချစ်ခင်စွဲလန်းစုံမက်တော် မူ၍ အသက် (၁၈)နှစ် အရွယ် အပျိုတော်ဝင်စ မိန်းမချော "မမြကြူတ်" ကို ကောက်ယူသိမ်းပိုက်တော်မူသည်။

ထိုသို့ ကောက်ယူသိမ်းပိုက်ကာ "မမြကြူတ်" ကို ရွှေနန်း တော်သို့ ခေါ်ဆောင်သွားတော့သည်။ ရွှေနန်းတော်သို့ရောက် သည့်အခါ သာယာဝတီမင်းသည် "မမြကြူတ်" ကို နန်းရ မိဖုရားလေးပါးရှိရာ အနောက်နန်းမတော်မိဖုရားအဖြစ် မြှောက် စားတော်မူသည်။ သာယာဝတီမင်းသည် "မမြကြူတ်"ကို အခြားသောမိဖုရားများထက်ပို၍ချစ်မြတ်နိုးတော်မူ၍ "မမြကြူတ်" ကိုချစ်စနိုးဖြင့် "မြလေး" ဟုခေါ်တော်မူသည်။

သာယာဝတီမင်းက "မြလေး" ဟုတင်စားခေါ်တော်မူသော ကြောင့် "မမြကြူတ်" အမည်ပျောက်ပြီး အနောက်နန်းမတော် မမြလေး ဟူ၍ နာမည်ပေါ်လွင်ခဲ့သည်။

ရှေးအင်းဝခေတ်ကာလတွင်အမျိုးသမီးစာဆိုရှင်များဖြစ် ကြ သော ခင်ဆုံ၊ မယ်ခွေတို့အမည်မှာထင်ပေါ်ကျော်ကြားလာခဲ့





ကြသည်။ ကုန်းဘောင်ခေတ်တွင်လည်း အနောက်နန်းမတော် မမြလေးသည် "ချစ်သမျှကို မြင့်မိုရ် ရွှေတောင်လုံးသာပ" ဟူသော တေးသီချင်းရေးဖွဲ့စပ်ဆို၍ နာမည်ပေါ်လွင်ထင်ရှားခဲ့ သည်။

သာယာဝတီမင်းတွင် အနောက်နန်းမတော်မမြလေး၊ စကြာ ဒေဝီသမီးတော်၊ ဝေသာလီမင်းသမီး(ခေါ်) ကျုပင်းမင်းသမီး၊ ဇန်းမော်မိဖုရား၊ (၄) ပါးရှိရာ သာယာဝတီမင်းသည် ဘုရား တည်ရာတွင် ထိုလေးပါးတို့ကို ကုသိုလ်ပါဝင်စေလိုသည်ကို သတ်မှတ်တော်မူသည်။

ထိုသို့သတ်မှတ်တော်မူပြီး မြန်မာသက္ကရာဇ် (၁၂၀၂)ခုနှစ် တွင် သာယာဝတီမင်းသည် မန္တလေးတိုင်းဒေသ၊ ပြည်ကြီး တံခွန်မြို့နယ် "ဇောင်းကလောရေကန်" အနီးတွင် ဘုရားစေတီ တော်တစ်ဆူတည်တော်မူသည်။ ဘုရားစေတီတော်တည်ရာတွင် စေတီတော်ကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက် ထောင့် လေးထောင့်တည်ရှိသည်။

ထိုစေတီတော်ကြီး ထောင့်လေးထောင့်တွင် အနောက်မြောက် ထောင့်တွင် စကြာဒေဝီသမီးတော်မှ "သုံးလောကပရမေ" ဘွဲ့တော်တင်ပြီး စေတီတော်ငယ်တစ်ဆူတည်သည်။

အရှေ့တောင်ထောင့်၌ ဝေသာလီမင်းသမီး (ခေါ်) ကျုပင်းမင်းသမီးမှ "မဟာတိလောက" ဘွဲ့တော်တင်ပြီးစေတီတော်ငယ်တစ်ဆူတည်ထားတော်မူသည်။

အနောက်တောင်ထောင့်တွင် ဇန်းမော်မိဖုရားမှ "သုံးလူ့ထိပ်ပန်" ဘွဲ့တော်တင်ပြီး စေတီတော်ငယ်တစ်ဆူတည်ထားတော်မူသည်။

အရှေ့မြောက်ထောင့်၌ အနောက်နန်းမတော် "မမြလေး" မှ "ရတနာလေ" ဘွဲ့တော်တင်ပြီး စေတီတော်ငယ်တစ်ဆူတည်ထားတော်မူသည်။

သာယာဝတီမင်းသည် ဘုရားစေတီတော်တည်ပြီးသည့်အခါ စေတီတော်ကို "လောကမံဏိစူဠာ" ဟူ၍ဘွဲ့တော်အမည်တင်ပြီး ကိုးကွယ်တော်မူခဲ့သည်။

ထို "လောကာမဏိစူဠာ" စေတီတော်ကြီး၏ ထောင့်လေးထောင့်၌ သာယာဝတီမင်း၏ စကြာဒေဝီမင်းသမီးတည်ထားသော "လောကပရမေ" စေတီတော်၊ ဝေသာလီမင်းသမီး (ခေါ်) ကျုပင်းမင်းသမီးတည်ထားသော "မဟာတိလောက" စေတီတော်၊ ဇန်းမော်မိဖုရား တည်ထားသော "သုံးလူ့ထိပ်ပန်" စေတီတော်၊ အနောက်နန်းမတော်မမြလေးတည်ထားသော





"ရတနာလောက" စေတီတော်စသည့်အရံစေတီတော်လေးဆူတည်ထားတော်မူသည်။

စေတီတော်ကြီး၏ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ထောင့်လေးထောင့်၌အရံစေတီတော်ငယ် လေးဆူဖြင့်တည်ထားကိုးကွယ်ခဲ့သော သာယာဝတီမင်း၏ "လောကမဏိစူဠာ" ဘုရားစေတီတော်မှ ကုန်းဘောင်ခေတ်ကာလတွင် တည်ထားကိုးကွယ်ခဲ့ရာ ယခုမျက်မှောက်ခေတ်တိုင် စေတီတော်ကြီးမှာ ပျက်စီးခြင်းလုံးဝမရှိပါ။ မူလပကာတိရှေးမူမပျက်သပ္ပါယ်စွာဖြင့် တည်ရှိနေပါသည်။

(စာရေးသူကိုယ်တွေ့ ဖူးမြော်ခဲ့ရပါသည်။)

ထိုသာယာဝတီမင်းကောင်းမှု "လောကာမဏိစူဠာ" ဘုရားစေတီတော်ကြီးမတည်မီ ထိုအရင်ဦးစွာ မြန်မာသက္ကရာဇ် (၁၂၀၅)ခုနှစ်တွင် သာယာဝတီမင်း၏ မိဖုရား အနောက်နန်းမတော် မမြလေးသည် မန္တလေးမြို့တောင်ဘက် အမရပူရမြို့ အနောက်မြောက်ဘက်၊ "တက်သေးအင်း" အနောက်ဘက် ကားလမ်းဘေး၌ ဘုရားစေတီတော်တစ်ဆူတည်ပြီး ဘုရားဘွဲ့တော်ကို "ရေလယ်ကုသိနာရုံ ဆုတော်းပြည့်မြတ်စွာဘုရား" ဟူ၍ ဘွဲ့တော်တင်ပြီး ကိုးကွယ်တော်မူသည်။

ထိုအချိန်ကာလဂနာက်ပိုင်းတွင် အမရပူရမြို့တော် ထီးနန်းစံ သာယာဝတီမင်းလက်ထက် နန်းတွင်းပုန်ကန်မှုများပေါ်ပေါက်လာကာ နန်းတွင်းအရေးတော်ပုံရှုပ်ထွေးနေတော့သည်။

နန်းတွင်းအရှုပ်အထွေးပြဿနာများပေါ်ပေါက်ရာတွင် ပုဂံမင်းသားနှင့် ပတ်သက်၍အနောက်နန်းမတော် မမြလေး ပါဝင်သည်ဟု သာယာဝတီမင်းသည် သူ၏မိဖုရားမမြလေးကို သံသယရှိ၍ အမျက်ထားသည်။ "မမြလေး" သည် သစ္စာဖောက်သည်ဟု ယူဆပြီး၊ သက်ဦးဆံပိုင် ပဒေသရာဇ်ခေတ်၏ ဓနစ်စည်းမျဉ်းအရ ပုန်ကန်ခြားနားသူကို ခွင့်မလွှတ်ဘဲ အသက်သေဆုံးသည်အထိကွပ်မျက်ကာ အသက်ဖျောက်လေ့ထုံးစံရှိ၍ ယခုလည်း သာယာဝတီမင်းသည် ရှေးမင်းတို့ဥပဒေသအတိုင်း သူအလွန်ချစ်မြတ်နိုးတော်မူသော အနောက်နန်းမတော် မမြလေးအား သာယာဝတီမင်းမှ

"အနောက်နန်းမတော် မမြလေးကို တောင်ကွယ်နေကွယ်လျှင် သတ်စေ" ဟုသတ်မိန့်ပေးတော်မူလိုက်သည်။

သာယာဝတီမင်း၏အမိန့်အတိုင်း အာဏာပါးကွက်သားသည် *(အာဏာပါးကွက်သားဆိုသူ၏ ပါးပြင်နှစ်ဖက်တွင် စက်ဝိုင်းဆေးမှင်ရည်ထိုးထားသည်။ ယခုခေတ်၌ "တက်တူး" ထိုးထားခြင်းဖြစ်သည်၊ ပါးနှစ်ဖက်တွင် စက်ဝိုင်းတက်တူးထိုးထားသူသည် လူသတ်သမားဖြစ်သည်)





ချက်ချင်း ရွှေနန်းတော်၏ အနောက်နန်းသို့သွားရောက်၍ အနောက်နန်းမတော် မမြလေး ကို ပမ်းဆီးကာ ကြိုးဖြင့် ချည်နှောင်ပြီး အမရပူရမြို့တော်အနောက်ဘက် သရက်နှစ်ပင် တောင်ကုန်းသို့ခေါ်ဆောင်သွားပြီး တောင်ကုန်းပေါ်တွင် "မမြလေး"အား ဒူးပဆစ်တုပ်၍ထိုင်ခိုင်းသည်။ မျက်နှာကိုမူ အနောက်ဘက် (ဧရာဝတီမြစ်အနောက်ဘက်) စစ်ကိုင်းတောင်ရိုး (ခေါ်) မင်းဝံတောင်တန်းဆီသို့ကြည့်ခိုင်း ထားသည်။ နေလုံးကြီးသည် ညနေစောင်းဆည်းဆာချိန်မှာ တောင်ကွယ်နေဝင်သွားသည့်အခါ အာဏာပါးကွက်သားလူသတ်သမားသည် သူ့လက်တွင် ဆုပ်ကိုင်ထားသောဓားဖြင့် အနောက်နန်းမတော် မမြလေး၏ ဂုတ်ကို တစ်ချက်တည်းခုတ်ပိုင်းလိုက်လေသည်။ အနောက်နန်းမတော်မမြလေးမှာ ဓားချက်ဖြင့် အသက်ပျောက်၍ သေဆုံးရှာသည်။

*(အနောက်နန်းမတော်မမြလေးကို ဓားခုတ်သတ်သော သရက်နှစ်ပင် မြေကုန်းသည် ယခုခေတ်တွင် အမရပူရမြို့ မြို့နယ်မှူးရုံး၏ အနောက်လမ်းမှ တည့်တည့်လမ်းလျှောက်သွား

လျှင် (၁၅) မိနစ်ခန့်အကြာ သရက်နှစ်ပင်တောင်သို့ရောက်ပါသည်။

ယခုထိုနေရာတွင် သချိုင်းတည့်တည့်လမ်းလျှောက်သွားလျှင် (၁၅)မိနစ်ခန့်အကြာ သရက်နှစ်ပင်တောင်သို့ရောက်ပါသည်။ ယခုထိုနေရာတွင် သချိုင်းကုန်းမြေဖြစ်နေပါသည်။) ယခုမျက်မှောက်တွင် ထိုတောင်ကုန်းရှိပါသည်။

အမရပူရမြို့တွင် သရက်တစ်ပင်၊ သရက်နှစ်ပင်၊ သရက်သုံးပင်ဟူ၍ ရှေးကခေါ်သော အရပ်သုံးရပ်နေရာရှိခဲ့ပါသည်။

သရက်တစ်ပင် *ရွာသည် မန္တလေးမြို့အနောက်ဘက်၊ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌ရှိသည်။

သရက်နှစ်ပင်သည် အမရပူရမြို့အနောက်ဘက်သချိုင်းကုန်းနေရာဖြစ်သည်။

သရက်သုံးပင်မှာ အမရပူရမြို့ ပုထိုးတော်ဘုရားကြီးအရှေ့မြို့အဝင်မုခ်ဦးအရပ်ဖြစ်သည်။

သာယာဝတီမင်း၏ အမျက်ဒေါသဖြင့် သူ၏ချစ်မြတ်နိုးတော်မူသော အနောက်နန်းမတော် "မမြလေး" အား သေဒဏ်ပေးသတ်သဖြင့် မြန်မာသက္ကရာဇ် (၁၂၀၇) ခုနှစ်၊ အသက် (၃၆) နှစ်အရွယ် "မမြလေး" ကွယ်လွန်ရှာသည်။





အနောက်နန်းမတော် "မမြလေး" ကောင်းမှုတည်ထားကိုးကွယ်ခဲ့သော "ရေလယ်ကုသိနာရုံဆုတောင်းပြည့်ဘုရား စေတီတော်၊ ဝါတော်သက်တမ်းမှာ နှစ်ပေါင်း (၁၇၂)နှစ်ရှိပြီဖြစ်သော်လည်း ပြိုပျက်ခြင်းလုံးဝမရှိဘဲ ရှေးခေတ်လက်ရာဖြင့် ယခုခေတ်တိုင် တည်ရှိနေပါသည်။

(အနောက်နန်းမတော် မမြလေး သည် ဓားခုတ်အသတ်ခံရသဖြင့် အစိမ်းသေဖြင့် သေဆုံးရာ အယူတိမ်းပြီး နတ်စိမ်းဘဝရောက်သည်။ ဟု ယူဆကာ စေတီတော်၏အရှေ့ဘက်ဘုရားရင်ပြင်တွင်အနောက်နန်းမတော်မမြလေး၏ ပုံတူရုပ်တုထားရှိသည်)

ဘုရားပွဲတော်ရက်မှာ ဘုရားဒါယိကာမ အနောက်နန်းမတော်မမြလေး၏မွေးနေ့ဖြစ်သော သီတင်းကျွတ်လ (၂) ရက်နေ့တွင် နှစ်စဉ်ကျင်းပပြုလုပ်သည်။

ရှေးအတိတ်ကာလက

"ချစ်သမျှကို မြင့်မိုရ်ရွှေတောင်လုံးသာပ၊ လေးဆူဒီပါ၊ ရာမြေဆုံးစေတော့" ဟူသော "ချစ်သမျှကို" တေးသီချင်းသည် တိမ်မြုပ်ပျောက်ကွယ်သွားခြင်းမရှိဘဲ ယခုမျက်မှောက်ခေတ်တိုင် ထင်ပေါ်ကျော်ကြားလျက်ရှိနေပါတော့သည်။

××××××

"မမြကြုတ်"ကို လွန်စွာပင်ချစ်မြတ်နိုးတော်မူ၍ "မမြကြုတ်"အား "မြလေး" ဟုတင်ခေါ်တော်မူသည်၊ ထိုသို့ခေါ်သဖြင့် အနောက်နန်းမတော် မမြလေးဖြစ်လာခဲ့သည်။

အင်းဝဘုရင် သာယာဝတီမင်းသည် အနောက်နန်းမတော်မမြလေးကိုသိမ်းပိုက်တော်မူပြီးနောက် ခရစ်နှစ် (၁၈၃၃) ခုနှစ်တွင် သမီးတော်တစ်ပါးဖွားမြင်တော်မူသည်။ ငယ်နာမည်မှာ "မဖွားကြီး" ခေါ် "မယ်ဖွား" ဖြစ်သည်။ သာယာဝတီမင်းနှင့် အနောက်နန်းမတော်မမြလေးတို့မှ သားသမီး (၄)ယောက်ဖွားမြင်တော်မူရာတွင် သမီးတော် "မယ်ဖွားကြီး"တစ်ယောက်သာ အသက်ရှင်၍ ကျန်ရစ်နေသောကြောင့် အသက်ရှင်အဖတ်တင်၍ သမီးနာမည်ကို "တင်တင်" ဟုချစ်မြတ်နိုးစွာဖြင့်ခေါ်သည်။

သမီးတော် "မယ်ဖွား" ခေါ် "တင်တင်"အရွယ်ရောက်သည့်အခါ "သီရိသုမြတ်စွာရတနာဒေဝီ"ဟူ၍ ရွှေဘွဲ့ချည်တော်မူ၍ "လှိုင်ရွာ" ကို အပိုင်စားစေသည်။ ထိုအချိန်မှစ၍ "မဖွားကြီး" ကို လှိုင်မင်းသမီး ဟူ၍ခေါ်သည်။ ထို့အပြင် "လှိုင်ထိပ်ခေါင်တင်" ဟူ၍လည်းခေါ်သည်။

*(လှိုင်ကျေးရွာသည်· ရန်ကုန်မြို့မှ ပြည်မြို့သို့သွားရာ





လမ်းတွင် "ဥက္ကံမြို့"မရောက်မီ၊ "ဥဒုန်"လမ်းခွဲမှ အနောက်ဘက် (၂) မိုင်ခန့်ဝေးသော "လှိုင်မြစ်" ကမ်းအရှေ့ဘက်၌ရှိသည်။ ရွာအဝင်တွင် "လှိုင်ထိပ်ခေါင်တင်" သည် တည်ဆောက်လှူဒါန်းထားသော နှစ်ထပ်ကျွန်းကျောင်းရှိသည်၊ ကျောင်းဘုရားဝင်း၌ ရှေးနှစ်ပေါင်း (၇၀၀)ကျော်မှ ရှမ်းစော်ဘွားတစ်ဦးကြေးသွန်းပြုလုပ်ထားသော ကြေးရုပ်တုတော်တစ်ဆူရှိသည်။ ကြေးဗုဒ္ဓရုပ်ပွားတော်၏ လက်ဝဲဘက်ပုခုံးတော်တွင် သင်္ကန်းတစ်ဖက်တင်ထား၍ ဗုဒ္ဓရုပ်တုတော်ကို စပါယ်တင် ဘုရားဟုဘွဲ့တော်ခေါ်ဆိုသည်၊ ယခုမျက်မှောက် လှိုင်ထိပ်ခေါင်တင် အပိုင်စားရသော လှိုင်ကျေးရွာမှာ ကျုံး၊ ကန်တို့ဖြင့် ခလွှန်သာယာလျက်ရှိပါသည်။ ရွာမြို့ရိုးကြီးမှာ အနောက် ,အရှေ့ဆီသို့တည်ရှိသည့် မြို့ရိုးကုန်းကြီးပေါ်တွင် လူသွားလမ်းရှိပါသည်)

"လှိုင်ထိပ်ခေါင်တင်" ကို သက္ကရာဇ် (၁၈၄၀)ပြည့်နှစ်နိဝင်ဘာလ (၈). ရက်၊ တနင်္ဂနွေနေ့တွင် မိဖုရားခေါင်ကြီး၏သမီးတော်များနှင့်အတူ မှန်နန်းဆောင် ဘဒ္ဒရာသနရာဇာ ပလ္လင်တော်၌ နားထွင်း၊ သျှောင်ထုံး တဘက်ဝတ်၊ ဒက်ဆင်မင်္ဂလာကို ဆင်ယင်ကျင်းပတော်မူစေသည်။ ထိုသို့ မင်္ဂလာဆင်ယင်ပွဲကျင်းပချိန်တွင် လှိုင်ထိပ်ခေါင်တင် အသက် (၁၂)နှစ်အရွယ်

ခရစ်နှစ် (၁၈၄၅)ခုနှစ် စက်တင်ဘာလ တွင် "ပြည်မင်းသား အရေးအခင်း"ဖြစ်ပေါ်လာသည်။ ပြည်မင်းသား သီရိမဟာသီဟ သူရဓမ္မရာဇာ" သည် သာယာဝတီမင်း၏အလယ်နန်းမိဖုရားမှ ခရစ်နှစ် (၁၈၀၉)ခုနှစ်တွင် ဖွားမြင်သောသားတော်ဖြစ်သည်။ နာမည်ရင်းမှာ "မောင်ဖေပု" ဖြစ်သည်။ ပြည်မင်းသား နန်းတွင်း ပုန်ကန်လုပ်ကြံမှုတွင် မနာလိုသူတို့မှ အနောက်နန်းမတော် မမြလေးကို ပြည်မင်းသားနှင့် ကြံရာပါဖြစ်ကြောင်း၊ သာယာဝတီ မင်းအား ကုန်းချောလျှောက်တင်သည်။ လျှောက်တင်စကားကို သာယာဝတီမင်းသည် ယုံကြည်တော်မူ၍ ခရစ်နှစ် (၁၈၄၅) ခုနှစ် အောက်တိုဘာလတွင် အနောက်နန်းမတော် မမြလေးကို ကွပ်မျက်အဆုံးစီရင်သည်။

သားတော်ပြည်မင်းသားကိုလည်း ကွပ်မျက်အဆုံးစီရင်တော်မူသည်။ အနောက်နန်းမတော်မမြလေးကို အမရပူရမြို့ အနောက်ဘက် သရက်တစ်ပင် သချိုင်းကုန်းတွင် ဓားစုတ် အဆုံးစီရင်လိုက်သည်။

မယ်တော်အနောက်နန်းမတော်မမြလေး၊ အနိစ္စရောက် အားကိုးရာမဲ့ ကျန်ရစ်ခဲ့သောလှိုင်ထိပ်ခေါင်တင် မင်းသမီးကို သာယာဝတီမင်း၏ စကြာဒေဝီမင်းသမီးမှ သနားတော်မူ၍





ကောက်ယူမွေးစားထားသည်။

အနောက်နန်းမတော် မမြလေး အနိစ္စရောက်ပြီးနောက် ခရစ်နှစ် (၁၈၄၆)ခုနှစ် နိုဝင်ဘာလ (၁၇) ရက်နေ့တွင် သာယာဝတီမင်း သက်တော် (၅၉)နှစ်အရွယ် နတ်ရွာစံကံတော်ကုန်သည်။

သာယာဝတီမင်းနတ်ရွာစံသော် မြန်မာသက္ကရာဇ် (၁၂၀၈) ခုနှစ်တွင် သားတော် ပုဂံမင်းနန်းတက်ထီးနန်းစံတော်မူသည်။ အမရပူရမြို့တော် ပုဂံမင်းနန်းတက်စဉ်ကာလကပင် လှိုင်ထိပ်ခေါင်တင်သည် ဗျို၊ ကဗျာ၊ လင်္ကာ၊ ရတု၊ သီချင်းတို့တတ်ကျွမ်း ဝပ်ဆိုနိုင်သော စာဆိုရှင် လှိုင်ထိပ်ခေါင်တင် ဟူ၍နာမည်ထင် ပေါ်ကျော်ကြားခဲ့သည်။

မြန်မာသက္ကရာဇ် (၁၂၁၄) ခုနှစ် (အေဒီ ၁၈၅၃-၁၈၇၈) တွင် ညီတော် မင်းတုန်းမင်းသားသည် နောင်တော်ပုဂံမင်းကို နန်းချ၍ အမရပူရမြို့တော်၊ မင်းတုန်းမင်းသားနန်းတက်၍ မင်း အဖြစ်သို့ရောက်တော်မူသည်။

*(မင်းတုန်းမင်း၊ ပုဂံမင်း၊ စကြာဒေဝီမင်းသမီး၊ ကနောင် မင်းသား (၄)ယောက်တို့သည် သာယာဝတီမင်း၏ အဖေတူ အမေကွဲ၊ ဝမ်းကွဲမောင်နှမများညီအစ်ကိုများဖြစ်သည်)

မင်းတုန်းမင်းသည် မြန်မာသက္ကရာဇ် (၁၂၁၄)ခုနှစ်တွင် အမရပူရမြို့တော် နန်းတက်ထီးနန်းစံပြီး နောက် (၇)နှစ်ခန့် ကြာသော် မြန်မာသက္ကရာဇ် (၁၂၂၁)ခုနှစ်တွင် မန္တလေးမြို့ ၌ မြို့နန်းတည်တော်မူသည်။ တနှစ်ခန့်ကြာသော် မြို့နန်းတည် ပြီးသည့်အခါ မြန်မာသက္ကရာဇ် (၁၂၂၂)ခုနှစ်တွင် မြို့တော်ကို "ရတနာပုံနေပြည်တော်" ဟူ၍အမည်သမုတ်တော်မူပြီး ထီးနန်းစံ တော်မူသည်။

မင်းတုန်းမင်း၊ ရတနာပုံနေပြည်တော်နန်းစံ မင်းတုန်းမင်း ကြီးသည် "စကြာဒေဝီမင်းသမီး"အား မိဖုရားခေါင်ကြီးအရာ ထား၍ မိဖုရားမြှောက်တော်မူသည် (စကြာဒေဝီမင်းသမီးသည် မင်းတုန်းမင်းထက်အသက်ကြီး၍ အမတော်ဖြစ်သည်) မင်းတုန်း မင်းကြီးသည် ကနောင်မင်းသားအား အိမ်ရှေ့စံအရာထား သည်။(မင်းတုန်းမင်းနှင့် ကနောင်မင်းသားမှာ ဖအေတူအမေကွဲ ညီအစ်ကိုတစ်ဝမ်းကွဲတော်စပ်သည်)

ထို့နောက် မင်းတုန်းမင်းသည် ညီတော်ကနောင်မင်းသားကို အိမ်ရှေ့ဥပရာဇာ အဖြစ်အပ်နှင်းတော်မူပြီးနောက် အိမ်ရှေ့စံ ကနောင်မင်းသားနှင့် လိုင်မြို့စား "သိရိသုမြတ်စွာရတနာဒေဝီ" (လှိုင်ထိပ်ခေါင်တင်) နှစ်ဦးကို စုလျားရစ်ပတ်လက်ထပ်မင်္ဂလာ





ထိမ်းမြားပေးတော်မူသည်။ အသက် (၂၀) အရွယ် လှိုင် ထိပ်ခေါင်တင်သည် အိမ်ရှေ့စံမိဖုရားဖြစ်လာတော့သည်။

"လှိုင်ထိပ်ခေါင်တင်"သည် ကနောင်မင်းသား၏ အိမ်ရှေ့စံ မိဖုရားတစ်ယောက်ဖြစ်သော်လည်း မောင်တော်အိမ်ရှေ့စံ ကနောင်မင်းကိုယ်လုပ်တော်မောင်းမ (၅၃)ယောက်ရှိတော်မူ သည်။ ထိုကိုယ်လုပ်တော်များနှင့်ပျော်ရွှင်၍ "လှိုင်ထိပ်ခေါင်တင်" ကို ဂရုမစိုက်လျစ်လျူရှု၍ ထိပ်ခေါင်တင်စံအိမ်တော်သို့ ရောက် လာခြင်းမရှိသဖြင့် "လှိုင်ထိပ်ခေါင်တင်" သည် နေ့စဉ်နေ့တိုင်း မောင်တော် ကနောင်မင်း အား စောင့်မျှော်လျက်နေတော့သည်။

အထူးသဖြင့် အိမ်ရှေ့စံကနောင်မင်းသည် အပျော်ကြူးနေ ခြင်းမဟုတ်၊ ကနောင်မင်းသည် ကိုယ့်လူမျိုး ကျွန် မဖြစ်ရေး အတွက် မျိုးချစ်စိတ်ထက်သန်စွာဖြင့် တိုင်းရေးပြည်ရာအတွက် နေ့ညမအား လုပ်ဆောင်နေသည်ကို လှိုင်ထိပ်ခေါင်တင် သိရှိ လိမ့်မည်မဟုတ်ပါ။

ထို့ကြောင့် အိမ်ရှေ့စံမိဖုရား "လှိုင်ထိပ်ခေါင်တင်" သည် နေ့စဉ် ညစဉ် မောင်တော် အိမ်ရှေ့စံမလာတာကြာမြင့်သော ကြောင့်-

"စိန်မြူးကြာညောင်၊ လရောင်လင်းသော်၊ မှန်ရွှေမြူပြတင်း

က မယ်စုမျှော်၊ လင်းကြက်စည်ခေါ်ရိုက်တော်ညွှင်းသော်၊ လင်းလုပျော့စနော်" ဟူသော တေးသီချင်းကို စံအိမ်တော်မြတင်း ပေါက်မှစောင့်မျှော်နေရှာသည်။

"ဘမျိုးဘိုးတူ" ဆိုရိုးစကားအရ "လှိုင်ထိပ်ခေါင်တင်" သည် မယ်တော် အနောက်နန်းမတော် မမြလေး (သာယာဝတီ မင်း၏မိဖုရားဖြစ်သည်) သည် ကုန်းဘောင်ခေတ်တွင် ထင်ပေါ် ကျော်ကြားသောစာဆိုရှင်တစ်ယောက်ဖြစ်သည်။ ပျို့၊ လင်္ကာ၊ ရတု၊ ပတ်ပျိုးဘောလယ်၊ အစရှိသော စာပေရေးစပ်ရာ၌ ထူးချွန်သော အမျိုးသမီးစာဆိုရှင်တစ်ယောက်ဖြစ်သည်။

ထို့ကြောင့် မယ်တော် အနောက်နန်းမတော်မမြလေး၏ သမီးတော်ဖြစ်သော လှိုင်မြို့စား မင်းသမီး "လှိုင်ထိပ်ခေါင်တင်" သည် မယ်တော် "မမြလေး" မှသင်ကြားပေးသောကြောင့် စာပေတွင်လည်း ထူးချွန်စာတတ်မြောက်ခဲ့သည်ဖြစ်၍ နန်းတွင်း ဇာတ်တော်ကြီးများဖြစ်သော "ဣန္ဒဝံသ" ဇာတ်တော်၊ "ဝိဇယ ကာရီ" ဇာတ်တော်တို့ကို ရေးသားခဲ့သည်။

ထို့အပြင် "ဘောလယ်၊ "ပတ်ပျိုး" တို့ကိုလည်း ရေးဖွဲ့သည်။ "လှိုင်ထိပ်ခေါင်တင်" ရေးစပ်သော "ဘောလယ်" တို့မှာ





"ဝိနိမြူးကြာညောင်၊ နဂဆဒ္ဒန်၊ ပဏ္ဍုသေလာ၊ ရှုလှဲသာတွေ၊ ထုံပန်းမာလာ၊ ပုလဲမြိတ်စုံ၊ ပတ္တမြားယှက်ရုံ၊ ပြောင်လှုမာတင်၊ ခေါ်ပေါက်သံ၊ သလွန်သဇ္ဇာ၊ အိုသူ့မှာနော်"။

"ဘောလယ်"တေးကဗျာများဖြစ်သည်။ ထို "ဘောလယ်" တို့တွင် အထူးသဖြင့် "ဝိနိမြူးကြာညောင်"သည် ယခုမျက် မှောက်ခေတ်တိုင်ထင်ရှားနေပါသည်။ ပျောက်ကွယ်သွားခြင်း မရှိပါ။

ထို "ဘောလယ်"တို့အပြင် "ပတ်ပျိုး"ကိုလည်း "လှိုင်ထိပ် ခေါင်တင်"ရေးဖွဲ့သည်။ ရေးစပ်ဖွဲ့ဆိုသောပတ်ပျိုးတို့မှာ

"ရေယာမုံ၊ ညဥ့်ဆန်းလွန်၊ မိန်ရက်ဖန်၊ ဒိုဏ္ဍိမာ၊ ညဥ့်သုံး ယံ၏ ပြုဒုလယ်ချေပရုံ၊ ပန်းသော်လယ်၊ မြိုင်ခြေခိုင်ရွှေ"ဟူသော "ပတ်ပျိုး"တို့ကိုရေးဖွဲ့စပ်သည်။

"တေးထပ်" တို့တွင်လည်း ရေးဖွဲ့စပ်ဆိုရာ-

"ခြသေ့်ရွှေမုတ်တွင်။ ပုလဲရည်ဖွေ၊ တောင်ပတ်လည်၊ ကြာသစ္စာ ဆင်စဦး။ ညဥ့်ရုံတော် အခြေပျက်စေဖို့၊ ကိုယ့်ဖာ သာစိတ်ကူးဖို့၊ က ၊ ခရွေး"

"တေးထပ်"တို့ကိုလည်း "လှိုင်ထိပ်ခေါင်တင်"ရေးဖွဲ့၏။

"လှိုင်ထိပ်ခေါင်တင်"သည် "ဒွေးချိုး" ကိုလည်း ရေးဖွဲ့

စပ်သည်။

ယင်း "ဒွေးချိုး"တို့မှာ

"မြိုင်တာသန့်မှာတဲ့၊ နိုင်အာနန်းငယ်နှင့် ၊ စုံတာကြောမှာတဲ့၊ မြခဲရောင်နွယ်၊ လာမရွှေလာနဲ့" ဟူသော ဒွေးချိုးများဖြစ်သည်။

"လေးချိုး" ရေးဖွဲ့စပ်ရာတွင်လည်း "သူမြူလျှင် အယုဖြောင့်နိုင်ငဲ" ဟူသော လေးချိုးတစ်ပုဒ်ကိုလည်း ရေးဖွဲ့စပ်သည်။

ချိုမှတ်တမ်းတွင်လည်း

"လွမ်းတဲ့ဖြစ်၊ "သစ်လို့သာညွန်းစိတော့"ကိုလည်း ရေးဖွဲ့စပ်သည်။

"ရာသီဖွဲ့" တွင် "မှော္မရဲအောင်ချီ"ရေးဖွဲ့သည်။

"ချိုယိုးဒယား" တွင် "အောင်မင်္ဂလာ"ရေးဖွဲ့သည်။

နန်းတွင်းဇာတ်တော်ကြီးနှစ်ပုဒ်ဖြစ်သော ဇာတ်တော်ကြီးမှာ "ဣန္နာဝံသ"ဇာတ်တော်၊ "ဝိဇယကာရီ"ဇာတ်တော်ကြီးတို့ဖြစ်သည်။

ဤသို့ဖြင့် "လှိုင်ထိပ်ခေါင်တင်"သည် "ဘောလယ်"ပတ်ပျိုး၊ တေးထပ်၊ ဒွေးချိုး၊ လေးချိုး ရာသီဖွဲ့၊ ချိုယိုးဒယား၊ ချိုမှတ်တမ်းနှင့် နန်းတွင်းဇာတ်တော်ကြီးအစရှိသည်တို့ကို စီကုံးဖွဲ့နွဲ့ရေးသားခဲ့လေသည်။





"လှိုင်ထိပ်ခေါင်တင်"နှင့် အိမ်ရှေ့စံကနောင်မင်းတို့မှ သားတော်တစ်ပါးဖွားမြင်သည်။ သားတော်အမည်မှာ "ထန်းတပင်မင်းသား"ဟုခေါ်သည်။ ထိုသို့ သားတစ်ယောက်ထွန်းကားခဲ့ပြီးနောက် ရတနာပုံနန်းတွင်း၌အရေးတော်ပုံပေါ်လာသည်။

ထိုအရေးတော်ပုံမှာ မြန်မာသက္ကရာဇ် (၁၂၂၈)ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် (၇) ရက်(ခရစ်နှစ် ၁၈၆၆ ခု ဩဂုတ်လ ၂ ရက်) နေ့ ကြာသပတေးနေ့တွင် မင်းတုန်းမင်းကြီး၏ တောင်ရှေ့ရေးဆောင်မိဖုရား၏ သားနှစ်ပါးဖြစ်ကြသော "မြင်ကွန်း နှင့် မြင်းခုံတိုင်" ညီနောင်နှစ်ပါးတို့က ခမည်းတော်မင်းတုန်းမင်းကြီး၏ နန်းပလ္လင်ရရေးအတွက်ပုန်ကန်ကြရာ အိမ်ရှေ့စံကနောင်မင်းသားမှာ "မြင်းခုံတိုင်"ဓားချက်ဖြင့် နတ်ရွာစံသည်။ ဤတွင် မကွေးရာမင်းသားတိုက်ခိုက်သဖြင့် မြင်ကွန်းနှင့် မြင်းခုံတိုင်တို့ထွက်ပြေးသွားကြသည်။

ထိုအရေးအခင်းတွင် "လှိုင်ထိပ်ခေါင်တင်"၏မောင်တော် အိမ်ရှေ့စံ ကနောင်မင်း နတ်ရွာစံခဲ့ရာတွင် မကြာမီမှာ ကွယ်လွန်သွားသော အိမ်ရှေ့စံကနောင်မင်း၏ ရုပ်ကလာပ်အလောင်းကိုအခေါင်းတော်သွင်းပြီး ထီးဖြူတော် (၄)စင်းခြံရံမိုး၍ အမြင်ံနန်းတော်ခန်းမဆောင်တွင် ပြင်ဆင်ထားတော့သည်။

ထိုသို့ပြင်ဆင်ထားရာ "လှိုင်ထိပ်ခေါင်တင်"သည် ဝမ်းနည်း
ကြေကွဲပြီး ရှိဝေသောမျက်လုံးဖြင့် မောင်တော်၏ ရုပ်ကလာပ်
အလောင်းတော်ကို ကြည့်ရှုလေသည်။ ကြည့်ရှုပြီးသည့်အခါ
တူလိုက်ပါလာသော အမျိုးတော် "ခင်ဆိုင်ကြီး"အားဝမ်းနည်း
စွာဖြင့် –

"ဟဲ့ – ဆိုင်ကြီး မှတ်လိုက်" ဟုအမိန့်ပေးသည်။

ထိုသို့မှတ်ခိုင်းလိုက်သည်မှာ–

"အပုပ်ကောင်ကိုယ်တော်ကျပြီမို့
ရုပ်အိမ်တော် ညှိုးကာကြွေသော်လည်း
ငိုသော်မှ မငို
မကြုံတတ်လေဘု
ဇရပ်မှာ ညေ့သည်ဆုံးသည်သို့
ဖုန်းပြုသကို
ထီးဖြူတော်ရှစ်ချက်ကျင်းပါလို့
ကျောက်တင်ရွှေတညင်း (သန်လျင်း)ရယ်နဲ့
အမယ်မင်း သခင့်ကို
ရွှေဗိုနှင့် တင်ချင်သား
ကြောင်းမနိုင်





မပေါင်းပိုင်အခြေစိုက်တာ
နှစ်လောင်းပြိုင်သေကာလိုက်ချင်ပေ့
သောင်းတိုက်ညာဖွား။

ဟူ၍ရွတ်မှ ဖြည်းဖြည်းချင်းဆိုကာချတော့သည်။

ထို့နောက် မင်းတုန်းမင်းကြီးသည် အိမ်ရှေ့စံမိဖုရား "လှိုင်ထိပ်ခေါင်တင်" (ခယ်မတော်)ကို အပိုသုံးငွေ ဒေါင်းဒင်္ဂါး (၅၀၀)ကျပ်ပေးသနားတော်မူသည်။ အိမ်ရှေ့စံ၏ သားတော် "ထန်းတပင်မင်းသား" (တူတော်မောင်)ကိုလည်း ဒေါင်းဒင်္ဂါး (၁၀၀)ကျပ်ကိုလစဉ်ပေးသနားတော်မူသည်။

ညီတော် အိမ်ရှေ့စံကနောင်မင်း၏ မိဖုရား "လှိုင်ထိပ်ခေါင်တင်" နှင့် သားတော် "ထန်းတပင်မင်းသား"တို့ သားအမိနှစ်ယောက်ကို "ရွှေကူမင်းသား"၏ အိမ်ဝင်းတော်အတွင်း၌ထားတော်မူသည်။

မင်းတုန်းမင်းကြီး ရတနာပုံနေပြည်တော်နန်းစံ(၁၅)နှစ်တွင် မြန်မာသက္ကရာဇ် (၁၂၃၇) ခုနှစ် ပြာသိုလဆန်း (၅) ရက် (ခရစ်နှစ် ၁၈၇၅ ခု ဒီဇင်ဘာလ ၃၀ ရက်) သောကြာနေ့ အိမ်ရှေ့စံမိဖုရား "လှိုင်ထိပ်ခေါင်တင်"သက်တော် (၄၂)နှစ်အရွယ်တွင် နတ်ရွာစံ ကံတော်ကုန်ရှာလေသည်။

မယ်တော် "လှိုင်ထိပ်ခေါင်တင်" နတ်ရွာစံတော်မူပြီးနောက် (၃)နှစ်ကြာသော် မြန်မာသက္ကရာဇ် (၁၂၄၀)ခုနှစ်၊ မင်းတုန်းမင်းကြီး နတ်ရွာစံကံတော်ကုန်သည်။ ခမည်းတော်နတ်ရွာစံသော် သားတော်သီပေါမင်းသားနန်းတက်ထီးနန်းစံသည်။

ထိုစဉ်အချိန် "ဆင်ဖြူမရှင်မိဖုရားကြီး" သည် နန်းပလ္လင်ရရေးအတွက် အနှောင့်အယှက်ဖြစ်စေမည့် မင်းတုန်းမင်းကြီး၏သားတော် မင်းညီမင်းသားများကို သုတ်သင်ကွပ်မျက်လေသည်။ ထိုသို့ ကွပ်မျက်ရာတွင် အိမ်ရှေ့စံမိဖုရားဟောင်း၏သားတော် "ထန်းတာပင်မင်းသား"သည်လည်း ကွပ်မျက်ခံရလေသည်။

အရပ်သူ ငယ်နာမည် "မဗွားကြီး (ခေါ်) "တင်တင်" (ခေါ်) လှိုင်မြို့စား "သီရိသုဓမ္မတ်စွာရတာနာဒေဝီ" အိမ်ရှေ့စံမိဖုရားဟောင်း "လှိုင်ထိပ်ခေါင်တင်" သည် ထီးရိပ်၊ နန်းရိပ်အောက်မှ ခွာသွားရှာလေသည်။

×××××



# အဂ်ဗော်မင်းသမီး

ကုန်းဘောင်မင်းဆက် (၁၁)ဆက်ရှိရာ မင်းဆက် (၇)ဆက်မြောက် အိမ်ရှေ့စံဘကြီးတော်သည် မြန်မာသက္ကရာဇ် (၁၁၈၁) ခုနှစ် အမရပူရမြို့တော် နန်းတက်ထီးနန်းစံသည်။ ဘကြီးတော်မင်းကို "စစ်ကိုင်းဖန်နန်းရှင်မင်း" ဟူ၍လည်းခေါ်သည်။

မြန်မာသက္ကရာဇ် (၁၁၉၉) ခုနှစ် (အေဒီ ၁၈၃၇)တွင် ညီတော် ရွှေဘိုမင်းခေါ် သာယာဝတီမင်းသည် နောင်တော်ဘကြီးတော်မင်းကို ပုန်ကန်ပြီးအင်းဝမြို့နန်းတက်ထီးနန်းစံသည်။

ထို့နောက် မြန်မာသက္ကရာဇ် (၁၂၀၈) ခု ခရစ်နှစ် (၁၈၄၆ ခု) နိုဝင်ဘာလ (၁၇) ရက်နေ့တွင် သာယာဝတီမင်းနတ်ရွာစံကံတော်ကုန်သည်။ သာယာဝတီမင်းကံတော်ကုန်သော် သားတော် ပုဂံမင်းသည် မြန်မာသက္ကရာဇ် (၁၂၀၈) ခုနှစ် မှာပင် အမရပူရမြို့တော် နန်းတက်ထီးနန်းစံသည်။ ပုဂံမင်း ထီးနန်းစံ

ချိန်တွင် မြန်မာသက္ကရာဇ် (၁၂၁၄) ခုနှစ်တွင် ညီတော် နှစ်ပါး ဖြစ်ကြသော မင်းတုန်းမင်းသားနှင့် ကနောင်မင်းသား ညီနောင် သည် နောင်တော်ပုဂံမင်းကို တိုက်ခိုက်ရာ စစ်အောင်၍ အမရပူရ မြို့ကိုသိမ်းပိုက်ပြီး ပုဂံမင်းကိုနန်းချသည်။

မင်းတုန်းမင်းသည် နောင်တော်ပုဂံမင်းကို နန်းချပြီး အမရပူရ မြို့တော် နန်းတက်ထီးနန်းစံနေတော်မူချိန်အခါ ခမည်းတော် သာယာဝတီမင်းလက်ထက်တော်တွင် သံတော်ဆင့်ရာထူးဖြင့် သူကောင်းပြုခံရသော စစ်ကိုင်းမြို့နယ်၊ ပဒူတောင်ရင်းကျေးရွာ (စစ်ကိုင်းမြို့ကောင်းမှုတော်အရှေ့ဘက်မှ-ရှိသည်) ဇာတိ ဦးရွှေကြူနှင့် ဇနီး မယ်ရွှေအိတို့မှ မြန်မာသက္ကရာဇ် (၁၁၀၇) ခုနှစ်တွင် သမီးတော်တစ်ယောက်ကို ဖွားမြင်တော်မူသည်။ သမီးတော်ကို အင်းဝမြို့တော် မီးသွေးတိုက်တံခါးအနီးရှိနေအိမ် ၌ ဖွားမြင်၍ သမီး၏နာမည်ကို "မရွှေဝ" ဟုနာမည်ပေးခဲ့သည်။

"မရွှေဝ"အရွယ်ရောက်သည့်အခါတွင် ရွှေနန်းတော်ကြီးတွင် အပျိုတော်အဆင့် (၂)နေရာမှာ ခစားရသည်။ မင်းတုန်းမင်း ကြီးစံမြန်းသော မှန်နန်းဆောင်တော်တွင် ခစားကြရသည့်အခါ အပျိုတော်များကို အဆင့် (၁) အဆင့် (၂) ဟူ၍ ခွဲထားသည်။ "မရွှေဝ" သည် မင်းတုန်းမင်း၏ တောင်နန်းစံမိဖုရားခေါင်ကြီး





၏ အဆောင်တွင်ခစားရသည်။ "မရွှေဝ" သည် အပျိုတော် အဆင့် (၂) အရာဖြင့် ခစားရသည်။ အခြားသောအပျိုတော် များမှာ သူတို့၏ သခင်မသမီးတော်အသီးသီး၏အဆင့်အနိမ့် အမြင့်အလိုက် အဆင့်အတန်းအမျိုး ခွဲခြားထားပြီး ခစားစေရ ပါသည်။

ရွှေနန်းတော်ကြီးအတွင်း၌ ခစားရသော အပျိုတော်များသည် နန်းတွင်း အရာထမ်းအမှုထမ်းတို့မှ ဖွားမြင်ကြသည့် သမီး များကိုသာ ခစားကြရပါသည်။ သာမန်အရပ်သူများဖို့ အပျို တော်ဖြစ်ဖို့မလွယ်ပါ။

"မရွှေဝ" အသက် (၁၈)နှစ်အရွယ်မှာ ခြား ခစားနေ ကြသည့် စာပေကျမ်းဂန်တတ်ကျွမ်းပြီး ၊ ပညာအရည်အချင်း ပြည့်စုံ၍ မင်းတုန်းမင်းသည် "မရွှေဝ" ကို ချစ်မြတ်နိုးတော် မူ၍ ကောက်ယူသိမ်းပိုက်တော်မူသည်။ ထိုသို့သိမ်းပိုက်ပြီး မိဖုရားအရာထား၍ တင်မြှောက်လေသည်။

ထိုသို့ ကောက်ယူသိမ်းပိုက်ပြီးနောက် မြန်မာသက္ကရာဇ် (၁၂၁၆)ခုနှစ်၊ နယုန်လပြည့်ကျော် (၆) ရက်၊ သောကြာနေ့ တွင် ရွှေနန်းတော်ကြီးအတွင်း၌ ကျင်းပသော မဟာဥကင်းတော် နှင့် မင်္ဂလာအခမ်းအနားတွင် မိဖုရား "မရွှေဝ" ကို "သီရိ

သုစိတ္တာမဟော” ဘွဲ့ကို အပ်နှင်းခဲ့သည်။ ထို့နောက် “လှိုင်ကျွန်းရွာစား”အဖြစ်ကိုလည်း ပေးအပ်ချီးမြှောက်တော်မူသည်။ ထိုအချိန်မှစ၍ မိဖုရား “မရွှေဝ” ကို “လှိုင်ကျွန်းမင်းသမီး” ဟူ၍ခေါ်ကြသည်။

မင်းတုန်းမင်းနှင့် မိဖုရား “မရွှေဝ” (လှိုင်ကျွန်းမင်းသမီး) တို့မှာ သားတော်နှစ်ပါးသမီးတော် နှစ်ပါးဖွားမြင်တော်မူသည်။ သားတော်နှစ်ပါးသည် ငယ်စဉ်ကပင်အနိစ္စရောက်ခဲ့သည်။ သမီးအကြီးကို တောင်တွင်းကြီး၊ ချောက်မြို့ကို အပိုင်စားစေ၍ “သီရိသုဝဏ္ဏဝတီ” ဘွဲ့အမည်ပေးတော်မူသည်။ သမီးတော်အငယ်ကို “သီရိသုမင်္ဂလာဝတီ” ဘွဲ့အမည်ပေးတော်မူသည်။ ထို့နောက် “အင်းမော်မြို့” ကိုအပိုင်စားပေးတော်မူသည်။

“အင်းမော်မြို့”သည် မန္တလေးမြို့မှ အထက်ရေဝတီမြစ်ရေလမ်းခရီးအတိုင်း အထက်အညာဆန်၍ ဗန်းမော်မြို့သို့ သွားရာတွင် တကောင်း “ကြံညှပ်ရွာ” အနီးတွင် တည်ရှိသည်။ သမီးတော် အငယ်သည် “အင်းမော်မြို့” ကို အပိုင်စားရသောကြောင့် “အင်းမော်မင်းသမီး” ဟူ၍ အမည်တွင်ခဲ့သည်။

မယ်တော် မိဖုရား “မရွှေဝ” (လှိုင်ကျွန်းမင်းသမီးသည် သမီးတော်နှစ်ပါးဖြစ်ကြသော သမီးကြီး “သီရိသုဝဏ္ဏဝတီ





နှင့် သမီးငယ် “သီရိသုမင်္ဂလာဝတီ” တို့ကို သူ့ကဲ့သို့ တပေကျမ်းဂန်များ ထူးချွန်စွာတတ်စေပြီး၊ ရွှေနန်းတော်အတွင်း၌ အရာရာမှာ ထင်ပေါ်ကျော်ကြားစေရန် တပေများနှင့် ရှို့၊ လင်္ကာ၊ ကဗျာ၊ ရတုတို့ကို ရေးဖွဲ့စပ်ဆိုနိုင်ရန် မယ်တော်မိဖုရား “မရွှေဝ” ကိုယ်တိုင်သင်ကြားပေးခဲ့သည်။ တပေကျမ်းဂန် တတ်မြောက်ပြီး ပညာအရည်အချင်းရှိမှသာ မင်းတုန်းမင်းကြီး နှစ်သြိုက်တော်မူမည်ဖြစ်သည်။

ထို့ကြောင့် သမီးတော်နှစ်ပါးတွင် သမီးကြီး “သီရိသုဝဏ္ဏဝတီ” ထက်သမီးငယ် “သီရိသုမင်္ဂလာဝတီ”က တပေအရာတွင် ရှို့၊ လင်္ကာ၊ ကဗျာ၊ ရတု၊ တို့ကို ရေးဖွဲ့စပ်ဆိုရာတွင် ထူးချွန်စွာတတ်မြောက်သည်။

ထို့နောက် မကြာမီအချိန်ကာလတွင် “သီရိသုဝဏ္ဏဝတီ” နှင့် “သီရိသုမင်္ဂလာဝတီ” တို့၏ ခမည်းတော်ရတနာပုံထီးနန်းစံမင်းတုန်းမင်းကြီးသည် ရောဂါဝေဒနာကို ပြင်းထန်စွာ ခံစားနေရပြီး ဝေဒနာမသက်သာတော့ဘဲ မင်းတုန်းမင်းကြီးသည် နန်းစံ (၂၆)နှစ် စံစားရပြီး သက်တော် (၅၄)နှစ်အရွယ် မြန်မာသက္ကရာဇ် (၁၂၄၀)ခုနှစ် သီတင်းကျွတ်လဆန်း (၆) ရက် (ခရစ်နှစ် ၁၈၇၈ခုနှစ်၊ အောက်တိုဘာလ) နေ့တွင် နတ်ရွာစံကံတော်

ကုန်သည်။

ခမည်းတော်ပင်းတုန်းမင်းကြီးနတ်ရွာစံသော် သားတော် သီပေါမင်းသား ရတနာပုံနေပြည်တော် နန်းတက်ထီးနန်းစံသည်။

*(သီရိသုဝဏ္ဏာဝတီ နှင့် သီရိသုမင်္လာဝတီ" တို့သည် သီပေါမင်းသားနှင့် အဖေတူအမေကွဲမောင်နှမတစ်ဝမ်းကွဲတော် စပ်သည်)

ထိုအချိန်တွင် ရတနာပုံရွှေမြို့တော်၏ နန်းတွင်း၌ ဆင်ဖြူမရှင် မိဖုရားကြီးအာဏာလွှမ်းမိုးပြီး အာဏာစက်ဖြင့် ဓားထက် နေသည့်အတွက် နန်းတွင်းရှိ မင်းကြီး ဦးကောင်း၊ တိုင်တားမင်းကြီး၊ ယောမင်းကြီး၊ အစရှိသော ဝန်ကြီးမှူးမတ်များနှင့် တကွ နန်းတွင်းသူ နန်းတွင်းသားများ မော်မကြည့်ဝံ့အောင် ခေါင်းငုံ့၍ ကြောက်ရွံ့စိုးရိမ်နေရသဖြင့် စိတ်သောကပူပင်နေကြရသည့်အဖြစ်နှင့် ကြုံနေကြရလေသည်။

ထိုစဉ် မင်းတုန်းမင်းကြီး၏ မိဖုရား "မရွှေဝ" (လှိုင်ကျွန်းမိဖုရား)နှင့် သမီးတော် နှစ်ပါးဖြစ်ကြသော "သီရိသုဝဏ္ဏာဝတီ နှင့် သီရိသုမင်္လာဝတီ" မိသားစု သုံးဦးတို့မှာလည်း အာဏာစက်ပြင်း၍ ဓားထက်နေသောကြောင့် မည်သို့မျှ မလှုပ်ဝံ့ကြဘဲ ငြိမ်၍သာနေကြရသည်။





ထို့နောက်တွင် သီပေါမင်းသည် ရတနာပုံရွှေမြို့တော် နန်းစံရာ (၇) နှစ်ကြာသော်သက်တော် (၂၇)နှစ်အရွယ် (သီပေါမင်းသား အသက်(၂၀) အရွယ်နန်းတက်သည်)တွင် မြန်မာသက္ကရာဇ် (၁၂၄၇) ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ခရစ်နှစ် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၉ ရက် တွင် နယ်ချဲ့အင်္ဂလိပ်စစ်တပ်များ၊ ရတနာပုံရွှေနန်းတော်အတွင်းသို့ဝင်ရောက်ပြီး ရတနာပုံရွှေမြို့တော်ကို သိမ်းပိုက်လိုက်သည်။

ထိုသို့သိမ်းပိုက်ပြီး သီပေါမင်းနှင့် မိဖုရား စုဖုရားလတ်၊ အရှင်နှစ်ပါးကို ဖမ်းဆီးခေါ်ဆောင်သွားသည်။ ဆင်ဖြူမရှင် မိဖုရားကြီးလည်းအတူလိုက်ပါသွားသည်။

သီပေါမင်းပါတော်မူပြီးနောက် ထိုအချိန်တွင် ရတနာပုံရွှေမြို့တော်မှာ မြို့ပျက်ပြီးမြို့တော်တမြို့လုံး မငြိမ်မသက်ဖြစ်နေသည့်အခြေအနေသို့ရောက်ရှိနေသည်။

မြို့တော်ပျက်၍ မငြိမ်မသက်ဖြစ်နေရာ မင်းတုန်းမင်းကြီး၏ မိဖုရား "မရွှေဝ" (လှိုင်ကျွန်းမိဖုရား) နှင့် "သီရိသုဝဏ္ဏာဝတီ၊ "သီရိသုမင်္လာဝတီ" မိသားစုသုံးယောက်တို့မှာလည်း အားကိုးအားထားရာ သမီးတော်တို့၏ မောင်တော်တို့နှင့် တကွ အခြံအရံ ကျေးကျွန်များလုံးဝမရှိကြတော့သဖြင့် ရွှေနန်းတော်

အတွင်းမှ မြို့တော်အပြင်သို့ ထွက်လာခဲ့ကြပြီး ကိုးကွယ်အားထားရာ ဆရာတော်ကျောင်းတိုက်မှာပင် ခိုဝင်ကာနေထိုင်ကြရတော့သည်။

ထိုသို့ ဘုန်းတော်ကြီးကျောင်းတိုက်၌ ခိုဝင်နေထိုင်စဉ်မှာ သမီးတော်ကြီး "တောင်တွင်းချောက်မြို့စားမင်းသမီး သီရိသုဝဏ္ဏဝတီမှာ ကံတော်ကုန်ကွယ်လွန်လေသည်။ သမီးတော်အငယ် သီရိသုမင်္ဂလာဝတီ"မှာ အသက် (၂၀)အရွယ်သို့ရောက်ရှိနေပြီ၊ ဤတွင် မယ်တော်မိဖုရား "မရွှေဝ" (လှိုင်ကျွန်းမိဖုရား)နှင့် သမီးတော်အငယ် "သီရိသုမင်္ဂလာဝတီ" မိသားစုနှစ်ယောက်သည် ပါလာသော ရွှေငွေ ရတနာ လက်ဝတ်တန်ဆာများကို ထုခွဲရောင်းချကာ စားသောက်နေထိုင်ကြရလေသည်။ ထိုသို့လက်ဝတ်ရတနာပစ္စည်းများရောင်းချစားသောက်နေထိုင်ရာတွင် ရက်လကြာသော်၊ ရတနာပစ္စည်းများကုန်ဆုံးသွားတော့သည်။ ရောင်းချစရာ ရတနာပစ္စည်းများမကျန်တော့၍ မိဖုရား "မရွှေဝ" (လှိုင်ကျွန်းမိဖုရား)နှင့် သမီးတော်အင်မော်မြို့စား "သီရိသုမင်္ဂလာဝတီ" မိသားစုနှစ်ယောက်တို့မှာ ငွေကြေးရတနာပစ္စည်းတို့မရှိတော့သဖြင့် ဆင်းရဲခြင်းအဖြစ်သို့ ရောက်ကြရတော့သည်။





*(မင်းဆွေတော် မျိုးတော်တို့သည် မည်သည့်အလုပ်ကိုမှုမလုပ်ကြဘဲ မိမိတို့ပိုင် ရွှေငွေရတနာပစ္စည်းများကို ရောင်းချစားသောက်ကြပြီးနေထိုင်လေ့ရှိကြသည်။ ဆင်းရဲကြသော်လည်း မင်းမျိုးမင်းနွယ်၊ ဆွေဂုဏ်၊ မျိုးဂုဏ်တို့ကို ထိန်းသိမ်းကာဖြင့် နေထိုင်လေ့ရှိကြပါသည်)

ငွေကြေးကုန်၍ မင်းတုန်းမင်း၏မိဖုရား "မရွှေဝ" (လှိုင်ကျွန်းမိဖုရား)နှင့် သမီးတော်ငယ် အင်မော်မြို့စား "သီရိသုမင်္ဂလာဝတီ"သားအမိနှစ်ယောက်မှာ ငွေကြေးထောက်ပံ့မည့်သူလည်းမရှိ၊ အားကိုးအားထားရာလူလည်းတစ်ဦးတစ်ယောက်မှမရှိကြပါ။ မင်းဆွေမင်းမျိုးများ၊ အမျိုးအနွယ်တူများလည်းတစ်ဦးတစ်ယောက်မှုမရှိကြတော့သဖြင့် မိသားစုနှစ်ယောက်မှာ စားဝတ်နေရေးပြေလည်စေရန်အတွက် နောက်ဆုံးတွင် အင်မော်မြို့စား "သီရိ သုမင်္ဂလာဝတီ"သည် မိမိတို့မှီခိုနေထိုင်ရာဘုန်းကြီးကျောင်းမှ ဘုန်းကြီးလူထွက်နှင့် အိမ်ထောင်ပြုလိုက်ရတော့သည်။

ထိုသို့ အင်မော်မင်းသမီး "သီရိ သုမင်္ဂလာဝတီ"သည် မင်းဆွေမင်းမျိုးမဟုတ်သည့် မျိုးနွယ်မတူသော ဘုန်းကြီးလူထွက်နှင့် ယူလိုက်သည်ကို ဦးမောင်မောင်တင်မှာ စိတ်မချမ်းမြေ့၍

"မင်းတုန်းမင်းသမီးဖြစ်တဲ့အင်မော်" "သိရိ သုမင်္ဂလာဝတီ" ဟာ မင်းဆွေမင်းမျိုးကိုမယူဘဲ သာမန်ဘုန်းကြီးလူထွက်ကိုမှ ယူရသလား" ဟု ရင်နာမဆုံးဖြစ်နေရသည်။

ဤတွင် ဦးမောင်မောင်တင်သည် တေးတစ်ပုဒ်ကိုရေးစပ်လိုက်သည်။

ရေးသားထားသော စာသားမှာ-

"ကြားရပုံ မချမ်းသာအောင်ပ
နန်းဓလေ့ပျက်၊ ရမ်းသရွှေ့ရှက်စရာငယ်၊
စက္ကဝါမဆုံး၊
မင်းသမီး၊ ရွှေနန်းတော်ပျော်မှာ
ရေဖျန်းတော်ညွှန်ကြားအနံ့။
တောသားနဲ့လူထွက်တွေကို
ကျူစက်သွေ့ဘုံမျှ၊
သူ့မက်စေမှုန်သန့်လို၊ ထုံရနံ့ကြိုင်စွာ
အခွင့်တော် ချိုသာပေ။ လိုရာနှင်း၊ နှင်းတဲ့အခါ တောသား
သုပ်နာငယ်၊ ခုသိသာ ပွေ့အင်ဆန်းပါလို့၊ ရွှေလင်ပန်း မှူး
ရေးကိန်းဆိုက်ပေ့လေး၊ ပြည်ကုန်းဘောင်နှုန်းတစ်နေ့မှာ
ဘုန်းသရေညှိုးပါတိလေ။ ဟူ၍ တေးထပ်ရေးဖွဲ့စပ်ဆိုလိုက်





ပါသည်။

ဦးမောင်မောင်တင်သည် စိတ်နာခံပြင်း၍ အထက်ပါတေးထပ်ကို ရေးဖွဲ့စပ်ဆိုပြီး အင်မော်ဖြို့တား မင်းသမီး "သိရိ သုမင်္ဂလာဝတီ" ထံသို့ပေးပို့လိုက်သည်။

အင်မော်မင်းသမီး "သိရိ သုမင်္ဂလာဝတီ" သည် ဦးမောင်မောင်တင်၏တေးထပ်ကိုဖတ်ရသည့်အခါ စိတ်နာကျည်းစွာဖြစ်ခဲ့ရသည်။ ဇာတိအဝအမှန်ကိုမသိဘဲ ကဲ့ရဲ့ဖြစ်တင်ရေးတာပဲ ဟု ပြောဆိုသည်။

"ငါဟာ အမျိုးတူ မင်းဆွေ မင်းမျိုးတွေထဲက မင်းသား တစ်ပါးပါးကိုယူဖို့ရာ မင်းသားတွေအားလုံးအသက်သေဆုံး ကြလို့၊ နောက်ဆုံးအားကိုးအားထားမရှိလို့ ဘုန်းကြီးလူထွက် ကိုယူလိုက်ရတာပဲ" ဟု ဦးမောင်မောင်တင်ကို ပြန်ပြောလိုစိတ် ရှိသော်လည်း၊ ပြန်လည်ရှင်းလင်းမပြောတော့ဘဲ အင်မော် မင်းသမီး "သိရိ သုမင်္ဂလာဝတီ" သည် သည်းမခံနိုင်တော့ဘဲ ခံပြင်းစိတ်ဖြစ်ပေါ်၍ ခပ်ကြမ်းကြမ်းတေးထပ်တစ်ပုဒ်ကို ရေးစပ် ပြန်လည်ချေပလိုက်သည်။

အင်မော်မင်းသမီး "သိရိ သုမင်္ဂလာဝတီ" ရေးစပ်သော စာသား -

"မင်းသားတွေရှိသမျှ မရှိရဆွေးအောင်
အတိတ်ရှေးခင်ခေါင်မှာ ၊ ခွေးရနောက်လက်ကိုင်။
ညွှတ်တွင်းချင်း၊ တကက်တက်ကုန်သည်
ရက်စက်ပုံမိုက်ရိုင်း
နန်းပျက်တော့ ကြောက်အားဖြာသည်
မြောက်သားရှာခက်ကိုင်း
ထောက်ထားခါ ရက်မဆိုင်း၊
သက်တနိုင်းကြံရှယ်၊ လှပြန်တော်မောင်မောင်တုံးနဲ့၊
ခေါင်နှလုံး၊ ကြည်ရပါတော့တယ်
သို့ပါလျက် တို့မျက်ကွယ် မမယ့်ကြသူများပ
မင်းသားယူဖို့ရာ
ရှားတဲ့ယူဖို့ရာခေတ်ခါ၊ ကဲ့ရဲ့ပါးစပ်ဟာကို
ဗိနပ်စာကျွေးမယ်တဲ့လေး" ဟူ၍ ခပ်ကြမ်းကြမ်းတေးထပ်
တစ်ပုဒ်ကိုရေးစပ်ကာ အပြစ်တင်ကဲ့ရဲ့သည့် ဦးမောင်မောင်တင်
ထံသို့ ပေးပို့လိုက်ရလေသည်။

ဘုရင့်အနွယ်တော်ယဉ်ကျေးပါသည်ဆိုသော ရတနာပုံ ထီးနန်းစံမင်းတုန်းမင်းကြီး၏သမီးတော် အင်မော်မြို့စား "သီရိသုမင်္ဂလာဝတီ" သည် ဘီလူးဆိုင်းနှင့် မိန်းမကြမ်းတစ်ယောက်





ကို ရေးဖွဲ့၍ အပြစ်တင်ကဲ့ရဲ့သူကို တန်ပြန်ထိုးနှက်လိုက်သည့် တေးထပ်စာသားမှာ သူ့ဘဝအမှန်ကိုမသိ၊ မလေ့လာဘဲ၊ အထင်နှင့် ရေးစပ်လိုက်သော တေးထပ်စာဆိုရှင်အား ရက်ရက်စက်စက် ကြမ်းတမ်းသော စာသားမှာ ခံရခက်လောက်အောင် "ဗိနပ်စာကျွေးမယ်" ဟုဒေါသစိတ်ဖြင့် တေးထပ်ရေးဖွဲ့စပ်ဆိုလိုက်သည်။

ဤသည်မှာ ရတနာပုံနေပြည်တော် ထီးနန်းစံ၊ မင်းတုန်းမင်းကြီးနှင့် မိဖုရား "မရွှေဝ" (လှိုင်ကျွန်းမိဖုရား) တို့၏ သမီးတော် "အင်မော်မြို့စား" မင်းသမီးဖြစ်သော "သီရိသုမင်္ဂလာဝတီ" အား စာပေဂုဏ်မြောက်၍ ကုန်းဘောင်ခေတ်တွင် ခိုးကျူးစရာပင်ဖြစ်ပါသည်။

×××××

# ခင်သီ

ကုန်းဘောင်ခေတ်မင်းဆက် (၁၁) ဆက်တွင် မင်းဆက် (၇) ဆက်မြောက်မင်းမှာ ဘကြီးတော်မင်းဖြစ်သည်။ စစ်ကိုင်းမင်း နန်းရှင်ဟူ၍လည်းခေါ်သည်။

ဘိုးတော်မင်းတရားနတ်ရွာစံကံတော်ကုန်သည့်အခါ မြေးတော် အိမ်ရှေ့မင်း "ဘကြီးတော်"သည် မြန်မာ သက္ကရာဇ် (၁၁၈၁) ခုနှစ် အမရပူရမြို့နန်းတက်ထီးနန်းစံသည်။ နန်းတက်ပြီးနောက် (၂)နှစ်ခန့်ကြာသော် အင်းဝမြို့ကို မြန်မာသက္ကရာဇ် (၁၁၈၃)ခုနှစ်တွင် ပြောင်းရွှေ့ထီးနန်းစံတော်မူသည်။

ထို့နောက် ကုန်းဘောင်မင်းဆက်မှ (၈)ဆက်မြောက် သာယာဝတီမင်းသည် နောင်တော် ဘကြီးတော်မင်းကို ပုန်ကန်၍ နောင်တော်ကိုနန်းချပြီး မြန်မာသက္ကရာဇ် (၁၁၉၉) ခုနှစ်





တွင် "အင်းဝမြို့နန်းတက် ထီးနန်းစံသည်"

သာယာဝတီမင်းကို "ရွှေဘိုမင်း" ဟူ၍လည်း ခေါ်ကြသည်။ သာယာဝတီမင်းတွင် အဖေတူအမေကွဲသားတော် သမီးတော်တို့မှာ သမီးတော် စကြာဒေဝီ၊ သားတော် ပုဂံမင်း၊ မင်းတုန်းမင်း၊ ကနောင်မင်းသားတို့ရှိသည်။ ပုဂံမင်း၊ မင်းတုန်းမင်း၊ ကနောင်မင်းသားတို့၏ ဘကြီးဖြစ်၍ "ဘကြီးတော်မင်း" ဟုခေါ်သည်။

မြန်မာသက္ကရာဇ် (၁၂၀၃) ခုနှစ် သာယာဝတီမင်းနတ်ရွာစံကံတော်ကုန်သည်။ သာယာဝတီမင်းနတ်ရွာစံသော် သားတော် ပုဂံမင်း မြန်မာသက္ကရာဇ် (၁၂၀၈) ခုနှစ်တွင် အမရပူရမြို့နန်းတက်ထီးမှန်းစံသည်။

ထိုနန်းတက်ချိန်တွင် မန္တလေးရတနာပုံခတ်နန်းရပ် (ယခု သကျသီဟဘုရားအနောက် အနီးရှိသည်) ၌ နေထိုင်သည့် မယ်ဘဲ အိမ်စားပြွတိုက်ရာတွင် ညီတော်နှစ်ပါးဖြစ်ကြသော မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ ပါဝင်သည်ဟု သတင်းစကားအရ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့အား ရာဇဝတ်သားအဖြစ်ဖမ်းဆီးရန် နောင်တော်ပုဂံမင်းမှ အမိန့်ထုတ်ပြန်ရာ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသား

နှစ်ပါးသည် နောင်တော် ပုဂံမင်း၏ မင်းဖြစ်မင်းအဏ်မှလွတ်အောင် ထွက်ပြေးတိမ်းရှောင်ကာ မတ္တရာမြို့နယ် စကျင်ရွာရှိ စကျင်တောင်၌ ခိုအောင်းနေထိုင်ကြသည်။

အမရပူရမြို့ ထီးနန်းစံစဉ်ကာလတွင် အသက် (၁၂)အရွယ်ရှိ ညောင်ကန်ရွာသူ၊ မယ်ညွန့်သည် အပျိုတော်ရံအဖြစ် ခစားရသည်။ အပျိုတော် မယ်ညွန့် နှင့် နန်းတွင်းအပျိုတော်များကို မယ်တော် နန်းတွင်းသူ အပျိုတော်ကြီးက ထိန်းသိမ်းစောင့်ရှောက်ရသည်။ အပျိုရံများတွင် ရုပ်အဆင်းချောမောလှပပြီး အသက်အငယ်ဆုံးဖြစ်သော "မယ်ညွန့်" ကို အပျိုတော်ကြီး "မယ်တော်" သည် ချစ်ခင်သနားသဖြင့် သွေးသားအရင်းအချာဖြင့် မြုစုစောင့်ရှောက်ထားသည်။ "မယ်ညွန့်" ကလည်း အပျိုတော်ထိန်း မယ်တော်ကို မမတော်ဟူ၍ ချစ်မြတ်နိုးစွာဖြင့်ခေါ်သည်။

တနေ့တွင် ပုဂံမင်း၏မိဖုရားတစ်ပါးသည် ရွှေချည်ထိုးပိုးပဝါလွှမ်းခြုံသွားသည်ကို အပျိုတော်ရံ မယ်ညွန့် မြင်သည့်အခါ အပျိုတော်ထိန်း မယ်တော်အား

"မမတော်၊ မယ်ညွှန့် အဲဒီရွှေစာချည်ထိုးပိုးပဝါခြုံချင်လိုက်တာ မမတော်" ဟုပြောဆိုသည်။





"တယ် - ဒီကလေးမ၊ ကိုယ်နဲ့မတန်တာကို မပြောစမ်းပါနဲ့အေ၊ တန်ရာ တန်ရာကိုပြောစမ်းပါ မယ်ညွန့်ရယ်" ဟု အပြစ်တင်ပြောဆိုလိုက်သည်။

ထိုအချိန်ကာလတွင် နောင်တော်ပုဂံမင်း၏မင်းဖြစ်မင်းအဏ်မှ လွတ်အောင်ထွက်ပြေးခဲ့ကြရသော မင်းတုန်းမင်းသားနှင့် ကနောင်မင်းသား ညီနောင်နှစ်ပါးတို့ အမရပူရမြို့မှ ရှောင်တိမ်းထွက်ပြေးရာတွင် "မယ်ညွန့်"လိုက်ပါသွားသည်။ မတ္တရာနယ် စကျင်ရွာ စကျင်တောင်တွင် ခိုအောင်းနေစဉ်ကာလအတွင်း နန်းတွင်းသူ အပျိုရံ "မယ်ညွန့်" ဆင်းရဲပင်ပန်းခံကာ မင်းတုန်းမင်းသားနှင့်ကနောင်မင်းသားညီနောင်နှစ်ပါးတို့အား အစစအရာရာ လုပ်ကိုင်ပေးလေ့ရှိသည်။

ထိုစဉ်ကာလ ရုပ်ရည်ချောမောလှပသည့် "မယ်ညွန့်" အပေါ် မင်းတုန်းမင်းသားသည် ချစ်ခင်စွဲလန်း၍ အသဲလိုက်အူလိုက် ခင်မင်တွယ်တာ၍ "မယ်ညွန့်"နှင့်အတူ စားအတူ၊ သွားအတူနေထိုင်ကြရာတွင် မင်းတုန်းမင်းသားနှင့် "မယ်ညွန့်" တို့နှစ်ဦးမှာ တစ်ဦးနှင့် တစ်ဦး မေတ္တာမျှကြပြီး သမီးရည်းစားဘဝဖြင့် အတူပေါင်းဖက်ကာနေကြတော့သည်။

ထိုသို့နေထိုင်စဉ်တွင် မင်းတုန်းမင်းသားသည် သူ့ချစ်သူ

“မယ်ညွန့်”အသဲစွဲချစ်ခင်မြတ်နိုးသဖြင့် “မယ်ညွန့်” အမည်ကို ပြောင်းပြီး “ခင်သဲ” ဟူ၍ ချစ်မြတ်နိုးစွာဖြင့် ခေါ်လေသည်။

မတ္တရာမြို့နယ် စကျင်ရွာ၊ စကျင်တောင်တွင် ပုန်းခိုနေသော မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားညီနောင် နှစ်ပါးတို့သည် အမရပူရမြို့ ထီးနန်းစံ နောင်တော် ပုဂံမင်းအား ပုန်ကန်ခြားနား၍ အမရပူရထီးနန်းကိုသိမ်းပိုက်ရန်ကြံစည်သည်။

ဤတွင် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့သည် နောက်လိုက်လူအင်အားစုရန်ရတနာသိမ် ရွှေဘိုမြို့သို့ ခရီးဆက်သွားကြသည်။ ရွှေဘိုမြို့တွင် နောက်လိုက်စစ်သားစုဆောင်းကြသည်။

တနေ့တွင် မင်းတုန်းမင်းသားသည် “ခင်သဲ”ကိုခေါ်ပြီး ရွှေဘိုမြို့ရှိ “ရွှေတန်ဆာဘုရား”သို့သွားကြသည်။ (ရွှေတန်ဆာဗုဒ္ဓရုပ်ပွားတော်ကြီးတည်ရှိရာနေရာမှာ ရွှေဘိုမြို့ တောင်ဘက်၊ မန္တလေးမြို့မှ ရွှေဘိုမြို့အဝင်ကားလမ်း တောင်ဘက်လမ်းဘေး၌ရှိပါသည်)

မင်းတုန်းမင်းသားနှင့် “ခင်သဲ”၊ ချစ်သူနှစ်ဦးတို့သည် “ရွှေတန်ဆာဘုရားရောက်သည့်အခါ “နှင်းပန်း” လှူဒါန်းကြသည်။ ချစ်သူနှစ်ဦး နှင်းပန်းလှူဒါန်းဆုတောင်းကြသည်။





ဤသို့ နှင်းပန်းလှူဒါန်းကြရာတွင် “ခင်သဲ” သည် မင်းတုန်းမင်းသားအား

“အရှင်ဘုရား အထွဋ်အထိပ်ရောက်လို့ ထီးနန်းစံရသည့်အခါ ဘုရားနှမ “ခင်သဲ” ကို မိဖုရားခေါင်ကြီးအရာ မြှောက်တော်မူပါဘုရား” ဟု ကတိတောင်း၍ နှင်းပန်းလှူဒါန်းသည်။

မင်းတုန်းမင်းသားလည်း နှင်းပန်းလှူဒါန်းပြီးသူ့ထီးနန်းစံကာမင်းအဖြစ်သို့ရောက်လျှင် ငယ်ချစ်ဦး “ခင်သဲ”ကို မိဖုရားခေါင်ကြီးအရာတင်မြှောက်ပါမည်ဟု ကတိပေးသည်။

ထို့နောက် မကြာမီမှာ မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားညီနောင်တို့သည် နောက်လိုက်စစ်သည်အင်အားများသည့်အခါ ညီနောင်နှစ်ပါး ရွှေဘိုမြို့မှ “အမရပူရမြို့” ကို တိုက်ခိုက်ရန် စစ်ချီခဲ့ကြသည်။ မြန်မာသက္ကရာဇ် (၁၂၁၄) ခုနှစ်တွင် မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့ညီနောင် နှစ်ပါးသည် အမရပူရမြို့တော်ကိုတိုက်ခိုက်ရာ ညီနောင်နှစ်ပါး တပ်များမှာ စစ်သည်အင်အားများ၍ ပုဂံမင်းတပ်တို့မှာ ခုခံ တိုက်ခိုက်နိုင်စွမ်းမရှိသဖြင့် စစ်ရှုံးကြရသည်။

ဤသို့ စစ်အောင်နိုင်သည့်အခါ မင်းတုန်းမင်းသားနှင့်

ကနောင်မင်းသားညီနောင်တို့သည် နောင်တော် ပုဂံမင်းကို နန်းချပြီး အမရပူရမြို့ကိုသိမ်းပိုက်လိုက်သည်။

မြန်မာသက္ကရာဇ် (၁၂၁၄)ခုနှစ် (အေဒီ ၁၈၅၃-၁၈၇၈) တွင် မင်းတုန်းမင်းသားသည် အမရပူရမြို့ နန်းတက်ထီးနန်းစံသည်။ ညီတော်ကနောင်မင်းသားကို အိမ်ရှေ့စံထားတော်မူသည်။ အမရပူရမြို့တော် ထီးနန်းစံပုဂံမင်းထံတွင် ခစားအမှုတော် ထမ်းဆောင်ကြသူများအားမိမိထံ၌ ခစားအမှုထမ်းဆောင်လိုက ထမ်းဆောင်နိုင်ကြောင်း၊ ထမ်းဆောင်ခြင်းမပြုလိုကလည်း ခွင့်ပြုမည်ဖြစ်ကြောင်း မင်းတုန်းမင်းမှမိန့်တော်မူသည်။ ထိုသို့ မိန့်တော်မူရာ ပုဂံမင်း၏ နို့ထိန်းသည် "မယ်ရှဲ့" သည် မင်းကြီးအား

"ကျွန်တော်မျိုးမ၊ ပုဂံမင်း၏နို့ထိန်းသည် မယ်ရှဲ ဖြစ်ပါသည်။ အသက်အရွယ်ကြီးရင့်လို့ဆက်လက်အမှုတော်ထမ်းဆောင်ခြင်းမ ပြုနိုင်တော့သဖြင့် နေရပ်ပြန်ခွင့်ပြုတော်မူပါ၊ အရှင်မင်းကြီးအား ဘုရားကျွန်တော်မျိုးမ မယ်ရှဲ သစ္စာတော်ပေးတော်မူပါသည် ဘုရား" ဟု လျှောက်တင်ခွင့်တောင်းလေသည်။

ဤတွင် မင်းတုန်းမင်းသည် နောင်တော် ပုဂံမင်း၏ နို့ထိန်းသည် မယ်ရှဲအား ထိုက်သင့်သောငွေအသပြာများကိုပေးပြီး





နေရပ်ပြန်ခွင့်တော်မူသည်။ မယ်ရှဲ သည် မင်းကြီးအား သစ္စာတော်ပေးပြီး မိမိဇာတိရွာ ပေါက်မြိုင်ရွာသို့ပြန်တော့သည်။

(ပေါက်မြိုင်ရွာသည် မန္တလေးမြို့ မန္တလေးတောင်၏ အနောက်တောင်ထောင့်ရှိပါသည်။ ၎င်းနီးရွာများမှာ သမင်ခြံရွာ၊ ပေါက်ဝဲရွာတို့ရှိပါသည်၊ ပုဂံမင်း၏နို့ထိန်းသည်မယ်ရှဲသည် မိမိဇာတိ ပေါက်မြိုင်ရွာ၏ မြောက်ဘက်တွင်ရှိသော "နန္ဒရွာ၊ မြောက်တွင် ဘုရားစေတီတစ်ဆူတည်တော်မူပြီး ဘုရားစေတီတော်၏ဘွဲ့တော်အမည်ကို မယ်ရှဲဘုရား ဟူ၍ ဘွဲ့တော်တင်ကိုးကွယ်ခဲ့လေသည်။

(မယ်ရှဲဘုရားသည် သမိုင်းဝင်ဘုရားတစ်ဆူဖြစ်ပါသည်။ မန္တလေးမြို့ မတ္တရာမြို့သို့သွားသောကားလမ်းအနောက်ဘက် (၁)မိုင်အကွာ နန္ဒရွာမြောက်၌ ယခုတိုင်ပင်တည်ရှိပါသည်။ မြန်မာသက္ကရာဇ် ၁၂၁၈ ခုနှစ်တွင် စေတီတည်သည်)

မြန်မာသက္ကရာဇ် (၁၂၁၄) ခုနှစ် အမရပူရမြို့တော် မင်းတုန်းမင်းနန်းတက်စံချိန်တွင် မင်းတုန်းမင်း၏ ငယ်ချစ်ဦး "ခင်သဲ" သည် မင်းကြီးချစ်မြတ်နိုးတော်မူသော နန်းတွင်းအပျိုချော တစ်ယောက်ဖြစ်သည်ကို နန်းတွင်းသူ နန်းတွင်းသားများသိကြလေသည်။ "ခင်သဲ" သည် နန်းတွင်းအပျိုတော်ထိန်း မယ်တော်

အား

"မမဘော် - ခင်သဲနဲ့ အတူနေရမယ်၊ နေမယ်လို့ ကတိပေးရမယ်" ဟုကတိတောင်းရာ "မယ်ဘော်" ကလည်း မကွဲမကွာနေမည်ဖြစ်ကြောင်း "ခင်သဲ" အား ကတိပေးစကား ပြောလိုက်လေသည်။ ထိုစဉ်က "ခင်သဲ" သည် သာမန်နန်းတွင်းအပျိုတော်တစ်ယောက်သာဖြစ်ပါသည်။

မင်းတုန်းမင်းသည် မြန်မာသက္ကရာဇ် (၁၂၁၄)ခုနှစ်တွင် အမရပူရမြို့တော် (၆)နှစ်ခန့် ထီးနန်းစံပြီးနောက် မြန်မာသက္ကရာဇ် (၁၂၂၀) ခုနှစ်တွင် မန္တလေးအရပ်ဒေသ၌ မြို့နန်းတည်တော်မူသည်။ (၁)နှစ်ခန့်ကြာသော် နန်းမြို့တည်ပြီး မြန်မာသက္ကရာဇ် (၁၂၂၂) ခုနှစ်တွင် မြို့တော်ကို "ရတနာပုံနေပြည်တော်" ဟူ၍ မြို့တော်အမည်ကို သမုတ်ခေါ်ဝေါ်ကာ မင်းတုန်းမင်းသည် ရတနာပုံနေပြည်တော်နန်းတက်ထီးနန်းစံသည်။

မင်းတုန်းမင်းနန်းတက်သည့်အချိန်တွင် ရတနာပုံနန်းတွင်း၌ "ခင်သဲ"နှင့်အပျိုတော်ထိန်း မယ်ဘော်တို့လည်းနန်းစန်းဆောင်တွင် နေထိုင်ကြသည်။

ရတနာပုံနေပြည်တော် ထီးနန်းစံ မင်းတုန်းမင်းကြီးတွင် မိဖုရားတစ်ပါးမှမရှိသေးပါ။ ထိုစဉ် မိဖုရားခေါင်ကြီးအရာကို





မြှောက်စားရန်အတွက် ငယ်ချစ်ဦး "ခင်သဲ" အား ရွှေဘိုမြို့ရှိ "ရွှေတန်ဆာဘုရားတွင် နှင်းပန်းလှူဒါန်းပြီး ကတိပေးခဲ့ဖူးသည်။ ထိုကတိအတိုင်း "ခင်သဲ" ကိုမိဖုရားခေါင်ကြီးအရာ မြှောက်စားရေးကိစ္စ ညီတော် အိမ်ရှေ့စံ ကနောင်မင်းအား တိုင်ပင်သည်။

ထိုအရေးကိုကြိုတင်၍ သိထားသော ကနောင်မင်းသားသည် ကြောဒေဝီမင်းသမီးအား ရတနာပုံနေပြည်တော်သို့ ကြိုတင်ခေါ်ယူထားလေသည်။

မင်းတုန်းမင်းသည် အိမ်ရှေ့စံကနောင်မင်းသားအား

"ညီတော်၊ နောင်တော်၏ ငယ်ချစ်ဦး "ခင်သဲ" မိဖုရားခေါင်ကြီးအရာထားဖို့ရည်ရွယ်တယ်၊ ညီတော်ရဲ့သဘောထားက ဘယ်သို့ရှိသလဲ" ဟုမေးတော်မူလိုက်သည်။

ထိုသို့မေးတော်မူရာ အိမ်ရှေ့စံကနောင်မင်းသားက "ခင်သဲ" ကို မိဖုရားခေါင်ကြီးအရာထားလျှင် ညီတော်ဟာ နောင်တော်နဲ့ခင်သဲ၊ ကန်တော့ခံပွဲမှာ ညီတော်မတက်ပါ "ခင်သဲ" ကိုလည်း ကန်တော့ခြင်းမလုပ်နိုင်ပါ"ဟု ပြန်လည်၍လျှောက်ထားသည်။

"ညီတော် အိမ်ရှေ့စံ မည်သည့်အကြောင်းရှိ၍ "ခင်သဲ"

ကို မိဖုရားခေါင်ကြီး အရာမမြှောက်နိုင်တာလဲ" ဟု မင်းတုန်းမင်းသည် ညီတော်ကနောင်မင်းသားအားမေးမြန်းတော်မူသည်။

ထိုသို့မေးမြန်းရာတွင် ကနောင်မင်းသားက

"နောင်တော်၏ ငယ်ချစ်ဦး "ခင်သဲ" သည် ထီးရိပ်နန်းရိပ်နဲ့ဝေးတဲ့ သာမန်တောသူတစ်ယောက်ဖြစ်ပါတယ်၊ ပဒေသရာဇ်ဘုရင်စနစ်ရဲ့ စည်းမျဉ်းဥပဒေမှာ ထီးရိပ်နန်းရိပ်အောက်က အမျိုးနွယ်ကိုသာ မိဖုရားခေါင်ကြီးအရာ တင်မြှောက်ခွင့်ရှိသည်ကို သတိပြုပါ" ဟု ဘုရင်စနစ် စည်းမျဉ်းဥပဒေကို ပြောပြလေသည်။

အိမ်ရှေ့စံ ကနောင်မင်းသား၏ စကားကိုကြားရသည့်အခါ မင်းတုန်းမင်းစိတ်တွင် ငယ်ချစ်ဦး "ခင်သဲ" အား မိဖုရားခေါင်ကြီးအရာမပေးနိုင်တော့သဖြင့် စိတ်မကောင်းဖြစ်ကာ တွေဝေငိုင်နေရှာတော့သည်။ မည်သို့မျှ ပြန်လည်ပြောဆိုနိုင်ခြင်းမရှိဖြစ်နေတော့သည်။ ခဏမျှ တွေဝေကာ စဉ်းစားပြီးနောက် မင်းတုန်းမင်းကြီးသည် ညီ---်ကနောင်မင်းသားအား-

"ညီတော် စကားအရ နောင်တော်ဟာ ထီးရိပ်နန်းရိပ်အောက်က မည်သူ့ကို မိဖုရားခေါင်ကြီးအရာကို မြှောက်ရမလဲ အကြံပေးပါဦး" ဟုပြောဆိုလေသည်။





"တခြားစဉ်းစားစရာမလိုပါ၊ ထီးရိပ်နန်းရိပ်အောက်က စကြာဒေဝီမင်းသမီးကိုသာ မိဖုရားခေါင်ကြီးအရာချီးမြှောက်ပါ။ စကြာဒေဝီမင်းသမီးဟာ နောင်တော်နဲ့ ညီတော်တို့ရဲ့ အမတော်လည်းဖြစ်တယ်၊ မောင်နှမ တစ်ဝမ်းကွဲတော်စပ်သော မင်းမျိုးမင်းနွယ်ဖြစ်ပါတယ်နောင်တော်" ဟုအကြံပေးလျှောက်တင်သည်။

*(စကြာဒေဝီမင်းသမီးသည် သာယာဝတီမင်း၏ သမီးတော် တစ်ပါးဖြစ်သည်)

ဤတွင် မင်းတုန်းမင်းကြီးသည် အမတော် စကြာဒေဝီမင်းသမီးအား မိဖုရားခေါင်ကြီးအရာ ချီးမြှောက်တော်မူသည်။ ငယ်ချစ်ဦး "ခင်သဲ"ကိုနန်းရလေးပါး မိဖုရားတွင် အာဏာရှိသည့် အနောက်နန်းမိဖုရားအရာ ခန့်အပ်လေသည်။

ထိုအချိန်တွင် မင်းတုန်းမင်း၏မိဖုရားခေါင်ကြီးအရာ မြှောက်ရေးသတင်းစကားကို ရတနာပုံနန်းတွင်းရှိ မှူးမတ်များ၊ အမှုထမ်းအရာထမ်းများနှင့် နန်းတွင်းသူ နန်းတွင်းသားတို့ နားတောင်နေကြသည်။ ခဏမျှကြာသော် မင်းတုန်းမင်းသည် စကြာဒေဝီမင်းသမီးကို မိဖုရားခေါင်ကြီးအရာတင်မြှောက်ပြီး "ခင်သဲ" ကို အနောက်နန်းမိဖုရားအရာထားသည့်သတင်းစကား ကြားကြရသည်။

ခဏမျှကြာသော် အိမ်ရှေ့စံကနောင်မင်းသားသည် မင်းတုန်း

မင်း၏ ခန်းမဆောင်မှထွက်လာရာ "ခင်သဲ"နှင့်တွေ့လေသည်။

ထိုသို့ "ခင်သဲ"နှင့်တွေ့ဆုံရာတွင် "ခင်သဲ" သည် အိမ်ရှေ့စံ ကနောင်မင်းသားအား –

"မတ်တော်မောင်ဘုရား "ခင်သဲ" ကမြောက်နန်းစံမိဖုရား တဲ့လားဘုရား၊ ဘာဖြုလို့ မိဖုရားခေါင်ကြီးတောင်နန်းစံ မခန့် ဘူးတဲ့လားဘုရား" ဟုမေးတော်မူသည်။

"ဟုတ်တယ်၊ ခယ်မတော်ကို မြောက်နန်းစံမိဖုရားအရာ ချီးမြှောက်တာဟာ ခယ်မတော်ဟာ ထီးရိပ် နန်းရိပ်နဲ့ဝေးတဲ့ သာမန်အရပ်သူတစ်ယောက်ဖြစ်တယ် ၊ ပဒေသရာဇ်ဘုရင်စနစ် အရ ရှေးမင်းများရဲ့ စည်းမျဉ်း ဥပဒေထုံးတမ်းစဉ်လာကို ပယ်ဖျက်လို့မရပါဘူး။ နန်းတက်ကန်တော့ပွဲမှာ မတ်တော်မောင် ဟာ နောင်တော်မင်းတုန်းမင်းနဲ့ယှဉ်တွဲပြီးစံနေတဲ့အစ်မတော် စကြာဒေဝီကိုသာကန်တော့နိုင်မယ်" လို့ပြန်ပြောကာ "ခင်သဲ" အနီးမှ အိမ်ရှေ့စံကနောင်မင်းသား ထွက်သွားတော့သည်။

မင်းတုန်းမင်းလည်း ညတော့ အိမ်ရှေ့စံကနောင်မင်းသား တိုက်တွန်းချက်ဖြင့် စကြာဒေဝီမင်းသမီးအား မိဖုရားခေါင်ကြီး အရာတင်မြှောက်လိုက်ရသော်လည်း သူ၏ ကတိဖျက်ရသည်ကို စိတ်မကောင်းဖြစ်ကာနေရှာသည်။





မြောက်နန်းစံမိဖုရား ခင်သဲသည် အပျိုတော်ထိန်း မယ်တော် အား –

"မယ်တော်ရယ် "ခင်သဲ" ကို မိဖုရားခေါင်အရာမထားဘူး မြောက်နန်းစံမိဖုရားတဲ့"ဟု ဝမ်းနည်းစွာဖြင့်ပြောဆိုသည်။

မင်းသားနှစ်ပါး ပုဂံမင်း၏ မင်းပြစ်မင်းဒဏ်က လွတ်အောင် အမရပူရမြို့မှ တိမ်းရှောင်ထွက်ပြေးသွားသည့်အခါ "ခင်သဲ" အတူလိုက်ပါ၍ အစစအရာရာ ဒုက္ခခံပြီး ကူညီလုပ်ကိုင်ပေးရ ကြောင်း၊ ရွှေဘိုမြို့တွင် စစ်သည်အင်အားစုဆောင်းသည့်အချိန် မှာမင်းတုန်းမင်းနှင့် ခင်သဲတို့နှစ်ဦးချစ်သူဘဝဖြင့် ရွှေဘိုမြို့ ရွှေတန်ဆာဘုရားမှာ နှင်းပန်းလှူဒါန်းကြပြီး ဆုတောင်းကြ ကြောင်း၊ နှင်းပန်းလှူဒါန်းပြီး မင်းတုန်းမင်းသည် သူအထွဋ် အထိပ်ရောက်သည့်အခါ "ခင်သဲ"ကို မိဖုရားခေါင်ကြီးအရာ ချီးမြှောက်ရန် ဘုရားမှာကတိပေးခဲ့ကြောင်းဖြစ်ရပ်တို့ကိုပြောပြ လေသည်။

ဤသို့ အကြောင်းစုံပြောဆိုလျှောက်တင်သည်။

"အော် – မောင်တော်အမရပူရမြို့ဇာတ် ထီးနန်းရရေး ကိစ္စမှာ ပါဝင်ခဲ့တာကို၊ "ခင်သဲ"ရဲ့ မွေးရပ်ဇာတိမြေက ဘယ်ကလဲ၊ အထိန်းတော်ကြီး" ဟုထပ်မံ၍ မေးမြန်းတော်

မှုသည်။

"မှန်လှပါဘုရား - ကျွန်မတို့ရဲ့ မြန်မာနိုင်ငံ စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ခရိုင် ညောင်ကန်ရွာသားပေါင်းရပ်၊ ကပ်ဘုရား၊ ခင်သဲရဲ့မိဘနှစ်ပါးကတော့ မကွေးမြို့ဝန် ဦးမင်းယုံနှင့် အမိ ဒေါ်မယ်လှတို့က မြန်မာသက္ကရာဇ် (၁၁၇၈) ခုနှစ်မှာ မွေးဖွားတော်မူပါတယ်ဘုရား"

ဟု အထိန်းတော်ကြီး မယ်ဘော်က စကြာဒေဝီမိဖုရားခေါင်ကြီးကို လျှောက်ထားပြောဆိုသည်။

"ခင်သဲ" နာမည်အရင်းလား ဟုမေးမြန်းပြန်သည်။

"ခင်သဲ" ရဲ့ နာမည်အရင်းက မယ်ညွှန့်လို့ခေါ်ပါတယ်ဘုရား မိဘနှစ်ပါးက မယ်ညွှန့်ကို အူတုန်သဲတုန်ချစ်ကြလို့ မသဲအုံ လို့ခေါ်ကြပါတယ်၊ အသက် (၁၃)နှစ်အရွယ်မှာ မြန်မာသက္ကရာဇ် (၁၁၉၁) ခုနှစ် အမရပူရမြို့တော် ထီးနန်းစံဘကြီးတော်မင်းလက်ထက် မိဖုရားခေါင်ကြီး နန်းမတော်မယ်နုထံတွင် "မသဲအုံ" အပျိုတော်ရံအဖြစ် ခစားရပါတယ်၊ အဲဒီနောက်မှာ သာယာဝတီမင်းဟာ မြန်မာသက္ကရာဇ် (၁၂၀၈) နှစ်မှာ နတ်ရွာစံကံတော်ကုန်ပါတယ်၊ ကံတော်ကုန်တဲ့အခါမြန်မာသက္ကရာဇ် (၁၂၀၈) ခုနှစ်၊ ထိုနှစ်မှာ သားတော် ပုဂံမင်း





အမရပူရမြို့တော် နန်းတက်ထီးနန်းစံတော်မူပါတယ်၊ ပုဂံမင်းလက်ထက်မှာ ဘုရား ကျွန်မနဲ့ မသဲအုံ တို့ဟာ ပုဂံမင်းထံမှာ ခစားအမှုတော်ထမ်းဆောင်ကြပါတယ်" ဟု ရှင်းလင်းလျှောက်ထားလေသည်။

"အော် - ဒီလိုကိုး၊ မယ်ဘော်နဲ့ မသဲအုံတို့က မဘုရားရဲ့မောင်တော်ကြီး ပုဂံမင်းထံမှာခစားခဲ့ကြတာကိုး၊ ဒါနဲ့ မသဲအုံကိုဘာကြောင့် ခင်သဲလို့ခေါ်တာလဲသိရင် ပြောပြပါဦး" ဟု စကြာဒေဝီမိဖုရားမှ မေးမြန်းလိုက်သည်။

"မှန်လှပါ၊ မင်းတုန်းမင်းကြီး မင်းသားဘဝမှာ မသဲအုံနဲ့ မေတ္တာမျှပြီး မင်းတုန်းမင်းကြီးက ခင်မင်ချစ်မြတ်နိုးတော်မူလို့ မသဲအုံကို "ခင်သဲ" လို့ခေါ်တော်မူကြောင်းပါဘုရား" ဟုထပ်မံ၍ လျှောက်ထားလိုက်ပါသည်။

ထိုသို့ အပျိုတော်ထိန်း မယ်ဘော်သည် စကြာဒေဝီ မိဖုရားခေါင်ကြီးအား "ခင်သဲ" ဘဝဖြစ်စဉ်အကြောင်းစုံကို ရှင်းလင်းပြောပြရာ မိဖုရားခေါင်ကြီးသည် "ခင်သဲ" အပေါ် သနားချစ်ခင်စိတ်ဖြစ်၍

"အထိန်းတော်ကြီး၊ မယ်ဘော်က "ခင်သဲ"ကို အစစအရာရာစောင့်ရှောက်ပါ" ဟုမှာကြားလေသည်။

"မယ်ဒေါ်" လည်း စကြာဒေဝီမိဖုရားခေါင်ကြီးအား ခင်သဲကို စောင့်ရှောက်ပါမည်ဟု ကတိပေးပြီး မိဖုရားခေါင်ကြီး၏ နန်းခန်းမဆောင်မှပြန်လာခဲ့သည်။

စကြာဒေဝီမိဖုရားခေါင်ကြီးသည် "ခင်သဲ"အပေါ်ချစ်မြတ်နိုး၍ ကရုဏာထားသည့်အခါ အခြားသော မိဖုရားငယ်များသည် "ခင်သဲ" အပေါ် မနာလိုဝန်တိုမှုဖြစ်ကြသည်။

"ခင်သဲ" သည် နန်းတွင်းအပျိုတော်ဘဝမှ မြောက်နန်းစံမိဖုရားဖြစ်လာသည်။ မြောက်နန်းစံမိဖုရားကို မြောက်ပြင်သည် ဟူ၍လည်းခေါ်သည်။

မြောက်နန်းစံ "ခင်သဲ" သည် အထိန်းတော်ကြီး "မယ်ဒေါ်"နှင့်တွေ့ဆုံရာတွင် "ခင်သဲ" သည် မိမိပုခုံးပေါ်တွင် လွှမ်းခြုံထားသော ပိုးရွှေချည်ပဝါကိုပြပြီး

"မမဒေါ် – "ခင်သဲ" ပိုးရွှေချည်ပဝါခြုံရပြီ" ဟုဝမ်းသာ ပျော်ရွှင်စွာဖြင့်ပြောတော့သည်။

ပုဂံမင်းလက်ထက်တွင် အပျိုတော်ရဲ့ "ခင်သဲ" သည် မိဖုရားတစ်ပါး လွှမ်းခြုံသည့် ပိုးရွှေချည်ပဝါကိုမြင်ရာ

"မမဒေါ် အဲဒီပိုးရွှေချည်ထိုးပဝါခြုံချင်လိုက်တာ" ဟု ပြောဆိုသည်။ အပျိုတော်ထိန်းမယ်ဒေါ်က





"ဒီကောင်မလေး ကိုယ်နဲ့မတန်ရာကိုမှန်းရသလား။ တန်ရာတန်ရာကိုပြောမှပေါ့" ဟု မယ်ဒေါ် ပြောဆိုခဲ့ဖူးသည်ကို သတိရ အောက်မေ့နေမိသည်။

"ခင်သဲ" ၊ အခုမိဖုရားဖြစ်ပြီလေ၊ ပိုးရွှေချည်ထိုးပဝါခြုံရပြီလေ၊ မမဒေါ် ဝမ်းသာပါတယ်" ဟုဝမ်းသာစကားပြောလိုက်သည်။

တနေ့သောအခါ မင်းတုန်းမင်းကြီး၏တောင်နန်းစံ စကြာဒေဝီ မိဖုရားခေါင်ကြီးသည် နန်းရမိဖုရားနှင့် အဆောင်ရ မိဖုရားများနှင့်တွေ့ဆုံရာ

"ညည်းတို့အားလုံး မြောက်နန်းစံ "ခင်သဲ" အပေါ် မနာလိုမရှိကြနဲ့ သူ့လင်ကို အမတော်ကယူတာ၊ သူကမယူ ကြီးလေ သူ့အပေါ် မနာလိုဝန်တိုစိတ်မထားကြနဲ့" ဟု ဆုံးမစကားပြောဆိုသည်။

ထို့နောက် မကြာမီ တနေ့တွင် စကြာဒေဝီမိဖုရားခေါင်ကြီးသည် အလွန်အရည်အသွေးကောင်းမွန်သော အမိုးတန်ပတ္တမြားလက်ဝတ်တော်ကို "ခင်သဲ"နှင့်လိုက်ဖက်လွန်းသည် ဖြစ်၍ "ခင်သဲ" ၏ မြောက်နန်းကို သွားပြီး "ခင်သဲ" အား ပတ္တမြားလက်ဝတ်ရတနာကို ဝတ်ဆင်ပေးရာ –

"အမတော် မမဖုရား "ခင်သဲ" မဝတ်ချင်ပါဘူး" ဟု ငြင်းဆိုပြောလိုက်သည်။

ထိုသို့ ပြောဆိုငြင်းရာ စကြာဒေဝီမိဖုရားခေါင်ကြီးသည် "ခင်သဲ" အား–

"ခင်သဲ" မမဖုရားကို ချစ်ရင်အမြဲဝတ်ဆင်ထားရမယ်" ဟုပြောဆိုကာ စကြာဒေဝီမိဖုရားခေါင်ကြီးသည် ပတ္တမြား လက်ဝတ်ရတနာကို ကိုယ်တိုင်ဝတ်ဆင်ပေးလိုက်သည်။

မြောက်နန်းစံ "ခင်သဲ" အား စကြာဒေဝီမိဖုရားခေါင်ကြီးမှ ကိုယ်တိုင် ပတ္တမြားလက်ဝတ်ရတနာကိုဝတ်ဆင်ပေးပြီး ပြန်သွားတော့သည်။ စကြာဒေဝီမိဖုရားခေါင်ကြီး ပြန်သွားသည့်အခါ "တတိုင်းမှူးမိဖုရား"နှင့် "ပန်တာရာမိဖုရား" နှစ်ပါးသည် "ခင်သဲ" ရှိရာသို့လာကြပြီး–

"အဖိုးတန် လက်ဝတ်တော် ပတ္တမြားရတနာက လှလိုက်တာ၊ တန်ဖိုးဖြတ်မရအောင်လှတာပဲ" ဟုပြောဆိုသည်။

ထိုသို့တတိုင်းမှူးမိဖုရားနှင့် ပန်တာရာ မိဖုရားတို့ပြောဆိုကြရာ "ခင်သဲ" သည်

"အဖိုးတန်ပြီးလှဆို၊ လင်တစ်ယောက်လုံးနဲ့ လဲထားရတာကိုး" ဟုပြန်ပြောလိုက်သည်။





ညောင်ကန်ရွာသူ "ခင်သဲ" သည် မင်းတုန်းမင်းကြီး လက်ထက်တွင် မြောက်နန်းစံမိဖုရားဖြစ်သည့်အခါ မိမိမွေးရပ်မြေ "ညောင်ကန်ရွာ" တွင် "သီရိနန္ဒာကန်" နှင့် "ဇေယျနန္ဒာကန်" ကို မြန်မာသက္ကရာဇ် (၁၂၁၆) ခုနှစ်တွင် အသစ်ပြုပြင်လှူဒါန်းတော်မူသည်။ မိမိရွာမှာပင် "ရတနာမဉ္ဇူကျောင်းတိုက်တော်ကြီး ပရဝုန်အတွင်း၌ "ကွမ်းသုံးဆင့်အမြင့်စံကျောင်းတော်ကြီးကို တည်ဆောက်လှူဒါန်းတော်မူသည်။

ထို့နောက် မန္တလေးမြို့ မြောက်ဘက်၊ မန္တလေးတောင်ခြေတွင် "မဏ္ဍာရာမတိုက်ကျောင်းကြီး၊ အရံ (၂၀)နှင့်တကွ လေးထပ်အမြင့်စံကျောင်းတော်ကြီးတစ်ဆောင်ဆောက်လုပ်ပြီးသည့်အခါ မိမိနေရပ်ညောင်ကန်ရွာမှ "မဟာသီဟဂ္ဂိုဇဝီရဓဇပရမ မဟာဓမ္မရာဇာဓိရာဇဂုရု"ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဦးညို အား ပေးအပ်လှူဒါန်းတော်မူသည်။

ထို့အပြင် မန္တလေးတိုင်း၊ အမရပူရမြို့နယ်၊ တံခွန်တိုင်မြို့ကားလမ်း၊ အရှေ့ဘက် ပြည်ကျောင်းတိုက် အတွင်း၌ ရှင်အရဟံ၊ ညွှန်ပြီးယံသန်းခေါင်အချိန်တွင် သိမ်သမုတ်ထားသော သန်းခေါင်ယံသိမ်မူလနေရာဟောင်းတွင် မြောက်နန်းစံမိဖုရား "ခင်သဲ" သည် ထုထည်ကြီးမားစွာ အုတ်တိုက် သိမ်တော်

ကြီးကို တည်ဆောက်တော်မူသည်။ တည်ဆောက်ပြီးစီးသော် အုတ်တိုက်သိမ်တော်ကြီးကို "သာရမဏ္ဍုသိမ်တော်ကြီး" ဟု ကမ္ပည်းတင်တော်မူသည်။

*(မြောက်နန်းစံ "ခင်သဲ" ဆောက်လုပ်ထားသော သာရမဏ္ဍုသိမ်တော်ကြီးကို အများပြည်သူတို့က "သန်းခေါင်ယံ သိမ်" ဟုပင်ခေါ်ကြပါသည်။ ကုန်းဘောင်ခေတ်ကတည်းက တည်ဆောက်ထားခဲ့သည့် သန်းခေါင်ယံသိမ်သည် ယခုမျက် မှောက်ခေတ်တွင် ပြိုပျက်ခြင်းမရှိပါ၊ ရှေးခေတ်လက်ရာ မူလပကတိအတိုင်းတည်ရှိနေပါသည်)

ထိုသို့ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်သော မြောက်နန်းစံ "ခင်သဲ" သည် နန်းတွင်းခန်းမဆောင်မှာနေထိုင်စဉ်အချိန် တနေ့သောအခါ မိုးကြီးပေ၍ မိုးကြိုးအဏ်ကြောင့် အသက်သေ ဆုံးသော သားအဖနှစ်ယောက်၏ရုပ်အလောင်းကို မိမိရှေ့တွင် မြင်ရ၍ ထိတ်လန့်ကာ သွေးလန့်တော်မူပြီး အဖျားဝင်၍ တုပ်ကွေးရောဂါခံစားနေရသော ဝေဒနာမသက်သာလျက် သလွန်ပေါ်တွင် လဲလျောင်းကာနေသော "ခင်သဲ" ကို မင်းတုန်း မင်းတရားကြီးသည် လာရောက်ကြည့်ရှုတော်မူရာတွင် ဝေဒနာ မချိမဆန့်ခံနေရသော "ခင်သဲ" သည် မင်းတုန်းမင်းအား -





"အပြစ်ရှိတော်မူက ခွင့်လွှတ်တော်မူပါရန် နှင်းပန်းခိုင်ဖြင့် ကန်တော့ပါသည်ဘုရား" ဟုပြင်းထန်သော ဝေဒနာကိုခံစားရင်း လက်အုပ်ချီကာကန်တော့လေသည်။ ရောဂါဝေဒနာကိုခံစားရမှ ဝမ်းနည်းကြေကွဲကာ လျှောက်တင်သော ယယ်ချ်ဦး "ခင်သဲ" တောင်းကိုကြားရသည့်အခါ မင်းတုန်းမင်းကြီးသည် စိတ်နှလုံး ကြေညံသာဖြစ်ပြီး ရီဝေသောမျက်လုံးအစုံဖြင့် ကရုဏာသက် ၍ သနားလွန်း၍ ကြည့်ရှုတော်မူပြီး-

"အို - ခင်မကြီးရယ်" ဟု နှုတ်မှပြောဆိုလေသည်။

မြောက်နန်းစံမိဖုရား "ခင်သဲ" သည် ပြင်းထန်သော ဝေဒနာကို ခံစားနေရာ မြန်မာသက္ကရာဇ် (၁၂၂၄)ခုနှစ်က တဆောင်လပြည့်ကျော် (၁၂) ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက် ရှာလေသည်။

ကြောဒေဝီမိဖုရားခေါင်ကြီးမှာ "ခင်သဲ" ဘဝကို တွေး မိတိုင်း ကွယ်လွန်သွားသည့် "ခင်သဲ" အတွက် စိတ်မချမ်း မြေ့ရှာ ဖြစ်နေရှာသည်။

"ခင်သဲ" ၏ ရုပ်ကလာပ်အလောင်းကို ရတနာပုံနန်းမြို့တွင်း အနောက်မြောက်ထောင့်၌ သဂြိုဟ်ပြီးဂူသွင်း၍ အုတ်နန်းပြာသာဒ် နှင့် ထားတော်မူသည်။

*(အင်္ဂလိပ်အစိုးရလက်ထက်၊ ထိုနေရာတွင် အကျဉ်းထောင်ဆောက်၍ "ခင်သဲ" အုတ်ဂူမရှိတော့ပါ)

ရှေးမင်းတို့၏ ဥပဒေစည်းမျဉ်းများမှာ ထီးရိပ် နန်းရိပ်အောက်က ဆွေမျိုးကိုသာ မိဖုရားခေါင်အရာချီးမြှင့်ရမည်ဟု သတ်မှတ်ထားသော်လည်း "အရှင်မွေး၊ နေ့ချင်းကြီး" စကားအဆိုအရ မင်းကြီးနှင့် မိဖုရားခေါင်ကြီးတို့ မြောက်စား၍ တောသူမ ညောင်ကန်ရွာသူ "ခင်သဲ" သည် မြောက်နန်းစံ မိဖုရားတစ်ပါးဖြစ်ခဲ့လေသည်။

×××××



# ခင်ဆုံ

ကုန်းဘောင်မင်းဆက် (၁၁) ဆက်ရှိရာ မင်းဆက် (၆)ဆက်မြောက် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ၏ စတုတ္ထသားတော် ဘိုးတော် ဦးဝိုင်း (ခေါ်) ဘိုးတော်ဗဒုံမင်းသည် မြန်မာသက္ကရာဇ် (၁၁၄၄) ခုနှစ် (အေဒီ ၁၇၈၂) တွင် အင်းဝမြို့တော်ကို သိမ်းယူပြီးနောက် ထီးနန်းစံသည်။ ထို့နောက် မြန်မာသက္ကရာဇ် (၁၁၄၅) ခုနှစ် (အေဒီ ၁၇၈၃) တွင် အင်းဝမြို့မှပြောင်းရွှေ့၍ အမရပူရမြို့တော် ထီးနန်းစံသည်။ ထို့နောက် ဘိုးတော်ဗဒုံမင်းသည် သက်တော် (၇၅)နှစ်အရွယ်တွင် နတ်ရွာစံကံတော်ကုန်သည်။ ခရစ်နှစ် ၁၈၁၉ ခုနှစ် ဇွန်လ (၅) ရက်နေ့ ကံတော်ကုန်သည်။

ဘိုးတော် ဗဒုံမင်း နတ်ရွာစံကံတော်ကုန်သောအခါ မြေးတော်

စစ်ကိုင်းမင်း (ခေါ်)ဖန်နန်းရှင် ဘကြီးတော်မင်းသည် မြန်မာသက္ကရာဇ် (၁၁၈၁) ခုနှစ် ခရစ်နှစ် ၁၈၁၉ ခု ဇွန်လ ၇ ရက်တွင် အမရပူရမြို့တော် နန်းတက်ထီးနန်းစံတော်မူသည်။ ဘကြီးတော်ဘုရားနန်းစံ (၇) နှစ်ခန့်ကြာသောအခါ တောင်သူကြီး၏သမီး ခင်ဆုံသည် မြန်မာသက္ကရာဇ် (၁၁၈၈)ခုနှစ် ခရစ်နှစ် (၁၈၂၆) တွင် ဖွားမြင်သည်။ မွေးနံတော် သောကြာဖြစ်သည်။

ထိုအချိန်တွင် မြန်မာသက္ကရာဇ် ၁၁၉၆ ခုနှစ် အေဒီ ၁၈၃၄ တွင် ဘကြီးတော်မင်း မကျန်းမာတော်မူ၍ မိဖုရားခေါင်ကြီးမယ်နုနှင့် မောင်တော် စလင်းမင်းသား မောင်အိုတို့ကို နိုင်ငံအုပ်ချုပ်စီရင်ရန်လွှဲအပ်ခန့်ထားတော်မူသည်။ ထိုစဉ် မိဖုရားခေါင်ကြီးမယ်နုနှင့် စလင်းမင်းသား မောင်အိုတို့ အကောက်ကြံ၍ ညီတော် သာယာဝတီမင်းကို အပြစ်ရှာကြသည်။

ထိုသို့ အပြစ်ရှာကြသဖြင့် မြန်မာသက္ကရာဇ် (၁၁၉၉) ခုနှစ် အေဒီ (၁၈၃၇) တွင် ညီတော် သာယာဝတီမင်း သည် နောင်တော် ဘကြီးတော်မင်းကို ပုန်ကန်ပြီး နောင်တော်ကို နန်းချ၍ အင်းဝမြို့နန်းတက် ထီးနန်းစံသည်။ (သာယာဝတီမင်းသည် ခရစ်နှစ် ၁၈၃၇ ခုနှစ် ဧပြီလ (၃၀) ရက်နေ့ အင်းဝမြို့ ထီးနန်းလွှဲပြောင်းဆက်ခံတော်မူသည်)





ဘကြီးတော်မင်းသည် ညီတော် သာယာဝတီမင်းသားအား ထီးနန်းလွှဲအပ်လိုက်သည်။ ထိုသို့ထီးနန်းလွှဲပြီးနောက် ဘကြီးတော်(စစ်ကိုင်းမင်း) သည် သက်တော် (၅၃)နှစ်အရွယ် မြန်မာသက္ကရာဇ် (၁၂၀၈) ခုနှစ် သီတင်းကျွတ်လကွင် နတ်ရွာစံကံတော်ကုန်သည်။ (ခရစ်နှစ် ၁၈၄၆ ခု အောက်တိုဘာလ ၁၅ ရက်)

*(ပုဂံမင်းသား၊ မင်းတုန်းမင်းသား၊ ကနောင်မင်းသား တို့၏ ဘကြီးတော်ဖြစ်၍ "ဘကြီးတော်မင်း" ဟု ခေါ်ခြင်း ဖြစ်သည်)

နောင်တော်ဘကြီးတော်မင်းနတ်ရွာစံပြီးနောက် မကြာမီမှာ မြန်မာသက္ကရာဇ် (၁၂၀၃) ခုနှစ် (ခရစ်နှစ် ၁၈၄၆ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်) တွင် သာယာဝတီမင်း၊ သက်တော် (၅၉ နှစ် ၈ လ) နတ်ရွာစံကံတော်ကုန်သည်။

သာယာဝတီမင်းတွင် သားတော် ၊ သမီးတော် (၄)ပါး ရှိသည်။

၁။ ပုဂံမင်းသား

၂။ မင်းတုန်းမင်းသား

၃။ ကနောင်မင်းသား

၄။ ,စကြာဒေဝီမင်းသမီး

တို့ဖြစ်ကြသည်။

သာယာဝတီမင်း နတ်ရွာစံသော် သားတော် ပုဂံမင်းသားသည် မြန်မာသက္ကရာဇ် (၁၂၀၈) ခုနှစ် (အေဒီ ၁၈၄၆-၁၈၅၂) တွင် အမရပူရမြို့နန်းတက်သည်။ "ပုဂံမင်း" နန်းတက် ထီးနန်းစံချိန်ကာလတွင် တောင်သူကြီးသမီး "ခင်ဆုံ" သည် အသက် (၂၀) အရွယ် အပျိုတော်ဝင်စဖြစ်သည်။

မြန်မာသက္ကရာဇ် (၁၂၁၄)ခုနှစ်တွင် (အေဒီ ၁၈၅၃) မင်းတုန်းမင်းသားသည် နောင်တော် ပုဂံမင်းထံမှ ထီးနန်းလွှဲယူပြီးနောက် အမရပူရမြို့တော်တွင် နောင်တော်ပုဂံမင်းကိုနန်းချပြီး မင်းတုန်း မင်းသားသည် အမရပူရမြို့နန်းတက်ထီးနန်းစံသည်။ ထိုစဉ် "ခင်ဆုံ" အသက် (၂၂) အရွယ်ဖြစ်သည်။ "ခင်ဆုံ" သည် အမရပူရမြို့ ထီးနန်းစံ မင်းတုန်းမင်း၏ ကိုယ်လုပ်တော်ဖြစ်သည်။

မြန်မာသက္ကရာဇ် (၁၂၁၄) ခုနှစ် နှောင်းတန်ခူးလဆန်း (၃) ရက် (ခရစ်နှစ် ၁၈၅၃ ခုနှစ် မတ်လ ၂၆ ရက်)နေ့တွင် မင်းတုန်းမင်းကြီး၏ ကိုယ်လုပ်တော်ထဲမှ "ခင်ဆုံ" သည် အဆောင်ရမိဖုရား (၄) ပါး မှ "တောင်ဆောင်တော်မိဖုရား"





ဖြစ်လာသည်။

ထိုသို့ တောင်ဆောင်တော်မိဖုရားဖြစ်သည့်အခါ "ခင်ဆုံ" တောင်ဆောင်တော်မိဖုရားအား မြန်မာသက္ကရာဇ် (၁၂၁၆) ခုနှစ် နယုန်လတွင် "ခင်ဆုံ" အား "သီရိသုမင်္ဂလာရွှေမဟာသီ" ဟူ၍ ဥကင်တော်ဖွင့် အခမ်းအနားတွင် ဘွဲ့အမည်ပေးတော်မူသည်။

ထို့နောက် မြန်မာသက္ကရာဇ် (၁၂၁၅) ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက် (ခရစ်နှစ် ၁၈၅၃ ခု ၊ ဩဂုတ်လ ၂၆ ရက်နေ့) ကာလက တောင်ဆောင်တော်မိဖုရား "ခင်ဆုံ" တွင် ဖွားမြင်သည့် သားတော် "မောင်မျိုးညွန့်" ကို "သတိုးမင်းရဲညွန့်" ဘွဲ့ဖြင့် တောင်တွင်းချောင်မြို့ရွာကို အပိုင်စားပေးတော်မူသည်။

မြန်မာသက္ကရာဇ် (၁၂၁၈)ခုနှစ်၊ ဝါဆိုလဆန်း (၉) ရက် (ခရစ်နှစ် ၁၈၅၆ ခု ၊ ဇူလိုင်လ (၁၀) ရက်နေ့) တွင် သားတော် "မောင်မျိုးညွန့်" ကိုတောင်တွင်းချောင်မြို့နှင့်လဲ၍ "စကုမြို့" ကို မြို့စားအရာပေးအပ်တော်မူသည်။

မင်းတုန်းမင်းကြီးသည် မြန်မာသက္ကရာဇ် (၁၂၂၀) ခုနှစ် မန္တလေးမြို့နန်းတည်စဉ်က ထိုနှစ် သီတင်းကျွတ်လ ဝါကျွတ်

ပွဲတက် ကန်တော့ခံတော်မူသည်။ ထိုကန်တော့ခံအခမ်းအနား တွင် "တောင်ဆောင်တော်မိဖုရား" "ခင်ဆုံ" အား "မူလ ဘွဲ့တော်" သီရိသုံမင်္ဂလာစန္ဒာမဟေသီ" ဘွဲ့မှ နောက်ထပ် " သုသီရိအတုလဒေဝီ" ဘွဲ့အမည်ကို ထပ်မံချီးမြှင့်ပေးတော် မူသည်။

တောင်ဆောင်တော်မိဖုရား "ခင်ဆုံ" သုသီရိအတုလဒေဝီ တွင် သမီးတော် သားတော် (၆)ယောက်ဖွားမြင်တော်မူသည်။

၁။ သမီးတော် (ငယ်ကကွယ်လွန်)
၂။ မောင်တော် (ငယ်ကကွယ်လွန်)
၃။ ညီတော် (ငယ်ကကွယ်လွန်)
၄။ ညီတော် ၊ သတိုးမင်းညွန့် (စကုမြို့စား)
၅။ ညီတော် ၊ သတိုးမင်းလှသိမ်သူ (မိုးညှင်းမြို့စား)
၆။ နှမတော် "သီရိကဥ္စနာဝတီ၊ ပထမံကျောက်မော်မြို့ စား ဒုတိ... ..ိုးည..င်းမြို့စ.."

ဟူ၍ ပေါင်း (၆) ယောက်တို့ဖွားမြင်သည်။

တောင်ဆောင်တော်မိဖုရား (ခင်ဆုံ) ၏သားတော် (စကုမြို့ စား) "သတိုးမင်းညွန့်" သည် ဒုတိယတောင်ရွှေရေး မိဖုရား "ဝဏ္ဏရာတိုက်စား သုခမ္မဒေဝီ" မှ ဖွားမြင်သည့် သမီးတော်





"တကောင်းမြို့စား သီရိသုမင်္ဂလာဒေဝီ" နှင့်စုံဖက်တော်မူသည်။

ထို့နောက် စကုမြို့စား "သတိုးမင်းညွန့်" သည် အဆောင် ရှ ကိုယ်လုပ်တော် "ရှင်လေး" နှင့်လည်း စုံဖက်တော်မူသေး သည်။ စကုမြို့စား "သတိုးမင်းညွန့်နှင့် ရှင်လေးတို့မှ သားတော်တစ်ပါးဖွားမြင်သည်၊ သားတော်အမည်မှာ "မောင်နွယ် ဘူး" ခေါ်သည်။ (မောင်နွယ်ဘူးသည် တောင်ဆောင်တော်မိဖုရား (ခင်ဆုံ) ၏ မြေးတော်ဖြစ်သည်)

မြန်မာသက္ကရာဇ် (၁၂၂၈) ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် (၇) ရက်နေ့ (ခရစ်နှစ် ၁၈၆၆ ခု၊ ဩဂုတ်လ (၂)ရက်) တွင် မင်းတုန်းမင်းကြီး၏ "တောင်ရွှေရေးဆောင်မိဖုရား" မှ ဖွားမြင်သော "မြင်ကွန်းမင်းသားနှင့် မြင်းခုန်တိုင် မင်းသား ညီနောင်နှစ်ပါးသည် ခမည်းတော် မင်းတုန်းမင်းကြီး၏ နန်းပလ္လင် ရရေးအတွက် ပုန်ကန်လုပ်ကြံရာတွင် ညီနောင်နှစ်ပါးတို့ အသတ်ခံရ၍ အနိစ္စရောက်သည်။ သားတော် စကုမြို့စား သတိုးမင်းညွန့်သေဆုံးသည့်အခါ ရုပ်အလောင်းကို မယ်တော် တောင်ဆောင်တော်မိဖုရား (ခင်ဆုံ) အိမ်အောက်၌ ခေါင်းသွင်း ၍ ထီးဖြူ ဝဲယာနှစ်လက်စိုက်၍ မီးသင်္ဂြိုဟ်ပြီး အုတ်ဂူသွင်း တည်ထားသည်။

ထို့နောက် အမရပူရမြို့ စန္ဒာမုနိဘုရားကို အုတ်ရိုးစေတီနှင့် မြန်မာသက္ကရာဇ် (၁၂၂၉) ခု၊ နယုန်လပြည့်ကျော် (၆) ရက်နေ့တွင် တည်တော်မူသည်။ မကြာမီ မြန်မာသက္ကရာဇ် (၁၂၄၀) ခု၊ ဝါဆိုလပြည့်ကျော် (၁၄) ရက် (ခရစ်နှစ် ၁၈၇၈ ခုနှစ် ဩဂုတ်လ ၂၆ ရက်) နေ့တွင် မင်းတုန်းမင်းကြီး လေဝေဒနာရောဂါဖြစ်ရာ သက်သာရာမရရှိရာ။ မင်းကြီးနန်းဆောင်သို့သားတော်၊ သမီးတော်၊ မှူးမတ်၊ ဆေးဆရာများနှင့် အတူ တောင်ဆောင်တော်မိဖုရား (ခင်ဆုံ) တစ်ပါးသာ ဝင်ရောက်ကြည့်ရှုကြီးကြပ်၊ ဆေးဝါးဆက်သကုပေးရသည်။ အခြားသော မိဖုရားများ လုံးဝဝင်ခွင့်မရကြပါ။

ထိုနှစ် သက္ကရာဇ် (၁၂၄၀) ခု သီတင်းကျွတ်လဆန်း (၆) ရက် (ခရစ်နှစ် ၁၈၇၈ ခုအောက်တိုဘာလ ၁ ရက်) နေ့တွင် မင်းတုန်းမင်းကြီး နတ်ရွာစံကံတော်ကုန်သည်။ မင်းတုန်းမင်း၏ ရုပ်ကလာပ်အလောင်းတော်ကို ဆင်ဖြူမရှင်မိဖုရားကြီး သမီးတော် စုဖုရားကြီး၊ စုဖုရားလတ်၊ စုဖုရားငယ် သုံးပါးတို့နှင့်အတူ တောင်ဆောင်တော်မိဖုရား (ခင်ဆုံ) တို့ကို ပိုင်းဝန်းကြပ်မတ်၍ အလောင်းတော်ခေါင်းကို သလွန်တော်နှင့်တကွ အုတ်နန်းပြသာဒ်အတွင်းသို့ ထည့်သွင်းပိတ်ဆို့ကာ သဂြိုဟ်





တော်မူသည်။

ခမည်းတော်မင်းတုန်းမင်းကြီး နတ်ရွာစံသော် သားတော် သီပေါမင်းသား ရတနာပုံနေပြည်တော် နန်းတက်ထီးနန်းစံသည်။ ထိုသို့ နန်းတက်စဉ် မြန်မာသက္ကရာဇ် (၁၂၄၀)ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက် (ခရစ်နှစ် ၁၈၇၈ ခုနိုဝင်ဘာလ (၁၈) ရက်နေ့တွင် တောင်ဆောင်တော်မိဖုရား (ခင်ဆုံ) သည် ရတနာပုံနေပြည်တော် ထီးနန်းစံ သီပေါမင်းအား သစ္စာတော်ပေးလေသည်။

ထိုသို့ သစ္စာတော်ပေးပြီး၊ တောင်ဆောင်တော်မိဖုရား (ခင်ဆုံ) သည် ရွှေနန်းတော်ကြီး နန်းတွင်းမှထွက်ခဲ့ပြီး ရွှေနန်းတော်ကြီး၏ တောင်ပြင် (တောင်အရပ်) ရှိ ရပ်ကွက် မြေနေရာတွင် အိမ်ဆောက်၍ နေထိုင်တော်မူသည်။ ထိုသို့ တောင်ဆောင်တော်မိဖုရားကြီး နေထိုင်တော်မူသောကြောင့် ထိုရပ်ကွက်ဝင်းကို "တောင်ဆောင်တော်ဝင်း" ဟု ယခုမျက်မှောက်ခေတ်တိုင်ခေါ်ကြပါသည်။

ထိုသို့ နေထိုင်စဉ်တွင် မြန်မာသက္ကရာဇ် (၁၂၅၄) ခု တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက် (ခရစ်နှစ် ၁၈၉၂ ခုနိုဝင်ဘာလ (၁၁) ရက်)နေ့တွင် တောင်ဆောင်တော်မိဖုရား

ကြီး (ခင်ဆုံ) သည် သက်တော် (၆၇) နှစ်အရွယ်တော် နတ်ရွာစံကံတော်ကုန်တော်မူသည်။ မိဖုရားကြီး (ခင်ဆုံ) ရုပ်ကလာပ်အလောင်းကို တောင်ဆောင်တော်မိဖုရားကြီး (ခင်ဆုံ) နေထိုင်သည့် အိမ်ဝင်းမှာပင် အုတ်နန်းပြာသာဒ်တည်ပြီး ဂူသွင်း သဂြိုဟ်တော်မူသည်။

တောင်ဆောင်တော်မိဖုရား (ခင်ဆုံ) ၏ သင်္ချိုင်း အုတ်ဂူ ပြာသာဒ်သည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်၊ "မောရဂီ ပါရပ်" (တောင်ဆောင်တော်မိဖုရားဝင်းအတွင်း၌ ယခုတိုင် ရှိနေပါသည်)

*(တောင်ဆောင်တော်မိဖုရားကြီး (ခင်ဆုံ) သည် ကြွယ်ဝချမ်းသာသော တောင်သူကြီး၏ သမီးဖြစ်သည်။ ရွှေဘိုမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တစ်ဝိုက်ဒေသတွင် တောင်ဆောင်တော် မိဖုရားကြီး (ခင်ဆုံ) ပိုင်လယ်မြေများသည် ယခုတိုင်ရှိနေပါသည်။ လယ်ပိုင်ရှင်သူဌေးသမီး (ခင်ဆုံ) ဖြစ်သည်)

×××××



# မယ်ယွန်းစံ

ဥဩအော်လာ၊ ကုန်းဘောင်ရာဇာ၊ လင်္ကာအဆိုအရ မြန်မာ သက္ကရာဇ် (၁၁၁၄) ခုနှစ်တွင် ဦးအောင်ဇေယျမင်းအဖြစ်သို့ ရောက်၏။

"ဥဩအော်မြည်၊ ကုန်းဘောင်တည်၊ လင်္ကာအဆိုအရ မြန်မာသက္ကရာဇ် (၁၁၁၅) ခုနှစ် ဦးအောင်ဇေယျသည် "ရွှေဘိုမြို့" တည်၍ မင်းပြုတော်မူ၏။

ဦးအောင်ဇေယျမင်းအဖြစ်သို့ရောက်တော်မူ၍ ထီးနန်းစံနေစဉ် တွင် သူအလွန်ချစ်မြတ်နိုးသော ဇနီးမယား ကြီးမှာ "စည်ပုတ္တရာမြို့" ၌ နေထိုင်သည်ကိုသိရှိတော်မူ၏။

ဤတွင် ဦးအောင်ဇေယျသည် "စည်ပုတ္တရာမြို့"တွင် နေထိုင်လျက်ရှိသော "မယ်ယွန်းစံ" ကို ပြန်လည်ခေါ်ယူရန် မှူးမတ်တို့ကို စေလွှတ်တော်မူ၏။ မှူးမတ်တို့သည် မင်းကြီးအမိန့်

သပုန်း ဆင်မြင်း ဝေါယာဉ်ဖြင့် "စည်ပုတ္တရာမြို့"သို့သွား ရောက်၍ "မယ်ယွန်းစံ" ကိုခေါ်တော်မူသည်။ ထိုသို့ယူသည့် အခါ "မယ်ယွန်းစံ" သည် လုံးဝမလိုက်တော့ဘဲ သမီးတော် များကိုသာထည့်လိုက်၏။

"မယ်ယွန်းစံ" မှာ သူကိုယ်တိုင်ကားမလိုက်ပါချေ။

ဤတွင် မှူးမတ်တို့သည် "စည်ပုတ္တရာမြို့" က မယ်ယွန်းစံ ၏ သမီးတော်များကို ရွှေဘိုမြို့သို့ခေါ်လာခဲ့သည်။ ရွှေဘိုမြို့ သို့ရောက်လျှင် မှူးမတ်တို့သည် မင်းတရားကြီးဦးအောင်ဇေယျ နန်းတော်သို့ဝင်ရောက်ကြပြီး မင်းကြီးအား -

"မှန်လှပါဘုရား၊ မယ်ယွန်းစံ ကို ခေါ်သော်လည်း မလိုက်လို ကြောင်းပြောပြီး သမီးတော်တို့ကိုသာထည့်လိုက်ပါသည်။ မယ်ယွန်းစံပါမလာကြောင်းပါဘုရား" ဟုလျှောက်တင်လေ၏။

သာယာသော နန္ဒာကန်တော်ကြီး ရစ်ဝိုင်းရာ ပြည်ရွှေဘို မြို့တော်ကြီးသို့-

"ချစ်၍ခေါ်ရာ၊ လိုက်တော်မူခဲ့၊ မပြောင်းနွဲ့နှင့်" ဟူသော စိတ္တကျော်သူ ရတုအတိုင်း မယ်ယွန်းစံကို ဦးအောင်ဇေယျ နန်းတက်ချိန်၌ ခေါ်ယူပါသော်လည်း မလိုက်ပါသောကြောင့်





ရာဇပရိယာယ်ကို ဦးအောင်ဇေယျသုံးရလေသည်။

ထိုနည်းပရိယာယ်ကား မယ်ယွန်းစံနေထိုင်ရာ "စည်ပုတ္တ ရာမြို့" နယ်ကို တပါးသောမြို့နယ်များထက် အခွန်ဘဏ္ဍာ တော်များ တိုးတက်ကောက်ခံစေခြင်းဖြစ်သည်။ အခွန်ဆောင်ရာ ၌ အခွန်မကျေလည်သူများကို မောင်းတီး၍ လယ်ယာမြေ များကို မောင်းတီးလေလံပစ်စေ၏။

ထိုသောအခါ "စည်ပုတ္တရာမြို့" နယ်တွင် နေထိုင်ကြသူတို့ သည် အိုးကင်း၌ လှော်အပ်သော ပေါက်ပေါက်ကဲ့သို့ ဒုက္ခရောက်၍ ဆူဆူပွက်ပွက်ဖြစ်နေကြလေသည်။ ထိုသို့အခွန်တော်တိုးမြှင့်ကောက် ၍ အများရပ်ရွာနေ လူတို့စိတ်ဆင်းရဲနေကြစဉ် ရပ်ရွာလူကြီး များ စုပေါင်းစည်းဝေးကာ အခွန်တော်ကြီးလေးလှကြောင်း၊ မင်းကြီးရွှေနားတော်ပေါက်စေရန် မယ်ယွန်းစံ ကို ချဉ်းကပ်၍ အကူအညီတောင်းကာ မယ်ယွန်းစံကို မင်းကြီးထံစေလွှတ်ကြ၏။

"မယ်ယွန်းစံ" သည် "စည်ပုတ္တရာမြို့"ရပ်ရွာနေပြည်သူ တို့အကျိုးနှင့် ရွာလူကြီးတို့ အလိုကို မပယ်မငြင်းနိုင်သဖြင့် သူ့လင် ဦးအောင်ဇေယျကြိုက်တတ်သော မုန့်ဆန်းကလေးများ ကို သန့်စင်သော အဝတ်ဖြူတွင်ထုပ်၍ ဦးခေါင်းတွင် ရွက်ပြီး လျှင် "ရွှေဘိုမြို့"သို့သွားလေ၏။ ရွှေဘိုမြို့ရောက်သည့်အခါ

နန်းဘ် ညီလာခံသဘင်နှင့်ကြုံကြိုက်၍ သားတော် သမီးတော်များနှင့် မှူးမတ်တော်တို့အစုံရှေ့တွင် ဝင်ရောက်ခစားလေသည်။

ညီလာခံသဘင်တွင် မုန့်ဆန်းထုပ်ကို ရှက်လျက်ဝင်လာသော "မယ်ယွန်းစံ"ကို အလောင်းမင်းတရား ဦးအောင်ဇေယျမြင်တော်နေရာထိုင်ခင်းပေး၍ လာသည့်အကြောင်းကိုမေး၏။ "မယ်ယွန်းစံ" သည် မုန့်ဆန်းထုပ်ကိုဖြေ၍ ပြ၏။

ဤတွင် အလောင်းမင်းတရားဦးအောင်ဇေယျက

"ဩော် - ဤမိန်းမသည်တခါ မုန့်ဆန်းကို လက်ဆောင်ပြု၍ မြောက်နန်းမကို လုရန်ပင်လာသည်တမင့်" ဟု မိန့်တော်မူလိုက်၏။

မင်းကြီးစကားကြားလျှင် "မယ်ယွန်းစံ" သည် ဒေါသစိတ်ဖြင့် -

"ကိုအောင်ဇေယျ ရှင့်မြောက်နန်းကို ရည်မှန်း၍ကျုပ်လာသည်မဟုတ်၊ ယခု စည်ပုဏ္ဏရာမြို့ နှင့် စည်သာတစ်မြို့မှာ မင်းတိုင်းမင်းကြေးအခွန်အစတွေများလွန်းသည်။ ပြည်သူ ဆင်းရဲသားတို့ အလုပ်အကိုင်မှာ အခါတစ်ပါးနှင့်မတူ မိုးခေါင်ရေရှားသည်ကတဖက်၊ စစ်မက်ရေးရာအရေးကိစ္စများ၍ ဆင်းရဲသားတို့ ပြေးလွှားရှောင်တိမ်းကြရသည်ကတဖက်၊ နိုးသားဓားပြ





သည်တို့ကလည်း ကျွဲ၊ နွား၊ ဆင်၊ မြင်း တို့ကို မတရားနှိပ်စက်သိမ်းယူသွားကြသည်ကတဖက် ၊ ဒီလိုအပျက်အစီးရှိနေကြသည်အတွင်း အခွန်တော်မဆောင်နိုင်သူများကို မောင်းတီးလေလံပစ်ကာ မြောက်လိုက် ကြိမ်းလုံ့ကိုမြင့် ပစ္စည်းကို မတရားသိမ်းယူနေသော အလုပ်ကို ရှင်က လုပ်စေသည့်အရာမှာ ပြည်ရွာတိုင်းကားကို စည်ကားဖွံ့ဖြိုးအောင်လုပ်သည် မမည် ကိုယ့်ပြည်ကိုယ့်ရွာကိုသာ ပျက်စီးစေရာဖြစ်၏"

"ရှင့်ကို ကျုပ် အထူး သွန်သင်ရန်မလိုပါ။ ဟံသာဝတီ ခေါက် မင်းတရားကြီးသည် ရှေးမင်းတို့၏ ကျင့်ထုံးကို နှလုံးမူသဖြင့် ရဟန်းရှင်လူတို့မှာ ညှိုးနွမ်းဆင်းရဲလှသဖြင့်ဆူပူတော်လှန်ကြရာမှ ထီးနန်းကိုစွန့်ရသည်အထိဖြစ်သည်၊ ရှင်ကလည်း မင်းကျင့်တရားများလေ့လာခဲ့ပြီး၊ ယခုပြည့်ရှင်မင်းအဖြစ်သို့ရောက်မှ ရှေးထုံးကျင့်ခန်းများကို မေ့မေ့လျော့လျော့ ရှိနေသည့်အရာမှာ ကဲ့ရဲ့ဖွယ်ရာဖြစ်သည်။ သို့ဖြစ်၍ ရှင့်ရဲ့ လူများကိုပင် ခေါ်ယူဖျောင်းဖျ၍ဆုံးမပါဦး" ဟုရဲရဲဝံ့ဝံ့ ပြောဆိုလေ၏။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ဇနီးသည် မယ်ယွန်းစံ ပြောဆိုစကားကိုကြားရလျှင်-

"မယ်ယွန်းစံ" ဤနိုင်ငံကိုအုပ်ချုပ်၍ မင်းလုပ်ရသည် ဆိုခြားလည်း အလုံးစုံပိပြားသေဝပ်မရှိကြလေသေးပါ။ နိုးသား ဓားမြမအေးကြသေးသည့်အခါ ပြည်ရွာက စဥ့်ကရဲ လက်ကျဲ အုပ်ချုပ်ရချိန်တွင် ငြိမ်းချမ်းမှုမရှိနိုင်သေးပါ။ ငါ၏ရှေ့ရောက် မျက်မှောက်မမြင်ကွယ်ရာမှာဖြစ်ကြ ပျက်ကြသည့်အရာကို ငါမတတ်နိုင်ချေ။ မြို့ဝေးပြည်ကျွာ လွှတ်ရာပေါက်စားတစ်ပါးအရပ်မှာနေပြီး ထပ်ကာထပ်ကာ တိုင်ကြားလာလည်း အချည်းအနှီးပင်။ "မယ်ယွန်းစံ" အနေဖြင့် ရွှေဘုံ ရွှေနန်း စံဆန်းရိပ်ငြိမ် မင်းစည်းစိမ်ကို မြိန်မြိန်ခံစား၍ ဤရွှေနန်းတော်ကြီးတွင်ပင် စံနေပါတော့လား" ဟု "မယ်ယွန်းစံ" ကို ရွှေနန်းတော်တွင် နေစေရန် ပြောဆို၏။

ချစ်လင် အလောင်းမင်းတရား ဦးအောင်ဇေယျက "မယ်ယွန်းစံ" ကို ရွှေနန်းတော်တွင် နေစေရန်ပြောသော် "မယ်ယွန်းစံ"က ဦးအောင်ဇေယျအား -

"အရှင် ဘုရင်က ချီးမြှောက်၍ဘုန်းကျက်သရေရှိလေတုံလည်း။ အရှည်မကြာခဏတာကို သာယာနှစ်သက်ပြီး အနှောင်အဖျက်ပွားရန်ကိုလည်း ကျွပ်မလို၊ ကိုယ်နှင့်အသက်မပျက်တည်ရှိစဉ် ရသလောက်နှင့် တင်းတိမ် မြိန်သလောက်စားသုံး





၍ စိတ်ချမ်းမြေ့ရာတွင် ကျွပ်နေပါတော့မယ်၊ ကျွပ်ရာ အရပ်စည်ပုတ္တရာမြို့အရပ်တွင် အခွန်ဘဏ္ဍာအပြင်းအထန် မကောက်ခံအောင် ရှင်က အမှာစာတစ်စောင်ရေးလိုက်ပါ"

ဟုပြန်လည်၍ ပြောဆိုလိုက်သည်။

"မယ်ယွန်းစံ" စကားကို မလွန်ဆန်နိုင်၍ သူကြီးမြေ့တိုင်းအမှုထမ်းတို့အား အခွန်တော်လျှော့ပေါ့ ကောက်ခံအုပ်ချုပ်စေရန် အမိန့်တော်ထုတ်လိုက်သည်။

မိမိကိုယ်ကျိုးကိုစွန့်လွှတ် အများအကျိုးကို ကြည့်သော ဂိုဏ်ကောင်းထူးမြတ်သော "မယ်ယွန်းစံ" သည် သားသမီး လင်သား ဦးအောင်ဇေယျနှင့် ခွဲခွာလျက် ကြာကြာမနေနိုင်တော့ချေ။

မြန်မာသက္ကရာဇ် (၁၁၁၆) ခုနှစ် တပို့တွဲလပြည့်ကျော် (၆) ရက်နေ့၌ ဦးအောင်ဇေယျသည် အင်းဝမြို့ကိုသိမ်းပိုက်ပြီးနောက် ရွှေဘို ကျောက်မြောင်းသို့ပြန်ရောက်ချိန် "မယ်ယွန်းစံ" သည် စည်ပုတ္တရာမြို့မှ ရွှေဘိုမြို့နန်းတွင်းသို့ ဝင်ရောက်နေသည်။ ဦးအောင်ဇေယျသည် ချစ်ဇနီးသည် "မယ်ယွန်းစံ" ကိုမိဖုရားခေါင်ကြီးအရာတင်မြှောက်၊ သားတော် သမီးတော် တို့က မယ်တော်မိဖုရားခေါင်ကြီး "မယ်ယွန်းစံ"

ကို ကြိုဆိုဖူးမြော်ကြ၏။ ဟု ရာဇဝင်၌ဆို၏။

ထိုမှ အညာသီဟတောဘုရားသို့ မိသားစုအားလုံး ဘုရားဖူးသွားကြလေတော့သည်။

အရပ်သူ "မယ်ယွန်းစံ" ထီးရိပ်နန်းရိပ်အောက် မဟေသီ ဒေဝီမိဖုရားကြီးဖြစ်ခဲ့လေသည်။

×××××

ကျေးဇူးတင်စွာဖြင့်

**နဂါးဗိုလ်မောင်မောင်သက်**





## မှီငြမ်း

၁။ ရတနာသိမ်ကုန်းဘောင်ရာဇဝင် (နဂါးဗိုလ်ထိပ်တင်

၂။ ကုန်းဘောင်ရှာပုံတော်ကြီး (ဦးညိုမြ)

၃။ မှန်နန်းရာဇဝင်တော်ကြီး (တွဲ - ၁)

၄။ ဦးကုလားရာဇဝင်ချုပ် (တွဲ -၁)

၅။ တဆိုတော်အတ္ထုပတ္တိ (ဗိုလ်မှူးဘသောင်း)

၆။ အမျိုးသမီးအနုပညာရှင်များ (ဒဂုန်ခင်ခင်လေး)

၇။ ငယ်ချစ်ခင်သဲနှင့် မင်းတုန်းမင်း (မြကေတု)

၈။ ပုဂံမင်းဆက်ရာဇဝင် (တင်နိုင်တိုး)

၉။ ရွှေတွင်းအောင်း ဘုရားသမိုင်း (အမြင့်မြို့)

၁၀။ ရွှေတာရုံဘုရားသမိုင်း

၁၁။ ရှင်ဘို့မယ်ဘုရားသမိုင်း (မန္တလေးမြို့)

၁၂။ ရေလယ်ကျသိမ်နာရုံဘုရားသမိုင်း (မန္တလေးမြို့)
၁၃။ ရွှေအင်းဝဆောင်းပါး (ရွှေကိုင်းသား)
၁၄။ ထီးလိုမင်းလိုဘုရားသမိုင်း (ပုဂံ)
၁၅။ ပုဂံမင်းဆက်များ (ဒေါက်တာသန်းထွန်း)
၁၆။ တောင်ဆောင်တော် မိဖုရားမှတ်တမ်း
(လူဝစ်-မောင်မောင် မန္တလေး)